www.burmeseclassic.com

# တင်ညွန့်ဦး

# အချစ်မရှိသောနေရာမှအချစ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

* စာမူကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၁၇၇)

* မျက်နှာဖုံး ကြိုတင် ခွင့်ပြုအမှတ် (၁၉၄)

* ထုတ်ဝေခြင်း

ပထမအကြိမ်

အုပ်ရေ–၂၂၀၀

၁၉၇၅ ခုနှစ်၊ မေလ

တန်ဖိုး — ၂၀ ကျပ်

# တင်သန်းဦး

## အချစ်မရှိသောနေရာမှအချစ်

www.burmeseclassic.com

www.burmeseclassic.com

* မျက်နှာဖုံးပန်းချီ — လှမြင့်ဆွေ
* ရေခံပန်းချီ — ဝေမွန်လင်း
* ကာလာခွဲ — ဧန္ဒညွန့်ကြီးမြင့်
* မျက်နှာဖုံးရိုက် — သိန်းမြင့်ဝင်း၊ အောင်ဆက်
* ပုံနှိပ်သူ — ဦးဇော်ကို [၀၁၄၇၄]
ဟိန်းစိုးပုံနှိပ်တိုက်
အမှတ် ၁၅၈၊ ၃၃-လမ်း၊
ရန်ကုန်မြို့။
* ထုတ်ဝေသူ — ဒေါ်သန်းလှ [မြ-၀၂၃၉၂]
အောင်စစ်သည်စာပေ
အမှတ် ၄၅၊ ဦးလွန်းမောင်လမ်း၊
၇-ပိုင်၊ ရွာတန်းရှည်၊
ကမ္ဘာအေးစာတိုက်၊
ရန်ကုန်မြို့။

BURMESE CLASSIC .com

အခန်း ( ၁ )

## အချစ်၏ အစပိုင်း ကာလများ

ကျွန်ုပ်သည် ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရသော အချစ်ဇာတ်လမ်းအား စာပေဖြင့် ရေးသားမှတ်တမ်းတင်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးပါ၏။ သို့သော် နှစ်ပေါင်းအတန်ကြာသည်အထိ မအောင်မြင်ခဲ့ပေ။ ယခု ကျွန်တော်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်များသည် ကာလအတန်ပင် ကြာခဲ့လေပြီ။ အရာရာသည်လည်း အိုမင်းရင့်ရော်ကုန်လေပြီ။ ဤဖြစ်ရပ်ဆန်းနှင့် ပတ်သက်သူများ၏ သင်္ချိုင်းဂူများသည်ပင်လျှင် ပျက်စီးယိုယွင်းနေပြီလား မသိပေ။

သီလဝ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မှတ်တမ်းရေးရန် နှစ်ကြိမ် သုံးကြိမ်မျှ ကြိုးစားခဲ့ပါသည်။

ပထမဆုံးအကြိမ်တွင် ကျွန်တော့် အသည်းနှလုံးများမှာ ပျက်ပြုန်းကြေမွကုန်သည်ဟု ထင်ရလောက်အောင်ပင် ကြေကွဲဝမ်းနည်းရလွန်းသဖြင့် စာတကြောင်းမှ ဖြစ်မလာခဲ့ပေ။

နောက်တကြိမ်တွင်လည်း ရုတ်တရက် ရပ်ဝေးသို့ ခရီးထွက်စရာ ပေါ်လာသဖြင့် မရေးဖြစ်ခဲ့ပေ။

တတိယအကြိမ်တွင်ကား ကျွန်တော်၏ လက်ရေးစာမူများကို ကလေးသူငယ်တဦးက ယူငင်၍ မီးရှို့ပစ်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးရပြန်လေ၏။

ယခုအကြိမ်တွင်ကား ကျွန်တော်သည် စီးပွားရေး လုပ်ငန်းများမှ အနားယူနေပြီဖြစ်သဖြင့် စာရေးသားရန်အချိန်ရနေပြန်ပေပြီ။ အကယ်၍ ကျွန်တော်ရေးသားသော ဤဇာတ်လမ်းသာ အောင်မြင်စွာ ရေးသားပြီးစီးခဲ့မည်ဆိုပါက ကျွန်တော် မရှိတော့သည့် နောက်တွင် စာအုပ်တအုပ် ဖြစ်ပေါ်လာကောင်း ပေါ်လာနိုင်ပေလိမ့်မည်။ စာရေးဆရာတဦးဦး၏ လက်ဝယ်ရောက်ရှိပြီးသည့်နောက် တဆင့် တင်ပြခြင်းဖြင့်လည်း ပြည်သူအများ ဖတ်ရှုခွင့်ကြုံကောင်း ကြုံနိုင်ပါသည်။

ကျွန်တော် အသက်ထင်ရှား ရှိသေးလျှင်မူကား ဤဇာတ်လမ်းကို မည်သူမျှအရသာခံရလိမ့်မည် မဟုတ်ပေ။ ကျွန်တော် မရှိတော့သည့်နောက် နှစ်ပေါင်းအတန်ကြာမှသာလျှင် ထူးဆန်းအံ့ဩဖွယ်ရာများ၊ ကြေကွဲဖွယ်ရာများ ပါဝင်နေသော ဤဇာတ်လမ်းသည် လူအများ၏ စိတ်ဝင်စားခြင်းကို ခံရမည်ဖြစ်ပါသတည်း။





ကျွန်တော်သည် ဘုံဘေဘားမား သစ်လုပ်ငန်း ကုမ္ပဏီတွင် တောအုပ်ကြီးအဖြစ် အမှုထမ်းသော ဦးအောင်ဒင်၏ သားဖြစ်၏။

ကျွန်တော့်ဖခင် ဦးအောင်ဒင်သည် တောအုပ်မဖြစ်ခင် တောခေါင်းဘဝကတည်းကပင် မိခင်ဖြစ်သူနှင့် အိမ်ထောင်ကျခဲ့လေရာ သားသမီးလေးယောက် ထွန်းကားခဲ့လေသည်။ သမီးသုံးယောက်ကိုမွေးပြီးမှ အငယ်ဆုံးအထွေးဆုံးလည်းဖြစ်၊ တဦးတည်းသော သားယောကျ်ားလေးလည်းဖြစ်သော ကျွန်တော့်ကို မွေးဖွားခဲ့လေရာ မိဘများမှာ ပိုက်ထွေးယုယ၍ မဆုံးတော့ပေ။

ထို့ကြောင့်လည်း ကျွန်တော့်အမည်ကို ပိုက်ထွေးဟု မှည့်ခဲ့ကြဟန် တူပါ၏။

တောင်ငူရှိ ကျွန်တော်နေထိုင်ခဲ့သော အိမ်ကို ဝိုးတဝါးမျှ မှတ်မိပါသေးသည်။

ကျွန်တော်တို့အိမ်မှာ စစ်တောင်းမြစ်ကို မျက်နှာပြု၍ ဆောက်လုပ်ထားပြီး လှေဆိပ်နှင့် မဝေးလှပေ။ ကျွန်းသစ်နှင့် သစ်ကောင်းသစ်မာများကို ဖောဖောသီသီ အသုံးပြုထားသဖြင့် ဟောင်းနွမ်းသော်လည်း ခိုင်ခန့်သော အိမ်ကြီးတလုံးပင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးမှာလည်း ကျယ်ဝန်းပြီး သရက်ပင်၊ မန်ကျည်းပင်၊ တည်းပင် စသောသီးပင်စားပင်များ စုံလှလေရာ သစ်သီးများကို ခူးစားလိုက်၊ ဆော့ကစားလိုက်နှင့် မောင်နှမတစု ပျော်ခဲ့ကြပုံများမှာ ယခုအခါတွင်ကား မှုန်ဝါး၍ နေလေပြီ။

ကျွန်တော်တို့အိမ်ကြီးနှင့် ကပ်လျက်တွင်လည်း အလားတူ အိမ်ကြီးတလုံး ရှိနေသည်ကို ကျွန်တော် ကောင်းစွာမှတ်မိနေပါ၏။ ထိုအိမ်ကြီး၏ပတ်လည်တွင်မူ ကျွန်တော်တို့ အိမ်ကဲ့သို့ ပုဏ္ဏရိက်စည်းရိုးမဟုတ်ပဲ ထီးရိုးဝါးများကို စည်းရိုးသဖွယ် စိုက်ပျိုးထားလေရာ ဝါးပင်တန်းများမှာ မျက်စိပသာဒရှိလှပေသည်။

ဝါးပင်များကြားမှ ချောင်းကြည့်လျှင် အိမ်ကြီး၏ ရှေ့၌ ငြိမ်းစိုသောမြက်ခင်းနှင့် ပန်းပင်များကို မြင်ရမည် ဖြစ်သည်။ ထိုအိမ်ကြီးတွင် နှစ်ခြင်း ခရစ်ယာန် သင်းအုပ် ဆရာကြီး ဦးဘော်စကို ဆိုသူ နေထိုင်လေသည်။

ကျွန်တော်၏ဖခင်ဦးအောင်ဒင်မှာ နှစ်ခြင်းခံယူလိုက်သူတဦး ဖြစ်သည့်အလျောက် ဦးဘော်စကိုနှင့်လည်း များစွာရင်းနှီးလေရာ ကျွန်တော်တို့မှာ နှစ်အိမ်တအိမ် ဖြစ်နေရတော့သည်။

ကျွန်တော့်မိခင်မှာ ဗုဒ္ဓဘာသာ အမျိုးသမီးတဦးဖြစ်သော်လည်း ဖခင်၏ဘာသာရေးကို မည်သို့မျှ ဝေဖန်ခြင်းမရှိပေ။

ဦးဘော်စကို၏ ဇနီးမှာ ဒေါ်မေရီဖြစ်သည်။ သူတို့နှစ်ဦးတွင် ကေသီဟူသော သမီးလေးတယောက် ထွန်းကားရာ ငယ်လျှင် ကျွန်တော့်အောက် လပိုင်းမျှသာ ငယ်ပေလိမ့်မည်။





ကျွန်တော်၏ကစားဖော်များတွင် အစ်မသုံးဦးသာမက ကေသီပါ ပါဝင်သော်လည်း ကျွန်တော်တို့ တူတူပုန်းတမ်း၊ စိန်ပြေးတမ်း ကစားခဲ့ကြပုံများမှာ ယခုအခါတွင် အိပ်မက်နှယ်သာတည်း။

တခုသော ခရစ္စမတ်ပွဲတော်ကိုကား ကျွန်တော့် တသက်တွင် ဘယ်တော့မှ မေ့ပျောက်၍ ရမည်မဟုတ်ပေ။

သင်းအုပ်ဆရာကြီး ဦးဘော်စကိုသည် ခရစ္စမတ်ပွဲတော်ကို သူ့ အိမ်ကြီးတွင်ပင် ခမ်းနားကြီးကျယ်စွာ ကျင်းပသည်။ အိမ်ကြီးရှေ့ရှိမြက်ခင်းပြင်တွင် ခရစ္စမတ်သစ်ပင်ကြီးကို ခန့်ထည်စွာ ဖန်တီးပြင်ဆင်ထားသည်။ ခရစ္စမတ်သစ်ပင်ပေါ်တွင် ကစားစရာ အရုပ်များ၊ လက်ဆောင်ပစ္စည်းများကို လှပစွာ ချိတ်ဆွဲထားသည်။ ထို့အပြင် ဖဲကြိုးရောင်စုံများဖြင့်လည်း မွှမ်းမံထားလေရာ ခရစ္စမတ်သစ်ပင်ကြီး၏ လှပခမ်းနားပုံမှာ တော်ရုံနှင့် ကျွန်တော့်မျက်စိထဲမှ မပျောက်တော့ပေ။

သင်းအုပ်ဆရာကြီး ဦးဘော်စကိုသည် ကြွရောက်လာသော ဧည့်ပရိသတ်များကို ဧည့်ခံရ၊ ကျမ်းစာများကို ရွတ်ဖတ်သရဇ္ဈာယ်ရနှင့် အလုပ်များလျက်ရှိသည်။

ညနေခင်းကတည်းက လူစည်ကားလျက်ရှိရာ ည...မှောင်သွားသောအခါတွင် ဧည့်သည်များမှာ ဦးဘော်စကို၏ ခြံရှေ့တွင် ပြည့်လျှံနေလေတော့၏။

ထိုစဉ်က လျှပ်စစ်မီးများ ထွန်းညှိခြင်း မပြုနိုင်သေးပေ။ ထို့ကြောင့် ဧည့်ပရိသတ်သည် အချမ်းဒဏ်ကို ကာကွယ်ရန်



www.burmeseclassic.com

www.burmeseclassic.com

ဖိုထားသော မီးဖိုကြီးများ၊ လသာမီးအိမ်များနှင့် ဘိ-အို-စီ ကုမ္ပဏီမှ အထူးထုတ်လုပ်သည့် ခရစ္စမတ် ဖယောင်းတိုင်ကြီးများမှ အလင်းရောင်များကိုသာ အားကိုးရလေသည်။

ကျွန်တော်သည် အတန်ငယ် မှောင်ရိပ်ကျသော သရက်ပင်ကြီးတပင်ကို မှီ၍ ခရစ္စမတ်သစ်ပင်ကြီးကို အံ့သြစွာ ငေးနေမိသည်။

ကေသီသည် အဖိုးထိုက်တန်လှသည့် တရုတ်ပိုးသားဖြင့် ချုပ်လုပ်ထားသည့် ဂါဝန်ကို ဝတ်ဆင်ကာ ရွှယ်တူကလေးသူငယ်များကို လက်ဆောင်ပစ္စည်းတွေ ဝေငှလျက်ရှိသည်။ ကေသီသည် သူ့အရုပ်ကလေး မမိုမကမ်းဖြင့် ခရစ္စမတ်သစ်ပင်ကြီးပေါ်မှ လက်ဆောင် ပစ္စည်းများကို ခြေဖျားထောက်၍ ဖြုတ်ယူရသည်။ ထို့နောက် နာမည်ရေးထိုးထားသည့်အတိုင်း ခေါ်၍ပေးရလေသည်။

တစုံတယောက်က ကျွန်တော့်ဦးခေါင်းကို ပွတ်သပ်သဖြင့် ကျွန်တော် လှည့်ကြည့်လိုက်မိသည်။ အခြားသူတော့ မဟုတ်ပေ။ ဦးဘော်စကို၏ ဇနီး၊ ကေသီ၏မိခင်ဖြစ်သူ ဒေါ်မေရီဖြစ်ပါ၏။

'ဟောဒီ ကလေးဟာ.... ချစ်စရာ မကောင်းဘူးလား ကိုလှအောင်'

ဒေါ်မေရီ၏ နံဘေးတွင် ကပ်လျက်ပါလာသော လူကြီးကိုကား ကျွန်တော် တခါမျှမမြင်ဖူးပေ။ ထိုလူကြီးမှာ အရပ်





မြင့်မြင့်နှင့် ခန့်ညားဟန်ပေါ်သော်လည်း မျက်လုံးများကမူ တည်ငြိမ်ခြင်းမရှိလှ။

'ကျွန်မက ဟောဒီ သူငယ်လေးလို သားလေးတယောက် လိုချင်တာရှင့်'

ဒေါ်မေရီကဆပ်ပြောလိုက်တော့မှ ထိုလူကြီးကကျွန်တော့် ဦးခေါင်းကို လက်နှင့် ပွတ်သပ်ပြန်သည်။ ထိုလူကြီး၏လက်မှာ ဒေါ်မေရီ၏လက်လို နူးညံ့သိမ်မွေ့ခြင်း မရှိပေ။ ဆံပင်တူများ ရှိနေသည့်တိုင် ကျွန်တော့်ဦးခေါင်းသည် ကြမ်းတမ်းသော အတွေ့အထိကို ခံစားရပါ၏။

'သားယောကျ်ားလေး လိုချင်လို့လား မေရီ.. ရ,ရမှာပေါ့၊ ကိုယ်တို့ ကြိုးစားရမှာပေါ့လေ'

ဦးလှအောင်ဆိုသူ၏ စကားကို ကျွန်တော် အဓိပ္ပာယ်နားမလည်ပေ။ သူတို့နှစ်ယောက် မှောင်ရိပ်အကွယ်တွင် ယခုလို စကားပြောနေတာကိုလည်း ကျွန်တော် မစဉ်းစားမိပေ။ ကျွန်တော် ငေးမောနေမိသည်မှာ ခရစ္စမတ်သစ်ပင်ကြီးဖြစ်ပြီး၊ စဉ်းစားနေမိသည်မှာ ကေသီ့အကြောင်းသာ ဖြစ်ပါ၏။

'ဒီသူငယ်လေးက ဘယ်ကလဲ မေရီ'

'ဟိုဘက်အိမ်က တောအုပ်ကြီး ကိုအောင်ဒင်ရဲ့.... သားလေ'

'အောင်ဒင်ဆိုတာ တောလိုက်နေတဲ့ မုဆိုးလား'

'ဟုတ်တယ်'

'မုဆိုးဆိုတာ အောက်တန်းစားတွေပါ မေရီရယ်'



www.burmeseclassic.com

www.burmeseclassic.com

ဦးလှအောင်ဆိုသူ၏ စကားမှာ ကျွန်တော့်ဖခင်အား ထိခိုက်နေသဖြင့် ကျွန်တော်သည် ထိုလူကြီး၏ လက်ဖဝါးအောက်မှ ချက်ချင်း ရုန်းထွက်လိုက်သည်။ ထိုလူကြီးကိုလည်း မျက်နှာ မှုန်ကုပ်သွားမိသည်။ ထို့ကြောင့် သူတို့ကိုမကြည့်တော့ပဲ ခရစ္စမတ် သစ်ပင်ကြီးဆီသို့သာ ကြည့်နေလိုက်မိလေသည်။

ဦးလှအောင်နှင့် ဒေါ်မေရီသည် ကျွန်တော် နားမလည်သော စကားအချို့ကို နှစ်ကိုယ်ကြား ပြောဆို၍နေကြပြန်သည်။

ကေသီကား လက်ဆောင် ပစ္စည်းများကို ဝေငှဆဲသာတည်း။

'ဟော့....သူငယ်'

ဦးလှအောင်က ခေါ်သဖြင့် ကျွန်တော် လှည့်ကြည့်လိုက်ရာ ဦးလှအောင်သည် ဒေါ်မေရီ၏ ပခုံးကို ဖက်ထားတာ တွေ့လိုက်ရသည်။

'မင်းအလှည့် ရောက်တော့မယ်ကွယ့်....၊ လက်ဆောင်တွေ သွားမယူဘူးလား'

ဦးလှအောင်က ကျွန်တော့်ကို မရှိနေစေချင်ဟန်ဖြင့် နှင်ထုတ်သည်။

ဒေါ်မေရီက ကျွန်တော့်ကို ရှက်ရွံ့ဟန်ဖြင့် ဦးလှအောင်ဖက်ထားရာမှ ရုန်းထွက်သည်။





'ရှင်....သိပ် အတင့်မရဲနဲ့၊ ဟိုဟာကြီးက ကျွန်မတို့ကိုပဲ အကဲခတ်နေတာ'

ကျွန်တော်သည် ဒေါ်မေရီတို့အနားမှာ နေလိုစိတ်မရှိတော့သဖြင့် သရက်ပင်ကြီးအောက်ရှိ မှောင်ရိပ်မှ ထွက်လာလိုက်သည်။ ထို့နောက် အခြားကလေးများနှင့်အတူ ရောနှောနေလိုက်သည်။

မကြာခင်ပင် ကေသီက ကျွန်တော့်နာမည်ကို ခေါ်ပါတော့၏။

ကေသီသည် ကျွန်တော့်အတွက် လက်ဆောင်ပစ္စည်းထုပ်ကို မြှောက်ပြ၍ ခေါ်နေသည်။

'ပိုက်ထွေးရေ....ဟော့....ပိုက်ထွေး'

ကျွန်တော်က အခြားကလေးများ ကြားထဲမှ ဝမ်းသာအားရ ပြေးထွက်သွားသည်။ ကေသီ့ရှေ့ ရောက်သောအခါ ကေသီက သူ့အဖေသင်းအုပ်ဆရာကြီး ဦးဘော်စကိုသင်ကြားပေးသည့်အတိုင်း ဆုတောင်းနှုတ်ဆက်သည်။

'ဟက်ပီ ခရစ္စမတ်(စ်) ထူးယူ'

'ဟက်ပီ ခရစ္စမတ်(စ်) ထူးယူ'

ကေသီက လက်လှမ်းလိုက်သောအခါ ကျွန်တော်ကလည်း ပြန်လှန်နှုတ်ဆက်ပြီး လှမ်းယူလိုက်သည်။

ကေသီ၏ ပိုးသားအင်္ကျီလက်မှာ ပွယောင်းယောင်းလေးဖြစ်သည်။ ပခုံးအထက်တွင်လည်း ဇာနားတွန့်တွေ ပါသည်။ ကေသီသည် ကျွန်တော့်အား ခရစ္စမတ်လက်ဆောင် ပေးရန်



www.burmeseclassic.com

www.burmeseclassic.com

လက်လှမ်းလိုက်စဉ်တွင် သူ့ လက်တဘက်သည် ဘီ-အို-စီ ဖဒယာဝင်းတိုင်ကြီး၏ မီးညွန့်ပေါ်မှ ဖြတ်ကျော်သွားသည်။

ပိုးသားထည်သည်ကား မီးလောင်ရန် အလွန် လွယ်ကူလှသော အရာပင်တည်း။ မီးညွန့်သည် ကေသီ၏ အင်္ကျီလက်အား ဟုန်းကနဲ ကူးစက်ကာ လောင်ကျွမ်းလေပြီ။

'ဟဲ့....ကေသီ့ လက် မီးလောင်နေပြီ လုပ်ကြပါဦး....'

မိန်းမကြီးတယောက်၏ အော်သံကို ကြားလိုက်ရသည်။

ကေသီသည် လန့်ဖျပ်ပြီး လက်ဆောင်ပစ္စည်းထုပ်ကို လွှတ်ချလိုက်သည်။

'လုပ်ကြပါဦး၊ မီးလောင်နေပြီ....'

မီးတောက်များသည် ကေသီ့ အင်္ကျီလက်မှ ပခုံးပေါ်သို့ ရိပ်ကနဲ ဖြတ်ကူးသွားသည်။ ညှေ့ပရိသတ်သည် ချက်ချင်းပင် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသော်လည်း ကေသီ့ အင်္ကျီတွင် စွဲလောင်နေသောမီးကို တွေ့ မည်ကဲ့သို့ငြိမ်းသတ်ရမည်ကို ရုတ်တရက် မစဉ်းစားမိကြပေ။ ကြောင်တောင်ငေး၍သာ ကြည့်နေကြကုန်သည်။

ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ပဲ ဖြစ်ပေလိမ့်မည်။

ကျွန်တော်၏ နုနယ်သေးကွေးလှသော ဦးနှောက်ထဲတွင် တစုံတရာသည် လက်ကနဲ ပေါ်လာသည်။

တခါက ကျွန်တော်တို့အိမ်တွင် မီးခွက် မှောက်ကျပြီး ကြမ်းပြင်ကို မီးစွဲလောင်သွားသည်။ ကျွန်တော့်မိခင်က ဂုန်နီ





အိတ် တလုံးကိုယူ၍ မီးတောက်ပေါ်မှ ဖိပြီးအုပ်ပေးလိုက်ရာ မီးတောက်မှာ ချက်ချင်းပင် ငြိမ်းသေသွားခဲ့ရပါ၏။

ကျွန်တော်သည် ဒီဇင်ဘာလ၏ အအေးဒဏ်ကို ကာကွယ်ရန် ချည်ကြမ်းအနွေးထည်ကြီးကို ဝတ်ထားရသည်။ ကျွန်တော့် အင်္ကျီမှာ ကြမ်းလွန်းလှသဖြင့် ဂုန်နီအိတ်နှင့်ပင်တည်း။

ကျွန်တော်သည် ကေသီအား တအားကျုံး၍ ဖက်ထားလိုက်သည်။ ကေသီ့ အင်္ကျီလက်တွင် လောင်နေသော မီးညွန့် မီးလျှံများမှာ ကျွန်တော့်ရင်ဘတ်အောက်တွင် ပျောက်ကွယ်သွားသည်။ ကျွန်တော့်ရင်သည် မခံမရပ်နိုင်အောင် ပူလောင်သွားသဖြင့် မအော်မိအောင် အံကိုကြိတ်လိုက်ရသည်။ အော်သံအချို့ ကြားမှပင် ကျွန်တော်သည် ကေသီ့ကို တိုး၍ဖက်ထားလိုက်ပြန်သည်။

ထို့နောက် ကေသီရော ကျွန်တော်ပါ မြေကြီးပေါ်လဲကျသွားသည်။

ကေသီပခုံးသည် ကျွန်တော့်ရင်ဘတ်အောက် ရောက်သွားသည်။ အချို့ မီးလျှံများမှာ ကျွန်တော့်အင်္ကျီစကို ကူးစက်လောင်ကျွမ်းလျက် ရှိသည်။

ကေသီသည် ကြောက်လန့်တကြားနှင့် ငယ်သံပါအောင် အော်ဟစ်နေသည်။ ကျွန်တော်ကား မီးတောက်မီးလျှံများကို ရင်ဘတ်ဖြင့် လိုက်၍ဖိသတ်နေမိသည်။

မကြာလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

လူတချို့က ကျွန်တော်တို့ နှစ်ယောက်စလုံးပေါ်သို့ ရေတပုန်းပြီးတပုန်း လောင်းချလိုက်တော့မှ မီးခိုးတွေအူထလာပြီး မီးငြိမ်းသွားပါတော့၏။

ကျွန်တော်က ဂုန်နီအိတ်ကြီးဟု ထင်နေသော ကျွန်တော့်အနွေးထည်ကြီးမှာ ရှေ့ပိုင်းတွင် မီးလောင်ကျွမ်းပြီး အပေါက်ကြီး ဖြစ်နေသည်။ အကာအကွယ် မဲ့နေသော ကျွန်တော့်ရင်ဘတ်မှာ မီးလောင်ထားသဖြင့် ညိုမည်းနေသည်။

ကေသီကား သတိမရတော့ပေ။

ဦးဘော်စကိုသည် ကေသီ့ကို ချက်ချင်းပွေ့ချီပြီး ဆေးရုံသို့ ပို့ရတော့၏။

ကျွန်တော့်ကိုလည်း တစုံတယောက်က ဆေးရုံသို့တွဲခေါ်သွားသည်။

'တော်ပါသေးရဲ့ ကိုအောင်ဒင်ရေ့.... ခင်ဗျားသာလေး ကယ်လို့ ကျုပ်သမီးလေး အသက်ချမ်းသာရာ ရခဲ့တာဗျ၊ မောင်မင်းကြီးသား ကျေးဇူးကြီးပါပေတယ်၊ ကျုပ်က ဒီပိုးထည်တွေကို မဝတ်ပေးပါနဲ့ဆိုတာကို မေရီက နားမထောင်ဘူးဗျာ....'

ဦးဘော်စကိုက ကျွန်တော့်ဖခင်အား ကျေးဇူးတင်စကားပြောသည်။

ကေသီမှာ လက်တွင်အနည်းငယ်နှင့် ပခုံးစွန်းတွင် အနည်းငယ်သာ မီးလောင်ခံရသော်လည်း လန့်သွားသောကြောင့် သတိမေ့သွားခြင်းဖြစ်သည်။





ကျွန်တော့်ရင်ဘတ်ကား အခေါ်တင်ပြီး မီးမြိုက်ခံရသလို ဖြစ်သည့်အပြင် ကျွန်တော့်အင်္ကျီကိုပါ မီးစွဲလောင်ခဲ့သဖြင့် အတော်ပင် အခြေအနေဆိုးလှသည်။ ဆေးရုံမှ ဆင်းသည့်တိုင် သက်တဝါးသာသာခန့် အမာရွတ်ကြီးမှာ တသက်လုံးအတွက် မပျောက်နိုင်တော့ပေ။

ကျွန်တော့်ရင်ဘတ်မှ မီးလောင်ရာအမာရွတ်သည် ငယ်ငယ်စဉ်က အရောင်ခပ်ဖျော့ဖျော့ သာမန်အကွက်တကွက်သာ ဖြစ်သော်လည်း ကြီးပြင်းလာသောအခါ အသည်းနှလုံးပုံစံမျိုး ဖြစ်လာသည်ကို တွေ့ရသည်။

အင်္ကျီကျွတ်နှင့် မှန်ကြည့်မိလေတိုင်း ကျွန်တော့်ရင်ဘတ်မှ အသည်းနှလုံးပုံကို မြင်ရလေရာ ငယ်ငယ်တုန်းက ဖြစ်ရပ်သည် ကျွန်တော့်အတွက် အရသာခံ၍ စဉ်းစားစရာ ကြည်နူးရိပ်လေး တရိပ် ဖြစ်နေပါတော့၏။

ကျွန်တော်နှင့် ကေသီသည် ဆေးရုံတွင် ခုတင်ချင်းကပ်ပြီး အတူတက်ကြရသည်။

ကေသီမှာ မကြာခင် ပျောက်ကင်းသွားသော်လည်း ကျွန်တော့်ရင်ဘတ်မှ ဒဏ်ရာမှာမူ ပိုကြီးသည့်အလျောက် မပျောက်ကင်းနိုင်သေးပေ။

'အေးဟာ....ငါလဲ လက်ကိုမီးလောင်တော့ ဘာလုပ်ရမှန်းမသိဘူးဟဲ့၊ နင်အတင်းဝင်ဖက်တော့မှ အော်ငိုဖို့ သတိရတာ'

'ငါလဲ ဘာလုပ်ရမှန်းမသိဘူး၊ နောက်မှ ငါတို့အမေ့ဂုန်နီအိတ်နဲ့ မီးသတ်တာကို သတိရလို့ ပြေးဖက်တာ....'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကြောင့် နှင့်ရှင်ဘတ် မီးလောင်သွားတာပေါ့၊ နှင်မပူ ဘူးလား....'

'ပူဘာခပေါ့ဟ....'

'ငါတော့ သိပ်မပူဘူး....'

'နှင်က နည်းနည်းလေးပဲ၊ ဘယ်ပူပါ့မလဲ....'

ထို့နောက် ကေသီက ဆေးရုံမှ အလျင်ဆင်းခွင့် ရသွား လေသည်။ ကျွန်တော်ကား နောက်ထပ်တပတ်ကြာမှ ဆေးရုံ ဆင်းခွင့် ရလေသည်။

ကျွန်တော် ဆေးရုံမှ မဆင်းခင်တွင် ဦးဘော်စကိုနှင့် ကေသီ သည် ကျွန်တော့်ဖခင် ဦးအောင်ဒင်နှင့် ညနေတိုင်းဆေးရုံသို့ ရောက်လာကြသည်။

ဒေါ်မေရီကား တခါမျှ မလာခဲ့ပေ။

သို့နှင့် ကျွန်တော် ဆေးရုံက ဆင်းရလေသည်။

ထိုကာလများနောက်တွင် ကျွန်တော်နှင့် ကေသီ ကစား လိုက် ရန်ဖြစ်လိုက် ကျောင်းအတူတက်လိုက်နှင့် အချိန်ကုန် တော့သည်။ ကလေးတို့ဘာဝ ရံဖန်ရံခါတွင် စိတ်ကောက်ပြီး စကားမပြောသည့် အခါများလည်းရှိပါသည်။ ကျွန်တော်တ နှစ်ယောက်စလုံး အမေရိကန် နှစ်ခြင်းခရစ်ယာန် မစ်ရှင်က ဖွင့်လှစ်သည့် မူလတန်းကျောင်းလေးတွင် ပညာသင်ကြားခဲ့ကြ ရသည်။ ကျွန်တော့်အတွက် တသက်တာပတ်လုံး မမေ့နိုင်စရာ ကား ကေသီ၏ ခရစ္စမတ်လက်ဆောင်မှာ ကျွန်တော့်ဘဝနှ





ဆက်ဆိုင်နေသော မျောက်ရုပ်လေးတရုပ် ဖြစ်နေခြင်းပင် တည်း။

အဖြစ်အပျက်များသည် ဤအတိုင်းသာ ဆက်လက်လည်ပတ် ပါက မည်မျှ ကောင်းလေမည်နည်း။

သို့သော် လောကသည် ယုံကြည်၍ ရနိုင်စကောင်းသော အရာ မဟုတ်ပါသေ။

၀....၀

www.burmeseclassic.com

www.burmeseclassic.com

အနောက်ဥရောပ နယ်ချဲ့နိုင်ငံများသည် ကိုလိုနီ နယ်များ စားကျက်လုရာတွင် အချင်းချင်း အဝေမတည့်ကြသဖြင့် ပထမ ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားကြောင်း ကြားသိရပါသည်။ ထိုသော် ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားများမှာ ဤစစ်ကြီးကို သိပ်ပြီး စိတ်မဝင်စားကြပါ။ ဗြိတိသျှအာဏာပိုင်တွေက မြန်မာ တိုင်းရင်းသားများအား ၎င်းတို့စစ်တပ်တွင် အမှုထမ်းရန် စည်းရုံးသိမ်းသွင်းကြပါသည်။ အရေးပိုင်ကြီးကပင် အဖေ့ကို ကိုယ်တိုင်ခေါ်တွေ့ပြီး ဗြိတိသျှစစ်တပ်သို့ ဝင်ရောက်ပါက ဂေဇက်ဝင် မဟုတ်သော အရာရှိများတွင် အမြင့်ဆုံးဖြစ်သည့် ဆူဗေဒါမေဂျာ ရာထူး ချက်ချင်းပေးမည်ဟု ဆွယ်ပါသည်။ နယ်ချဲ့စစ်တပ်ကို ရွံမုန်းသောအဖေက လက်မခံပါ။ ထိုအချိန်...





ဆောင်းအကုန် နွေအကူး လေရူးတွေ သုန်နေသောကာလ မှာပင် ပလိပ်ရောဂါဆိုးကြီးသည် လူအတော်များများအား နှိပ်စက်တော့သည်။

ထိုအချိန်က ဆေးဝါးအရာတွင် ယခုကဲ့သို့ ခေတ်မီခြင်းမရှိ သေးသဖြင့် ပလိပ်ဟူသော ကပ်ရောဂါဆိုးကြီးကို မည်သူမျှ မတားဆီးနိုင်ခဲ့ပေ။

လူများသည် နေ့မြင် ညပျောက် ဖြစ်နေသည်။

သင်္ချိုင်းမှာ အလောင်းတွေ စီတန်းနေသည်ဟု ဆိုသည်။

ဆေးရုံများကလည်း ပလိပ်ရောဂါကို လက်မခံတော့ပေ။ ကျန်သည့်လူများကို ကူးစက်မှာစိုးသဖြင့် လူနာလက်ခံမှုကို ရပ်စဲထားကြသည်။

ပလိပ်ရောဂါကို ကုသနိုင်သူဟူ၍လည်း မည်သူမျှ မရှိခဲ့ ပေ။

ထိုစဉ်က တိုင်းတပါးသားတို့ လက်အောက်တွင် နေထိုင်ကြ ရသည့်အလျောက် ပလိပ်ရောဂါ ကာကွယ်ရေးကိုလည်း မည်သူ မျှ ဖိဖိစီးစီး မလုပ်နိုင်ခဲ့ကြပေ။

ကျွန်တော်တို့ အိမ်ကိုလည်း မကောင်းဆိုးရွား ကပ်ရောဂါ ကြီးသည် ဝင်ရောက်ဖိစီး နှိပ်စက်တော့သည်။

ကျွန်တော့် မိခင်နှင့် အစ်မအကြီးဆုံးသည် နာရီပိုင်းအတွင်း မှာပင် ဗုန်းဗုန်းလဲပြီး အဖျားတက်ကြတော့၏။ အဖေသည် ဆေးရုံဆရာဝန်များကို ပင့်ဖိတ်ကုသစေသော်လည်း လူနာလက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့် ဆရာဝန်ပင် မရှိချေ။ ဆေးရုံဆေးခန်းများကလည်း မိခင်နှင့် အစ်မကြီးကို လက်ခံဖို့ မဖြစ်နိုင်တော့ပေ။

ကျွန်တော်တို့အိမ်မှာ ဆင်တရပ် အိမ်မြင့်ကြီးဖြစ်သည်။

အိမ်အောက်တွင် ကာရံထားခြင်း မရှိသော်လည်း သမံတလင်းခင်းပြီး ကွပ်ပျစ်တွေချထားသည်။ အမေနှင့် အစ်မအကြီးဆုံးမှာ အိမ်ပေါ်တွင် အဖျားတက်နေကြသည်။ ကျွန်အစ်မနှစ်ယောက်မှာသည်း ဖျားချင်ချင်ဖြင့် အိပ်ရာထဲ ခွေနေကြလေပြီ။

အဖေနှင့် ကျွန်တော်သာ အိမ်အောက် ကွပ်ပျစ်ပေါ်ထိုင်ကာ မှိုင်မနေမိကြသည်။

မှောင်ရီသန်းလာသောအချိန်တွင် ဦးဘော်စကိုသည် ကျွန်တော်တို့ ခြံထဲကို ရောက်လာသည်။

'ကြွ်...ဆရာ...ကြွပါ။ ထိုင်ပါဦး'

အဖေက ခရီးဦးကြိုဆိုပြုလိုက်သည်။

သို့သော်... အဖေ့ လှုပ်ရှားမှုများရော အသံပါ အသက်မပါလှချေ။

ထို့အတူပင် ဦးဘော်စကို၏မျက်နှာကြီးမှာလည်း များစွာ အိုမင်းရင့်ရော်ပြီး များစွာပင် ညှိုးငယ်လျက်ရှိသည်။

ကျွန်တော်ကား ဦးဘော်စကို အိမ်တွင်လည်း ပလိပ်ရောဂါ နှိပ်စက်နေပြီလားဟု တွေးနေမိသည်။

'ကျွန်တော် ခင်ဗျားကို နှုတ်ဆက်မလို့ လာတာ ကိုအောင်ဒင်....'





ဦးဘော်စကိုက ကွပ်ပျစ်အစွန်းမှာ ဝင်ထိုင်သည်။

'ဆရာက ခရီးထွက်မလို့လား'

'ဟုတ်ဘယ်....ကျုပ် ခရီးထွက်မလို့'

'အရေးပိုင်ကြီးက ဒီမြို့ကလူတွေ ခရီးမထွက်ရဘူးလို့ တားထားတယ် မဟုတ်လား။ ဆရာ ဘယ်ကိုသွားမလို့လဲ'

ဦးဘော်စကိုက လေ့ဆိပ်ဘက်ကို လက်ညှိုးထိုးပြသည်။

'လှေတစင်းနဲ့ ရောက်ရာ ပေါက်ရာကို မျှောချတော့မယ် ကိုအောင်ဒင်။ ခင်ဗျား နားလည်ထားဖို့ကတော့ ကျုပ်ဟာ ကပ်ရောဂါဆိုးကြီးဒဏ်က လွတ်အောင် ပြေးတာမဟုတ်ဘူး။ ကပ်ရောဂါဆိုးကြီးထက် ကြောက်စရာကောင်းတဲ့ စိတ်ဆင်းရဲမှုဒဏ်က လွတ်အောင် ပြေးတာဗျ။ ကျုပ် သိပ်....စိတ်ဆင်းရဲနေပြီ'

'ဘယ်လိုဖြစ်တာလဲ ဆရာ'

ဦးဘော်စကိုက တံတွေးတွေကို မျိုချနေသည်။

ပါးစပ်က ပြောမထွက်သလို ဖြစ်နေသည်။

မျက်လုံးတွင်လည်း မျက်ရည်တွေဝဲနေသည်။

အဖေကကျွန်တော့်ကို တနေရာသို့ထွက်သွားစေလိုသဖြင့်....

'မောင်ပိုက်ထွေး....သားက သွားကစားချည်ကွာ'

သို့သော်....

ကျွန်တော့်အနေနှင့် ယခုလို သမယမျိုးတွင် မှောင်ရိပ်မှုကစားဖော် ရှာရမည်မှာ များစွာ ခက်ခဲလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'နေပါစေ ကိုအောင်ဒင်....။ ကလေးတွေ ဘာမှ နားမလည် ပါဘူးဗျ'

'ဒါဖြင့် ဆရာဘာတွေကြုံနေရလို့လဲဆိုတာ ပြောပါဦးဗျာ'

'ခင်ဗျား မကြားမိဘူးလား.... ကိုအောင်သာဒင်....။ မေ ဟာ လှအောင်ဆိုတဲ့ စပါးပွဲစားနဲ့ လိုက်ပြေးသွားပြီလေဗျာ'

'အလို....ရက်စက်လှချည်လား ဗျာရို့....'

ကျွန်တော့် ဖခင်က အလန့်တကြား ထ‌အော်သည်။

'ဟုတ်တယ်။ ကပ်ရောဂါဆိုးကြီးကြောင့် လူတွေသေတယ် ကျုပ်လဲ အသုဘတွေမှာလိုက်ပြီး ကျမ်းစာဖတ်နေရလို့ အလု များနေရတာ ခင်ဗျားသိသားပဲ။ 'ကျုပ်အလုပ်များနေတာ အခွင့်ကောင်းယူပြီး မေရီက ကျုပ်ကို ပစ်ပြေးသွားတယ်လေ ကံကောင်းထောက်မစွာနဲ့ သမီးလေး ကေသီကိုတော့ ခေါ် မသွားကြဘူးဗျ။ သမီးလေးပါ ပါသွားယင် ကျုပ်တော့ သေမှာပဲ။ အခုတော့ ရှုးရှုံပဲ ဆိုပါတော့ဗျာ....'

ထိုစဉ်က....

ကျွန်တော်သည် လူကြီးနှစ်ယောက်၏ စကားများကို နား မလည်ခဲ့သော်လည်း မှတ်မိခဲ့တော့ နေပါသည်။

ထို့ကြောင့်လည်း ယခုလို အဓိပ္ပာယ် နားလည်လာသော ကာလတွင် သူတို့၏ ဆိုလိုရင်းကို ပြန်လည် ရေးသားနိုင်ခဲ့ခြ ဖြစ်ပါ၏။





ဦးဘော်စကိုကား ချစ်လှစွာသော ဇနီးမယား၏ ရက်စက် စွာ စွန့်ခွာ ထွက်ပြေးမှုကြောင့် များစွာ စိတ်ဆင်းရဲနေခြင်း ပင်တည်း။

'လှအောင်ဆိုတဲ့ကောင်က ယုတ်မာလှချည်လား ဆရာ။ ဒီကောင့်ကို ဆရာပဲ ကျေးဇူးပြုခဲ့ဖူးတာ မဟုတ်လား'

'ယုတ်မာတာကတော့ မပြောနဲ့တော့ ကိုအောင်ဒင်ရေ့။ ကျွန်တော်ပြောယင် ခင်ဗျား ယုံချင်မှ ယုံမယ်။ ဒီကောင် စားရမဲ့ သောက်ရမဲ့ ဖြစ်နေလို့ ကျုပ်ကပဲ အရင်းအနှီး လေးဘာလေး ထုတ်ပေးပြီး မြို့မှာ ပွဲရုံထောင်ပေးထားတာ။ အဲဒီကို မေရီက လိုက်သွားတယ်ဗျ။ နောက်ဆုံးတော့ သူတို့ နှစ်ယောက် မရှောင်သာတဲ့ လမ်းမျောင်ကြား... ဆိုသလို ခိုး ကြောင်ခိုးဝှက် သွားနေတာကို ကျုပ်သိလာတယ်'

'အို....ဆရာ အစောကြီးကတည်းက သိတယ်'

အဖေက အံ့သြစွာ ရေရွတ်ပြန်သည်။

'ဟုတ်တယ် ကိုအောင်ဒင်။ မနှစ်ကတည်းက ကျုပ်သိတယ်။ မေရီကို ကျုပ်ဆုံးမခဲ့တယ်။ သူတို့ကို ကျုပ်အပြစ်မယူပါဘူး။ ကျုပ်က သာသနာ့အကျိုးဆောင် သူတော်စင်ဘဝကို ခံယူ ထားတာကလား....။ ဒါကြောင့် မေရီကိုပဲ ဆုံးမခဲ့တယ်။ ဘာပဲ ပြောပြော ကိုယ့်မှာက သမီးလေး ရှိနေတယ်လေ။ သမီးလေး မိခင်မဲ့ဘဝမျိုး ရောက်အောင်မလုပ်ဖို့ မေရီကို ကျုပ်ပြော တယ်။ သူ မနာခံဘူး။ ဟိုကောင့်ဆီ သွားမြဲ သွားတာပဲ။ နောက်ဆုံး သူ့ကို ကျုပ်မတားတော့ဘူး။ ကျုပ်ကို မပေါ်



www.burmeseclassic.com

www.burmeseclassic.com

ချင်နေပါ၊ သမီးလေးကို စွန့်မပြေးယင်ပဲ တော်ပြီလို့ ပြောထားတာဗျ။ အခုတော့....'

ဦးဘော်စကိုကား စကားကို ဆက်မပြောတော့ပဲ ရှိုက်နေတော့သည်။

လူကြီးတွေငိုဘာကို မမြင်ဖူးခဲ့သော ကျွန်တော့်အဖို့ကား အထူးအဆန်း ဖြစ်နေရတော့သည်။

'နောက်ဆုံးတော့ ကျုပ်ကို ဒုက္ခပေးသွားတာဟာ အချစ်ပဲဗျ၊ အချစ်ဆိုတဲ့အရာပဲ။ ကျုပ်သူ့အပေါ် ဘယ်လောက်ချစ်ခဲ့သလဲ၊ ဘယ်လောက် အလိုလိုက်ခဲ့သလဲ။ ခင်ဗျားအသိဆုံးပါ။ သူလိုသမျှ ကျုပ်ဖြည့်ဆည်း ပေးခဲ့တယ်။ အချစ်ဆိုတဲ့အရာက ကျုပ်ရဲ့မျက်စိတွေကို စုံလုံးကန်းအောင် လုပ်ခဲ့တယ်။ နောက်ဆုံးဗျာ....မေရီ ချစ်သူအသစ်နဲ့ ပျော်ရွှင်နေတာကိုတောင် ကျုပ်က သဘောထားကြီးစွာနဲ့ ခွင့်ပြုနေခဲ့မိတယ်။ ဒါ သူ့ကိုကျုပ်ချစ်လို့ဗျ။အချစ်ဆိုတဲ့အရာကြောင့် ကျုပ်မလုပ်သင့်တာတွေ လုပ်နေမိတာ။ အခု အဲဒီအချစ်ကြောင့်ပဲ ကျုပ်စိတ်ဆင်းရဲရပြီ'

'ဆရာ သူ့ကို လိုက်ရှာမလို့လား'

ဦးဘော်စကိုက ခေါင်းခါလိုက်သည်။

'ပေးပါသေးရဲ့ဗျာ။ ကျုပ် သူ့ကိုလိုက်ရှာဖို့ စိတ်မကူးတော့ပါဘူး။ ဒီမှာနေယင် သူ့အရိပ်အရောင် အငွေ့အသက်တွေနဲ့ ထိတွေ့နေရမှာမို့သာ အဝေးကိုပြေးရမှာဗျ။ တကယ်တော့ ကျုပ်မှာ ခံနိုင်ရည် မရှိတော့ဘူး'





ဖေဖေက သက်ပြင်းချလိုက်သည်။

'ဆရာ ဘယ်ကိုသွားမှာလဲ'

ဦးဘော်စကို ခေါင်းခါပြန်သည်။

'လူတွေနဲ့ဝေးရာကို ကျုပ်သွားတော့မယ်။ ရောက်ရာပေါက်ရာပဲ ဆိုပါတော့။ ကျုပ်ရဲ့အသက်ဟာ သမီးလေးပဲ။ ခင်ဗျားဟာ ကျုပ်ရဲ့အခင်ဆုံး မိတ်ဆွေမို့လို့သာ လာနှုတ်ဆက်တာ။ ကျုပ်ဘယ်သူ့ကိုမှ မနှုတ်ဆက်ဘူး'

'စဉ်းစားပါဦး ဆရာရယ်....။ ကောသီလေးရဲ့ ပညာရေး....'

'လူတွေဟာ ပညာတတ်လာလေ ပိုမိုက်လေပဲ ကိုအောင်ဒင်။ ကျုပ်တို့သားအဖအတွက် မပူပါနဲ့ဗျာ။ လိုက်ရှာဖို့လဲ စိတ်မကူးနဲ့တော့ဗျို့။ ဘယ်သူလာမေးမေး မသိဘူးလို့သာဖြေပေတော့။ ကျုပ်က ဘယ်သူ့ကိုမှ အသိမပေးပဲ ဇာတ်မြှုပ်ပြီး ထွက်သွားမလို့ပဲ။ ခင်ဗျားကိုတော့ ခင်လွန်းလို့ပါ'

လူကြီးနှစ်ယောက် တယောက်နှင့်တယောက် တင်းကျပ်စွာ လက်ဆွဲနှုတ်ဆက်ယင်း မျက်ရည်တွေ ကျနေကြသည်။

သူတို့ထံမှ ဝမ်းနည်းကြေကွဲမှု အရိပ်အရောင်များသည် ကျွန်တော့်ထံသို့ပါ ကူးစက်လာသည်။

ကျွန်တော်သည် လူကြီးနှစ်ယောက်ကိုကြည့်ပြီး ဝမ်းနည်းလာသည်။

ငိုချင်လာသည်။

ယခုကဲ့သို့ ဖြစ်ရသည်မှာ ဦးဘော်စကို၏ စကားအရဆိုသော် အချစ်ဆိုတဲ့ အရာကြောင့်သာ ဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို နားမလည်သော်လည်း အချစ်ဆိုသော စကားလုံးလေးသည် ကျွန်တော့်ရင်ထဲတွင် နှစ်ပေါင်းများစွာ ပဲ့တင်ထပ်ခဲ့ရသည်။

ကျွန်တော်နှင့်တကွ လူကြီးနှစ်ယောက်ပါ ငြိမ်သက် တိတ်ဆိတ်နေစဉ်တွင် ငယ်သံပါအောင် အော်လိုက်သံကို ကြားရတော့သည်။

အခြား မဟုတ်ပါ။

အမေ၏ မချိမဆန့်အော်သံပင် ဖြစ်သည်။

အဖေနှင့် ဦးဘော်စကိုသည် အိမ်ပေါ်သို့ အပြေးအလွှားပင် တက်သွားကြသည်။

ကျွန်တော်လည်း သူတို့နောက်က ပြေးလိုက်သွားမိတော့သည်။

အိမ်ပေါ် ရောက်သောအခါ အမေသည် သေဆုံးနေလေပြီ...။

ကျွန်တော်သည် အော်၍ ငိုချလိုက်မိသည်။

အမေ့ကိုဖက်၍ ငိုချင်လှသော်လည်း အဖေက ခွင့်မပြု။ အမေ့အလောင်းနား မကပ်ရဟု ဆိုသည်။

လူကြီးနှစ်ယောက်သည် အမေ့ကို အမြန်ဆုံး သင်္ဂြိုဟ်ကြရန် စီစဉ်နေချိန်မှာပင် ကျွန်တော့်အစ်မ အကြီးဆုံးပါ သေဆုံးနေကြောင်း သတိထားမိသွားပြန်သည်။

သီလဝ ဝာဝေ

အဖေနှင့် ဦးဘော်စကိုသည် မြင်းလှည်းတစီးကို အမြန်ရှာပြီး အမေနှင့် အစ်မကြီးတို့၏ အလောင်းများကို ဖျာများဖြင့်ပတ်ကာ တင်သွားကြသည်။

အမေနှင့် အစ်မကြီးတို့ကို ခေါင်းပင် မသွင်းနိုင်ကြပေ။

အမေနှင့်အစ်မကြီးကို သင်္ဂြိုဟ်ပြီးသောအခါ ညသန်းခေါင်ပင် ကျော်လေပြီ။

ဦးဘော်စကိုသည် အသုဘကိစ္စကို ကူညီလုပ်ကိုင်ပေးပြီးနောက် ကေသီ့ကို သွားခေါ်လာသည်။

ဦးဘော်စကိုက သားရေအိတ်တလုံးကို ဆွဲထားလိုက်သေးသည်။

အဖေက သေတ္တာတလုံးကိုယူ၍ ထမ်းသည်။ ကျွန်တော်က ခြင်းတလုံးကို ဆွဲရသည်။

ကေသီကား လွယ်အိတ်တလုံးလွယ်လျက်...။

ထိုညကို ကျွန်တော့် တသက်တာတွင် ဘယ်လိုမှမေ့၍ မရပေ။

လသည် ထိန်ထိန်သာလျက် ရှိသည်။

စစ်တောင်းမြစ်သည် လရောင်အောက်တွင် စင်းစင်းကြီး ဆန့်လျောင်းနေသည်။

ခြေသလုံးအထိ နက်သော ရွှံ့ညွန်များကို ဖြတ်ပြီးသောအခါ ကျွန်တော်တို့အားလုံးလှေဆိပ်ကို ရောက်လာလေတော့သည်။

သီလဝ ဝာဝေ

www.burmeseclassic.com

www.burmeseclassic.com


ကေသီသည် စကားတခွန်းမျှ မပြော။

ပစ္စည်းအားလုံး လှေပေါ်ရောက်သောအခါ ဦးဘော်စက
က ကေသီ့ကို လှေပေါ်ပွေ့တင်သည်။

'ကျွန်တော့်မှာလဲ ဇနီးနဲ့ သေကွဲကွဲရတော့ ဆရာနဲ့ပဲ လိုက
ရယင် ကောင်းမယ်'

'မလိုက်နဲ့ ကိုအောင်ဒင်....။ ခင်ဗျားမှာက သားသမီးတွေ
ကျန်သေးတယ်။ ခင်ဗျားရဲ့သားသမီးတွေက လူတွေကြားထဲ
နေချင်မှာ ...'

ကေသီရော....ဟု ကျွန်တော် မေးလိုက်ချင်သည်။

သို့သော်....မမေးမိ။

လူကြီးနှစ်ယောက်သည် အတန်ကြာပင် ဆုတောင်းနေ
ကြသည်။

ထို့နောက် ...

ဦးဘော်စကိုသည် လှေကလေးကို ပဲ့ကိုင်လှော်ခတ်က
ထွက်သွားတော့၏။

ကျွန်တော်တို့ သားအဖသည် စစ်တောင်းမြစ်ထဲတွင် မျော
ပါသွားသော လှေကလေးကို မျက်စိတဆုံး ကြည့်နေမိကြ
သည်၊

ကျွန်တော်တို့သားအဖ အိမ်ပြန်ရောက်သောအခါ အဖ
နှစ်ယောက်မှာ ဘဝတပါးသို့ ပြောင်းသွားပြန်လေတော
သည်။



သံယောဇဉ်ကြီးမားသူတွေက ခွဲခွာသွားသောညကို ကျွန်
တော်တို့ သားအဖမည်ကဲ့သို့ မေ့ရှုနိုင်တော့မည်နည်း။

o....o

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### ဦးသက်ရှည်နှင့်အတူ ခရီးထွက်ခွာခြင်း

ကျွန်တော်တို့ သားအဖနှစ်ယောက်သည် လောကရေစီးကြောင်းတွင် မြုပ်ချီပေါ်ချီဖြင့် ဆက်လက်၍ မျောပါကြရပြန်သည်။

ကျွန်တော့်ဖခင် ဦးအောင်ဒင်သည် ဇနီးဖြစ်သူနှင့် သမီးသုံးယောက်ပါ ရုတ်တရက်ကြီး သေကွဲကွဲသွားရသဖြင့် များစွာ စိတ်ဆင်းရဲသွားရသည်။

ထို့ကြောင့်....



www.burmeseclassic.com

www.burmeseclassic.com



တောထဲတောင်ထဲမှာသာလှည့်လည်၍ အမဲသားကောင် ပစ်ခတ်ခြင်းအလုပ်ကို လုပ်နေတော့သည်။

ဖခင်မှာ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သည့်အပြင် သနားကြင်နာတတ်သူ ဖြစ်ခြင်းကြောင့် လုပ်ငန်းကိုင်ငန်းတွင် အဆင်ပြေလှပါသည်။

အထူးသဖြင့် အောက်လက်ငယ်သား တောခေါင်းများ၊ ဆင်ဦးစီးများ၊ ကျဲခေါင်းများသည် ဖခင်ကြီးအား များစွာ ပင် ချစ်ခင်ကြည်ညိုကြသည်။

သို့သော်....

ကျွန်တော်တို့ကား တိုင်းတပါးမျက်နှာဖြူ နယ်ချဲ့များ၏ ကျွန်သဘောက်ဘဝကို ရောက်ရှိနေကြသူများသာ ဖြစ်ပေ သည်။

အဖေသည် ဘုံဘေဘားမားကုမ္ပဏီ၏ မျက်နှာဖြူသစ်တော အရာရှိများအောက်တွင် အမှုထမ်းရသူဖြစ်သည်။

တောပစ်ခြင်း၊ အမဲလိုက်ခြင်း စသည်တို့ကို ပေါ်ပင်ဖက် ရှင်လုပ်ငန်းတခုသဖွယ် ဝါသနာပါကြသော မျက်နှာဖြူအရာရှိ များသည် အဖေတာဝန်ယူရသည့် သစ်တောအတွင်းသို့ မကြာ ခဏလာရောက်၍ ပျော်ပွဲစားထွက်လေ့ ရှိကြသည်။

အဖေသည် မုဆိုးတဦးဖြစ်လင့်ကစား၊ တွေ့ကရာသားကောင် များကို ပစ်ခတ်သူမဟုတ်ပေ။





ဗြိတိသျှအစိုးရ၏ သစ်တောဥပဒေများကို လိုက်နာသည့် အပြင် မကပဲ မုဆိုးတို့စောင့်သိ ရိုသေအပ်သော ဥပဒေစည်းကမ်း များကိုလည်း လိုက်နာစောင့်ထိန်းတတ်သူ ဖြစ်သည်။

အဖေသည် ဟင်းကောင်းတခွက်စားချင်ရုံနှင့်တော့ အမဲ လိုက်ခြင်း ပြုသူမဟုတ်။

အပြစ်မဲ့သားကောင်များထက် အန္တရာယ်ရှိသော သားရဲ များပစ်ခတ်ခြင်းကို ဝါသနာထုံသူ ဖြစ်သည်။

ရွားပါးသော သတ္တဝါများ မျိုးတုံးတော့မည့်အန္တရာယ်နှင့် ကြုံတွေ့နေရသော တိရစ္ဆာန်များကို အဖေ ဘယ်တော့မှ မပစ်ပေ။

မျက်နှာဖြူမုဆိုးများကား ယင်းတို့အစိုးရ ထုတ်ပြန်သည့် ဥပဒေများကိုပင် ပြောင်ပြောင်တင်းတင်း ချိုးဖောက်လေ့ရှိ ကြသည်။

တိုင်းရင်းသားများကိုကား ထင်ချင်ရာမှုနှင့် အရေးယူတတ် သော်လည်း ယင်းတို့ကိုယ်တိုင်မူကား ရှဥ့်ငယ်လေးများကိုပင် သေနတ်ကြီးများဖြင့် လက်တည့်စမ်းချင် စမ်းတတ် သည်။

ထိုရောအခါ....

အဖေနှင့် ပဋိပက္ခဖြစ်လာတော့သည်။

မျက်နှာဖြူမုဆိုးများမှာ မုဆိုးပညာတွင် ယင်းတို့ထက်သာ သော အဖေ့ကို မနာလိုဝန်တိုစိတ်လည်း ထားကြလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာလာသောအခါ အလုပ်သမားများ၊ ဆင်သမားမျ နှင့်အပြစ်မဲ့တိရစ္ဆာန်များဘက်က ထာဝစဉ်ရပ်တည်လေ့ရှိသေ ကျွန်တော့်ဖခင်သည် မျက်နှာဖြူများကြားတွင် မုဆိုးသူ ကောင်းအဖြစ် ရပ်နေနိုင်ခွင့် မရှိတော့ပေ။

အဖေသည် အလုပ်ကထွက်လိုက်သည်။

ထို့နောက်....

ကျွန်တော့်မိခင်နှင့် အစ်မသုံးဦးခေါင်းချခဲ့ရာ ကေတုမ တောင်ငူမြေတွင်လည်း နေထိုင်လိုစိတ် မရှိတော့သဖြင့် သ အဖနှစ်ယောက်သား မန္တလေးသို့ ပြောင်းရွှေ့လာခ သည်။

၀....၀

အဖေသည် နှစ်ပေါင်းများစွာ စုဆောင်းလာသည့်ငွေများ အမေ့လက်ဝတ်လက်စားများကို ထုခွဲရရှိသည့်ငွေများကို ရင်းနှီး ၍ ကုန်သည်အလုပ်ကို လုပ်တော့သည်။

တောတောင်သဘာဝကို ကျွမ်းကျင်သူ ဖြစ်သော်လည်း မြို့ပြတွင် အဖေသည် လူစိမ်းဖြစ်နေသည်။

ထို့ကြောင့်....

ကျွန်တော်တို့သားအဖ၏ စီးပွားရေးမှာ ပထမအဆင့်တွင် မအောင်မြင်ခဲ့ပေ။

သီလ၀ စာပေ

ဒီ-နီ--နို-:-စ-ပ-ဘု-င်-စ-ဦ (-၃-)

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

အဖေသည် ကျွန်တော့်အား အမေရိကန် နှစ်ခြင်းခရစ်ယာန် မစ်ရှင်က ဖွင့်လှစ်သည့် ကျောင်း တကျောင်းတွင် မချို့မငဲ့ ပညာသင်ကြားနိုင်ရန်တော့ ကြိုးစားနိုင်ခဲ့ပါလေသည်။

ကျွန်တော်သည် စိတ်အနှောင့်အယှက် ကင်းစွာဖြင့် ပညာသင်ကြားနိုင်ခဲ့သည်။

ကျွန်တော့် ဖခင်ကြီးမှာမူ တနယ်မှတနယ် လှည့်လည်၍ ကုန်စည်ရောင်းဝယ် ကူးသန်းခဲ့သည်။

ကျောင်းပိတ်ရက်များတွင်ကား ကျွန်တော်တို့သားအဖသည် အလျဉ်းသင့်ရာ တောတောင်များတွင် လှည့်လည်၍ အမဲလိုက်လေ့ ရှိကြသည်။

သို့နှင့်....

ကျွန်တော်သည် တောတောင် ရေမြေတို့၏ သဘာဝကို ကျွမ်းကျင်လာသကဲ့သို့ တနေ့ထက် တနေ့ ဖခင်ကြီးနည်းတူ သေနတ်ပစ် လက်ဖြောင့်၍လည်း လာပါတော့၏။

နှစ်အတန်ကြာသောအခါတွင်ကား....

ဖခင်ကြီးသည် ရတနာကုန်သည် လုပ်ငန်းဖြင့် အကျိုးပေး၍ လာတော့သည်။

ဖခင်ကြီးသည် မိုးကုတ်မှ ကျောက်သံ ပတ္တမြားများ၊ မိုးကောင်းနယ်မှ ကျောက်စိမ်းများကို မန္တလေးနှင့်ရန်ကုန်တွင်





ဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းဖြင့် စီးပွားရေး ကောင်းမွန်လာသည်။

ကျွန်တော်သည်လည်း မန္တလေးမှ ရန်ကုန်ရှိ မစ်ရှင်ကျောင်း တကျောင်းသို့ ပြောင်းကာ ကျောင်းအိပ်ကျောင်းစား နေရပြန်သည်။

ကျွန်တော်တို့သားအဖသည် မြို့ရွာအနှံ့ ကိုရောက်ရှိနေသော်လည်း ဦးဘော်စကိုနှင့် ကေသီတို့အကြောင်းကိုတော့ သတင်း အစအနပင် မကြားရပေ။

ကျွန်တော့် ဖခင်ကြီးသည် ကုန်သည်ဘဝဖြင့် မည်သည့် မြို့ရွာသို့ ရောက်သည်ဖြစ်စေ ဦးဘော်စကိုတို့ သားအဖ အကြောင်း စုံစမ်းရန်ကား မေ့လျော့လေ့မရှိပေ။

နောက်ဆုံးတွင်ကား...

ကျွန်တော့်ဖခင်ကြီးသည် ဦးဘော်စကိုတို့ သားအဖ နိုင်ငံခြား တိုင်းတပါးသို့ ထွက်ခွာသွားလေပြီဟု ယူဆလိုက်ရလေတော့၏။

ကျွန်တော် ဟိုက်စကူးလ် စာမေးပွဲကို အောင်သောအခါ ဖခင်ကြီးသည် ကာလကတ္တား တက္ကသိုလ်အထိစေလွှတ်၍ ပညာသင်ရန် စီစဉ်ခဲ့သည်။

သို့သော်....



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကား ပညာရေးတွင်စိတ်မပါတော့ပေ။ ဖအေတူ သားပီပီ နယ်စုံပယ်နှံ့ ခရီးထွက်ခြင်းကိုသာ ဝါသနာထုံနေ တော့သည်။

သို့နှင့်....

ကျွန်တော်သည် အသက် ၁၈နှစ်အရွယ်မှစ၍ ဖခင်ကြီး သွားရာသို့တကောက်ကောက်လိုက်နေတော့၏။

ရန်ကုန်မန္တလေးမြို့ကြီးများ သာမက ရတနာများ ပေါ များရာ မိုးကုတ်၊ မိုးကောင်းစသည့် မြို့များသို့လည်း ကျွန်တော် ရောက်ဖူးလေပြီ။

ကျွန်တော့် ဖခင်ကြီးမှာ အရွယ်နုနယ်သေးသော်လည်း ကျွန်တော့်ကို ငဲ့ညှာသောအားဖြင့် နောက်အိမ်ထောင် မပြု ခဲ့ပေ။

ကျွန်တော်တို့သားအဖသည် အထီးကျန်ဆန်စွာဖြင့် နေထိုင် ခဲ့ကြရသည်။

ကျွန်တော့်ဖခင်မှာ ဆွေမရှိ မျိုးမရှိ တကောင်ကြွက်ဖြစ် သဖြင့် မိခင်ကြီးနှင့် အိမ်ထောင်ကျစဉ်က မိခင်ကြီးဘက်မှ ဆွေ မျိုးများက သဘောမတူခဲ့ပေ။

ထို့ကြောင့်....

မိခင်ကြီး ကွယ်လွန်ပြီးနောက်တွင် ကျွန်တော်တို့သားအ မည်သည့်ဆွေမျိုးနှင့်မျှ အဆက်အသွယ် မရှိတော့ပေ။

စင်စစ်....





ကျွန်တော်တို့သားအဖမှာ တချောင်းတည်းသော သံယော ဇဉ်ကြိုးပင်တည်း။

၀...၀

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အဖေတွင် ဦးသက်ရှည် ဟူသော တပည့်တဦး ရှိသည်။

ဦးသက်ရှည်သည် မျက်လှည့်ဆရာလိုလို၊ ဗေဒင်ဆရာလိုလို နှင့် လူဘဦးဖြစ်ပြီး ကျွန်တော်တို့ သားအဖနှင့်အတူ နေထိုင်သည်။

ဦးသက်ရှည်မှာ အသားဖြူဖြူ အရပ်ပုအိုင့်အိုင့် နှာခေါင်း ပြားပြားနှင့်ဖြစ်ရာ မည်သည့်အရပ်သား၊ မည်သည့်လူမျိုးဟူ၍ မသိရပေ။

ထို့အပြင်....

ဦးသက်ရှည်သည် မည်သည့် အသက်အရွယ်ရှိမှန်းလည်း ခန့် မှန်း၍ မရပေ။

---

သီလင ဇာဒပ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငယ်စဉ်က ဦးသက်ရှည်သည် ကျွန်တော် လူပျိုပေါက် ဖြစ်လာသော အခါတွင်လည်း မည်သို့မျှပြောင်းလဲခြင်း မရှိပေ။

တနေ့သောအခါ....

ဖခင်ကြီးသည် မကျန်းမာသဖြင့် အိပ်ရာပေါ်တွင် လဲနေရာမှ ကျွန်တော်နှင့် ဦးသက်ရှည်အား ခေါ်ယူတွေ့ဆုံလေသည်။

'သားလေး မောင်ပိုက်ထွေးနဲ့ ကိုသက်ရှည်ကို ခေါ်ယူရတဲ့ အကြောင်းကတော့ ဒီလိုကွယ့်။ အဖေဟာ အသက်ကြီးပြီ။ ရောဂါဝေဒနာတွေလဲ ခံစားနေရပြီ။ တနေ့တော့ သားတို့နဲ့ အတူ မလွဲမသွေ ခွဲခွာရတော့မယ်။ ခပ်ရှင်းရှင်း ပြောရယင်တော့ အဖေမသေခင် မှာချင်တာ မှာရအောင်လို့ပဲကွယ့်'

အဖေ့ စကားကြောင့် ကျွန်တော်ရော ဦးသက်ရှည်ပါ ဝမ်းနည်းကြေကွဲစွာဖြင့် မျက်ရည်ကျရပါတော့သည်။

'အခု....သားလေးဟာ အသက်နှစ်ဆယ် ကျော်သွားပြီ။ အဖေမရှိတဲ့နောက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်မယ်ဆိုယင်လဲ ရပ်နိုင်ပြီ။ ဒါပေမယ့် အဖေ့ ရတနာရောင်းဝယ်ရေး လုပ်ငန်းဟာ အင်မတန် ကျယ်ပြန့်တယ်။ ပမာဏကြီးတယ်။ သားလေး တယောက်တည်းအနေနဲ့ မစဉ်းစား မဆင်ခြင်ပဲ ထင်ရာလုပ်ယင် မကြာခင်မှာ ပျက်စီးသွားနိုင်တယ်။ ဒီတော့ မောင်သက်ရှည်က သားလေးကို စောင့်ရှောက်ပါ။ ကောင်းတဲ့ အကြံဉာဏ်တွေကို ပေးပါ'





အဖေကား.... ကျွန်တော့်ကို ဦးသက်ရှည်ထံသို့ အပ်နှံလေပြီ။

ကျွန်တော်ကား ဦးသက်ရှည်ကို မနှစ်မြို့ပါ။

ဦးသက်ရှည်သည် မှော်ဆရာလိုလို၊ ကဝေဆရာလိုလိုနှင့် ခပ်ကြောင်ကြောင် လူတဦးသာ ဖြစ်သည်။

အတိတ်နိမိတ် ကောက်ယူခြင်း၊ အဆောင်များ စီရင်ခြင်း စသည်တို့ကိုလည်း မကြာခဏလုပ်လေ့ရှိသည်။

ကျွန်တော့်အနေနှင့်ကား ဦးသက်ရှည်၏ ရူးကြောင်ကြောင် စကားများကို နာယူလိုစိတ် စိုးစဉ်းမျှမရှိ။

သို့သော်....

အဖေ စိတ်ချမ်းသာအောင် ကျွန်တော် ငြိမ်နေမိလေတော့သည်။

'သားကလဲ မောင်သက်ရှည်ရဲ့ စကားတွေ၊ အကြံပေးချက်တွေကို လက်ခံပါ။ သူဟာ သားအတွက် အကောင်းဆုံး အကြံပေးပါလိမ့်မယ်'

'ဟုတ်ကဲ့ပါ....အဖေ'

ဦးသက်ရှည်က အဖေ့အား လက်အုပ်ချီ၍ စကားပြောသည်။

'ဆရာ့သားလေး မောင်ပိုက်ထွေးကို ကျွန်တော် အသက်နဲ့ထပ်ပြီး ကာကွယ်စောင့်ရှောက်ဖို့ ကတိပေးပါတယ်။ ဒါပေမယ့်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်ပိုက်ထွေးဟာ သူမကွယ်လွန်မီမှာပဲ သူ့ခြေထောက်ပေါ် သူရပ်နိုင်ပါလိမ့်မယ်။ အဲဒီအချိန်အထိ ကျွန်တော် တာဝန်ယူပါတယ်၊ လူတွေဟာ တနေ့မှာ ခွဲခွာသွားကြရတာပါပဲ။ ဘယ်ဘာသာဝင်တွေဖြစ်ဖြစ် သေခြင်းကို မလွန်ဆန်နိုင်ပါဘူး။ သေခြင်းဆိုတဲ့ ခြံစည်းရိုးရှိတဘက်မှာ ဘာသာရပ်အလိုက် ယုံကြည်ရာ ဌာနတွေ ရှိပါတယ်။ သေခြင်းဆိုတဲ့ ခြံစည်းရိုးကို မရောက်ခင် ခပ်လှမ်းလှမ်းအထိ မောင်ပိုက်ထွေးနဲ့ ကျွန်တော် အတူရှိနေပါမယ်....'

ဦးသက်ရှည်၏ စကားများကို ကျွန်တော်မနှစ်မြို့ပေ။

အယူသီးသူ မဟုတ်သော်လည်း ချောက်ချားဖွယ်ကောင်းသော သူ့စကားတွေကို ကျွန်တော်ကြားရသည်မှာ တမျိုးကြီးဖြစ်လာပါ၏။

ဦးသက်ရှည်က တည်ငြိမ်သော အသံဖြင့် ဆက်ပြောပြန်သည်။

'ဆရာ့သားလေး မောင်ပိုက်ထွေးဟာ ကျွန်တော်ပေးတဲ့ အကြံဉာဏ်တွေကို ကြိမ်ဖန်များစွာ ငြင်းပယ်ပါလိမ့်မယ်။ ဒါပေမယ့် မပူပါနဲ့ဆရာ။ ဆရာပိုင်ဆိုင်ထားပြီးဖြစ်တဲ့ မရဏ ခံစားဖိုကိုသာ စိတ်အေးလက်အေး ကျော်လွှားသွားပါ။ မောင်ပိုက်ထွေးဟာ ဒုက္ခဆင်းရဲအချို့ကို ရင်ဆိုင်ပြီး ရင့်ကျက်လာပါလိမ့်မယ်။ အန္တရာယ်အပေါင်းကလဲ လွန်မြောက်ပါလိမ့်မယ်...'

သီလာ စာပေ

'သူစိတ်ချမ်းသာဖို့ပဲ အရေးကြီးပါတယ် မောင်သက်ရှည်ရယ်....'

'စိတ်ဆိုတာ လူကဖြစ်တာပါဆရာ။ စိတ်ဆင်းရဲတာတွေ စိတ်ချမ်းသာတာတွေဟာ မညတ်တွေပါ။ ကြုံတွေ့ဖြစ်ပျက်ရသမျှကို လူကလက်ခံပြီး အမိပ္ပာယ်ဖော်လိုသော စိတ်အမျိုးမျိုးဖြစ်လာတာပါ။ လူက စိတ်ကိုခေါင်းပေါ် တင်နေလို့ပါ။ စိတ်ကိုသာ ခြေထောက်အောက်မှာ ထားနင်းထားနိုင်ယင် အရာရာကို အောင်မြင်မှာပါဆရာ...'

ဦးသက်ရှည်သည် စဉ်းစားရခက်သော စကားများကို အတန်ကြာမျှပင် ပြောဆိုနေသေးသည်။

ထို့နောက်....

ဖခင်ကြီးက ကျွန်တော့်အား ဆုံးမစကားတွေ ရှည်လျားစွာ ပြောကြားသည်။

လူ့လောကကြီးကို ရင်ဆိုင်ရတော့မည့် လူသားတယောက် အနေနှင့် လိုအပ်မည်ထင်သမျှကို ဖခင်ကြီးက ရှင်းပြပေးသည်။

ကျွန်တော်နှင့် ဦးသက်ရှည်သည် ရက်ပေါင်း အတန်ကြာသည်အထိ ဖခင်ကြီးအား လိုလေသေးမရှိအောင် ပြုစုယုယခဲ့ရသည်။

ဒါသည်ပင်လျှင် ကျွန်တော့်အတွက် စိတ်ချမ်းမြေ့စရာ တကွက် ဖြစ်ခဲ့ရသည်။

သီလာ စာပေ



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးသည် ကျွန်တော်၏ ပြုစုယုယမှုကို ကျေနပ်နှစ်သိမ့်စွာ ခံယူပြီးမှ ခရစ်တော်၏ ခေါ်ဆောင်ရာသို့ လိုက်ပါသွားတော့၏။

ဖခင်ကြီး မရှိသည့်နောက် ကျောက်မြက်ရကနာ ရောင်းဝယ်ရေး လုပ်ငန်းကို ကျွန်တော်ပဲ ဦးစီး လုပ်ကိုင်ရတော့သည်။

ဦးသက်ရှည်က ကျွန်တော်တယောက်တည်းသာ သိုသိပ်စွာ လုပ်ကိုင်ရန် ပြောသော်လည်း ကျွန်တော်က ကုမ္ပဏီတခု ထူထောင်လိုက်သည်။

အစုရှယ်ယာတွေ ခေါ်တော့သည်။

ဘိလတ်နိုင်ငံ လန်ဒန်နှင့် ပြင်သစ်နိုင်ငံ ပါရီမြို့များတွင် ဆိုင်ခွဲတွေဖွင့်သည်။

အစုရှယ်ယာဝင်တွေလည်း များလာသည်။

ထိုနောက်...

အင်္ဂလိပ်ကုန်သည် တဦးက အစုရှယ်ယာများကို သိမ်းကျုံးဝယ်ယူခြင်းဖြင့် ကျွန်တော်သည် ကုမ္ပဏီ၏ အများစုကို ပိုင်ဆိုင်သူဘဝမှ ရာခိုင်နှုန်းအနည်းငယ်သာ ပိုင်ဆိုင်သောဘဝသို့ ရောက်သွားသည်။

ကြာသောအခါ ကုမ္ပဏီကို ကျွန်တော် လက်လွှတ်သွားရတော့၏။

---

သိ၊လ၀ ၈၁၁၀



ဦးသက်ရှည်သည် သူ့စကားနားမထောင်သဖြင့် ဖြစ်ရသည်ဟု ပြောလိုမဆုံးသော်လည်း ကျွန်တော်ကား စွန့်စားခန်းဘရပ်ကို ကြုံလိုက်ရသဖြင့် များစွာကျေနပ်နေပါ၏။

၀....၀

www.burmeseclassic.com

www.burmeseclassic.com

ဦးသက်ရှည်...။ ကျွန်တော်တော့ တရုတ်ပြည်ကို သွားရယင်ကောင်းမယ်...'

'ဟေ....ဘာဖြစ်လို့လဲကွယ့်...'

'ဘာဖြစ်ရမလဲဗျ။ မျက်နှာဖြူတွေက ပတ္တမြားတွေကို ဈေးနှိမ်လွန်းတယ်။ မိုးကုတ်ကထွက်သမျှကို ဈေးနှိမ်ဝယ်ပြီး ပါရီကျတော့ ဈေးတင်ရောင်းတာဗျ။ ကျောက်စိမ်းကျတော့ ထဲ သူတို့က မကြိုက်ဘူး။ ကုန်ပစ္စည်းဆိုတာ ဝယ်သူလက်ထဲ ထိ တိုက်ရိုက်ရောက်မှ ကောင်းတာဗျ။ ရောင်းသူနဲ့ ဝယ်သူ ဆက်သွယ်ရေး လမ်းတိုလေ အကျိုးရှိလေပဲ...'

---

သီလှ၀ ၁၁ပေ

www.burmeseclassic.com

www.burmeseclassic.com



'တကယ် သုံးမယ့်လူလက်ထဲ ရောက်အောင် ဆိုပြီး မင်းဝဲ ပါရီနဲ့ လန်ဒန်မှာ ဆိုင်သွားဖွင့်ပြီးပြီ မဟုတ်လား....'

'ကျွန်တော့်မှာ ငွေအရင်းအနှီးမှမရှိတာ။ ငွေချင်းယှဉ် လိုက်တော့ အင်္ဂလိပ်တွေကို မနိုင်ဘူးလေ။ ဒါကြောင့် ပြိုင် ဘက်နည်းတဲ့ နေရာကို စဉ်းစားတာ။ တရုတ်တွေဟာ ကျောက် စိမ်းကို သဘောကျတယ်ဗျ။ တရုတ်ပြည်ကို ကျွန်တော် ကျောက်စိမ်းတွေ သွားရောင်းမယ်....'

'မသွားပါနဲ့ လူလေးရယ်။ အန္တရာယ် ကြီးလှပါတယ်။ တောပုန်းဒမြတွေကလဲ ပေါပါဘိသနဲ့။ ကိုယ်စားလှယ်လွှတ် ပြီး ရောင်းချင်ရောင်းပါ....'

ကျွန်တော် ခေါင်းခါလိုက်သည်။

'ဗန်းမော်ကို တရုတ်တွေဆင်းလာပြီး ကျောက်စိမ်းလာဝယ် တယ်တဲ့ဗျ။ ဗန်းမော်ကနေ ယွန်နန်နယ်ဘဲအထိ ကျွန်တော် သွားမယ်....'

'ဗန်းမော်မှာတင် ရောင်းပါလား....'

'ဒါဆို ပွဲစားတွေလက်ထဲပဲ ရောက်မှာပေါ့။ ဦးသက်ရှည် မလိုက်ချင်နေနေ။ ကျွန်တော်ကတော့ သွားမှာပဲ....'

ဦးသက်ရှည် ဘာမျှပြန်မပြောပဲ မျက်စိကို စုံမှိတ်နေသည်။ အတန်ကြာမှ....

'မင်း ဒီခရီးကိုသွက်ယင် အန္တရာယ်နဲ့ မုချကြုံမှာပဲ။ စိတ် ဆင်းရဲစရာတွေလဲ တွေ့လိမ့်မယ်။ တရုတ်ပြည်ကိုလဲ ရောက်မှာ မဟုတ်ဘူး။ နောက် ဆယ်နှစ်လောက်ကြာယင် မျိုးပါပြုတ်မယ့် လူမျိုးစုတစုနဲ့ တွေ့လိမ့်မယ်'

ရှေ့ဖြစ်ဟောသလို ပြောနေသော ဦးသက်ရှည်၏ စကားကို ကျွန်တော် စိတ်မဝင်စားတော့ပေ။

ကျွန်တော်သည် ရန်ကုန်မှ မန္တလေးကို တက်လာသည်။

ထို့နောက်....

ဖခင်ကြီး၏ လက်ငုတ်လက်ရင်းအချို့ကို ထုခွဲပြီး မိုးကောင်း သို့ တက်ကာ ကျောက်စိမ်းတွေ ဝယ်ယူသည်။

မိုးကောင်းမှ ကျောက်စိမ်းများကို ကသာမှတဆင့် ဗန်းမော် သို့ သယ်ယူလာသည်။

ကျွန်တော် ခရီးထွက်ခွာရာတွင် ဦးသက်ရှည်အား ခေါ် ယူခြင်း မပြုခဲ့ပေ။

ဗန်းမော်ရောက်သောအခါ ကျွန်တော်သည် မျက်နှာဖြူ နယ်ခြား ပုလိပ်အရာရှိတဦးဖြစ်သူ မစ္စတာအာသာနှင့် ခင်မင် ရင်းနှီးအောင် ပေါင်းသင်း၍ နေလိုက်သည်။

မစ္စတာအာသာသည် ဗန်းမော်သူတဦးကို ယူထားလေရာ နန်စီဟူသော သမီးလေးတယောက် ထွန်းကားသည်။

နန်စီ၏ မိခင်မှာ နန်စီကိုမွေးပြီး ကွယ်လွန်သွားသဖြင့် နန်စီသည် မိတဆိုးသမီးလေးတဦးအဖြစ် ဖခင် မစ္စတာအာသာ ၏ အရေးပေးခြင်းကို ခံရပါ၏။

ကျွန်တော်သည် မစ္စတာအာသာနှင့် ခင်မင်နေသည့် အလျောက် မစ္စတာအာသာသည် ဂေါ်ရာ (မျက်နှာဖြူ)





[illegible]

www.burmeseclassic.com

www.burmeseclassic.com



စစ်သားများနှင့်အတူ တရုတ်နယ်စပ်ရှိ လွယ်ဂျယ်ရွာသို့သွားရန် ကိစ္စရှိနေသေးကြောင်း သိရတော့၏။

မစ္စတာအာသာသည် လွယ်ဂျယ်တွင် တရုတ်အရာရှိများနှင့် ဆွေးနွေးမည်ဖြစ်သည်။

ကျွန်တော်က ခရီးကြုံ လိုက်ပါခွင့် တောင်းသောအခါ မစ္စတာအာသာက အလွယ်တကူပင် လက်ခံသည်။

တိုင်းရင်းသားများအပေါ် တန်းတူ ဆက်ဆံတတ်သော မစ္စတာအာသာနှင့်အတူ ခရီးသွက်ခွင့်ရသဖြင့် ကျွန်တော်သည် ကျေနပ်၍ မဆုံးတော့ပေ။

ကျွန်တော်သည် ကျောက်ဒိမ်းအရိုင်းတုံးများအား လား အကောင်သုံးဆယ်ခန့်ဖြင့် တင်ဆောင်ရန် ကြိုးစားရတော့သည်။

လိုအပ်သော ပစ္စည်းပစ္စယများလည်း ဝယ်ယူရသည်။

ကျွန်တော်သည် ဂေါ်ရာစစ်သားများနှင့်အတူ မြင်းများ လားများဖြင့် ဗန်းမော်မြို့မှ စတင်ထွက်ခွာလာရာ ခရီးနေ့ဝက် မကျိုးမီပင် နောက်မှမြင်းတစီး ကဆုန်ချ လိုက်လာသည်ကို တွေ့ရတော့၏။

မြင်းကိုကဆုန်စီးချလာသူမှာ အခြားသူမဟုတ်ပဲ မျက်လုံး ဆရာ တယောက်ကဲ့သို့ ရှမ်းတောင်းဘီနက် အင်္ကျီနက်များ ဝတ်ဆင်ထားသည့် ဦးသက်ရှည်ပင် ဖြစ်နေလေတော့သတည်း။

'ဆိုင်ကိုပစ်ပြီး ဘာကြောင့်လိုက်လာရတာလဲ ဦးသက်ရှည်'

'လူလေးမှာ အန္တရာယ် ရှိနေတာကို မြင်လို့ကွယ့်....'





'ဘယ်အန္တရာယ်ရှိရှိ ကျွန်တော်ဂရုမစိုက်ဘူး။ သွားစရာရှိ သွားမှာပဲ....'

'မင်းလဲ မင်းအဖေလိုပါပဲလားကွယ်။ သွားပါလေ....။ သွားပါလေ....။ ဒါပေမယ့် ငါကတော့ မလိုက်ပဲ မနေနိုင်ဘူးဟေ့။ ငါ့မှာ မင်းရဲ့ ခြံစည်းရိုးနဲ့ မလှမ်းမကမ်းမရောက်ခင် အထိ ကာကွယ်စောင့်ရှောက်ရမယ့်ဝတ္တရားရှိနေတယ်။ မင်းနဲ့ အတူ သေအတူ ရှင်မကွာ လိုက်မယ်ဟေ့....'

သို့နှင့်....

ဦးသက်ရှည်သည် ကျွန်တော်တို့နှင့်အတူ ပါလာပါတော့သည်။

၀....၀



www.burmeseclassic.com

www.burmeseclassic.com

မစ္စတာအာသာနှင့် ဂေါ်ရာစစ်သား ဆယ့်ငါးယောက်ခန့်မှာ ကျွန်တော်က ကျေးမွေးပေါင်းသင်းထားသည့် မျက်နှာကြောင့် ကျွန်တော်တို့အား ခေါင့်ရှောက်၍ လိုက်ပါလာကြသည်။

ကျွန်တော် ငှားလာသည့် လားများကို ထိန်းကျောင်းမည့်လားတရုတ်များလည်း ပါဝင်လာသေးရာ ကျွန်တော်တို့ ခရီးထွက်ရသည်မှာ စည်စည်ကားကားနှင့် ပျော်စရာပင် ဖြစ်နေပါတော့၏။

ကျွန်တော်နှင့် မစ္စတာအာသာသည် မြင်းကိုယ်စီစီး၍ ခရီးနှင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီလမ်းက စိတ်ချရရဲ့လား မစ္စတာအာသာ....'

'စိတ်ချရပါတယ် မစ္စတာပိုက်ထွေး။ ဒီလမ်းမှာ တောပုန်းဒမြတွေ ရှိပေမယ့် လက်နက်မပါတဲ့ ကုန်သည်တွေကိုသာ လုတာဗျ။ ကျုပ်တို့လို စစ်သားတွေနားတော့ လားလားမှ မကပ်ရဲပါဘူးဗျာ...'

ကျွန်တော်တို့ စကားပြောနေစဉ် ဦးသက်ရှည်သည် သူ၏ မြင်းပုလေးပေါ်မှ ချောင်းကို တမင်သက်သက်ဆိုး၍ လိုက်ပါလာသည်။

ခဏကြာသောအခါ....

ဦးသက်ရှည်က ကျွန်တော့်ကို မျက်ရိပ်ပြသဖြင့် ကျွန်တော်က မြင်းကို နောက်ချန်စီး၍ နေခဲ့သည်။

'မင်း ဒီမျောက်ဖြူတွေနဲ့ မလိုက်ယင် ကောင်းမယ်'

'ဘာဖြစ်လို့လဲ။ ကျွန်တော်က သူတို့ကို အကာအကွယ်ရအောင် ပေါင်းထားတာ....'

'တို့ဟာတို့ သွားယင် အန္တရာယ်မရှိဘူး'

'မဖြစ်နိုင်တာ။ ကျွန်တော့်မှာ မင်္ဂနစ်ရိုင်ဖယ်တလက်၊ ခင်ဗျားမှာ နှစ်လုံးပြူးတလက်ပဲပါတာ။ သူတို့မှာ စက်သေနတ်လဲပါတယ်။ အင်အားပိုကောင်းတယ်'

'မင်း....မသိသေးဘူးလူလေး။ ဒီလမ်းမှာရှိတဲ့ တောပုန်းတွေက ဒမြတွေကွ။ ကုလားဖြူဆိုယင် မကြည့်ချင်လောက်အောင် မုန်းတာ။ ငါတို့နှစ်ယောက်ကို ကုလားဖြူတွေကြားထဲမှာ တွေ့ယင် ချမ်းသာပေးမှာမဟုတ်ဘူး'





'မဆိုင်ပါဘူးဗျာ။ ဦးသက်ရှည်က ပူစရာမရှိ ပူနေပြန်ပြီဗျာ'

ကျွန်တော်တို့သည် စိန်လုံကဘာ့ရွာဘက်သို့ ဦးတည်၍ သွားလာလျက်ရှိရာ လမ်းတွင် ကချင်ရွာလေးတရွာကို ဖြတ်သန်းရသည်။

ကချင်ရွာလေးတရွာတွင် ညအိပ်စခန်းချနေစဉ် မစ္စတာအာသာက ကျွန်တော့်ကို ခေါ်၍စကားပြောသည်။

'မစ္စတာပိုက်ထွေး ကျွန်တော်တို့တော့ စိန်လုံကဘာ့မရောက်ခင်မှာပဲ ပွဲကြီးပွဲကောင်းနွှဲရမယ်ထင်ပါရဲ့ဗျာ'

မစ္စတာအာသာက သူသွားလေရာ ခေါ်ဆောင်သွားသည့် မိတ်ဆိုးသမီးလေးနန့်စီအား ပေါင်ပေါ်တွင် ပွေ့ချီထားယင်းမှ စကားစသည်။

'လမ်းမှာ တောပုန်းတွေ ရှိနေတယ်ထင်ပါ....'

'ဟုတ်တယ်။ သူတို့ ကျွန်တော်တို့ကို တိုက်ဖို့လိုက်ချောင်းနေတယ်ဗျ....'

'သူတို့မှာ မစ္စတာအာသာတို့ တပ်ကို တိုက်နိုင်တဲ့အင်အားရှိလို့လား'

'လက်နက်တော့မရှိဘူးပေါ့ဗျာ။ လူတော့များတယ်။ ပြီးတော့ 'ရန်ဆိုင်း' ဆိုတဲ့ကောင်က မိုက်ရူးရဲတွေကို မွေးထားတာဗျ...'

ရန်ဆိုင်းတို့လူစုသည် တရုတ်ကုန်သည်များ၊ မြန်မာကုန်သည်များကို ပစ္စည်းလုပြီး လူသတ်လေ့ရှိကြောင်း ကျွန်တော် ဗန်းမော်တွင် ကြားခဲ့ပြီးလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ဆိုင်းတို့လူစုတွင် လက်နက်အင်အားက မကောင်းလှသော်လည်း တရုတ်မိုက်ရူးရဲများနှင့် ဝရမ်းပြေးလူဆိုးအချို့ ပါဝင်လျက်ရှိရာ ရက်စက်စရာရှိလျှင် ကမ်းကုန်အောင်ရက်စက်ကြကြောင်းလည်း ကျွန်တော်ကြားခဲ့ဖူးပေပြီ။

'တကယ်လို့များ ကျွန်တော် တခုခုဖြစ်သွားယင် ဟောဒီသမီးလေးနန်စီကို စောင့်ရှောက်ပေးပါ မစ္စတာပိုက်တွေး....'

'စိတ်ချပါ ကပ္ပတိန်....'

ကျွန်တော်သည် မစ္စတာအာသာထံမှ ပြန်လာပြီးနောက် ကျေးရွာလေးအတွင်းတွင် လှည့်လည်ကြည့်ရှု နေမိလေတော့သည်။

ဦးသက်ရှည်ကား ဘယ်ကိုထွက်သွားသည်မသိ။

အရိပ်အရောင်မျှပင် မတွေ့ရပေ။

ညဉ့်နက်လာသောအခါ ကျွန်တော်လည်း ခရီးပန်းလှသဖြင့် ဦးသက်ရှည်ကို မစောင့်ပဲ အိပ်ရပါတော့၏။

ကျွန်တော် အိပ်ပျော်သွားသည်မှာ ကြာသည်ဟု မထင်ရပေ... ။

တစုံတယောက်က ခပ်ကြမ်းကြမ်း လှုပ်နိုးသဖြင့် အိပ်ရာက နိုးလာရတော့၏။

'ဘယ်သူလဲ... ။ ဘယ်သူလဲ....။ ဘာဖြစ်တာလဲ'

'ငါပါကွ....။ သက်ရှည်ပါ။ မြန်မြန်ထ....'

'ဘာဖြစ်လို့လဲ....'





'တောပုန်းဒမြတွေ ဝင်စီးတော့မယ်'

ကျွန်တော် အိပ်ရာက လူးလဲထ,လိုက်သည်။

'ဒါဆိုယင် မစ္စတာအာသာကို သွားပြောမှပဲ'

'ဒီမျောက်ဖြူတွေကို ပြောမနေပါနဲ့။ အချိန်မရှိဘူး။ မြန်မြန်လာ'

'အာ....ဘယ်ဖြစ်မလဲဗျ။ အတူတူလာတာပဲ'

ဦးသက်ရှည်သည် ကျွန်တော်၏မေးရိုးကို နှပ်ကနဲနေအောင် ထိုးချလိုက်ရာ ကျွန်တော်၏ မျက်လုံးများထဲတွင် မီးတွေပွင့်သွားပြီး သတိလစ်သွားရပါတော့၏။

ကျွန်တော်သည် မည်မျှကြာအောင် သတိလစ်နေသည်ကို မသိပေ။

ကျွန်တော် သတိရလာသောအခါ ဦးသက်ရှည်သည် ကျွန်တော့်အား ပခုံးပေါ်တွင်ထမ်းပြီး တောင်ကုန်းတခုပေါ်သို့ တက်နေသည်ကို သတိထားမိတော့၏။

၀....၀



www.burmeseclassic.com

www.burmeseclassic.com

ညသည်....

မှောင်မည်းလျက် ရှိသည်။

လကမထွက်။

ကြယ်တာရာ တချို့သာ ကောင်းကင်ပေါ်တွင် မှိတ်တုတ် မှိတ်တုတ်နှင့် ရှိနေသည်။

ဦးသက်ရှည် တောင်ကုန်းထိပ် ရောက်သောအခါ ကျွန်တော့်ကို သစ်ပင်ဘပင်တွင် မှီ၍ ညင်သာစွာ ချပေးလေသည်။

ကျွန်တော်က ဝုန်းကနဲ ခုန်ထသည်။

'ခင်ဗျားကြီး ကျွန်တော့်ကို ထိုးပြီး ဘယ်ခေါ်လာတာလဲ'

---

သီလဝ စာပေ

www.burmeseclassic.com

www.burmeseclassic.com



'တိတ်တိတ်နေ လူလေး။ ကြားသွားမယ်'

'ဘာကြားရမှာလဲဗျ'

ကျွန်တော်က လက်စားချေသည့်အနေဖြင့် သူ့မေးရိုးကို တအားကုန် ထိုးထည့်လိုက်သည်။

ကျွန်တော့်လက်သီးသည် ဦးသက်ရှည်၏ မေးရိုးကြီးအား မိမိရရပင် ထိသွားသည်။

သို့သော်....

ဦးသက်ရှည်ကား ဆံချည် တမျှင်မျှပင် မလှုပ်တော့ပေ။

ကျွန်တော့် လက်သီးသာလျှင် ကျောက်ဆောင်ကြီးတခုကို ထိုးရသကဲ့သို့ များစွာ နာကျင်ရပါ၏။

ကျွန်တော်သည် မကျေမနပ်ဖြစ်ပြီး ဦးသက်ရှည်ကို ထပ်မံ ထိုးကြိတ်ရန် ကြံစည်မိပြန်သည်။

သို့သော်....

ကျွန်တော် အားကိုးသည့် လက်သီးမှာ အသည်းခိုက်အောင် နာကျင်နေပြီ ဖြစ်သဖြင့် ထိုအကြံကို လက်လျှော့လိုက်ရပါတော့၏။

'မင်းကို ဒီလိုခေါ်မထုတ်ယင် မလွယ်ဘူး။ ရန်ဆိုင်းတို့ လူစုက အကုန်လုံးကို သတ်ပစ်တော့မှာ'

သူ့စကားမဆုံးခင်မှာပင် တောင်ကုန်းလေး၏ အနိမ့်ပိုင်း မှောင်ရိပ် ကွက်လပ်ထဲမှ သေနတ်သံများ ထွက်ပေါ်လာတော့သည်။

သီလာ စာပေ



ဒင်စစ်....

ထို ကွက်လပ်ကလေးမှာ ကျွန်တော်တို့ အိပ်စက်ခဲ့သည့် ကျေးရွာလေးပင်တည်း။

တောပုန်းများသည် အိပ်ပျော်နေသော ဂေါ်ရာများအား အလစ်တွင် ဝင်ရောက်စီးနင်း တိုက်ခိုက်ကြဟန် တူပါ၏။

ပထမပိုင်းတွင် သေနတ်သံများမှာ တဘက်သတ်ပေါ်ထွက် လျက် ရှိသည်။

ရန်ဆိုင်းနှင့် တောပုန်းလူဆိုးများသည် ခြောက်လုံးပြူးနှင့် နှစ်လုံးပြူး သေနတ်များကိုသာ မကပါ။ တူမီးများကိုပါ သုံးစွဲ တိုက်ခိုက်နေကြကြောင်း သေနတ်သံများအရ သိရှိနေရသည်။

'ရွာသားတွေတော့ ဒုက္ခပဲ။ မြေစာပင် ဖြစ်တော့မယ်'

'မဖြစ်ဘူး လူလေး။ ရန်ဆိုင်းက ရွာသားတွေကို ရာဇသံ ပေးထားတယ်။ ဖယ်ယင်ဖယ်၊ မဖယ်ယင် ရန်သူတဲ့။ ညကတည်းက ရွာသားတွေ တိတ်တဆိတ် ထွက်ပြေးကုန်ကြပြီကွ'

ရောင်နီပျိုးတက်လာစဉ်မှာပင် မဒ္ဒဘာ အာသာတို့ဘက်မှ စက်သေနတ်သံ ထွက်ပေါ်လာသည်။

သို့ရာတွင်....

သိပ်မကြာလိုက်ပေ။ စက်သေနတ်သံမှာ တိတ်ဆိတ်သွားတော့၏။

သီလာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



တရွာလုံးမှာလည်း တောပုန်း ဒမြများ၏ ဆူညံစွာ အော်ဟစ်ကြွေးကြော်သံ၊ ဆဲရေးသံများဖြင့်သာ ပြည့်နှက်နေတော့သည်။

မစ္စတာ အာသာတို့လူစုမှာ အားလုံး သေဆုံးကုန်ကြပြီလား၊ ထွက်ပြေး လွတ်မြောက်သွားကြပြီလား မသိရတော့ပေ။

တောပုန်းများ၏ အရမ်းကာရောပစ်ခတ်နေသံများကြောင့် မစ္စတာ အာသာတို့လူစု အရေးနိမ့်သွားသည်မှာကား သေချာနေပါတော့၏။

တောပုန်းများသည် အိမ်နှစ်လုံးကို မီးရှို့လိုက်လေရာ မီးတောက်များမှာ အရုဏ်ဦး ရောင်နီကိုပင် အန်တုရ၍ ထိုးတက်လာလေသည်။

'အဲဒါ အာသာအိပ်တဲ့ အိမ်နဲ့ မင်းအိပ်တဲ့ အိမ်ပဲ'

နေရောင် ကောင်းစွာ ထွန်းလင်းလာသောအခါတွင်ကား အိမ်နှစ်လုံး ပြာကျနေသော ရွာလေးမှာ များစွာ ထင်ရှားနေပေပြီ။

'ဒီကောင်တွေလာစီးလိမ့်မယ်ဆိုတာ ခင်ဗျား ဘယ်လိုသိ ဦးသက်ရှည်'

'ရွာသားတွေ အချင်းချင်းပြောနေကြတာ ကြားတာပေါ့'

'ခင်ဗျား ကချင်စကား တတ်လို့လား'

'ငါဟာ ဘာသာစကား အမျိုးငါးဆယ်လောက် တတ်တ လူလေး'





'မနေ့ညက ခင်ဗျား... ဘယ်ပျောက်သွားနေတာလဲ'

'ရန်ဆိုင်းနဲ့ သွားတွေ့တာ'

ကျွန်တော် များစွာ အံ့သြသွားရတော့သည်။

'အလို....ခင်ဗျားက ဒီဒမြကောင်နဲ့ သွားတွေ့တယ်'

'ဟုတ်တယ်....လူလေး....။ သူတို့ မနေ့ညက ဝင်စီးလု ဆဲမှာ ငါ...ရောက်သွားတာ။ မင်းကို ဘာမှမလုပ်ဖို့ သွားပြောတာ'

'ရန်ဆိုင်းက သဘောတူလား'

'ဘယ်တူပါမလဲ။ မျက်နှာဖြူတွေနဲ့ ပါလာယင် မျက်နှာ ကျွန်တွေပဲတဲ့ကွ။ နောက်ပြီး....သူက ငါတို့မှာပါလာတဲ့ ကျောက်စိမ်းတွေကို လိုချင်နေတာ။ ဒါပေမယ့် ရန်ဆိုင်းတို့ က သိပ်အယူသည်းတယ်။ ငါက မင်းဟာ သေနတ်ပြီးတဲ့ ကြောင်း၊ မင်းတင် မကဘူး။ မင်းရှိနေယင် ပတ်လည် ဆယ်တရာလောက်မှာ ရှိတဲ့လူတွေပါ သေနတ်ပြီးနေလို့ တိုက် အလကားဖြစ်မယ့်အကြောင်းတွေ ပြီးရတယ်'

'သူတို့က ဒါတွေယုံလား'

'ယုံတာပေါ့။ ဒီတော့မှ ငါလဲ မင်းကို ရွာထဲက လွှတ်ထုတ် မယ်ဆိုပြီး ညှိရတာကွ'

'ဒါဖြင့် ကျွန်တော်တို့ ကျောက်စိမ်းတွေ....'

'မသွေးရသေးတဲ့ အရိုင်းတုံးတွေတော့ သွားပြီပေါ့ကွာ။ ကောင်တွေ ယူသွားမှာပေါ့။ သွေးပြီးသား လုံးချောတွေ တော့ ဟောဒီမှာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်က လှယ်အိတ်တလုံးကို ပြသည်။

ထိုလှယ်အိတ်ထဲတွင် အရည်အသွေး ကောင်းမွန်လှပြီး လက်
ဝတ်ရတနာအဖြစ် အသင့်သုံးစွဲနိုင်သည့် ကျောက်စိမ်းအရည်
ကျောက်များမှာ ဝါဂွမ်းများနှင့် ကုပ်လျက်သား ရှိနေ
ပါ၏။

တရုတ်ကုန်သည်များအား ကြိုက်ဈေးခေါ်နိုင်သည့် အရိုင်း
ဘုံးများကိုကား တောပုန်းတစုက လားများပေါ်တွင် တင်၍
ယူသွားတော့မည်မှာ သေချာနေတော့သည်။

ဦးသက်ရှည်သည် ဝန်ကြီးလှသော အရိုင်းတုံးများကိုကား
သိုဝှက်နိုင်ခဲ့ဟန် မတူပေ။

ဝန်ကျဉ်းပြီး အဖိုးတန်သော အရည်ကျောက်များကိုသာ
ဝှက်နိုင်ခဲ့ပုံ ရသည်။

ကျွန်တော်နှင့် ဦးသက်ရှည်တို့ ရွာထဲသို့ ဆင်းလာသော
အခါ ဝေါရာ ၁၅ ယောက်သည် သေနတ် ဒဏ်ရာများ၊ ဓား
ဒဏ်ရာများဖြင့် သေဆုံးနေကြပေပြီ။

တောပုန်းများ၏ အလောင်းတွေလည်း ရွာအဝင်မှာ
ပြန့်ကျဲနေသည်ကို တွေ့ရသည်။

တောပုန်းအများစုသည် ကျွန်တော်၏ ကျောက်စိမ်းများ
နှင့် မစ္စတာအာသာ၏ ပစ္စည်းများကို လားများပေါ်တွင်
တင်ဆောင်၍ ထွက်ခွာသွားကြလေပြီ။

ရွာထဲတွင် ရန်ဆိုင်းသည်တပည့် လူဆိုးငါးယောက်ခန့်
အတူ ကျန်ခဲ့သည်။

သီလဝ စာပေ



ရန်ဆိုင်းတို့လူစုသည် လားထိန်းသည့် တရုတ်များအား
အပျင်းပြေ ညှဉ်းပန်း နှိပ်စက်နေသည်ကို တွေ့ရပါ၏။

မစ္စတာအာသာမှာလည်း ခေါင်းနှင့်ကိုယ် အိုးစားကွဲ၍
သေဆုံးနေလေပြီ။

'ဟော...ဖိုးသက်ရှည်ပါလား။ဖိုးသက်ရှည်ရဲ့လူစွမ်းကောင်း
သဲ ပါသကိုး။ ကျုပ်တော့ မျောက်ဖြူတွေနဲ့ သူတို့ကျွန်တွေ
ကို သတ်ရတာ အားရလှသဗျာ'

ရန်ဆိုင်းက သွေးစွန်းနေသော ဓားကြီးတချောင်းကို
မြှောက်ပြပြီး ကျွန်တော်တို့ကို နှုတ်ဆက်သည်။

သူ့ တကိုယ်လုံးမှာလည်း သွေးတွေ စွန်းပေလျက်ရှိလေ
သည်။

သူ့အနီး ဝန်းကျင်မှာကား တရုတ် လားထိန်းများ၏
အလောင်းများမှာ မြင်မကောင်းအောင်ပင် ပြန့်ကျဲနေတော့
သည်။

ကျွန်တော်သည် ရန်ဆိုင်းအား မြင်မြင်ချင်းပင် မနှစ်မြို့
တော့ပေ။

ဖင်ဖင်...

ရန်ဆိုင်းနှင့် သူ့နောက်လိုက်များကား တောပုန်းဒမြများ
သာ ဖြစ်တော့သည်။

ကျွဲကဲ့သို့ စည်းကမ်းမဲ့ ရမ်းကားသူများသည် ဖင်ဖင်တွပ်
ယဉ်ချ်အား တွန်းလှန်ခြင်း မဟုတ်ပဲ လူတွေကို နှိပ်စက်နေ
ခြင်းသာဖြစ်ကြောင်း ကျွန်တော် ရိပ်မိပေပြီ။

သီလဝ စာပေ

[illegible]

www.burmeseclassic.com

www.burmeseclassic.com



'ဟော့....ဝါသတ်ဖို့ ဘာကျန်သေးလဲ'

'ဟော....ဒီမှာ ရှိသေးတယ်'

တောပုန်းဒမြတဦးက တစုံတဦးကို တရွတ်တိုက်ဆွဲလာသော အခါ ကျွန်တော်ရော ဦးသက်ရှည်ပါ မျက်လုံးပြူးရတော့ သည်။

ရန်ဆိုင်းတယောက် အပျင်းပြေ သတ်ဖြတ်မည့်သူမှာ အခြား သူ မဟုတ်ပေ။

မစ္စတာအာသာ၏ သမီးဖြစ်သူ နန်စီလေးပင် ဖြစ်နေပါ သည်။

'ဟား....မျောက်ဖြူသေး တစက်ပါတဲ့ ကပြားမလေးပါ လား၊ ဒါလေးဟာ ဟို ကုလားဖြူစစ်ဗိုလ်ရဲ့ သမီးမဟုတ်လား။ ရွှေး....နိုပ်ပဟ....'

ရန်ဆိုင်းကား နန်စီလေးကို မြင်သောအခါ ဝမ်းသာအား ရဖြင့် ဓားကြီးကို ဝင့်နေလေတော့၏။

ကျွန်တော်ကား မနေသာတော့ပါ။

ဦးသက်ရှည် ဆွဲထားသည့်ကြားမှ ရှေ့ကိုတလှမ်းတိုးလိုက် မိတော့၏။

ရန်ဆိုင်းက နန်စီ၏ လက်တဘက်အား ဆွဲလိုက်ရာ နန်စီ သည် ငယ်သံပါအောင် အော်ဟစ် ရုန်းကန်တော့၏။

သို့သော်....

လူကြီးနှင့်ကလေး ဖြစ်သဖြင့် မလွယ်ပါ။

'ဟေ့ လူ...ကလေးမလေးကို လွှတ်လိုက်စမ်း....'





ကျွန်တော့်အသံသည် သုသာန်တစပြင် ဖြစ်နေသော ရွာ ကလေးတခုလုံးတွင် ဟိန်း၍ ထွက်သွားသည်။

'ခင်ဗျားဟာ သွေးဆာနေတဲ့လူပဲ။ ကလေးကိုမလုပ်ပါနဲ့ဗျ'

ရန်ဆိုင်းသည် ကျွန်တော့်ကို အံ့အားသင့်စွာဖြင့် လှည့် ကြည့်သည်။

'အလို....မောင်ရင်က ဘောက်မဲ့ကြောင့် ကျုပ်ကို တားနေ တာလဲ။ ကျုပ်တို့ ကမ္ဘာမြေကြီးပေါ်မှာ မျက်နှာဖြူသေး ဆိုလို့ တစက်မှ မကျန်ရစ်ရအောင် ရှင်းပစ်နေတယ်ဆိုတာ မောင်ရင် သိရဲ့လား'

'ခင်ဗျားတို့ လုပ်နေတာတွေ ကျုပ်မသိဘူး။ ကျုပ်သိတာ ကတော့ ကလေးဆိုတာ အပြစ်မရှိဘူး။ ဒါကြောင့် ခင်ဗျား အန္တရာယ် မပေးပါနဲ့'

'အို....ဒါဟာ ကျုပ်စစ်နိုင်လို့ရတဲ့ စော်သုံ့ပန်းပဲ။ ကျုပ် ဘာလုပ်လုပ်ပေါ့'

'လုပ်ကြည့်လေ။ ကျုပ်ကတော့ ရပ်ကြည့်မနေဘူး'

ကျွန်တော်က ဦးသက်ရှည်ဆီမှ ရရှိသည့် မဂ္ဂနမ်ရိုင်ဖယ်(လ်) ကို အသင့်ကိုင်ပြီး ပြောလိုက်သည်။

'ကျုပ်ကတော့ ကျုပ်ရဲ့စစ်သုံ့ပန်းကို မလွှတ်နိုင်ဘူး။ ရန်သူ ကို များများသတ်နိုင်တာ ကျုပ်ရဲ့ဂုဏ်ပဲ။ ကျုပ်လက်နဲ့ လူ များများသေယင် ကျုပ်မှာ ဂုဏ်ရှိတာပဲ။ အိမ်း....ဒီကလေး လေးကို လွှတ်ပေးချင်ယင် ကလေးမလေးအစား မောင်ရင် ခေါင်းသေပေးရမယ်။ ဒါပဲ....'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က ခင်ဗျားသတ်ချင်တိုင်း သတ်လို့ရတဲ့လူမှ မဟုတ် တာပဲ'

'ကောင်းပြီလေ။ ကျုပ်က ဒီကလေးမရဲ့အသက်ကို ချမ်းသာ ပေးလိုက်မယ်။ ဒါပေမယ့် မောင်ရင်ကတော့ ကျုပ်စိတ်ပြေ အောင် ကျုပ်နဲ့ ရင်ဆိုင်တိုက်ရမယ်။ ဘယ့်နှယ့်လဲ။ မောင်ရင် သတ္တိရှိပါ့မလား'

ကျွန်ဘော်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

'စိန်လိုက်လေ....။ ခင်ဗျားနဲ့ ကျုပ်နဲ့ သေနတ်ချင်းယှဉ်ပစ် မယ်....'

ရန်ဆိုင်းက ခေါင်းခါသည်။

'ဘယ်ဖြစ်မလဲ။ မောင်ရင်က သေနတ်ပြီးတဲ့အပြင် သေနတ် ပစ် ဖြောင့်တဲ့လူပဲ။ ဓားချင်းယှဉ်ခုတ်မယ်....'

ကျွန်တော် မငြင်းတော့ပေ။

ကျွန်ဘော်သည် ပခင်ကြီး၏ကျေးဇူးကြောင့် မြန်မာ့ရိုး ဓားသိုင်းပညာကို သင်ကြား တတ်မြောက်ထားသူ ဖြစ်သ အပြင် ကျန်းမာသန်စွမ်းသူလည်း ဖြစ်သဖြင့် ရန်ဆိုင်း ဘိန်းစားရုပ်ပေါက်နေသော တောပုန်းတကောင်အား စိုးစ မျှပင် မကြောက်ရွံ့မိပေ။

'စိန်လိုက်လေ....။ ဓားကိုဓားချင်းယှဉ်တာ ကြောက်စရာ မဟုတ်တာ....'

'ကောင်းပြီ။ မောင်ရင် အဝတ်စည်းဖို့ ပြင်ပေတော့....'

ရန်ဆိုင်း၏စကားကို ကျွန်တော်နားမလည်နိုင်။





သို့သော်....

ဦးသက်ရှည်ကား များစွာ နားလည်ပုံပေါ်သည်။

ဦးသက်ရှည်က ရန်ဆိုင်း၏ မျက်စိများကို အဝတ်နက်တစ ဖြင့် စည်းနှောင်ပေးလိုက်သည်။

ထို့နောက်....

ကျွန်တော့်ကိုလည်း မျက်စိများပေါ်တွင် အဝတ်နက်တစ ကို အုပ်၍ စည်းနှောင်ပေးနေသည်။

၀....၀

www.burmeseclassic.com

www.burmeseclassic.com

ဓားချင်း ယှဉ်ခုတ်ကြတဲ့နည်းတွေ အနက်က ဟောဒီနည်းကတော့ ကမ္ဘာပေါ်မှာ လူမိုက်အဆန်ဆုံးလို့ ထင်စရာပဲလူလေး။ နှစ်ယောက်စလုံးမမြင်မစမ်းနဲ့အသံကြားရာကိုရမ်းသမ်းပြီး ခုတ်ကြရမှာဆိုတော့ အင်မတန် အန္တရာယ်ကြီးတယ်ကွယ့်။ ဒါပေမယ့် ဘာမှမပူနဲ့လူလေး။ ဒီပွဲမှာ မင်းဟာ ရန်ဆိုင်းကို အသေသတ်သင်နိုင်ပါလိမ့်မယ်။ ပွဲစတာနဲ့ ဒီကောင်ဟာ ခြေသံတွေပေးပြီး ခြောက်လှန့်လိမ့်မယ်။ သူ့ဆီက ဘာသံလာလာ ဘာမှမလုပ်နဲ့။ နေရာတင် ခြေချပြီး ငြိမ်နေ။ ပြီးတော့မှ.... အသံမကြားအောင် ထိုင်ချ။ ဒီကောင်က အခုန်အပျံ ဝါသနာကြီးတယ်။ အပေါ်စီးက တိုက်လိမ့်မယ်။ မမြင်ရတဲ့အချိန်မှာ မြေနဲ့မကင်းကွာစေနဲ့။ မြေနဲ့ကပ်အောင် နေပြီးမှ တိုက်...



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်က ကျွန်တော့်မျက်စိကို အဝတ်စည်းပြီး တတွတ်တွတ် မှာသည်။

လူထူးဆန်းကြီး ဦးသက်ရှည်သည် ရန်ဆိုင်းအကြောင်းကို ပါ ကြိုတင်၍ သိရှိနေသည့်အတွက် ကျွန်တော် များစွာအံ့ဩ ရတော့သည်။

သို့သော်....

ကျွန်တော် ကြာရှည်စွာ မအံ့ဩနိုင်ပါ။ တိုက်ပွဲကားစတင် လေပြီတည်း။

'ကဲ....စမယ်ဟေ့။ ရန်ဆိုင်းဘဲ့။ ရန်ဆိုယင် ဆိုင်းငံ့ပေးရ ရန်ဆိုင်းတဲ့ကွ။ ဘေးကလူ မကူကြေးနော်... ဟိတ်....'

ရန်ဆိုင်းသည် အော်ဟစ်ကြိမ်းမောင်းယင်းမှ ကျွန်တော် ထံသို့ ခြေသံတဒုန်းဒုန်းနှင့် ပြေးဝင်လာသည်။

ကျွန်တော် ဓားကို ဝင့်လိုက်စဉ်မှာပင် ရန်ဆိုင်း၏ ခြေ ပျောက်သွားသည်။

ခဏအကြာတွင်....

ကျွန်တော့်လက်ယာဘက်မှ သူ့အသံ ပေါ်လာပြန်သည်

'ခုတ်လေကွာ... ။ ဘာလဲ....ကြောက်ချေးပါနေပြီလား

ကျွန်တော်သည် ယခုတခါတွင်ကား ဦးသက်ရှည်၏စကား အတိုင်း အသံမမြည်အောင် ဆောင့်ကြောင့်ထိုင်ချလိုက်သည်

ရန်ဆိုင်းသည် ကျွန်တော်ရှိနေမည်ဟု ထင်ရသော နေ များသို့ ဓားဖြင့် တရကြမ်း ဝင်ရောက်ခုတ်ထစ်လျက်ရှိသည်

သို့သော်....





ကျွန်တော်သည် ပွဲစတင်ကတည်းက နေရာမှာပင် ရှိနေ သေးကြောင်း သူမသိပေ။

သူ့အနေနှင့် ကျွန်တော်နေရာ ရွှေ့သွားသောက်ပြီဟုသာ ထင်နေသည်။

တကြိမ်တွင် သူ့ကိုယ်လုံးကြီးမှာ ကျွန်တော့်ခေါင်းပေါ်မှ ဝီးကနဲ ကျော်လွှားသွားသည်။

ဦးသက်ရှည်နှင့် ရန်ဆိုင်း၏ တပည့်လေးငါးယောက်သည် ကျွန်တော်နှင့် ရန်ဆိုင်း၏တိုက်ပွဲအား တိတ်ဆိတ်စွာ အားပေး နေကြသည်။

ထုံးစံအရလည်း တိတ်ဆိတ်စွာ အားပေးမှသာ ဖြစ်နိုင်ပေ မည်။

အသံကို အားကိုး၍ တိုက်ခိုက်နေရသူများမို့ မည်သည့် အနှောင့်အယှက်သံကိုမျှ ကြားနာလိုစိတ် မရှိပေ။

ရန်ဆိုင်းသည် လေကိုသာ ခုတ်ထစ်နေမိသောကြောင့်လား မသိ။

အသံပျောက်၍ သွားပြန်သည်။

ကျွန်တော်သည် ဆောင့်ကြောင့် ထိုင်လျက်မှ နားစိုက်၍ ထောင်နေလိုက်သည်။

ထိုအခါ....

ရန်ဆိုင်း၏ အသက်ရှူသံ ပြင်းပြင်းကြီးမှာ ကျွန်တော့် နောက် တည့်တည့်တွင် ရောက်နေကြောင်း သိလိုက်ရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အသက်ရှူသံမှာ ညင်သာလွန်းသည့်အပြင် လှုပ်ရှားမှုမရှိသဖြင့် ရန်ဆိုင်းသည် ကျွန်တော်ဘယ်နေရာမှာ ရောက်ရှိနေမှန်းကို သိမည်မဟုတ်....။

ကျွန်တော်က ရန်ဆိုင်းရှိရာဘက်သို့ အသံမကြားအောင် လှည့်လိုက်သည်၊

ရန်ဆိုင်းတယောက် ရိပ်မိသွားလားမသိ။

ကျွန်တော်ရှိရာကို သတိကြီးစွာ တိုးကပ်လာသည့် ခြေသံကို ကြားရသည်။

ကျွန်တော်သည် နားရွက်ကိုမြေကြီးဘက်လှည့်ပြီး ဓားကို အသင့်ပြင်ထားလိုက်သည်။

'ဟေ့ ကောင် လာလေကွာ...'

ရန်ဆိုင်း၏အသံကိုကြားရသည်နှင့် ကျွန်တော် ထမခုန်မိရန် မနည်းသတိထားလိုက်ရသည်။

အဘယ့်ကြောင့်ဆိုသော်....

ရန်ဆိုင်း၏အသံသည် ကျွန်တော့်အပေါ် တည့်တည့်မှ ထွက်ပေါ်လာသောကြောင့်ပင်တည်း။

ရန်ဆိုင်းသည် ကျွန်တော်နှင့် လက်လေးငါးလုံး အကွာမှာ ရောက်နေပေပြီ။

ကျွန်တော်သည် သူ့ခြေရင်းမှာ ထိုင်လျက်သား ရှိနေသည်ကို သူမသိပေ။

ကျွန်တော်သည် ရန်ဆိုင်းအား ဓားဖြင့် အားကုန်ပင့်၍ ဘွက်ချလိုက်သည်။





ကျွန်တော့်ဓားသွားက ရန်ဆိုင်းကိုယ်ခန္ဓာကို ဖြတ်သန်းသွားသည်။

ရန်ဆိုင်းသည် အောင်ဟစ်ညည်းညူလိုက်ရာမှ ကျွန်တော့်ကို တရကြမ်း ခုတ်တော့သည်။

ကျွန်တော်က သူနှင့်ဝေးရာကို လှိမ့်ထွက်လာသည်၊

သူက ဒေါသကြီးစွာ ဆဲဆိုပြီး အပေါ်စီးမှမိုး၍ခုတ်သည်။

သို့သော်....

ဓားကိုကားယင်းမှ လှိမ့်လာသဖြင့် သူ့ဓားသွားသည် ကျွန်တော့်ထံမရောက်။

ဓားချင်းထိခတ်သံများမှာ တချွန်ချွန်နှင့် ညံနေလေတော့သည်။

ထို့နောက်...

ကျွန်တော်သည် လှိမ့်နေရာမှ ရုတ်ဘရက် ခုန်ထလိုက်လေသည်။

ရန်ဆိုင်းသည် ကျွန်တော့်ကို ဝင်တိုက်မိသွားလေတော့၏။

ယခုအခါတွင်တော့....

ကျွန်တော်သည် သူ့ခါးကို ဘယ်လက်ဖြင့် ဖက်ထားပြီးမှ ဓားကို တအုံးထိုးသွင်းလိုက်ပါတော့၏။

'အား....'

ကျွန်တော် လွှတ်ချလိုက်သောအခါ ရန်ဆိုင်းတယောက် ကျွန်တော့် ခြေဖမိုးများပေါ်သို့ ပုံကျသွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း နိုင်ပြီလူလေး....'

ကျွန်တော်က မျက်နှာစည်းထားသည့်အဝတ်ကို ဖယ်ထုတ်လိုက်သောအခါ ရန်ဆိုင်းတယောက် အသက်ပျောက်နေသည်ကို တွေ့ရသည်။

ရန်ဆိုင်း၏ တပည့်များမှာ ကျွန်တော့်ကို စားမတတ်ဝါးမတတ်ကြည့်နေကြသည်။

သို့သော်....

ဦးသက်ရှည်သည် နန့်စီလေးကို ဗယ်လက်ဖြင့် ပွေ့ထားပြီး ညာလက်မှ ခြောက်လုံးပြူးတလက်ဖြင့် လူဆိုးများအား ချိန်ရွယ်ထားသည်ကို တွေ့ရပါ၏။

'မင်းတို့ လှုပ်မယ်မကြံနဲ့နော်။ မင်းတို့ လှုပ်တာနဲ့ ဓိဝိန်ပုတ်သွားမယ်။ မင်းတို့ဆရာက သူ့သဘောနဲ့သူ သူ့သေလမ်း မနှုန်း ရွေးသွားတာကွာ။ ကဲ....မင်းတို့ကို ငါ အလိုမရှိတော့ဘူး။ ကိုယ့်လမ်းကိုယ်သွားကြတော့....'

ရန်ဆိုင်း၏ တပည့်များမှာ ဦးသက်ရှည်အား ကြောက်ရွံ့စွာ ကြည့်ပြီး မသွားချင့်သွားချင်ဟန်ဖြင့် ထွက်ခွာသွားကြတော့သည်။

ဦးသက်ရှည်က ခြောက်လုံးပြူးသေနတ်ဖြင့် ခေါင်းပေါ်က ကျော်၍ ခြောက်လုန့်ပစ်ခတ်လိုက်သောအခါတွင်ကား ခြေကုန်သုတ်၍ ပြေးကြလေတော့သည်။

'ကဲ... တို့လဲ ပြေးမှဖြစ်မယ် လူလေးရေ....'

'ကျွန်တော်တို့ ဘယ်သွားကြမလဲ'





'ဒီနားမှာတော့ ရန်ဆိုင်းရဲ့ လူတွေချည်းပဲ'

'ဒါဆို .. ဗန်းမော်ပြန်ကြမလား'

'မဖြစ်ဘူး။ ရန်ဆိုင်းရဲ့ လူတွေက ပိတ်ထားပြီးပြီ။

'ဒါဆို....ဘယ်သွားကြမလဲ'

'မြောက်စူးစူးကို....'

'မြောက်စူးစူးကို....ဟုတ်လား'

ကံကောင်းထောက်မစွာဖြင့် မြင်းနှစ်ကောင်ကို ရှာဖွေ၍ တွေ့ရှိလေသည်။

ကျွန်တော်နှင့် ဦးသက်ရှည်သည် ရန်ိုင်သမျှ ရိက္ခာများနှင့် သေနတ်တလက်စီကိုလွယ်ကာ မြင်းတကောင်စီစီး၍ ပြေးကြရတော့၏။

နန့်စီလေးကိုကား သူ့အဖေ့ထံတွင် ကတိထားခဲ့သည့်အတိုင်း ကျွန်တော်ကပဲ စောင့်ရှောက်ရပေတော့မည် ဖြစ်လေသည်။ ။

ကျွန်တော်တို့ ခရီးကား ဘယ်ဝယ်ဘယ်ဆီ မသိနိုင်တော့ပေ။

၁...၀

www.burmeseclassic.com

## အခန်း (၃)

### မြောက်စူးစူးသို့

ကျွန်တော်နှင့် ဦးသက်ရှည်တို့သည် နန့်စီခလေးကို ခေါ်ကာ မြောက်စူးစူးသို့ ခရီးနှင်ကြရလေတော့၏။

ကျွန်တော်တို့သည် မြင်းတကောင်သွားသာရုံ ကျယ်ဝန်းသော လူသွားလမ်းလေး တခုအတိုင်း ခရီးထွက်လာခြင်းဖြစ်ရာ အဆင်းခရီးက များလေ၏။

လမ်းမှာ လူသွားလူလာများသော လမ်းမဟုတ်ပဲ လမ်းဟောင်းတခု ဖြစ်ပုံရသည်။

www.burmeseclassic.com



ထို့ကြောင့်....

မကြာခဏ ပိတ်ဆို့နေတတ်သည်။

ထိုအခါများတွင် ဦးသက်ရှည်က မြင်းပေါ်မှ ဆင်းပြီး ချုံနွယ်ပိတ်ပေါင်းများကို ဓားဖြင့် ရှင်းလင်းရပါ၏။

နန်းစီလေးကား ပင်ပန်းလွန်းလို့လား၊ ကြောက်လွန်းလို့လား မဆိုနိုင်။ ကျွန်တော့်ရင်ခွင်ထဲတွင် အိပ်၍ လိုက်ပါလာပါသည်။

ကျွန်တော်တို့သည် ဘာမှမစားမသောက်ပဲ မြင်းနှစ်ကောင်ကို ဒုန်းစိုင်း၍နှင်ကြလေရာ ညနေစောင်းသို့ ရောက်သောအခါ မြင်းများလည်း မောပန်းပြီဖြစ်သဖြင့် ခဏတဖြုတ် နားရကြံရတော့၏။

နန်းစီလေးသည် ကျွန်တော့်ရင်ခွင်ထဲမှာပင် လန့်နိုးလာ၏။

'ပါပါ... ပါပါ'

ကလေးမလေးသည် ကျွန်တော့်အား သူ့ဖခင်ဖြစ်သည်ဟု ထင်ဟန်ဖြင့် တတွတ်တွတ် အော်ခေါ်နေရာ ကျွန်တော့်မှာ များစွာ စိတ်မကောင်း ဖြစ်ရပါတော့၏။

'ဟင်....ပါပါလဲ မဟုတ်ပါလား။ ဦးဦး ပါပါ ဘယ်မှာလဲဟင်။ သမီးတို့ အခု ဘယ်ရောက်နေတာလဲ'

နန်းစီလေးကား အသက် ၆-နှစ် ၇-နှစ်ခန့် ရှိပြီဖြစ်သော တွတ်တီးတွတ်တာနှင့် ချစ်စရာကောင်းအောင် စကားပြောတတ်နေပြီ။

ကျွန်တော်ကား နန်းစီ၏ မေးခွန်းကို မဖြေနိုင်ပေ။

သီလဝ စာပေ



မိဘမဲ့ကလေးမလေးအတွက် ရင်နင့်အောင် ထိခိုက်နေမိတော့သည်။

'ဦးဦး....ပါပါဘယ်မှာလဲဆို....'

'သမီး ပါပါနောက်မှာ ပါလာတယ်။ လိုက်လာလိမ့်မယ်....'

'အင်....ပါပါကလဲ ဘာဖြစ်လို့ သမီးတယောက်တည်း ထည့်လိုက်ရတာလဲ'

'ဩော်....သူ အလုပ်များနေလို့ သွားနှင့်ခိုင်းတာပေါ့။ ထပါ....။ ရေချိုးကြရအောင်....'

ကျွန်တော်တို့သည် စမ်းချောင်းလေးတခုတွင် နန်းစီလေးအား ရေမိုးချိုးပေးပြီးနောက် ကျွန်တော်တို့လည်း ရေမိုးချိုးကာ ကိုယ်လက်သုတ်သင်ကြရတော့၏။

ဦးသက်ရှည်က မီးဖိုတဖိုမွှေးကာ အမဲသားခြောက်များကို မီးဖုတ်နေသည်။

နန်းစီလေးက နွားနို့ သောက်ချင်သည် ဆိုသော်လည်း ကျွန်တော်တို့ မပေးနိုင်ပေ။ အမဲခြောက်ကိုသာ ချော့ကျွေးရတော့သည်။

နန်းစီလေးမှာ မာကျောလှသော အမဲသားခြောက် မီးဖုတ်များကို မဝါးနိုင်ရှာပေ။

ထို့ကြောင့်....

ကျွန်တော်ကပဲ ဝါး၍ ခွံ့ကျွေးရပါတော့၏။

သီလဝ စာပေ

အ-နို---ရို ၈-၈-၇-၈-၀-၃ (-၆-)

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်ကား မီးဖိုမှ မီးများကို စိုက်ကြည့်နေပြီး တတွတ်တွတ်ရွတ်နေပြန်သည်။

'ကျွန်တော်တို့တော့ ဒီမှာပဲ အိပ်ရတော့မယ် ထင်ပါရဲ့'

ဦးသက်ရှည်က ကျွန်တော်၏ စကားကို ဘယ်လိုမှ မတုံ့

ပြန်ခေါင်းကိုမော့၍ လေထဲတွင် တစုံတရာကို ရှုရှိုက်လျက် ရှိနေသည်။

ဦးသက်ရှည်မှာ အမဲလိုက် ခွေးကြီးတကောင်နှင့်ပင် တူ သေးသည်ဟု ကျွန်တော် ထင်မိသည်။

နန်းဝိဒလေးကပင်လျှင် ဦးသက်ရှည်အား ကြည့်ပြီး တခစ်ခစ် ရယ်မောနေရှာပါ၏။

'ဒီမှာ...ဦးသက်ရှည်။ ခင်ဗျား ဘာတွေအနံ့ခံနေတာလဲ။ အဓိပ္ပာယ်မရှိတာတွေ လုပ်မနေနဲ့ဗျာ၊ ဒီမှာအိပ်ဖို့သာ ဖြစ် ပေတော့။ မှောင်သွားယင် ခရီးလဲ ဆက်သွားလို့ရမှာမဟုတ် ဘူး....'

ဦးသက်ရှည်က ခေါင်းခါသည်။

ထို့နောက်....

ပစ္စည်းပစ္စယများကို ကမန်းကတန်း သိမ်းဆည်းပြီး မြင်း များကို ကုန်းနှီးတင်ပါတော့၏။

'အလို....ခင်ဗျားက ခရီးထွက်မယ် ကြံတာလား'

'ဟုတ်တယ်....လူလေး။ အန္တရာယ်ရဲ့ အနံ့အသက်ကို င ရှုရှိုက်ရတယ်။ ရန်ဆိုင်းသေသွားလို့ မကျေနပ်တဲ့ သူ့တပည့်





တွေဟာ တို့နောက်ကို ခြေရာခံပြီး လိုက်လာနေပြီ။ ဒီကောင် တွေဟာ ရန်ဆိုင်းကို ဖခင်အသက် ချစ်တဲ့ကောင်တွေ။ ရက် စက်တဲ့ နေရာမှာလဲ အင်မတန် ကမ်းကုန်တယ်။ သူတို့ထုံးစံက သူတို့ခေါင်းဆောင်ကို သတ်တဲ့သူကို လက်စားမချေရယင်မနေ ဘူး။ ရေဆုံးရေဖျား လိုက်မှာကွယ့်'

'ဂရုစိုက်လို့ဗျာ။ လာတော့လဲ ပြန်ချရုံပေါ့'

'မထင်နဲ့ မောင်ပိုက်ထွေး။ ဒီကောင်တွေက လူငါးဆယ် လောက် ရှိတာ'

'ဒါဆိုယင် ဘယ်လိုလုပ်မလဲ'

'သူတို့ရန်ကလွတ်အောင် ခရီးဆက်မှ ဖြစ်မယ်'

'ပြေးကြမယ်လို့ပဲ ပြောလိုက်ပါတော့ဗျာ'

ကျွန်တော်တို့လူစု ခရီးစထွက်လို့ ဆယ်မိနစ်ပင် မကြာလိုက် ပါ။

သေနတ်သံတချက်က နောက်မှ ပေါ်လာတော့၏။

တူမီး သေနတ်သံဖြစ်ပြီး ကျွန်တော်တို့ ခေတ္တစခန်းချခဲ့ရာ နေရာမှ ပေါ်ထွက်လာခြင်းဖြစ်ရာ ကျွန်တော်တို့အား ခြေရာခံ ပြီ ဖြစ်ကြောင်း အချက်ပေးဟန် တူလေသည်။

ကျွန်တော်တို့၏ မြင်းနှစ်ကောင်မှာ အမောပြေအောင် နားရသေးသော်လည်း ခြေကုန်သုတ်ကြရတော့၏။

နေကား ဝင်လုနေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏မြင်းများမှာ အဆင်းခရီးအတိုင်း တရှိန်ထိုး ဆင်းလာကြရာ တစုံတရာကို မြင်လိုက်ရသောအခါတွင် တုံ့ကန် ပတာက်ရပ်လိုက်ကြပါတော့၏။

ရှေ့တွင် ရေစီးသန်သော မြစ်တစင်း ခံနေလေပြီ။

'ဟာ....တာပင်မြစ်ပဲကွ။ နေမဝင်ခင် ကူးမှဖြစ်မယ်'

'ဘယ်လိုလုပ် ကူးမလဲ'

'မြင်းတရပ် မမြုပ်ပါဘူးကွာ။ ရပါတယ်'

သို့နှင့်....

ကျွန်တော်တို့ နှစ်ယောက်သည် မြင်းများပေါ်က ဆင်းလာပြီး မြင်းနှစ်ကောင်ကို ရေထဲ မောင်းချရတော့၏။

ကျွန်တော်သည် နန်းစီလေးကို လက်တဘက်နှင့် ပွေ့ချီပြီး လက်တဘက်ဖြင့် မြင်းကိုဘိန်းကာ ဖြတ်ကူးရတော့၏။

တာပင်မြစ်ကား ရေစီးအနည်းငယ် မြန်လျက်ရှိရာ မြင်းနှစ်ကောင်မှာ လျှောထွက်အောင် ကူးနေကြလေသည်။

'ရောက်တော့မယ်... လူလေးရေ။ မြန်မြန်ဟေ့။ ဟိုသတ္တ ... တွေ လာပြီ'

ဦးသက်ရှည်၏ စကားမဆုံးခင်မှာပင် ကျယ်လောင်သော သေနတ်သံတွေ မြည်ဟည်းလာပြီး ကျည်ဆန်အချို့ ကျွန်တော် တို့ ခေါင်းပေါ်မှ ဖြတ်ကျော်သွားလေသည်။

ဦးသက်ရှည်ရော ကျွန်တော်ပါ နောက်လှည့်ကြည့်လိုက် သောအခါ မြစ်ကမ်းနဖူးတွင် ရပ်နေသော တောပုန်းဒမြများ ကို တွေ့ရတော့၏။





တောပုန်းဒမြအချို့သည် မြစ်ထဲတွင် ခဲယဉ်းစွာ ကူးနေရသော ကျွန်တော်တို့ကို လက်တည့်စမ်းနေခဲ့သော်လည်း အချို့ကမူ တစုံတရာကို စောင့်နေဟန်ဖြင့် နောက်သို့ မကြာခဏ လှည့်ကြည့်နေပါ၏။

'ဟာ....ငါ့မြင်းကို ထိသွားပြီ'

ဦးသက်ရှည်၏မြင်းမှာ သေနတ်ကျည်ဆန် မှန်သွားသဖြင့် ရေထဲတွင် တန့်လိမ်လှုပ်ရှားယင်း မျောပါသွားတော့၏။

တာပင်မြစ် ရေကြည်များကား မြင်းသွေးတို့ဖြင့် ချဉ်းချင်း နီသွားလေပြီ။

'ဦးဦး....ဦးဦး....သမီးကြောက်တယ်'

နန်းစီလေးမှာ ကျွန်တော့်အား ထိတ်လန့်တကြား ဖက် ထားတော့သည်။

'မကြောက်နဲ့ သမီး။ ဦးဦးရှိတယ်'

ဦးသက်ရှည်သည် စိတ်ဆိုးစွာဖြင့် ၁၂ ဂိတ် နှစ်လုံးပြူးဖြင့် ပစ်ထည့်လိုက်ရာ တောပုန်းဒမြဘဦး၏ ရင်ဝကို ထိမှန်သွား သဖြင့် ရေထဲသို့ ထိုးကျသွားလေပြီ၊

ဦးသက်ရှည်က ပြောင်းထဲတွင် ကျန်နေသည့် ကျည်ဆန် နောက်တတောင့်ကို ပစ်ထည့်လိုက်ပြန်ရာ တောပုန်း နောက် တဦး သေဆုံးရပြန်၏။

သို့နှင့်....

ကျွန်တော်သည် နန်းစီလေးကို ပွေ့ချီယင်း ကျွန်တော့် မြင်းနှင့်တကွ တဘက်ကမ်းသို့ ရောက်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်မှာကား သူ့မြင်း ရေထဲ မျောသွားသဖြင့် လူချည်းသက်သက် ကူးလာရတော့၏။

တောပုန်းအချို့ကား ရေထဲရောက်နေကြလေပြီ။

ကျွန်တော်တို့အားလုံး တဘက်ကမ်းသို့ ရောက်သောအခါ တောပုန်းများထံမှ ဆူညံစွာ အော်ဟစ်လိုက်သံကို ကြားရပါသည်။

ကျွန်တော် လှည့်ကြည့်လိုက်သောအခါ တောပုန်းများသည် စက်သေနတ်ကြီးတလက်ကို မြင်းပေါ်မှ ချနေသည်ကို တွေ့ရပါ၏။

ထိုစက်သေနတ်ကြီးမှာ အခြားမဟုတ်ပေ။

မစ္စတာ အာသာနှင့် ဂေါ်ရာများထံမှ လုယူရရှိသည့် လူးဝစ် စက်သေနတ်ကြီးပင်တည်း။

'ကဲ...အရှုသားလေး မောင်ပိုက်တွေးရေ...။ ကလေးမလေးကိုခေါ်ပြီး မြင်းနဲ့ ပြေးနှင့်ပေတော့။ ငါ ဗိုက်ကောင်တွေကို တားထားမယ်'

ဦးသက်ရှည်က ကျောက်တုံးကြီး တတုံးနောက်တွင် နေရာယူယင်း ပြောသည်။

'ဘယ်ဖြစ်မလဲ။ ခင်ဗျားတယောက်တည်း နိုင်ပါ့မလား'

'မင်းပါနဲ့ နှစ်ယောက်လဲ မနိုင်ဘူး။ ဒါပေမယ့် ကလေးမလေးက အရေးကြီးတယ်။ ကလေးမလေး လွတ်အောင်သာ လုပ်ပေတော့။ ငါက မိအောင်လိုက်သာလို့ ဖြစ်တယ်။ ငါ့အတွက် မပူနဲ့'





'ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော်ပါ ဗိုက်ကောင်တွေကို ချမယ်'

ကျွန်တော်တို့ ငြင်းပယ်နေစဉ်မှာပင် စက်သေနတ်ကြီးသည် တဒက်ဒက်နှင့် အသံတွေ မြည်လာတော့၏။

သို့သော်....

ရန်သူများသည် စက်သေနတ်ကို ပစ်ခတ်တတ်ကြဟန် မတူပေ....။

စက်သေနတ် ကျည်ဆန်များမှာ ကျွန်တော်တို့၏ ဦးခေါင်းပေါ် ဝါးတရိုက်မှ ဖြတ်သန်းနေကြပါ၏။

ဦးသက်ရှည်က စက်သေနတ်ပစ်နေသူကို ချိန်ရွယ်၍ ပစ်ချလိုက်ရာ စက်သေနတ်သံသည် အခိုက်အတန့်အားဖြင့် တိတ်သွားပြန်၏။

'သွားသာသွားပါ လူလေး။ မှောင်သွားယင် ဗိုက်ကောင်တွေ မလိုက်နိုင်ဘူး'

နောက်ဆုံး ဦးသက်ရှည် အတန့်တန် တိုက်တွန်းသဖြင့် ကျွန်တော်လည်း နန်းစီလေးမွေ့၍ မြင်းပေါ်တက်ပြီး သွားရတော့၏။

ဝ....ဝ

www.burmeseclassic.com

နန်းစီလေးမှာ ကျွန်တော့်ရင်ခွင်ထဲတွင် ကြုကြုပါအောင် ငိုလာလေရာ ကျွန်တော့်မှာ သူ့ကို မချော့နိုင်တော့ပေ။

တောပုန်းများလက်မှ လွတ်ရန်သာ မြင်းကို ဒုန်းစိုင်းရတော့၏။

နောက်ပိုင်းတွင်ကား ဦးသက်ရှည်သည် တောပုန်းဓမြများအား တယောက်တည်း ရင်ဆိုင်တိုက်ခိုက်နေရာ သေနတ်သံများမှာ ဆူညံနေတော့၏။

နေမင်းကား ကချင် တောင်တန်းကြီးများနောက်တွင် ငုပ်လျှိုးသွားလေပြီ။

သေနတ်သံများ ဝေး၍ဝေး၍ သွားသော်လည်း ကျွန်တော်သည် နန်းစီလေးကိုပွေ့လျက် မြင်းကိုဆက်လက် စိုင်းနှင်နေရလေသည်။

---

ဆီလ၀ ၀၁၆၀

www.burmeseclassic.com



တောသည် ပထမ ခပ်ပါးပါး ဖြစ်သော်လည်း ခရီးအတွင်း ပေါက်လာသောအခါ မသိမသာ ထူ၍ထူ၍ လာလေတော့သည်။

နောက်ဆုံးတွင် အလင်းရောင်ပင် မဝင်နိုင်လောက်အောင် ထူထပ် သိပ်သည်းလှသည့် တောကြီးဖြစ်နေရာ ကျွန်တော်သည် ဘာဆိုဘာမှ မမြင်နိုင်တော့ပေ။

နန်းစီလေးမှာ မောပန်းရှာလှန်းသဖြင့် ကျွန်တော့်ရင်ခွင် ထဲတွင် အိပ်ပျော်နေပြန်၏။

ဦးသက်ရှည်ကို စောင့်ရန် ကြံမိသော်လည်း အနီးအနားတွင် ကျားဟိန်းသံ ကြားရသဖြင့် ကျွန်တော့်မြင်းမှာ လန့်ဖျပ်၍ ပြေးပြန်သည်။

ခုံဖန်ခုံခါတွင် သစ်ကိုင်းသစ်ခက်များ ကျွန်တော့်မျက်နှာ ကို လာရောက် ရိုက်ခတ်လေရာ မအော်မိအောင် အတော်သတိ ထားရပါ၏။

မှောင်ကြီး မည်းကြီးထဲမှာပင် စမ်းတဝါးဝါးနှင့် ခရီးသွား နေရာ ဘယ်ရောက်၍ ဘယ်ပေါက်မှန်း မသိနိုင်တော့ပေ။

ကျွန်တော်သည် အိပ်ငိုက်လာသဖြင့် မြင်းပေါ်တွင်ပင် အိပ် ရန် ကြံမိသေးသော်လည်း သားရဲ တိရစ္ဆာန်များ၏ တဝေါ ဝေါ တိုးဝှေ့ သွားလာသံများကြောင့် ခရီးဆက်ရပြန်တော့ သည်။ တညလုံး ခရီးဆက်လာရာမှ ရောင်နီပျိုးလာသည်ကို မြင်ရသောအခါ ကျွန်တော့်စိတ်ထဲတွင် အားအင်ပြည့်ဖြိုးလာ သလို ခံစားရတော့၏။





ချောက်ချားဖွယ်ကောင်းလှသော တောကြီးကိုလည်း လွန် မြောက်လာလေပြီ။

ထိုစဉ်....

ကျွန်တော့် ရှေ့တည့်တည့်တွင် တောင်ယာ တဲဟောင်း လေးတလုံးနှင့် မီးရောင်ကို မြင်ရလေရာ ဝမ်းသာလို့ မဆုံးနိုင် တော့ပေ။

မြင်းမှာ တလှမ်းချင်းသာ လှမ်းနိုင်ရှာပါတော့၏။

ကျွန်တော်သည် မြင်းပေါ်မှဆင်းပြီး ဗယ်လက်ဖြင့် နန်းစီ လေးကို ပွေ့ချီကာ ညာလက်ဖြင့် မြင်းကို ဆွဲလာရတော့ သည်။

တဲအနီးသို့ ရောက်သောအခါ....

'ချောချောမောမောပဲ မဟုတ်လား....မောင်ပိုက်ဆွေးရဲ့'

ကျွန်တော့်ခြေလှမ်းများ တုံ့ကနဲ ရပ်သွားသည်။

ပါးစပ် အဟောင်းသားဖြစ်ပြီး ကြက်သေသေ၍သာ နေ ပါ၏။

ကျွန်တော် ကြားလိုက်ရသောအသံမှာ အခြားသူ၏အသံ မဟုတ်ပေ။

တောပုန်းများကို ရဲဝံ့စွာခုခံပြီး ကျန်ခဲ့သော ဦးသက်ရှည် ၏ အသံကြီးပင်တည်း။

ကျွန်တော်သည် မကောင်းဆိုးရွားနှင့် သရဲတစ္ဆေနာနာ ဘာဝများကို အယုံအကြည်ရှိသူ မဟုတ်ပေ၊

သို့သော်...



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင်မူ ဦးသက်ရှည်သည် တောပုန်းများ၏ လက်ချက်ဖြင့် သေလွန်ပြီး သရဲဘ၀ဖြင့် ကိုယ်ထင်လာပြီသည်ဟု ထင်မိကာ များစွာ ချောက်ချား တုန်လှုပ်ရလေတော့၏။

'ဘယ်လိုလဲ လူကလေးရဲ့။ သိပ်အံ့ဩနေသလား။ ငါပါကွယ့်'

ဦးသက်ရှည်သည် နှစ်လုံးပြူး သေနတ်ကြီးကိုလွယ်၍ ထဲပေါ်မှ ဆင်းလာတော့၏။

ကျွန်တော်ကား ဘာဆိုဘာမျှ မပြောနိုင်တော့ပေ။

'မအံ့ဩပါနဲ့ကွ။ မင်းက တောထဲမှာ ဖြောင့်ဖြောင့်မသွားနိုင်ပဲ မြေလိမ်မြေကောက် သွားနေရလို့ ငါ့ထက် နောက်ကျတာပါ'

ကျွန်တော်ကား အတိုင်းမသိ ဝမ်းသာရလေပြီတည်း...။

'ခင်ဗျားဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ....'

'ငါ...ဟိုကောင်တွေ မြစ်မကူးနိုင်အောင် စောင့်ပစ်နေတာလေကွာ။ နောက်တော့ မြစ်ထဲခုန်ဆင်းပြီး မျောချသွားတယ်။ မိုင်ဝက်လောက်ရောက်တော့ လူသွားလမ်းဟောင်းလေး တခု တွေ့တာနဲ့လိုက်လာတာ။ မင်းရောက်လာမယ့်နေရာကို မှန်းပြီး ဖြတ်စောင့်တာ ဓက်ထိတိုးတာပဲဟေ့....'

ထို့နောက်....

ကျွန်တော်တို့သုံးယောက်သည် ဦးသက်ရှည်ပြုတ်ထားသော ပိန်းဥ မျှောက်ဥကို ဆာလောင်မွတ်သိပ်စွာ စားကြရလေ၏။





တောင်ယာမှာ တောင်ယာဟောင်းဖြစ်သဖြင့် တောင်ယာရှင် မရှိတော့ပေ။

သို့သော်...သစ်ဥသစ်ဖုအချို့ကား ကျန်ရစ်နေပါ၏။

'ဒီမှာ ဦးသက်ရှည်။ ကျွန်တော်တို့ ဘယ်ရောက် နေပြီလဲဗျ'

'ရောဝတီမြစ်ဖျားပိုင်းနဲ့ တရုတ်ပြည်ကြားကို ရောက်နေတယ်...'

'အခု ဘယ်ကိုဆက်သွားကြမလဲ။ ဗန်းမော်ကို ပြန်ဆင်းလေသား....'

'ငါစိတ်ကူးကတော့ ဗန်းမော် ပြန်မဆင်းချင်တော့ဘူး။ မြောက်ဘက်ကိုပဲ ဆက်သွားမယ်။ မြစ်ကြီးနားဘက်ကလှည့်ပြီးတော့မှ မိုးကောင်းကို ပြန်ဆင်းမယ်။ အဲဒါ အန္တရာယ်ကင်းသိမ့်မယ်။ ဒါပေမယ့် ငါတို့ မြစ်ကြီးနားရောက်ဖို့က ကြာဦးမှာပါ။ လမ်းမှာ အန္တရာယ်အမျိုးမျိုး တွေ့ရဦးမယ်။ ထူးဆန်းတဲ့ ရွာလေးတရွာကိုရောက်ပြီး မမျှော်လင့်တဲ့ သူတွေနဲ့ ဆုံရဦးမယ်....'

ကျွန်တော်ကား လူထူးလူဆန်းကြီး ဦးသက်ရှည်ကို ငေး၍သာ ကြည့်နေမိတော့၏။

ထို့နောက်....ကျွန်တော်တို့သည် မြောက်အရပ်ဆီသို့ ခရီးဆက်ရပြန်ပါတော့၏။

ကျွန်တော်တို့ သွားရသည့်ခရီးကား လွန်စွာ ကြမ်းတမ်းလှပါ၏။

၀....၀

www.burmeseclassic.com

www.burmeseclassic.com

သေးရက်မျှကြာသောအခါ ကျွန်တော်တို့တွင် ပါလာသမျှ
း ရှေရိကွာ ကုန်တော့သည်။

တကောဝ်တည်း ပါလာသည့် မြင်းမှာလည်း အမောဆို့၍
သေသွားရှာပါတော့၏။

အကယ်၍ မြင်းမသေသေးလျှင်လည်း ထိုမြင်းကို ဆက်လက်
ခေါ်ယူ၍ ဖြစ်မည်မဟုတ်ပေ။

တောင်တန်းကြီးများမှာ မြင့်မားမတ်စောက်လှသည်ဖြစ်ရာ
င်းမဆိုထားနှင့် လူများပင် လေးဘက်ထောက်သွားရတာကျ
ွားနေသည်။

---

သိဃ ၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ဤဒေသတွင် တိုင်းရင်းသား ဂျိန်းပေါကျေးရွာတရွာ အင်းကျေးရွာတရွာနှင့် တရုတ်ကျေးရွာတရွာတို့ကို တွေ့ သော်လည်း ကျွန်တော်တို့အတွက် ဘာမှမထူးခြားလှပေ။

ထိုစဉ်က....

ဂျိန်းပေါနှင့် အင်းတိုင်းရင်းသားများမှာ ဖုန်ကန်ဒုဝါ လွယ်ဆိုင်ဒုဝါ စသော ခေါင်းဆောင်ကြီးများ အမျိုးမြန် နယ်ချဲ့တို့အား တော်လှန်ခဲ့သည့်များကို မမေ့နိုင်သေးပေ။

ထိုကျေးရွာများမှာ ကျွန်တော်တို့ကို လက်ခံနိုင်သော်လည် နန်စီလေးကိုမူ မနှစ်မြို့ကြပေ။

အချို့က နန်စီလေးကို ပြန်ပေးဆွဲထားလိုကြ၏။

ထို့ကြောင့်....

ကျွန်တော်တို့သည် ဆန်အနည်းငယ်ကိုသာဝယ်ပြီး ခရီး ဆက်ကြရတော့၏။

တရုတ်ကျေးရွာများမှာမူ ကျွန်တော်တို့၏ သေနတ်မျာ ကို လိုချင်သဖြင့် တိတ်တဆိတ် ချောင်းမြောင်း တိုက်ခိုက် ခြင်းကိုပင် ပြုကြသေး၏။ ကျွန်တော်တို့မှာ အသက်လု၍ပြေ ခဲ့ကြရပါ၏။

ရက်ပေါင်းများစွာ ကြာသောအခါ ကျွန်တော်သည် မြောက်စူးစူးသို့ ခရီးထွက်လာနေခြင်း၏ အဓိပ္ပာယ်ကို ရှာ မတွေ့နိုင်တော့ပါ။

လူကလည်း များစွာပင်ပန်းနေပေပြီ။

အစာရေစာမှာလည်း ပြတ်လပ်နေပေပြီ။





'ဒီမှာ ဦးသက်ရှည်....။ ဗန်းမော်ကို ပြန်ဆင်းရအောင် လား....'

'ပြန်ဆင်းယင် ရန်ဆိုင်းရဲ့လူတွေ ကြီးစိုးတဲ့ နယ်ကို ဖြတ်ရ မှာပေါ့....'

'ဘာဖြစ်ဖြစ်ဗျာ။ ဗန်းမော်ကို ဆင်းမယ်....'

'ဒါဆို ကလေးမလေးရဲ့အသက်ဟာ သေသွားမှာပေါ့....'

ကျွန်တော်သည် သနားစရာ နန်စီလေးအား ကြည့်ပြီး သက်ပြင်းချလိုက်ရတော့၏။

'ဒါဆိုယင် တချက်ပြည်ထဲကူးယင်ခရာဗျာ။ ကျွန်တော်တို့ မှာ အရည်အချက်တွေ ပါသေးတာပဲ၊ ဒါတွေရောင်းပြီး....'

ဦးသက်ရှည် ခေါင်းခါပြန်သည်။

'ဒီနေရာကကူးယင် ကုန်သွယ်ရေးမြို့တွေကို မရောက်နိုင် ဘူး။ ပစ္စည်းယူပြီးလူသတ်မယ့်ရွာတွေပဲ ရောက်မယ်။ မပ်းက ရောဝတီမြစ်ရှိတဲ့ အရှေ့ဘက်ကိုဆင်းချင်တယ်လို့ ပြောဦးမလား တူးဘူးငါလူ၊ မြောက်အရပ်ကိုပဲ သွားရမယ်။ ငါ့ရဲ့မနေ့ အချက်က မြောက်စူးစူးကိုပဲသွားရမယ်။ လမ်းကတော့ ကြမ်း တယ်။ သုံးရက်လောက်သွားပြီးယင် ရွာလေးတရွာကို ရောက် မယ်။ အဲဒီရွာမှာ ဗမာစကားပြောသံကို ငါတို့ ကြားရလိမ့် မယ်။ ရွာနောက်ပိုင်းမှာ တောထူတဲ့ တောင်ကြီးတလုံး ရှိပြီး မျောက်သတ္တဝါတွေ နေထိုင်တယ်....'

ကျွန်တော် သူ့ကို အံ့ဩစွာငေးပြီး ကြည့်နေမိသည်။

'ဒါတွေ ခင်ဗျားပြောတာနော် မဟုတ်ယင်တော့ဗျား....'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်တိုစွာ ရေရွတ်သောအခါ သူက အေးချမ်းစွာ ပြုံးသည်။

'ဆရာ့သားလေး မောင်ပိုက်ထွေးရယ်။ ဖိုးသက်ရှည်ဟာ မဟုတ်တာကို မပြောတတ်ပါဘူး။ ငါ့စကား နားထောင်စမ်းပါ။ ငါ့စကားနားမထောင်လို့ ရတနာကုမ္ပဏီတခု ပြုတ်ခဲ့ပြီ မဟုတ်လား....'

'အခုတခါဆို အသက်ပါပြုတ်မယ်ထင်ပါရဲ့...'

ကျွန်တော်က ငေါ့ပြောလိုက်သော်လည်း သူစိတ်မဆိုးပေ။

'ခင်ဗျား ပြောတာတွေ တခုမှ ယုတ္တိမရှိဘူး ဦးသက်ရှည်။ မြောက်စူးစူးကို သွားယင် တိဗက်ပြည်ကိုသာ ရောက်ချင်ရောက်သွားလိမ့်မယ်။ ကျွန်တော်တော့ စိတ်ချမ်းသာစရာတွေ့လိမ့်မယ်မထင်ဘူး'

'စိတ်မပူပါနဲ့ မောင်ပိုက်ထွေး။ မြောက်စူးစူးကိုသာ သွားပါ။ မင်းအတွက် ပျော်ရွှင်စရာနဲ့ တွေ့ရလိမ့်မယ်နော်။ ဟုတ်တယ်။ ပျော်စရာနဲ့တွေ့မယ်။ အလွန်ဝမ်းနည်း ကြေကွဲစရာနဲ့လဲ ကြုံမှာပဲ။ ဒါပေမယ့် လူတွေဟာ ဝမ်းနည်းကြေကွဲစရာကို ကြောက်လန့်တာကြောင့် ပျော်စရာကို လက်လွှတ်ရတာ ကွယ့်....'

ကျွန်တော်သည် ဦးသက်ရှည်အား မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်နေမိသည်။

ဦးသက်ရှည်ကား လူထူးလူဆန်းတယောက် (သို့မဟုတ်) လူကြောင်တယောက်သာ ဖြစ်သည်။





ကျွန်တော်သည် လောကီပညာများကို အယုံအကြည် မရှိပေ...။

သို့သော်...

သူ့ ပြောသမျှက မှန်၍မှန်၍ နေသည်။

သူသည် အနာဂတ်ကို များသောအားဖြင့် ကြိုတင်သိနေတတ်သည်။

နေရာအနှံ့အပြားကိုလည်း ရောက်ဖူးဟန် တူသည်။

'နေစမ်းပါဦးဗျ။ ခင်ဗျားက ဒီနေရာတွေကို ရောက်ဖူးလို့လား....'

'လူကတော့ မရောက်ဖူးဘူး။ စိတ်ကတော့ ရောက်ဖူးတယ်'

'ခင်ဗျား စိတ်က ဘယ်လို ရောက်ဖူးလို့လဲ'

'မင့်စိတ်က အခုနေ တိဗက်ပြည်အကြောင်း စဉ်းစားကြည့်စမ်း။ ရောက်သွားတာပဲ မဟုတ်လား။ လူမတတ်နိုင်ရင်နေ စိတ်ကတော့ တတ်နိုင်တာပဲ'

ကျွန်တော်သည် ဦးသက်ရှည်၏ ထူးထူးဆန်းဆန်း စကားတွေကို ခေါင်းခါလိုက်မိပါ၏။

'ကဲပါလေ...ခင်ဗျား ပြောသလိုပဲ မြောက်အရပ်ကို ခရီးဆက်ကြပါစို့ရဲ့။ မြောက်ကျွန်းကိုပဲ ရောက်ပြီး ပဒေသာပင်ပဲ တွေ့မလား။ မြောက်ကျွန်းသူတွေနဲ့ပဲ တွေ့မလား။ အဘနဲ့ [illegible]ရက်သီးပဲ စားရမလားပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အားလုံးဖြစ်မှာပါလူလေး။ မြောက်ကျွန်းကို ရောက်မယ်။ ပဒေသာပင်ကို တွေ့သလို ခံစားရမယ်။ မြောက်ကျွန်းသူထက် ချောတာလဲ တွေ့မယ်။ အဘန္တရသရက်သီးထက် အရသာရှိတာလဲ စားရမယ်။ ဒါပေမယ့် ယပင့်မျောက်နဲ့မျောက်တွေကိုလဲ တွေ့ရမှာပဲပေါ့....'

ကျွန်တော်သည် ဦးသက်ရှည်၏ တောင်စဉ် ရေမရစကားများကို ဂရုမစိုက်တော့ပေ။

အနည်းငယ်မျှ ခရီးတွက်ကြလျှင်ပင် ကျွန်တော်တို့ လိုက်နေသည့် လမ်းဟောင်းလေးမှာ ပျောက်သွား လေတော့သည်။

သွား၍မဖြစ်တော့သဖြင့် လမ်းကြောင်း အသစ်ကို ရှာရှင်သည်။

ဆင်တွေတိုးသွားသော လမ်းကြောင်းမှာ သွားရလွယ်သဖြင့် လိုက်လာခဲ့ကြရသည်။

တနေကုန်ပင် နိမ့်လိုက်မြင့်လိုက်နှင့် ခရီးဆက်လာကြရ နေမဝင်ခင်တွင် စမ်းချောင်းလေးတခုကို တွေ့ရလေတော့သည်။

ထိုနေရာတွင်....ကျွန်တော်တို့ စခန်းချသည်။

ထိုအချိန်တွင်....ကျွန်တော်တို့လူစုသည် အသားခြောက်များကိုသာ စားလာရသည့်အပြင် တခါတခါ ငတ်လှသောကြောင့် အသားစိုကို တောင့်တလေပြီ။

သီလဝ ၈၁၉



ကျွန်တော်သည် တစုံတရာကို ရှာဖွေပစ်ခတ်မှ ဖြစ်တော့မည်ဟု စိတ်ကူးကာ နန်စီလေးအား ဦးသက်ရှည်ထံ အပ်နှံလိုက်သည်။

'ဆရာ့ သားလေးမောင်ပိုက်တွေးရေ့။ မင်း မျောက်တွေကိုများတွေ့ယင် သေနတ်နဲ့ဘောင် မချိန်လေနဲ့နော်'

ဦးသက်ရှည်က သွားခါလာခါနီး စကားအထွန့်တက်လိုက်လေရာ ကျွန်တော်များ၏ စိတ်ဆိုးရတော့၏။

ကျွန်တော်ကား ဖခင်ကြီး၏ ကျေးဇူးကြောင့် အမဲပစ်ခြင်းအတတ်ကိုတတ်ပွန်၍ နေလေပြီ။

အယူသည်းသူမဟုတ်သော်လည်း မုဆိုးတို့၏ အကျင့်အကြံများမှာ ကျွန်တော့်တွင်စွဲ၍ နေပြီဖြစ်သည်။

မုဆိုးများသည် တောပစ်ထွက်ခါနီးတွင် မည်သူ စကားပြောသည်ကိုမျှ မနှစ်သက်ကြပေ။

ဘယ်သွားမလို့လဲ၊ တောပစ်မလို့လား စသည့်မေးခွန်းများကို မုဆိုးများက မဖြေလိုပေ။

ရမှာမဟုတ်ပါဘူးကွာ....ဟု ပြောလျှင်ကား စိတ်အဆိုးဆုံးပင်တည်း....။

မုဆိုး အတော်များများပင် တောပစ်ရန် အစီအစဉ်ကို လျှို့ဝှက်လေ့ရှိကြသည်။

သိသာသိစေ မမြင်စေနှင့်၊ မြင်သာမြင်စေ မပြောလေနှင့် ဆိုသော သဘောပင် ဖြစ်သည်။

သီလဝ ၈၁၉

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ သွားခါနီး လာခါနီး တယောက်ယောက်က စကားပြောလျှင် သားကောင်မရတတ်ဟူ၍လည်း ယူဆတတ်ကြသည်။

ကျွန်တော်သည် မကျေမနပ်နှင့်ပင် မြည်တွန်တောက်တီး၍ ထွက်လာရတော့၏။

ထို့နောက် ...

ခရီးစဉ်တလျှောက် မည်သည့်သားကောင်မျှ မတွေ့ခဲ့ရသည်ကို သတိရလာသည်။

ယခင်နေ့များတွင် လမ်း၌ သားကောင်အချို့ကို တွေ့ရသော်လည်း ထိုနေ့တွင် ဘာမျှ မတွေ့ရချေ။

လျို့ဝှက်နက်နဲသော အကြောင်း တခုခုကြောင့်သာလျှင် ထိုဒေသမှ သားကောင်များ ရှောင်ရှားနေခြင်း ဖြစ်တန်ရာပေသည်။

ကျွန်တော်သည် စမ်းချောင်းကိုကူးပြီး ချောင်းဖျားဘက်ကို တက်လာလိုက်သည်။

တောပက်တကောင်တလေကို တွေ့လျှင်လည်း ကောင်းမည်ဟု တွေးလာမိသည်။

သဲပြင်ပျော့ပေါ်တွင် ကျားခြေရာ လတ်လတ်ဆတ်ဆတ် တစုံကို တွေ့သောအခါတွင်ကား ကျွန်တော် စိတ်ခတ်ကျသွားတော့သည်။

အနီးအနားတွင် ကျားရှိနေပါကမည်သည့် သားကောင်မျှ ရှိနိုင်တော့မည် မဟုတ်ပေ။

---





အချိန်အတော်ကြာသည်အထိ မည်သည့် သားကောင်မျှ မတွေ့ရပေ။

သစ်ပင်မြင့်ကြီးများထက်တွင် မျောက်ကို တွေ့ရသော်လည်း ကျွန်တော် ပစ်ခတ်ရန် စိတ်မကူးပေ။

မျောက်သားကို ကျွန်တော် မနှစ်မြို့သည့်အပြင် မျောက်များကို ရွံသောကြောင့် ဖြစ်ပါ၏။

သို့သော်....

သစ်ကိုင်းထက်တွင် ဆောင့်ကြောင့်ထိုင်ပြီး ကျွန်တော့်ကို ငုံ့ကြည့်သော မျောက်ကြီးတကောင်ကိုတော့ အပျော်သဘောမျိုး သေနတ်ဖြင့် ချိန်ကြည့်မိခဲ့ပါ၏။

မျောက်ကြီးသည် လန့်ဖျပ်ကာ သစ်ကိုင်းများကို ဆွဲခို၍ ပုန်းရှောင်သွားပါတော့၏။

အမှောင်ရိပ်များ ယှက်သန်းလာချိန်တွင် ကျွန်တော်သည် ချေ(ဂျီ) ဟောက်သံကို ကြားသဖြင့် ဖက်ရွက်တရွက်ကိုခူးပြီး စုတ်နေမိပါ၏။

ဖက်စုတ်သံကိုကြားလျှင် ချေမများသည် ချေပေါက်ကလေးများ အသံဟု ထင်မှတ်ကာ ထွက်လာတတ်ပါသည်။

သို့သော်....

တကယ်ထွက်လာသည်မှာကား ချေမတကောင် မဟုတ်ပေ။

ယုန်ကြီးကြီး တကောင်ခန့်သာရှိသော ချေပေါက်လေး တကောင်သာ ဖြစ်ပါ၏။

---



www.burmeseclassic.com

www.burmeseclassic.com

ချေပေါက်လေးသည် ကျွန်တော်နှင့် ကိုက်လေးဆယ်အကွာ တောင်ကုန်းပေါ်တွင် ပေါ်လာတော့၏။

သာမန် ကြုံကြိုက်နေရသော အခြေအနေမျိုးဆိုလျှင် ကျွန်တော်သည် ဤမျှလောက် သေးငယ်သည့် သားကောင်ကို ပစ်ခတ်ရန် စိတ်မျှပင် ကူးမည်မဟုတ်ပေ။

ထို့အပြင်....

ကျွန်တော့် မဂ္ဂနမ် ရိုင်ဖယ်ဖြင့်သာ ပစ်ပါက ဤချေပေါက်လေးမှာ တစစီဖြစ်သွားပြီး စားစရာကျန်တော့မည် မဟုတ်ပေ။

သို့သော်...

ကျွန်တော်သည် များစွာ ဆာလောင်နေရကား ကြံဖန်၍ ပစ်ရတော့မည် ဖြစ်ပါ၏။

ထို့ကြောင့်....

ကျွန်တော်သည် ချေပေါက်လေး၏ ဦးခေါင်းကို ချိန်ရွယ်ပြီး ပစ်ချလိုက်ရပါတော့၏။

သေနတ်သံသည် အမြောက်အငယ်စား အသံလောက် နီးနီးမြည်ဟိန်း ထွက်ပေါ်လာသည်။

ချေပေါက်လေးမှာလည်း ပျောက်ကွယ် သွားလေတော့သည်။

ကျွန်တော်သည် စိုးရိမ်ကြီးစွာဖြင့် လောဘစိတ်ကို မျိုသိပ်မထားနိုင်ပဲ အပြေးအလွှား သွားရောက် ကြည့်ရှုရလေသည်။





ချေပေါက်လေးကား အသက်မရှိတော့ပေ။

ကိုက်လေးဆယ် အကွာမှ ချေပေါက်လေး၏ ဦးခေါင်းထား ပွတ်ကာသီကာ ထိမှန်အောင် ပစ်ရခြင်းမှာ မလွယ်ကူပေ။

ချိန်သည့်အတိုင်း ထိမှုလည်း စားစရာက ကျန်မည်ဖြစ်သည်။

ကျွန်တော်သည် ချေပေါက်လေးအား ဝမ်းသာအားရ ဖမ်းကာ စခန်းချရာသို့ ပြန်လာတော့၏။

စခန်းချရာသို့ မရောက်ခင် သစ်ပင်ကြီးများအောက်ကို ဖြတ်သန်းလာရသည်။

လေးငါးခြောက်ကောင် ပါဝင်သော မျောက်အုပ်တအုပ်သည် ကျွန်တော်၏ခေါင်းပေါ်မှလိုက်ပါလာလေရာ ကျွန်တော်သည်း ချေသေကို ထမ်းလျက်မှ မော့ကြည့်မိလေ၏။

အလွန် ဆိုးရွား ညစ်ပတ်စုတ်ပဲ့သော မျောက်များသာသည်း။

မျောက်များသည် ကျွန်တော်၏ ကိုယ်ပေါ်သို့ ချေးများပါချကာ ထွက်ပြေးသွားတော့၏။

ကျွန်တော်ကား မျောက်များကို ဆဲရေးတိုင်းထွာ၍သာ နေရတော့၏။

၀....၀

www.burmeseclassic.com

www.burmeseclassic.com

'ဘယ်လိုလဲ ဆရာ့သားလေး မောင်ပိုက်ထွေးရဲ့။ မျောက်တွေကို သေနတ်နဲ့မချိန်ပါနဲ့ ဆိုထားရက်ကနဲ့ ချိန်လာပြီ ထင်ပါ့။ မင်းကို မျောက်တွေက ချေးပါချသွားပါလား'

ဦးသက်ရှည်က ခနဲ့တဲ့တဲ့ပြောသောအခါ ကျွန်တော်သည် မျောက်များကို ပိုမို၍ဆဲရေးရပြန်၏။

မျောက်ချေးများကား စမ်းချောင်းလေးတွင် ဆေးကြောသည့်တိုင် တော်ရုံနှင့် အနံ့မပျောက်နိုင်ပေ။

'ဒီနားမှာ ကျားခြေရာ တွေ့တယ် ဦးသက်ရှည်။ သတိထားမှ ဗျို့....'

---

သီလဝ တေပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ကျားရန်ကာကွယ်ရန် မီးဖိုကြီးများဖို၍ အိပ်စက်ရလေ၏။

နန်စီလေးမှာ ဝါးပိုးဝါးထဲတွင် ပြုတ်ထားသည့် ချေသား ပြုတ်များကို တဝကြီး စားလိုက်ရလို့လား မသိပေ။ ကျွန်တော့် ရင်ခွင်ထဲတွင် ငြိမ်သက်စွာ အိပ်ပျော်နေလေတော့၏။

ကျွန်တော်နှင့် ဦးသက်ရှည်ကား အနီးအနားတွင် ကျားဟိန်းသံ ကြားနေရသဖြင့် တညလုံး မအိပ်နိုင်ပေ။

နောက်တနေ့တွင်....

ကျွန်တော်နှင့်ဦးသက်ရှည်သည် နန်စီလေးအား တယောက်တလှည့်စီ သယ်ပိုး၍ ခရီးဆက်ကြရပြန်တော့၏။

တောင်တက်လမ်းခရီးမှာ များစွာပင် ကြမ်းတမ်းလှစွာလေ၏။

ကျွန်တော်သည် ပင်ပန်းခမာဟိုက်လွန်းသဖြင့် ရံဖန်ရံခါတွင် ခြေပစ်လက်ပစ် ထိုင်နားမိသည်။

ရံဖန်ရံခါတွင်ကား....

မိန်းမတဦးကဲ့သို့ အော်ဟစ် ငိုယိုချင်စိတ် ပေါက်လာပါသည်။

ဦးသက်ရှည်က တရုတ်ပြည်သို့ ကုန်ရောင်းကုန်ဝယ် မသွားရန် တားမြစ်ခဲ့သည်များကို သတိရသောအခါတွင်ကား များစွာ နောင်တရမိလေတော့၏။

တလမ်းလုံး မည်သည့်အောကောင်ကိုမျှ မတွေ့ရသေးပေ။





ကျွန်တော်တို့သည် ကျောက်ဂူအခုအည်းတွင် အိပ်စက်ပြီး ခရီးဆက်ကြရာ နောက်ရက်များတွင်လည်း မည်သည့် သားကောင်ကိုမျှ မတွေ့ရပေ။

နောက်ပိုင်းတွင်....

ကျောက်တောင် ကြီးများပေါ်၌ ရေကိုပင် ရှာမတွေ့တော့သဖြင့် ကျွန်တော်တို့အားလုံး အစာငတ်ရေငတ် ဖြစ်လာတော့၏။

'ကျွန်တော်တို့တော့ ဒီကျောက်တောင်ကြီးတွေ ပေါ်မှာပဲ သေရတော့မယ် ထင်တယ် ဦးသက်ရှည်'

'မသေနိုင်ဘူး လူလေး။ ယောက်ျားပဲကွာ။ အားတင်းမှပေါ့'

ကျွန်တော်တို့ကား လူမမယ်ကလေး တယောက်နှင့် သေနတ်နှစ်လက်၊ ခဲယမ်းအဝတ်အစား စသည်တို့ကိုထမ်းပိုးယင်း တနေ့သ ရာတွင် တာဝရအိပ်စက် အနားယူကြရပေတော့မည်။

ကျွန်တော်သည် ထို သုံးရက်တာမျှသော ခရီးစဉ်ကို ပြန်၍ သည်၍ ရေးသားတင်ပြရန် မစွမ်းနိုင်တော့ပေ။

ကျွန်တော် မှတ်မိသလောက်မှာ ထိုအချိန်တွင် ကျွန်တော်သည် ရူးသွပ်နေသည်ဟူ၍သာ ဆိုရပေမည်။

'ဦးသက်ရှည်ရေ...နန်စီလေးတော့သေပြီထင်တယ်'

'မသေနိုင်ပါဘူးကွာ။ သတိလစ်နေတာပါ'

ကျွန်တော်က နန်စီလေးကို ပွေ့ချီထားလျှင် ဦးသက်ရှည်က သေနတ်နှစ်လက်နှင့် ပန်းစည်ခလယ်များကို ထမ်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်က နန်းစီလေးကို ထမ်းခေါ်လျှပ် ကျွန်တော်က သေနတ်နှစ်လက်နှင့် ဝန်စည်စလယ်များကို ထမ်းရသည်။

ကျွန်တော်တို့သည် တွေ့သမျှ သစ်ရွက်များကို အစာရေစာအဖြစ် ဝါးစားကြရသည်။

မြက်ပင်နှင့် သစ်ရွက်များပေါ်တွင် စွန်းထင်းခဲ့သော နှင်းပေါက် နှင်းစက်များကို ရေသောက်သကဲ့သို့ လျှာဖြင့်လျက်ကာ သောက်ကြရသည်။

တတိယမြောက်ညတွင် ကျွန်တော်သည် အဆုံးစွန်ထိ ရူးလုမတတ် ဖြစ်နေသည်။

နန်းစီလေးမှာလည်း သေလုမျောပါး ဖြစ်နေလေရာ ရေဗူးထဲတွင် ကျွန်တော်ရော ဦးသက်ရှည်ပါ မသောက်ပဲထားသည့်ရေများဖြင့်သာ အသက်ဆက်နေရရှာပါ၏။

ကျွန်တော်တို့သည် ကျောက်ကမ်းပါးရံ တခုအောက်တွင် အိပ်ပျော်နေရာမှ နိုးလာသောအခါ အရုဏ်တက်နေလေပြီ။

ကျောက်တောင်ကြီးများ၏ တဘက်တွင်ကား စိမ်းစိမ်းစိုစို သစ်ပင်များ။

တောင်ယာ စိုက်ခင်းများ....။

'ဦးသက်ရှည်ရေ....။ တောင်ယာတွေဗျ'

'ဟုတ်တယ်ဟေ့။ လာကွာ....သွားကြစို့'

တောင်ယာများမှာ အမြင်နီးသော်လည်း ခရီးက မနီးလှပေ....။





ကျွန်တော်တို့သည် ပထမပိုင်းတွင်သာ စိတ်ဓာတ်တက်ကြွစွာဖြင့် ခြေလှမ်းတွေ သွက်ကြသော်လည်း နောက်ပိုင်းတွင်မူ ခြေတရွတ် ဆွဲလာကြတော့၏။

ကျွန်တော်တို့သည် ကျောက်တောင်များပေါ်မှ ဆင်းလာကြရာ မကြာမီပင် ရေပေတောင်ကြော တခုကို ဆိုက်ရောက်သွားလေ၏။

'လျှိုထဲဆင်းယင် ရေတွေ့မယ် ဦးသက်ရှည်'

'မဆင်းနဲ့။ တောင်ကြောအတိုင်းသာ လိုက်ပေတော့'

ဦးသက်ရှည်က တုန်ယင်အက်ကွဲသော အသံကြီးနှင့် ပြောလိုက်သည်။

ကျွန်တော်တို့သည် ကိုက်ဘာဆာခန့်တွင် သစ်ပင်ကြီးတပင်ကို တွေ့ရသောအခါ အင်အားကုန်ကာ လဲကျသွားတော့၏။

ဦးသက်ရှည်သည် နန်းစီလေးအား ချီလျက်မှ ကျွန်တော့်အား လာတွဲသေးသော်လည်း ကျွန်တော် ပြန်မထနိုင်တော့ပေ....။

ထို့နောက်....

ဦးသက်ရှည်နှင့် နန်းစီလေးသည် လျှိုထဲ လိမ့်ကျသွားသည်ကို ကျွန်တော် မြင်လိုက်ရတော့၏။

၁....၁

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ြာက်ကျွန်းသူ

ျွန်တော်၏ ခေါင်းပေါ်နှင့် မျက်နှာပေါ်ကို ရေစက်များ ကျလာသည်ဟု ထင်မိလေသည်။

အခါမဲ့ ရွာသောမိုးဟု ထင်မိသည့်ခံစားချက်ဖြင့် ကျွန်တော် ိရလာသည်။

ကျွန်တော်သည် လေးလံသော မျက်ခွံများကို ခဲခဲယဉ်းယဉ်း ကြည့်ပြီး တစုံတခုကို မြင်သဖြင့် မျက်စိမှိတ်ထားရပြန်၏။

ကျွန်တော် အိပ်မက် မက်နေသလော။

ကျွန်တော် လဲလျောင်းနေစဉ် မိုးရေစက်တွေက ဖျန်းပက် ပင် ရှိနေ၏။

---

သီလဝ စာပေ

-ဗိ- ၆-၀-၅-၆-၀-၃ (-၈-)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဝေခွဲမရအောင် ဖြစ်နေသည်။

ကျွန်တော် ဘယ်ရောက်နေပါသနည်း။

ခရစ်တော်များ ခေါ်ဆောင်သွားလေပြီလား။

ထို့နောက်...

ကျွန်တော်သည် တရုတ်ပြည်သို့ ကုန်ကူးရန်သွားရာမှ ကြုံ တွေ့ခဲ့ရသည့် အဖြစ်ဆိုးများကို သတိရလာသည်။

ကျွန်တော်သည် မျက်စိဖွင့်၍ ကြည့်လိုက်ပြန်သည်။

မျက်ဝန်းအနက်တစုံသည် ကျွန်တော့်ကို ကြင်နာသနားစွာ ဖြင့် ငုံ့ကြည့်နေသည်။

လှပသော မျက်နှာလေးပေါ်တွင် စိုးရိမ်မှုနှင့် ယုယကြင်နာ မှုက အထင်းသား။

ဆံစွယ်နှစ်ရောင် လက်ချောင်းလေးများသည် ကျွန်တော့် မျက်နှာပေါ်သို့ ရောက်ရေပေါက်များကို တောက်ဖျန်းလျက် ရှိသည်။

မိန်းမလှလေး၏ အသားအရေမှာ ဖြူဝင်းနေပြီး တိုင်းရင်း လုံမေများနှင့် မတူပေ။

မိန်းမပျိုသည် အစိုးလူမျိုးများကဲ့သို့ ရင်စေ့အင်္ကျီနက်ကို ဝတ်ဆင်ထားသော်လည်း ရင်အစုံမှာမူ အင်္ကျီအောက်မှ ရုန်း ကန်ပြုတ်ထွက်တော့မည့်ကဲ့သို့ ဖြစ်နေသည်။

ဂျက်ခုတ် လက်ယက်ထဘီကို ခပ်တိုတိုဝတ်ထားလေရာ ခြေ သလုံးများမှာ ကျွန်တော့်မျက်နှာနှင့် မဝေးလှပေ။

'ပေါက်ကျော်မ....'





ပေါက်ကျော်မတဲ့။ ဟုတ်ရဲ့လား။

မိန်းမပျိုလေး၏နှုတ်မှ ပေါက်ကျော်မ ဟူသော မြန်မာ စကားသံမှာ ချိုမြကြည်လင်စွာ ထွက်ပေါ်လာပါ၏။

ထိုအသံကို ကြားဖူးသလိုလို ရှိသည်။

မည်သို့ဆိုစေကာမူ...

ကြည်လင်အေးမြသော အသံကလေးသည် ညလေပြည်၏ ခပ်ပင်သစ်ရွက်များအကြား တိုးဝှေ့ကာ လေချွန်သွားသည့် ်ကြည်နူးစရာ ဖြစ်နေရပါ၏။

'ပေါက်ကျော်မ....။ ဒီလူသေသွားနိုင်တယ်။ ကျွန်မရဲ့ ယ်အိတ်ထဲမှာ ရှူဆေးဗူးပါတယ်။ သွားယူစမ်းပါ'

မိန်းမပျိုလေး၏ အသံနှင့်အတူ လေသံမှာမာဖြင့် မျောက် ကောင်အော်သံနှင့်တူသော ပြန်ဖြေသံကိုလည်း ကြားလိုက်ရ ပါ၏။

'သေသွားနိုင်တယ်ဟုတ်လား။ သေစမ်းပါစေ မမရယ်။ သေသွားတာ ဘာဆန်းလဲ။ သူ့ကိုခေါ်လာယင် လာဘ် ကောင်းဘူးရှင့်။ ဘာတခုမှ ကောင်းကျိုးပေးမှာ မဟုတ်တဲ့ သေစမ်းပါစေရှင်....'

ကျွန်တော်သည် အားလျော့စွာ မှိန်နေရာမှ ကျွန်တော့် ပေါ်တွင် လေတိုးဝှေ့သွားသဖြင့် မျက်စိတွေကို ဖွင့်ကြည့် ၏။

အိပ်မက်ပမာ တွေ့မြင်ရသော မိန်းမပျိုကား ပျောက်ကွယ် ပြန်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တွေ့ရသော မိန်းမပျိုမှာ စောစောတုန်းကတွေ့ရသော လှပချောမောသည့် မိန်းမတဦး မဟုတ်ပါ။

အရပ်ပုပုနှင့် မျက်နှာထားဆိုးသော မိန်းမတဦး ဖြစ်နေသည်။

ထိုမိန်းမသည် ဒေါသထွက်၍နေရာမှ မျက်ဝန်းနက်များသည် အရောင်တလက်လက် တောက်ပနေသည်။

အောက်နှုတ်ခမ်းကို ပါးစပ်အတွင်းသို့ လိပ်သွင်းထားပြီး အပေါ်နှုတ်ခမ်းကို ရှေ့သွားတွေပေါ်အောင် ထော်၍ထားလေရာ မျောက်တကောင်၏ ပါးစပ်နှင့်လည်း တူနေလေတော့သည်။

ထိုစဉ်မှာပင်....

မိန်းမချောလေးကို တွေ့ရပြန်သည်။

မိန်းမချောလေးသည် အဝတ်အစားများကို ဖြစ်ကတတ်ဆန်း ဝတ်ဆင်ထားသည့် မိန်းမရုပ်ဆိုးအား ရန်တွေ့လျက်ရှိသည်။

ဖြစ်ကကတတ်ဆန်း ဝတ်ထားသည့် မိန်းမမှာ အရပ်ပုသည်။ [illegible]ကျယ်သည်။

ခြေနှင်သည်။

လက်ပြင်က ကိုင်းနေသည်။

လက်နှစ်ဘက်မှာ ရှေ့ကိုတွဲလောင်း ကျနေလေသည်။

ထိုမိန်းမသည် လူမိန်းမဖြစ်သည်မှာ သေချာသော်လည်း မျောက်တကောင်နှင့် အလွန်တူနေပါ၏။





မိန်းမချောလေးသည် မျောက်မနှင့်တူသည့် မိန်းမအား ဆူနေပြန်၏။

'ရှင်ဟာ အဘင့်ရဲလှချည်လား ပေါက်ကျော်မ။ ကျွန်မ ပြောတာကို နားမထောင်ပြန်ဘူးပေါ့လေ။ ကျွန်မ ပြောတာတွေ မေ့နေပြန်ပြီလား'

မျောက်ဘပိုင်း လူဘပိုင်း မိန်းမသည် ဒေါသကို ချုပ်တီးထားဟန်ဖြင့်....

'စိတ်မဆိုးပါနဲ့ မမ။ ကျုပ်က မမစိတ်ဆိုးတာကိုတော့ သည်းနည်းမှ သည်းမခံနိုင်ဘူး တော်ရေ့။ ဒီလူတွေ ဒေသသွားယင် ကောင်းမယ်ဆိုတာ ကျုပ်က သိပြီး မြင်ပြီးလို့ ပြောတာ။ မမ မကြိုက်ယင်လဲ ရှူးဆေးဗူး သွားယူပေးပါ့မယ်လေ'

ကျွန်တော်သည် အိပ်မက်လား ဘာသလား စဉ်းစားမနေတော့ပဲ စကားပြောရန် ကြိုးစားရပါတော့၏။

'ရှူးဆေးမပေးပါနဲ့။ ရေသာ တိုက်စမ်းပါဗျာ'

ကျွန်တော်သည် စကားကို ပီသအောင် မနည်းပြောရခြင်း ဖြစ်ပါ၏။

'ဟော....သူ အသက်ရှင်လာပြီ'

မိန်းမလှလေးက ဝမ်းသာဟန်ဖြင့် ဟစ်အော်ပြောဆိုသည်။

'ကြည့်စမ်း...ဒီလူပြောတာ ဗမာစကားပဲ။ ဒီမှာရှင့်....ရှင့် ဗူးထဲမှာ ရေထည့်ပေးထားတယ်။ ရှင်ဟာ ဒီသစ်ပင်ကြီးအောက်မှာ လဲနေတာ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကြိုးစားရှုန်းကန်၍ ခေါင်းထူလိုက်ရသော်လည်း မိန်းမလှလေးက ကျွန်တော်ထိုင်နိုင်အောင် ဖေးမပေးနေသည်။

ကျွန်တော်သည် ရေဗူးကို လက်ဖြင့် မ,ရာမနိုင်သလို ဖြစ်နေသဖြင့် မိန်းမပျိုကပင် ကျွန်တော့်ကို ရေတိုက်ရပါတော့သည်။

အား....တကယ် အေးမြသော ရေပါလား။

ကျွန်တော်အဖို့ ဤသို့ရေသောက်၍ အရသာ ရှိလှသည်ကို တကြိမ်တခါမျှ မခံစားခဲ့ဖူးသေးပေ။

သို့သော်....

မိန်းမလှလေးက ကျွန်တော့်ကို ရေများများ သောက်ခွင့်မပေးပါ။

'တော်လောက်ပြီ။ ထပ်မသောက်နဲ့တော့။ အမောဆို့တတ်တယ်'

မိန်းမပျိုက ကျွန်တော့်လက်ထဲမှ ရေဗူးကို ဆွဲလုလိုက်သည်။

'ကလေးရော....နန်းစီလေးရော။ သေပြီလားဟင်'

ကျွန်တော်က မေးလိုက်သည်။

'ကလေးကို လျှို့ထဲကနေ ကျွန်မတို့ ရှာသာပြီးပြီ။ သေပြီလား။ ရှင်သေးလားတော့ မသိရသေးဘူး'

ကျွန်တော် စောင်းငဲ့ကြည့်လိုက်သောအခါ ခပ်လှမ်းလှမ်းတွင် နန်းစီကလေး လဲနေသည်ကို တွေ့ရပါ၏။





မိန်းမချောအလှမယ်သည် နန်းစီလေးအား ရေပက်ဖျန်း၍ ပြုစုပြန်၏။

တချိန်တည်းမှာပင် ပေါက်ကျော်မ ဆိုသော လူတပိုင်းမျောက်တပိုင်း မိန်းမကလည်း ဦးသက်ရှည်ကို ရေပက်ဖျန်းပေးနေတာကို တွေ့ရပါ၏။

ကျွန်ုပ်တော်ကား ခေါင်လျက်ပင် ရှိနေသေးသည်။

ကံအားလျော်စွာပင် နန်းစီလေးမှာ မျက်လုံးဖွင့်လာသည်ကို တွေ့ရပါ၏။

သို့သော်....

ဆွံ့အ,နေသူပမာ စကားပြောဆိုနိုင်ခြင်း မရှိပေ။

အလှမယ်လေးသည် နန်းစီလေးအား ရေအနည်းငယ် တိုက်ကျွေးလိုက်ရာ နန်းစီလေးသည် ကျွန်တော့်လိုပင် မျက်လုံးပြူးသလို လန်းဆန်းလာပါ၏။

နန်းစီသည် ရေသောက်ချင်လွန်းသဖြင့် ပြင်းစွာပိုကြွေးသော်လည်း အလှမယ်လေးက ထပ်မတိုက်တော့ပေ။

ထို့နောက်....

ဦးသက်ရှည်ထံမှ ညည်းညူသံ ထွက်ပေါ်လာသည်။

သူသည် မျက်စိကိုဖွင့်၍ ပတ်ဝန်းကျင် အခြေအနေကို လှည့်ပတ်ကြည့်ရှုနေပါ၏။

'မင်းကို ငါ ဘာပြောခဲ့သလဲဆိုတာ မှတ်မိသေးရဲ့လား လူလေး'



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်က ပေါက်ကျော်မထံမှ ရေဘူးကိုဆွဲယူ၍ အငမ်းမရ မော့သောက်နေပြန်သည်။

ထိုအတောအတွင်း ကျွန်တော်က သစ်ပင်ကြီးကို မှီပြီး အခြေအနေကို အကဲခတ်နေလိုက်သည်။

ကျွန်တော်တို့အနားတွင် မည်သူမျှ မရှိပေ။ မြင်းနှစ်ကောင်သာ ရှိသည်။

တကောင်မှာ ကျောကုန်းပလာရှိပြီး တကောင်မှာမူ ကုန်းနှီးတင်ထားတာ တွေ့ရပါ၏။

မြင်းနှစ်ကောင် အနီးတွင်ကား အမွေးစုတ်ဖွားနှင့် ခွေးတကောင်သည် ကျွန်တော်တို့ကို သံသျှာတန်းလန်းဖြင့် ကြည့်နေသည်။

'ပေါက်ကျော်မ... သူတို့ကို ကြည့်ရတာ အစာရေစာ ငတ်ပြတ်လာပုံပဲ။ တခုခုတော့ ကျွေးမှဖြစ်မယ်။ ဒီတော့ သစ်ပင်ပေါ်တက်ပြီး သစ်သီးအမှည့်လေးဘာလေး ရှာကြည့်ချည်ဦး'

အလှမယ်လေးက ချက်ချင်း ပြောဆိုလိုက်သည်။

မျောက်နှင့်တူသော မိန်းမသည် အလှမယ်လေး၏အမိန့်ကို နာခံကာ သစ်ပင်ပေါ်သို့ ချက်ချင်း ပြေးတက်သွားသည်။

ထို့နောက်....

ချက်ချင်းပင် ပေါ့ပါးစွာ ခုန်ချပြန်သည်။

ပေါက်ကျော်မကား.... မျောက်မတကောင်နှယ်သာတည်း။

'အမှည့်တွေရှိတယ်... မမရဲ့။ ခူးလိုက်ရမလား'

'ခူးလိုက်လေ'





ကျွန်တော်ကား သစ်ပင်ထိပ်ဖျားတွင် ရှိနေသည့် သစ်သီးနီနီများကို ခူးဖို့မလွယ်ဟု ထင်နေပါ၏။

သို့သော်....

ကျွန်တော် များစွာ မှားယွင်းသွားလေပြီ။

ပေါက်ကျော်မ ဟူသော လူတပိုင်း မျောက်တပိုင်း မိန်းမသည် ခပ်နိမ့်နိမ့် သစ်ကိုင်းတခုကို ကြီးမားသောလက်ချောင်းကြီးများဖြင့် ဖမ်းကိုင်ဆွဲခိုလိုက်သည်။

ထို့နောက်....

ကိုယ်ကို မျောက်တကောင်ကဲ့သို့ လွှဲယမ်းကာ သစ်ကိုင်းပေါ်သို့ တက်သွားတော့၏။

ကျွန်တော်တို့က ထိုသက်ပိုရှိ မတက်နိုင်ဟု ထင်သော်လည်း ပေါက်ကျော်မသည် သစ်ကိုင်းများကိုဆွဲခိုကူးသန်းကာ သစ်ပင်ထိပ်ဖျားသို့ ရောက်သွားလေပြီ။

ကျွန်တော့် အံ့အားသင့်မှုကို အလှမယ်လေးက ရိပ်စားမိဟန် တူပါ၏။

'အံ့သြမနေနဲ့ရှင့်၊ ပေါက်ကျော်မဟာ တခြားလူတွေနဲ့မတူဘူး။ သစ်ပင်တွေပေါ်က ဘယ်တော့မှ မကျနိုင်ဘူး'

ကျွန်တော် ပြန်မဖြေမိပေ။

ပေါက်ကျော်မကိုသာ အသက်မရှူပဲ ငေးမောကြည့်နေမိပါ၏။

ပေါက်ကျော်မသည် သစ်သီးနီများကို ခူးဆွတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်....

ပေါက်ကျော်မသည် သစ်ပင်၏ အမြင့်ဆုံး ထိပ်ဖျား[illegible] သစ်ကိုင်း ခပ်သေးသေးပေါ် ရောက်သွားသည်။

သစ်ကိုင်းကား သိမ့်သိမ့်တုန်အောင် လှုပ်ရှားလျက်[illegible] သည်။

ချက်ကနဲ သစ်ကိုင်းကျိုးသံလည်း ထွက်ပေါ်လာတော[illegible] သည်။

ပေါက်ကျော်မသည် သစ်ပင်ပေါ်မှတလိမ့်ခေါက်ကွေး လိ[illegible] ကျကာ ကျွန်တော့်ရှေ့သို့ ရောက်လာမည်ဟု စိုးရိမ်ကာ ကျွ[illegible] အောင် မျက်စိမှိတ်ထားလိုက်မိသည်။

'မစိုးရိမ်ပါနဲ့ရှင့်....။ သူ....ဘာမှမဖြစ်ပါဘူး'

အလှမယ်လေးက ရယ်မောျ၍ပြောသည်။

ကျွန်တော် မျက်စိဖွင့်ကြည့်သောအခါ ပေါက်ကျော်မသည[illegible] သစ်ကိုင်းများကို အဆင့်ဆင့်ခုန်ကူး၍ ဆင်းလာသည်။

ကျွန်တော်သည် မကြာခဏ မြင်ဖူးခဲ့သော သစ်မင်ထက်[illegible] မျောက်များကို သတိရလာသည်။

ဦးသက်ရှည်သည်လည်း ပေါက်ကျော်မကို မော့ကြည့်လျှ[illegible] ရှိသည်။

'လူတပိုင်း မျောက်တပိုင်း မိန်းမပါလား လူလေး[illegible]

ဦးသက်ရှည်သည် ထိုသို့ ပြောကြားပြီးနောက် ရေသော[illegible] ချင်သဖြင့် ငိုကြွေးနေသော နန့်စိလေးကို သွားချော့နေ[illegible] သည်။





ထိုအတောအတွင်းမှာပင်....

ပေါက်ကျော်မသည် ဆယ်ပေခန့်မြင့်သော သစ်ကိုင်းပေါ်မှ ပေါ့ပါးစွာ ခုန်ချလိုက်ပါတော့၏။

ထို့နောက်....

ကျွန်တော်တို့လူစု သစ်သီးများကို စားသောက်ကြရလေ သည်။

သာမန်အားဖြင့် ဤသစ်သီးများမှာ ဘာမှ အရသာမရှိလှ ပေ။

သို့သော်....

ထိုအချိန်တွင်မူကား တော်ပြတ်လာသည့် ကျွန်တော်တို့အဖို့ နတ်သုဒ္ဓါသဖွယ် ဖြစ်နေရတော့၏။

သစ်သီးများ စားသောက်နေစဉ်တွင် အလှမယ်လေးသည် အနီးအနားရှိ တောင်ယာတဲသို့ ပေါက်ကျော်မအား စေလွှတ် လေသည်။

ပေါက်ကျော်မသည် အသားခြောက်နှင့် ကောက်ညှင်းများ ယူလာလေရာ ကျွန်တော်တို့လူစု ဗိုက်ပြည့်ကြရပြန်၏။

အလှမယ်လေးက နန့်စိလေးအား စမ်းချောင်းထဲတွင် ရေမိုး ချိုးပေးလေသည်။

ထို့နောက်....

ကျွန်တော်နှင့် ဦးသက်ရှည် ရေမိုး ချိုးကြရလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် လှိုဏ်ထဲမှ တက်လာသောအခါ နန်းစီခလေးသည် မိန်းမလှလေး၏ ပေါင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်မောကျ၍ နေပေရာ ကျွန်တော့်အဖို့ ဖော်မပြလောက်အောင်ပင် ကြည်နူးဝမ်းသာ ရှိရပါတော့၏။

ဝ....ဝ

'ဒီကနာမည်ကို ပါသိရစေလား'

'ကေသီ'

အလှမယ်လေးက ဖြေသည်။

'ဟင်... ကေသီ ဟုတ်လား'

ကျွန်တော်သည် အံ့ဩစွာ ရေရွတ်ပြီး ကျွန်တော့်ရင်ဘတ်ကို ခမ်းသပ်မိလေသည်။

ဖျင်ကြမ်း အင်္ကျီအောက်ရှိ ကျွန်တော့်ရင်ဘတ်ပေါ်တွင် ...ား ယော်စဉ်က မီးလောင်ခဲ့သည့် အသည်းပုံ အမာရွတ်မှာ မပျောက်သေးပေ။

---

သီလ၁ ၈၁ဓပ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်။ ကျွန်မနာမည် ကေသီပါ။ ကျွန်မရဲ့အဖေ နာမည်က ဦးဘော်စကိုတဲ့။ သင်းအုပ်ဆရာကြီး တယောက် ပါပဲ။ ကျွန်မတို့ သားအဖဟာ ဟိုနားက ရွာလေးမှာနေပြီး သာသနာပြုလုပ်ငန်း လုပ်နေပါတယ်'

ကေသီက တောင်ခြေဘနေရာသို့ လက်ညှိုးထိုးပြလိုက်လေသည်။

ကျွန်တော်ကား ကေသီကို ထူးဆန်းစွာ ကြည့်ရှုနေမိပါ၏။

'ဒီနေရာကို ရောက်လာတာ ကြာပြီလားဟင်'

'ကျွန်မ ဆယ်နှစ် သမီးလောက်ကတည်းက ရောက်နေတာပဲ။ ကျွန်မတို့သားအဖ နေရာအနှံ့ လျှောက်သွားနေကြတယ်။ နောက်ဆုံး မြစ်ကြီးနားကတဆင့် ဆဒုံး၊ ဆမား ဒေသတွေကို ရောက်သွားတယ်။ အဲဒီကနေ ဒီမှာ အခြေချမိတာပဲ ဆိုပါတော့။ ဇာတိကတော့ တောင်ငူပါပဲရှင်'

ကျွန်တော်ကား အိပ်မက် မက်နေသည်ဟုသာ ထင်နေမိပါသေး၏။

'ဒီမှာ....ကေသီ။ အခု တွေ့ကြုံနေပုံက တကယ်ဆိုပေမယ့် မယုံကြည်နိုင်လောက်အောင် ဖြစ်နေပြီ။ ဒါပေမယ့် ကျွန်တော်ကလဲ တောင်ငူမှာ အတော်ကြာအောင် နေခဲ့ဖူးတယ်လေ'

ကေသီက ကျွန်တော့်ကို ထူးဆန်းစွာကြည့်သည်။

'ဟုတ်လား။ ကျွန်မတို့တော့ ဒီရောက်တာကြာပြီ။ အောက်ပြည်က လူမပြောနဲ့ ဗမာလို ပြောတတ်တဲ့လူတောင် မရှိဘူး။





[…]င်ဝေါ လူမျိုးတွေနဲ့ မျောက်တွေ ကြားထဲမှာပဲ နေခဲ့ရတယ်။ တောင်ငူမှာ နေခဲ့ရတာကို ဝိုးတဝါးပဲ မှတ်မိတော့တယ်ရှင့်...။ ဒါနဲ့ ရှင့်နာမည်က ဘယ်သူတုန်း....'

ကျွန်တော်က အင်္ကျီရင်ဘတ်ကို ဖွင့်ပြလိုက်သည်။

ထိုရောအခါ....

ကေသီ၏နှုတ်ခမ်းများမှာ ဝလုံးလေးလို ဝိုင်းသွားရပေါ့တော့သည်။

'အို....ရှင်ဟာ....'

'ဟုတ်တယ် ကေသီ။ ပိုက်တွေးပါ....'

ကေသီသည် ဝိုင်းစက်နက်မှောင်သော မျက်လုံးအစုံဖြင့် ကျွန်တော့်ကို ရှန်းရှန်းလဲ့လဲ့ စူးစိုက်ကြည့်ရှုနေသည်။

'အံ့သြစရာပါလား ကိုပိုက်ထွေးရယ်။ ဖေဖေက မကြာခဏ ပြောပါတယ်။ ရှင်ဟာ ကျွန်မငယ်ငယ်က ခရစ္စမတ်ပွဲမှာ အင်္ကျီလက်ကို မီးလောင်လို့ စွန့်စွန့်စားစား ကယ်ခဲ့သူမဟုတ်လား။ ဒီမှာကြည့်လေ။ မီးလောင်ထားရတဲ့ အမာရွတ်တွေ ရှိနေပါသေးတယ်....'

ကေသီက အင်္ကျီလက်ကိုမပြီး လက်မှအမာရွတ်ကို ပြသည်။

ထို့နောက်....

အင်္ကျီကို လျှော့ချပြီး ပခုံးတဘက်ကိုပြသည်။

'ကျွန်တော့်ရင်ဘတ်မှာလဲ ဒီအမာရွတ်က မပျောက်သေးပါဘူး....'

ထို့နောက်....



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ခေတ္တမျှ ငြိမ်သက် တိတ်ဆိတ် နေမိပါ၏။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ထိုင်နေကြစဉ်တွင် တောင်ပေါ်လေအေးကလေးက ဝေ့ဝိုက် တိုက်ခတ်လျက် ရှိရာ ကေသီ့ထံမှ သင်းပျံ့သော ရနံ့တမျိုးကို ကျွန်တော် မကြာခဏ ရှူရှိုက်ခွင့် ရနေပါတော့၏။

'ဘုရားသခင် စီမံတဲ့ကိစ္စတွေပဲနော်။ ကျွန်မငယ်ငယ်တုန်းက ရှင်ပဲအသက်ကိုကယ်ခဲ့တယ်။ အခုတခါ ကျွန်မက ရှင့်ရဲ့ ကလေးမလေးရဲ့ အသက်ကို ကယ်ခွင့် ကြုံနေပြန်ပြီ။ ဒါနဲ့ ဒီကလေးမလေးက ရှင့်သမီးလား။ ရှင့်သမီးဆိုယင်လဲ သူ့အမေဟာ မျက်နှာဖြူ အမျိုးသမီးထင်ပါရဲ့'

ကျွန်တော်က ပြုံးပြီး ခေါင်းခါလိုက်သည်။

'မဟုတ်ပါဘူးကေသီ။ နန္ဒီဟာ မိဘမဲ့ကလေးပါ။ အင်မတန် သနားစရာ ကောင်းပါတယ်။ သူ့အဖေက မသေခင် ကျွန်တော့်ကို အပ်သွားတယ်လေ...'

'ကိုပိုက်တွေးကိုကြည့်ရတာ အန္တရာယ်နဲ့ ရင်ဆိုင်တွေ့လာတယ် ထင်တယ်....'

ကေသီက စိုးရိမ်ဟန်ကလေးနှင့်ပြောသည်။

ကျွန်တော်က သက်ပြင်းမှုတ်ထုတ်လိုက်သည်။

'အန္တရာယ် တွေ့ကြုံရတာတော့ မပြောပါနဲ့တော့ ကေသီရယ်။ မသေရုံတမယ်ပဲ ဆိုပါတော့....'

---

သီလာ ၈၁၆၁



'ကဲ....အိမ်ရောက်တော့ အကြောင်းစုံ ပြောကြတာပေါ့။ ကျွန်မတို့အိမ်ရှိတဲ့ ရွာကို ငါးမိုင်လောက် သွားရဦးမှာ....'

ကေသီက ပေါက်ကျော်မအား မြင်းပြင်ခိုင်းလိုက်ရတော့၏။

ဝ....ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ပေါက်ကျော်မ

'ဟဲ.... ကိုပိုက်ထွေး....ရှင်တို့ လမ်းလျှောက်နိုင်မှာ မဟုတ်ဘူး။ ရှင် ကျွန်မရဲ့ မြင်းကို စီးလာခဲ့ပါ။ ဟို လူကြီးကတော့ ပေါက်ကျော်မမြင်းကို စီးလိမ့်မယ်။ ကျွန်မတို့တော့ လမ်းလျှောက်ပြီး လိုက်ခဲ့မယ်။ ပေါက်ကျော်မက ကလေးကို ချီလာခဲ့နော်....'

ကေသီ ရွာသို့သွားမည့် အစီအစဉ်ကို ပြောသည်။

'အို....ဘယ်ဟုတ်ပါ့မလဲ။ ကေသီတို့က မိန်းမသားတွေပဲ။ မြင်းပေါ်ကလိုက်ပေါ့။ ကျွန်တော်တို့ လျှောက်နိုင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခါးခါးသီးသီး ငြင်းမိသောအခါ ကေသီက ချစ်စဖွယ်ကောင်းအောင် ပြုံးတော့၏။

တကယ်တော့လည်း ကျွန်တော့စိတ်ထဲတွင် ယောကျ်ား ရှင့်မာကြီး နှစ်ယောက်က မြင်းပေါ်မှလိုက်ပြီး အားနွဲ့သူ မိန်းမသားနှစ်ယောက်က ခြေကျင်လျှောက်လာရမည့်အဖြစ်ကို မလိုလားနိုင်ပေ။

တေးလူမြင်လျှင် ရှက်စရာကြီး ဟူ၍သာ ထင်နေမိပါ၏။

'ရှင်တို့ မြင်းပေါ်ကမလိုက်ယင်မဖြစ်ဘူး။ ကျွန်မက ရှင်တို့ကို မတွဲနိုင်ဘူးလေ။ ကဲပါ၊ ရှက်မနေပါနဲ့။ မြင်းပေါ်သာ တက်စမ်းပါ။ ဒါဟာ အားနာစရာမဟုတ်ပါဘူး....'

ကေသီက ကျွန်တော့်ငြင်းပယ်ချက်ကို လက်မခံ။ မြင်းပေါ်သို့ အတင်းတက်ခိုင်းနေတော့သည်။

နောက်ဆုံး.... ကျွန်တော်နှင့်ဦးသက်ရှည်မှာ ကေသီ့စကားကို မလွန်ဆန်နိုင်ကြတော့ပေ။

မြင်းပေါ်သို့ တက်ကြရတော့၏။

ဦးသက်ရှည်မှာ ခံနိုင်ရည် များစွာ ကျန်သေးသော်လည်း လေလုံးတွားခဲ့သော ကျွန်တော့်မှာ မြင်းပေါ်ကို ရုတ်တရက် မတက်နိုင်ပေ။ ကေသီက မြင်းဇက်ကြိုးကို ကိုင်ပေးမှသာ တက်နိုင်ပါတော့၏။

'နန်းစီလေးကို ကျွန်တော်ခေါ်လာခဲ့မယ်လေ....'

ကျွန်တော် မြင်းပေါ်က ပြောလိုက်သည်။





'မစိုးရိမ်ပါနဲ့။ ပေါက်ကျော်မဟာ အင်မတန် သန့်စွမ်းတယ် ရှင့်။ ကလေးကိုမပြောနဲ့။ ကျွန်မကိုတောင် ထမ်းခေါ်နိုင် သေးတယ်။ ကဲ....ပေါက်ကျော်မရေ...၊ ကလေးကို ကောင်းကောင်း ချီလာစမ်း....'

ကေသီ ပြောဆိုနေသည်။

ပေါက်ကျော်မ၏ ဘဝကား ဝမ်းနည်းစရာကဲ့သို့ ဖြစ်နေသည်။

ဤမိန်းမသည် ကျပ်ပြည့်ဟန်လည်း မတူပေ။

သူ့ကို ကြည့်ရသည်မှာ လူရိုင်းလိုလို မျောက်သတ္တဝါ လိုလို ဖြစ်နေသည်။

ကျွန်တော်သည် ကေသီနှင့် ယှဉ်လျက်သွားလာယင်း စကား ပြောရန် ကြံမိသော်လည်း မြင်းပေါ်ရောက်နေသဖြင့် မဖြစ်နိုင် တော့ပေ။

သို့သော်....

ကေသီသည် ကျွန်တော်၏ မဂ္ဂနမ်ရိုင်ဖယ်(လ်)ကြီးကို ထမ်း ကာ ရိုင်းစိုင်းဟန်ရှိသော မြင်းဇက်ကြိုးကို ထိန်း၍ လိုက်ပါ လာပါ၏။

ကျွန်တော်တို့သည် တောင်ကြောလမ်းအတိုင်း ဆင်းလာ လိုက်ရာ တောင်ယာဟောင်းကို ချက်ချင်းရောက်လာသည်။

တောင်ယာဟောင်းတွင် မဲနယ်သီးများ ပေါက်ရောက် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ယာဟောင်းလွန်သောအခါလူသွားလမ်းလေးသည် သပ်ပင်ချုံနွယ်များ ထူလှသည့် တောင်ကြီးတလုံးကို ပတ်၍ သွားပါတော့၏။

'ဆရာ့ သားလေး မောင်ပိုက်ထွေး။ ဒီမျောက်ကပိုင်းလူဘ ပိုင်းမိန်းမကို ကြည့်နေပေ့။ တော်ကြာ ကလေးကိုချီပြီး တောထဲထွက်ပြေးသွားလိမ့်မယ်နော်'

ဦးသက်ရှည်သည် မြင်းဖြင့် ကျွန်တော့် နားကပ်လာပြီး ခပ်ဘိုးတိုးလှမ်း၍ ပြောလိုက်သည်။

ကံဆိုးချင်တော့ နားပါးလှသော ပေါက်ကျော်မသည် သူ ပြောသမျှကို ကြားသွားပါတော့၏။

ပေါက်ကျော်မသည် ထူးဆန်းသော အသံတမျိုးဖြင့် ချက်ချင်း မာန်ဖီလိုက်သည်။

မျက်နှာသည် ရှုံ့မဲ့ပြီး မျက်လုံးတွေက မီးဝင်းဝင်းတောက်နေသည်။

ပေါက်ကျော်မသည် နန်စီလေးအား ချီထားရာမှ ဆတ်ကနဲ လွှတ်ချလိုက်တော့သည်။

ပေါက်ကျော်မ၏ လှုပ်ရှားမှုကား လျှပ်မြန်လွန်းလှစွာလေသည်။

သီလဝ ၈၁၈၀



ပေါက်ကျော်မသည် ဦးသက်ရှည်၏ ကိုယ်ပေါ်သို့ မျောက်တကောင်နှယ်ပင် လွှားကနဲ အုပ်လိုက်လေသည်။

သို့သော်....

ဦးသက်ရှည်သည်လည်း အရွယ်နှင့်မလိုက်အောင် လျင်မြန်လှသူပင်တည်း။

ဦးသက်ရှည်သည် ကိုယ်ကိုဝပ်ပြီး မြင်းတဘက်သို့ လျှောချလိုက်သည်။

ပေါက်ကျော်မမှာ မြင်းပေါ်တွင် ခွစီးပြီးသား ဖြစ်နေတော့၏။

ဤတွင်....

ကေသီက အခြေအနေကို ဝင်ထိန်းပေးသည်။

'အရိုင်းမ....ဒါဘာလုပ်တာလဲ။ အခုဆင်းခဲ့။ ဆင်းဆိုဆင်းမ်း...'

ကေသီ ခြေကလေးကို ဆောင့်ယင်း အမိန့်ပေးနေတော့သည်။

ထူးဆန်းသော ပေါက်ကျော်မသည် သူ့ သခင်မ၏ ရှေ့သို့ ကျိုးစွာ ရောက်လာပြီး မျက်ရည်လည်ရွဲဖြင့် ရှိုက်ကြီးတငင်ငိုကြွေးလေတော့၏။

သီလဝ ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



'မမရယ်... ကျွန်မကို စိတ်မဆိုးပါနဲ့။ မမစိတ်ဆိုးပြီး ကျွန်မ ကို အော်ငေါက်ယင် ကျွန်မသေရမှာပါ။ ဟောဟိုသေနာကြီး ကလေ....ကျွန်မကို မျောက်မကြီးလို့ ခေါ်တယ်တော့....'

ပေါက်ကျော်မက ကေသီ့အား ကလေးတယောက်နှယ်ပင် တိုင်တန်းနေပါ၏။

ကေသီက ကျွန်တော့်အား တီးတိုးလေသံဖြင့်....

'ကိုပိုက်ထွေး... ရှင့်လူကိုကြည့်ပြောထားဦး။ ပေါက်ကျော်မ က သူ့ကို ဒီလိုခေါ်တာ မကြိုက်ဘူးရှင့်။ သူ့ခွန်အားဗလနဲ့ ရှင့်လူကို သတ်ပစ်ယင်သေသွားနိုင်တယ်နော်'

ကေသီ့စကားကြောင့် ကျွန်တော် ပေါက်ကျော်မအား မသက်မသာ ကြည့်မိသည်။

ခွန်အားဗလ တောင့်တင်းသန်စွမ်းသလောက် ပေါ့ပေါ့လ သော ဤမိန်းမသည် ဦးသက်ရှည်လိုလူကို လက်ချည်းသက်သက် ဖြင့် သတ်မည်ဆိုပါက သတ်နိုင်လိမ့်မည် ဖြစ်ကြောင်း ကျွန် တော် သက်ခံလိုက်မိသည်။

ဦးသက်ရှည်မှာလည်း မကြွားဘူးထင်ပြီး ပြောမိကာမှ အားတုံ့အားနာ ဖြစ်နေသည်။

'ကဲပါ.... ဦးသက်ရှည်။ လူတဘက်သားကို ဒီလိုပြောတာ မကောင်းပါဘူးဗျာ။ သူ မကြိုက်ဘူးဆိုတော့ ခင်ဗျားစကား ပြန်ရုပ်သိမ်းလိုက်ပါ'

ဦးသက်ရှည်က ခေါင်းတညိတ်ညိတ် လုပ်သည်။

ဒီလ၀ ၁၁၉၁



'ဟုတ်ပါတယ်။ ကျုပ်မှားသွားပါတယ်။ တောင်းပန်ပါ တယ် ကလေးမ....'

၀....၀

www.burmeseclassic.com

www.burmeseclassic.com

ါက်ကျော်မကား…

ဦးသက်ရှည်က ဘောင်းပန်သည့်တိုင် ကျေနပ်ဟန် မတူ
ား။

မျက်စောင်းတထိုးထိုးနှင့် ရှိနေလေ၏။

ဘသိက တချက်ခေါက်လိုက်မှသာ ကလေးကိုချီပြီး မြင်း
ား၏ ရှေ့မှထွက်သွားလေတော့၏။

ခေါက်ကျော်မနောက်မှ ဦးသက်ရှည်က လိုက်သွားတော့
ည်။

ဘသိက ကျွန်ဘော် စီးလာသည့်မြင်းကို နောက်ဆုံးမှ
ာသည်။

---

သိလ၀ ၁၁၆၁

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နောက်တွင်ကား ခွေးတကောင်သာပါလာပါ
သည်။

ကျွန်တော်တို့မှာ ချောင်းတခုအတိုင်း တောင်ကြီးကိုကွေ့
ပတ်၍သွားနေကြရသည်။

သစ်တောကြီးများမှာ စိမ်းလန်းစိုပြည်လျက် ကျေးငှက်သာ
ရကာတို့၏ တွန်ကျူးအော်မြည်သံများ ပြည့်နှက်လျက် ရှိေ
သည်။

သားကောင်ပေါများမည့် လက္ခဏာလည်း ရှိသေးေ
သည်။

တနေ့ရာတွင်ကား ကျွန်တော်တို့လူစုသည် ချောင်းကို
နေ့တိမ်သော နေရာမှဖြတ်ကူးကြရပါ၏။

ပေါက်ကျော်မသည် ကလေးကို ပွေ့ချီပြီး ရဲတင်းစွာဖြတ်
ကူးသွားသည်။

ကောသီသည် ကျောက်တုံးများကို ဖျတ်လတ်စွာ ခုန်ကူး၍
ကျွန်တော့်မြင်းကို ရအောင်ဆွဲသွားလေရာ ကျွန်တော်သည်
ကောသီ့ကိုသာ ကြည့်ကောင်းကောင်းနှင့် ငေးနေရလေတော့
သည်။

ထို့နောက်....

လမ်းသည် တင့်မောဖွယ်ရာ သစ်တောကြီးများ ဖုံးနေသည့်
တောင်ကြီး၏ အခြေမှပတ်၍ သွားပြန်ပါသည်။

'ဒီတောင်ကို ဒီကလူမျိုးတွေက 'မျှော်ခေါက်ပွမ်' လို့ခေါ်
တယ်ရှင့်။ 'မျှောက်ခေါင်းတောင်' ဆိုပါတော့။ ဇန်ဝေါ်





မျိုးတွေရဲ့စကားက မြန်မာစကားနဲ့ ခပ်ဆင်ဆင်ပဲရှင့်။ ဒီလူ
ကကော သော်ဝေါ်၊ လချိတ်ဝေါ်နဲ့ အဇီးအုပ်စုထဲမှာပါ
တယ်'

ကျွန်တော်ကား ဇန်ဝေါ်လူမျိုးဆိုသည်ကို တခါမျှမကြား
ဖူးပေ။

ကချင်အုပ်စုတွင် သော်ဝေါ်(မရု)၊ လချိတ်ဝေါ်(လရှိ)
နှင့် အဇီးလူမျိုးတို့၏ စကားများမှာ မြန်မာစကားနှင့် ဆင်
ဆင်တူပြီး စကားချင်း မကွာသလိုကြောင်းကိုသာ ဗန်းမော်တွင်
ခဲ့က ကြားခဲ့ဖူးလေသည်။

'ကျွန်တော်တို့ ဇန်ဝေါ်ဆိုတာ တခါမှ မကြားဖူးဘူးဗျာ'

'လူဦးရေအနည်းဆုံး လူမျိုးစုပဲ။ လူနေမှု အဆင့်အတန်းလဲ
ဆင်မတန်မှ နိမ့်ကျကြတယ်။ သူတို့မှာ အချင်းချင်း စစ်တိုက်တဲ့
အကျင့်နဲ့ မိသားစုတွေကို အလှည့်ကျသတ်ပြီး ယဇ်ပူဇော်တဲ့
အကျင့် ရှိနေသေးတယ်ရှင့်။ ဒါကြောင့် တဖြည်းဖြည်း မျိုး
တုန်းလာတာ။ ဒါကို ဖေဖေက နှစ်ခြင်းခံခိုင်းပြီး သာသနာ
နေတာလေ။ အခုတော့ တရွာလုံး ခရစ်ယာန်တွေ ဖြစ်ကုန်
။ ယဇ်ပူဇော်တာတွေကို စွန့်လွှတ်လိုက်ကြတာ ဆယ်နှစ်
လောက် ရှိပါရော့လား။ ဒါပေမယ့် ဇန်ဝေါ်ဆိုတာ ဒီတရွာ
ကျန်တော့တယ်လေ'

ကောသီက ဇန်ဝေါ်တို့၏ ယဉ်ကျေးမှုဓလေ့များကို ရှင်းပြ
နေသည်။

စင်စစ်....



www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီများမှာ မြန်မာပြည်တွင်ရှိ တောင်ပေါ် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် သိပ်ခကျွာ ချေ။

အယူသည်းသူများပင် ဖြစ်နေသည်။

ထိုစဉ်က ဗြိတိသျှနယ်ချဲ့ အစိုးရသည်လည်း တိုင်းရင်းသားများ၏ ဖွံ့ဖြိုးရေးကို စိတ်မဝင်စားလှပေ။

'ဒါနဲ့....ရှင်တို့ ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာကြတယ်ဆိုတာ တဆိတ်ပြောပြပါဦး ကိုပိုက်ထွေး'

ကျွန်တော်က ဖြစ်ပုံပျက်ပုံ အလုံးစုံကို ကေသီတယောက် နားလည် သဘောပေါက်အောင် မြင်းပေါ်က ရှင်းပြသွားသည်။

ကေသီသည် စိတ်ဝင်စားစွာ နားထောင်နေရာမှ မရှင်းသည့် အချက်များကို ပြန်လည်၍ မေးခွန်းထုတ်လေ့ရှိသည်။

ကျွန်တော် စကားဆုံးတော့ ကေသီက သက်ပြင်းချလိုက်သည်။

'အင်း....အင်မတန် အံ့သြစရာ ကောင်းတာပဲနော်။ ကျွန်မနဲ့ ပေါက်ကျော်မက မနက်တုန်းက တောင်ယာဟောင်းမှာ မဲနယ်သီး သွားခူးကြတာရှင့်။ ချည်တွေ ဆေးဆိုးဖို့လေ။ ဒါပေမယ့် ကြာကြာနေဖို့ စိတ်ကူးမရှိဘူးလေ။ ဖေဖေ နေမကောင်းတော့ ကျွန်မ အမြဲပြုစုနေရတာ....။

'ကျွန်မတို့လဲ မဲနယ်သီးတွေက ကောင်းကောင်း မရင့်သေးတာနဲ့ ပြန်တော့မယ်ဆိုပြီး လုပ်နေတုန်း ကျွန်မစိတ်ထဲမှာ ရှင်





တို့ကို တွေ့ရတဲ့ သစ်ပင်ကြီးအောက်ကို သွားချင်လာတယ်လေ။ အဲဒီနေရာက အပန်းဖြေဖို့ ကောင်းတာကိုး။ ပေါက်ကျော်မကတော့ မသွားချင်ဘူး။ ကျွန်မ ဘာရယ်မဟုတ်ပဲထွက်လာတာရှင့်။ ရှင့်ကိုတွေ့တော့ သေပြီထင်တာ။ ပေါက်ကျော်မက ရှင်တို့ကို မကယ်စေချင်ဘူး။ ကျွန်မတာတော့ ရှင်လဲသိပြီးသားပါ....'

ကျွန်တော်က ခေါင်းညိတ်လိုက်သည်။

၀....၀

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

'ဘုရားသခင်ရဲ့ ကျေးဇူးတော်ပေါ့ ကေသီ။ ဒါနဲ့ စကားမစပ် ပေါက်ကျော်မအပေါ် ကျွန်တော် သိပ်အံ့ဩနေမိတယ် ကေသီ။ သူဟာ ဘယ်သူဘယ်ဝါလဲဆိုတာ ပြောမပြနိုင်ဘူးလား'

ကေသီ ပေါက်ကျော်မကို လှမ်းကြည့်လိုက်သည်။

ပေါက်ကျော်မကား ကလေးကိုချီပြီး ထွက်သွားလိုက်သည်မှာ မြင်းများထက်ပင်မြန်သဖြင့် မမြင်ရနိုင်တော့ပေ။ ကျွန်တော်တို့၏ ပြောစကားများကိုလည်း ကြားရနိုင်မည် မဟုတ်ပေ။

'ပေါက်ကျော်မ အကြောင်းကတော့ ထူးဆန်းတယ် ကိုပိုက်ထွေး။ ရှင်သိအောင် ပေါက်ကျော်မအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောထားရမယ်။ ဒီလိုရှင့်...ကျွန်မ ဆယ်နှစ် သမီးလောက်တုန်းက ဟောဒီ တောတောင်တွေထဲမှာ မျောက်တွေ သိပ်ပေါတယ်။ မျောက်တွေ ပေါလွန်း လွန်းလို့ ဇန်ဝေါ်တွေရဲ့ တောင်ယာတွေကို မကြာခဏ ဖျက်ဆီးခံရတယ်ရှင့်။ ဒါကြောင့် ရွာသားတွေဟာ စပါးပေါ်ချိန်ဆိုယင် တောင်ယာတဲတွေမှာ လူမပြတ် အောင် အစောင့်ချရတယ်....။

'ဖေဖေလဲ ရောက်ခါစဆိုတော့ အမျိုးနည်းတူ တောင်ယာ ခုတ်စားရတယ်ရှင့်။ စပါးပေါ်ချိန်မှာ ကျွန်မက တောင်ယာတဲမှာ စောင့်ရတာပေါ့လေ။ ယာ ခင်းအစပ်တွေမှာ ဝါးလက်ခုပ်တွေ ထားရတယ်။ မျောက်တွေလာယင် ယာစောင့်တဲပေါ်ကနေ ကြိုးနဲ့ ဆွဲယင် ဝါးလက်ခုပ်သံတွေ မြည်လာတယ်။ မျောက် တွေကို လှန့်တာပေါ့လေ....။

'ကျွန်မ တောင်ယာစောင့်နေတုန်း ဝါးလက်ခုပ်သံ ကို မလန့်တဲ့ ထူးထူးဆန်းဆန်း မျောက်ကြီးတွေကို တွေ့ရတယ်ရှင့်။ ဒီမျောက်တွေဟာ ကျွန်မတို့ တောင် ယာနဲ့ ဆက်လျက်က လျှိုထဲမှာနေတယ်။ မျောက်ထီး တွေက သိပ်ထွားတယ်။ မျောက်မတွေက မျက်နှာဖြူ တယ်။ အဲဒီမျောက်အုပ်ကြီးထဲမှာ အသားအရေ ဆွ ဆွတ်ဖြူနေတဲ့ မျောက်တကောင်ကို တွေ့ရတယ်ရှင့်





'အဲဒီမျောက်ဟာ မိန်းမတယောက်နဲ့ တူနေတဲ့ အပြင် အမွေးအမှင်ကလဲ မပေါက်၊ အသားကလဲဖြူ ဆိုတော့ ကျွန်မစိတ်ထဲမှာ ထူးခြားလာတယ်လေ။ အဲဒါနဲ့ အဲဒီမျောက်အုပ်လာယင် ကြိုးဆွဲ ဝါးလက်ခုပ် တွေကို မတီးပဲ အသာလေး ချောင်းကြည့်နေမိတယ်။ အဲဒီမျောက်မရဲ့ လည်ပင်းမှာ တခါတခါ သားမွေးစ ကလေးပတ်လျက် ပါလာတယ်။ မျောက်ထီးကြီးတွေက လဲ သူ့ကို သိပ်ချစ်ကြတယ်ရှင့်။ တခါတခါ လည်ပင်း ဖက်ပြီး ထိုင်နေရတာ တွေ့ရတယ်လေ..။

'ကျွန်မလဲ စိတ်ဝင်စားလွန်းတော့ အဲဒီမျောက် အုပ်နောက်ကို လိုက်ကြည့်မိတယ်။ ဆယ်နှစ်သမီးအရွယ် ကလေးကလဲ ကလေးဆိုတော့ သားရဲတိရစ္ဆာန် ဘေး ကိုလဲ မကြောက်မိဘူးပေါ့ရှင်။ ကျွန်မ သတိထားမိတာ ကတော့ အဲဒီမျောက်မလေးဟာ တောင်ပေါ်တက်နိုင် တာကတော့ အမှန်ပဲရှင့်။ ဒါပေမယ့် နေဝင်ခါနီး အချိန်လောက်မှာ မျောက်တွေဟာ မျောက်ငယ်လေး တကောင်နှစ်ကောင်နဲ့ အတူ အဲဒီ မျောက်မလေးကို ဂူတဂူထဲ ထည့်သွားတော့တာပဲ....။

'ကျွန်မလဲ မျောက်ဖြူမလေး နေတဲ့ဂူကို မှတ်ထား လိုက်တယ်။ အိမ်ကို ဖမ်းပြီးခေါ်လာမယ်လို့လဲ စိတ် ကူးထားတယ်။ ကျွန်မတယောက်တည်းလဲ မဖမ်းနိုင် ဘူးလေ။ အဲဒါကြောင့် ဦးပေါက်ကျော်ကို အကူကပ်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ဦးပေါက်ကျော်ဆိုတာကဗန်းမော်ကနေ ဖေဖေ ခေါ်လာတဲ့ လူတယောက်ပဲ။ အရက်နဲ့ ခေါင်ရေသာ မဝင်သေးဘူး ဆိုယင်တော့ အင်မတန် သဘော ကောင်းတယ်။ ကျွန်မကို သူက....သမီးအရင်းလို ချစ် တယ်ရှင့်....။

'ကျွန်မရဲ့ အကြံအစည်ကို ဦးပေါက်ကျော်က လက် မခံဘူးရှင့်။ ဘာ့ကြောင့်လဲဆိုတော့ မျောက်တွေ ကျွန်မ တို့ကို သတ်မှာစိုးလို့တဲ့။ ဒါပေမယ့် ကျွန်မက ဘယ် ရလိမ့်မလဲ။ မရမက ပူဆာတာပေါ့ရှင့်။ နိုင်ကွက်ကယ် ရထားတာကိုး။ ဦးပေါက်ကျော်က လူလွတ်ဆိုတော့ ရွာထဲက မုဆိုးမတယောက်နဲ့ ငြိပ်နေတယ်လေ။ကျွန်မ ဖေဖေနဲ့ တိုင်မယ်ဆိုတော့ သူ....လန့်သွားတယ်။နောက် ဆုံးတော့ ဦးပေါက်ကျော်လဲ ကျွန်မရဲ့ အကြံ သဘောတူရတော့တာပဲလေ....။

'ကျွန်မတို့နှစ်ယောက် တနေ့တော့ မျောက်ဖမ်း ထွက်လာကြတယ်။ ဦးပေါက်ကျော်က ပတ္တူအိတ်ကြီး တလုံး ယူလာတယ်။ ထိပ်ဝမှာ သားရေရှုံ့ကြိုး ထားတော့ ကြိုးကိုဆွဲလိုက်ယင် အိတ်က ပိတ်သွား ရော။ အဲဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်ဟာ ကျွန်မ ထားတဲ့ ကျောက်ဂူနဲ့ မလှမ်းမကမ်း ချုံဖုတ်တခု စောင့်နေကြတယ်လေ....။





'ကျွန်မတို့ စောင့်နေပြီး အချိန်အတော်ကြာတော့ မျောက်တွေ ရောက်လာကြတယ်။ ပြီးတော့ ထုံးစံ အတိုင်း မျောက်ဖြူမလေးကို မျောက်ပေါက်စလေး သုံးကောင်နဲ့ ဂူထဲ သွင်းထားခဲ့ကြတယ်။ မျောက်ထီး ကြီးတွေဟာ သစ်ပင်ပေါ်တက်ပြီး ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် အကဲခတ်ပြီးမှ ထွက်သွားကြတာရှင့်။ ကျွန်မတို့လဲ အတော်ကြာအောင် စောင့်ကြည့်နေသေး တယ်။ စိတ်ချရလောက်မှ ဂူကို တဖြည်းဖြည်းကပ် သွားပြီး အဝကနေ အထဲကို လှမ်းကြည့်မိကြတယ်။

'ဂူထဲမှာတော့ မျောက်ပေါက်စလေး သုံးကောင် ဟာ မျောက်ဖြူမလေးကို အလယ်ကထားပြီး ကျွန်မတို့ ဘက်ကို ကျောပေးအိပ်နေကြတယ်။ ဒီအချိန်မှာ ဦး ပေါက်ကျော်က အစီအစဉ်အတိုင်း ဂူထဲက ကျောက်ဆိုင် တွေပေါ် တက်သွားတယ်။ ပြီးတော့မှ ပတ္တူအိတ်ကြီး ကို မျောက်ဖြူမလေးပေါ်ကို မှောက်ချလိုက်တာပဲ။ မျောက်ဖြူမလေးဟာ လန့်ပြီး ခုန်ထလိုက်တော့ အိတ် ထဲကို ဆောင့်ပြီး ဝင်လိုက်သလို ဖြစ်သွားတယ်။ ဦး ပေါက်ကျော်က ကြိုးကို ဆွဲလိုက်တော့ အိတ်ဟာ... ပိတ်ပြီးသား ဖြစ်သွားပြီး မျောက်ဖြူမလေးကို မိနေ တာပေါ့ရှင်....။

'တခြား မျောက်လေးတွေကတော့ ဂူထဲက ထွက် ပြေးပြီး ဟစ်အော်နေကြတယ်။ ကျွန်မတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အိတ်ကို ကြိုးနဲ့တုပ်ရသေးတယ်ရှင့်။ဦးပေါက်ကျော်က အိတ်ကြီးကို ထမ်းလာတယ်။ အထဲမှာရှိနေတဲ့ မျောက်ဖြူမလေးဟာ ရုန်းကန် အော်ဟစ်နေလိုက်တာ သနားစရာပဲရှင်။ ကျွန်မတို့ဟာ ဖြတ်လမ်းကနေ တောင်ယာတဲပေါ် တက်လာကြရတယ်။ တဲပေါ်လဲ ရောက်ရော နောက်က အသံဗလံတွေ ကြားရတော့တာပဲ...။ လှည့်ကြည့်လိုက်တော့.... မျောက်ထီးကြီး တကောင် ခေါင်းဆောင်တဲ့ မျောက်အုပ်ကြီးဟာ တောင်ပေါ်ကနေ ခုန်ပေါက်ကျော်လွှားပြီး ဆင်းလာကြပြီရှင့်....။

'ကောသီရေ...သမီးရေ၊ ရွာကိုပြေးမှဖြစ်မယ်လို့ ဦးပေါက်ကျော် အော်တော့ ကျွန်မလဲ တောင်ယာတဲပေါ်ကနေခုန်ဆင်းပြီး ရွာဘက်ကိုတဟုန်ထိုးပြေးတော့တာပဲ။ ဦးပေါက်ကျော်က နောက်ကနေ အိတ်ကြီးထမ်းပြီး လိုက်လာတယ်။ ရွာလဲရောက်ရော ကျွန်မက မျောက်တွေ မျောက်တွေနဲ့ အော်လိုက်ရတယ်။ ဒီအချိန်မှာ မျောက်တွေဟာ ဦးပေါက်ကျော်နောက်ကကပ်ပြီး ဒေါသတကြီး လိုက်လာနေကြပြီ။ ဦးပေါက်ကျော် တယောက် သေပြေးရှင်ပြေး ပြေးလာတာမြင်တော့ ရွာသားတွေလဲ မနေသာကြတော့ဘူးရှင့်။ တုတ်၊ ဓားတွေ၊ လှံတွေ၊ ရရာကိုင်စွဲပြီး ဦးပေါက်ကျော်ကို ကယ်တင်ဖို့ ထွက်ကြရတော့တယ်....။

---





'လူအုပ်နဲ့ မျောက်အုပ်ရဲ့ တိုက်ပွဲကို ကျွန်မဘဝမှာ ခါပြီး မြင်ဖူးရတော့တာပါပဲရှင်...။ ခါတိုင်း လူကို ကြောက်တဲ့ မျောက်တွေဟာ မကြောက်ကြတော့ဘူးရှင့်။မျောက်တွေဟာ ဒေါသတကြီး လူတွေကို အတင်းဝင်ကိုက်တယ်။ ကုတ်ဖဲ့ပစ်တယ်။ နောက်ဆုံး ရွာသားတွေက ခေါင်းဆောင် မျောက်ထီးကြီးကို လှံနဲ့ဝိုင်းထိုးသတ်လိုက်တော့မှ မျောက်တွေ ပြန်လှည့်ပြေးသွားကြတာကလား။ လူတွေလဲ မျောက်ကုတ်ခံရသူနဲ့ အကိုက်ခံရသူနဲ့ ဒဏ်ရာ အတော်ရကုန်ကြတယ်ရှင့်။ မျောက်တွေလဲ လေးငါးကောင် သေကျန်ခဲ့တယ်....။

'ရွာမှာ တောင်ပိုင်ဒူဝါက တရားခံတွေကို ချုပ်နှောင်ဖို့ ထားတဲ့ အချုပ်ခန်းတခန်း ရှိတယ်။ အမိုးအကာနဲ့ လုပ်ထားတဲ့ အိမ်ထဲမှာ သစ်လုံးတွေနဲ့ လှောင်အိမ် လုပ်ထားတာလေ။ ဒါပေမယ့်....တရားခံဆိုလို့ ချုပ်ထားတာ ကျွန်မ တယောက်မှ မမြင်မိပါဘူးရှင်။ ဦးပေါက်ကျော်ဟာ အဲဒီ အချုပ်ခန်းဆီကို ပြေးသွားတယ်။ လှောင်အိမ် အဝကျတော့ အိတ်ကိုဖွင့်၊ မျောက်ဖြူမလေးကို အထဲလွှတ်သွင်း၊ လှောင်အိမ်တံခါးကို ကမန်းကတန်း ပိတ်ထားရတယ်....။ သူလဲ အဲဒီနားက ပြန်ပြေးထွက်လာတယ်။ ကျွန်မကတော့ ခပ်လှမ်းလှမ်းကနေ ကြည့်နေမိတယ်....။

---



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'မျောက်ဖြူမလေးဟာ လှောင်အိမ်ထဲမှာ အော် ဟစ်ပြီး ခုန်ပေါက် ပြေးလွှားနေတော့တယ်။ လှောင် အိမ်အပေါ်မှာ တွဲလောင်းခိုလိုခို။ သစ်လုံးတိုင်တွေကို ဆွဲဖြဲလို့ဖြဲနဲ့ ဆောက်တည်ရာ မရအောင်ပဲရှင်။ တခါ တခါမှာ သစ်လုံးတိုင်တွေကို ခေါင်းနဲ့ တရကြမ်း ဆောင့်တော့ သွေးတွေပါ ထွက်လာတယ်။ နောက် တော့ မျောက်ဖြူမလေးဟာ ကြမ်းပေါ်မှာ လူးလိမ့် ပြီး ငိုတော့တာပဲရှင်။ ကျွန်မလဲ သူ့ကို သနားတာ တကြောင်း၊ ကျွန်မလုပ်မိတာ မှားပြီဆိုပြီး နောင်တရ တာ တကြောင်းကြောင့် ငိုချလိုက်မိတယ်....။

'ဒီအချိန်မှာဖေဖေရောက်လာပြီး အကျိုးအကြောင်း ကို မေးမြန်းတော့တာပေါ့။ ကျွန်မလဲ ဟုတ်တိုင်းမှန်ရာ ကို ပြောလိုက်တယ်။ ဖေဖေလဲ ဒေါသလိုက်တာမပြော ပါနဲ့ရှင်။ ဖမ်းထားတဲ့ မျောက်ဖြူမလေးကို လွှတ်ပေး ရမယ်လို့ ပြောတော့တာပဲ။ ဒါပေမယ့် မျောက်ဖြူ မလေးကို လွှတ်ပေးမယ့်လူ မရှိဘူးရှင့်။ ရွာသားတွေ ဟာ အချုပ်ခန်းနားမှာ ဝိုင်းအုံနေတယ်။ ဖေဖေလဲ ရွာသားတွေကို ဖယ်ခိုင်းပြီး မျောက်ဖြူမလေးကို လွှတ် ပေးဖို့ အချုပ်ခန်းထဲသွားတယ်။ သစ်လုံးတွေ ကြား ကနေ မျောက်ဖြူမလေးကို ချောင်းကြည့်တာနဲ့ ဖေဖေ အံ့အားသင့်သွားရတော့တယ်....။





'ဘာဖြစ်လို့လဲ ရှင်သိလား ကိုပိုက်တွေး။ ဒီဟာ မျောက်တကောင်မဟုတ်ဘူး။ တရုတ်မလေးတယောက် ကို မျောက်တွေက ခိုးယူလာပြီး ကျွေးမွေးထားလို့ ကြီးပြင်းလာတာပဲ....။

'တကယ်တော့ ပေါက်ကျော်မဆိုတာ သူ့ကိုဖမ်း လာတဲ့ ဦးပေါက်ကျော်ကို အစွဲပြုပြီး မှည့်ခေါ်ထား တာရှင့်။ တကယ်တော့ သူဟာ မိန်းမတယောက်ပါပဲ။ မျောက်တကောင်မဟုတ်ဘူး။ မျောက်တွေကြားမှာကြီး ပြင်းလာတော့ မျောက်တွေရဲ့ အပြုအမူအတိုင်း ဖြစ် နေတာပေါ့။ သစ်ပင်တွေပေါ် တက်နိုင်တယ်။ စကား ပြောတော့ မျောက်အော်သံလိုဖြစ်နေတယ်။ လူတွေ လို အသိတရားမရှိပဲ အင်မတန် ရိုင်းစိုင်းတယ်။ အသိ ဉာဏ်က နိမ့်ကျတယ်။ မနာလိုစိတ်၊ ဒေါသစိတ်တွေ ကလဲ ကြီးတယ်ရှင့်....။

'ပေါက်ကျော်မမှာ မနာလိုစိတ်နဲ့အတူ ဒေါသကြီး လာယင် ရူးနေပြီလားတောင် ထင်ရတယ်ရှင့်။ ထိန်းရ အင်မတန်ခက်တယ်။ ကျွန်မစိတ်ထင်တာတော့ မျောက် တွေဟာ တရုတ်ကုန်သည်တွေလက်ထဲက နို့မခွဲခင်မှာ ခိုးလာတာ ထင်ပါရဲ့။ မျောက်တွေ စားလေ့စားထ ရှိတဲ့ အစားအစာတင်မကဘူး။ နို့တိုက်ခဲ့ပုံလားမသိ ဘူး။ မျောက်နို့ကိုစို့ပြီး မျောက်သွေးပါသလို ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ် ထင်ပါရဲ့။ မျောက်နဲ့သိပ်တူတာ ရှင့်အမြင်
လေ....။

'အဲဒါနဲ့ဆက်ရဦးမယ်ရှင့်။ ဖေဖေက ပေါက်ကျော်မ
ကို ဘာပဲဖြစ်ဖြစ် ထိန်းသိမ်းထားရမယ်လို့ပြောတယ်။
သူဟာ လူသားတယောက်မို့ လူသားတွေကြားထဲမှာ
ကြီးရမယ်ပေါ့လေ။ သူ့ခမျာ အစားမစားပဲ သုံးရက်
လေးရက် ဟာစ်အော်နေတာရှင့်။ နောက်တော့ ကျွန်မ
ကိုယ်တိုင် သူ့ကို နွားနို့ သွားတိုက်ကြည့်တယ်။
ပေါက်ကျော်မဟာ ငိုပြီး နွားနို့နည်းနည်း သောက်
တယ်။ ငှက်ပျောသီး တလုံးနှစ်လုံးစားတယ်။ သူဟာ
ကျွန်မကို ကျေးဇူးတင်တဲ့ မျက်လုံးကြီးတွေနဲ့ မော
ကြည့်နေတယ်။ အဲဒီအချိန်ကစပြီး ပေါက်ကျော်မ
ကျွန်မကိုယ်တိုင် အစာကျွေးရတယ်။ တခြားလူကျွေး
လို့ မရဘူး....။

'ပေါက်ကျော်မကို ဖမ်းလာပြီးတဲ့နောက် မျောက်
တွေဟာ ကျွန်မတို့ရဲ့တောင်ယာတွေကို ဝင်ဖျက်ဆီး
တာပဲ။ ရွာနားကိုလဲ ချဉ်းကပ်လာတယ်။ ပေါက်ကျော်မ
ကို လူသားစစ်စစ်ဖြစ်အောင် ကျွေးမွေးစောင့်ရှောက်
နေတာမို့ ကျွန်မတို့လဲ မျောက်တွေကြားထဲကို ပြန်
မလွှတ်ရက်ပါဘူးရှင်။ ပေါက်ကျော်မဟာ ကျွန်
ဂရုတစိုက်ကျွေးမွေးပြီး လူဖြစ်လာအောင် သင်ကြား
ပေးလို့ ကျွန်မကို သိပ်ချစ်ရှာတယ်။ ကုန်ကုန်ပြော





ယင် သူဟာ ကျွန်မနဲ့ ၁၅နှစ်လောက် အတူနေလာ
ရတာရှင့်။ သူ့ကို ကျွန်မတို့ခေါ်လာတော့ ကျွန်မက
ဆယ်နှစ်သမီး၊ သူက အပျိုပေါက်...။ ဒါပေမယ့် သူ့
စိတ်က ကျွန်မထက် အများကြီး အသက်ငယ်နေတယ်
လေ။ ဒီလိုဖြစ်သွားခဲ့ရတာကလဲ သူဟာ မျောက်တွေ
ကြားမှာ အကြာကြီးနေခဲ့ရလို့ လူ့သဘာဝ အတွေ့
အကြုံ နည်းပါးခဲ့ရတာရယ်၊ မွေးရာပါကြောင့် ဒါမှ
မဟုတ် တစုံတရာထိခိုက်မိလို့ ဦးနှောက်ဉာဏ် နိမ့်ကျ
ခဲ့တယ်လို့ ယူဆပါတယ်ရှင်...။

'ဒါနဲ့ ပြောရဦးမယ်။ ပေါက်ကျော်မ ရွာကိုရောက်
ပြီး တလလောက်ပဲကြာမယ်ထင်ပါရဲ့။ ဦးပေါက်ကျော်
ဟာ ဆေးမြစ်ရှာဦးမယ်ဆိုပြီး တောင်ပေါ်ကို တက်
သွားတယ်။ သူနဲ့အတူ ဘယ်သူမှ အဖော်မပါဘူး။
နောက်တော့ ကြောက်စရာကောင်းလှတဲ့ သူ့အော်သံ
ကြီးကို ခပ်သဲ့သဲ့ ကြားလိုက်ရတယ်။ ရွာသားတွေလဲ
သူ ပြန်မလာတော့ လိုက်ကြည့် ကြတာပေါ့ ရှင်...။
ဦးပေါက်ကျော်ဟာ ကျောက်တုံးကြီးတတုံးအောက်မှာ
အရိုးတွေကြေမွပြီး ရုပ်ပျက်ဆင်းပျက် သေနေတယ်။
သူ့အားမှာက မျောက်အသေလေးကောင် တွေ့တယ်။
လှံတချောင်းက မျောက်တကောင်ရဲ့ ရင်ဝကိုစိုက်နေ
တယ်။ မျောက်တွေဟာ ဦးပေါက်ကျော်ကို ဝိုင်းဝန်း
ပြီး သတ်လိုက်ကြတာပဲ...။



www.burmeseclassic.com

www.burmeseclassic.com



'ဦးပေါက်ကျော်တယောက် မျောက်ဘော့လက်ချက်နဲ့ သေသွားပြီးတဲ့နောက်မှာ ဖေဖေက ပေါက်ကျော်မကို အပြင်ဘက် လုံးဝမထွက်စေရဘူး။ လုံလုံခြုံခြုံ ထားတယ်။ မျောက်တွေ ရွာနားမှာ လုံးဝမျောက်ကွယ်သလောက် ရှိမှ ပေါက်ကျော်မကို လွတ်လွတ်လပ်လပ် ထားတာရှင့်။ ကျွန်မလဲ ပေါက်ကျော်မကို သံယောဇဉ်တွယ်နေမိတယ်။ တခါတော့ ပေါက်ကျော်မဟာ ကျွန်မတို့အလစ်မှာ ထွက်ပြေးသွားသေးတယ်။ ဒါပေမယ့် သူ့မိတ်ဆွေ မျောက်အုပ်ကြီးကို မတွေ့ရလို့ ထင်ပါရဲ့ ကျွန်မဆီကို ပြန်ရောက်လာတယ်....။

'နောက်တော့ ပေါက်ကျော်မဟာ ကျွန်မကို ချစ်လာပြီး သံယောဇဉ်တွယ်လာတယ်။ ကျွန်မသင်ပေးလို့ မြန်မာစကားရော၊ ဇင်ဝေါစကားပါ တတ်လာတယ်။ ၁၅ နှစ်လောက် ကြာပြီဆိုတော့လဲ အခုဆိုယင် ကမ္ဘာပါဝ ဖတ်တော့မလား အောက်မေ့ရတာ၊ ရှင် ကြားမှာပေါ့ ကိုပိုက်ထွေး။ စာကျတော့ သင်လို့မရဘူးရှင့်။ ကျွန်မဖေဖေက ကျွန်မကို မြန်မာစာရော အင်္ဂလိပ် စာပါ သင်ပေး ထားတယ်။ ကျွန်မက ပေါက်ကျော်မကို ပြန်သင်ပေးမယ့် မအောင်မြင်ဘူး။ ဖေဖေက ပေါက်ကျော်မကို မြစ်ကြီးနား ဖြစ်ဖြစ် ဗန်းမော် ဖြစ်ဖြစ်၊ တရုတ်ပြည်ကို ဖြစ်ဖြစ် တနှစ် တခေါက် နှစ်ခေါက်ဆိုသလို ပို့ပေးပါတယ်....။





'ပေါက်ကျော်မဟာလူရည်သည်လာပေမယ့် အရိုင်းစိတ်က မကုန်ဘူးရှင့်။ တကယ်တော့ လက်ရှိ သူ့သက်တမ်းမှာ သက်တမ်းတဝက်သာ လူသားဖြစ်နေသေးတာကိုး။ ကျန်တဲ့တဝက်က တိရစ္ဆာန်စိတ်ကိုးရှင့်။ သူ ကျွန်မကိုတော့ တော်တော်ချစ်တယ်။ ကျွန်မ ပစ်ပြေးသွားယင် သူငိုတော့တာပဲ။ တနေကုန် ကျွန်မနားမှာပဲနေတယ်။ အိပ်ယင်လဲ ကျွန်မခြေရင်းက ကြမ်းပေါ်မှာ လာအိပ်တယ်။ သစ္စာရှိတဲ့တိရစ္ဆာန်တကောင်က သူ့သခင်ကို ခင်ပုံမျိုး ချစ်ပုံမျိုးပဲ ဆိုပါတော့။ တခါတုန်းက ကျွန်မ မေမေမြစ်ထဲမျောသွားတာကို သူ ဆင်းဆယ်တာရှင့်....။

'ဒါပေမယ့်....ပေါက်ကျော်မဟာ ကျွန်မကလွဲယင် လူမှန်သမျှကို မုန်းတယ်ရှင့်။ ရွာသားတွေကို သူကြည့်မရဘူး။ သူရောက်ခါစက ရွာသားတချို့က မျောက်မဆိုပြီး စကြပြောင်ကြနဲ့ လုပ်ခဲ့တာကိုး။ ကလေးတွေကလဲ ခဲနဲ့ပစ်ကြတာတွေ၊ တံတွေးနဲ့ထွေးကြတာတွေ လုပ်ကြသေးတယ်။ အဲဒီလူတွေ အကုန်လုံး သူမှတ်ထားတယ်။ လစ်တာနဲ့ ရန်မူတာပဲ။ ဟော....စကား ပြောကောင်းနေလိုက်သာ ရွာကိုတောင်ရောက်နေပြီပဲ။ ရွာထိပ်မှာပေါက်ကျော်မကို တွေ့လား။ သူ ရှင့်ကို မျက်စောင်းထိုးနေတာတွေ့လား။ အဲဒါ ကျွန်မနဲ့ စကားပြောလို့ သူ....မနာလိုတာရှင့်... သိလား'



www.burmeseclassic.com

www.burmeseclassic.com



ကေသီ့စကားများကို စိတ်ဝင်စားလျက် ကေသီ့ကို ဟာလျောက်လုံး မြင်းပေါ်က ငုံ့ကြည့်မိသော ကျွန်တော်သည် ကေသီပြောမှ မော့ကြည့်မိတော့သည်။

ပေါက်ကျော်မသည် နန်ဇီလေးကို မွေ့ချီလျက်မှ ကျွန်တော့်ကို နဂါးမျက်စောင်းမျိုးဖြင့် ထိုးကြည့်နေပါ၏။

လူတပိုင်းမျောက်တပိုင်း မိန်းမအကြောင်းကို စိတ်ဝင်စားနေစဉ်မှာပင် ကျွန်တော်တို့ လူစုသည် ရွာကို ရောက်လာပေပြီ…။

၀….၀

ကေသီတို့ရွာသည် အလွန်လှပသည်။

ပြေပြစ်သော တောင်စောင်းနှင့် ချိုင့်ဝှမ်းထဲတွင် တည်ရှိပြီး ...ထဲတွင် ထင်းရှူးပင်များ ပေါက်ရောက်နေသည်။

အိမ်များမှာ ဂျင်းဖော့များကဲ့သို့ ဝါးအိမ်များမဟုတ်ကြ...။

ထင်းရှူးပင်များကို အချပ်လိုက်အချပ် လွှာချထားပြီးမှ ...ရန်ထားသော အိမ်ကြီးများမှို များစွာ ခိုင်ခန့်လှ...သည်။

သီလုံ၁ စာ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



အခင်းမှာလည်း နှစ်ပေသုံးပေအကျယ်ရှိသော ပျဉ်ချပ်ကြီးများပင် ဖြစ်သည်။

အမိုးမှာ သက်ကယ်ဖြစ်သော်လည်း အောက်ပြည်အောက်ရွာမှာလို သက်ကယ်ပျစ်များ မဟုတ်ပေ။

သက်ကယ်ကို အစည်းကြီးတွေလုပ်ပြီးမှ ထူထဲစွာ မိုးခြင်းဖြစ်ပါ၏။

'ဟောဟို တောင်ကုန်းထိပ်မှာ ဘုရားကျောင်းလေ။ ဖေဖေဆောက်တာ'

ရွာ၏ အမြင့်ဆုံးနေရာတွင် သပ်ရပ်၍ ခန့်ညားသော ဘုရားကျောင်းကို တွေ့ရသည်။

အုတ်တဝက် ပျဉ်တဝက် ဖြစ်သည်။

ဘုရားကျောင်းပတ်လည်တွင် အုတ်တဝက် အဆောက်အအုံ အချို့ ရှိနေသေးသည်။

အုတ်များမှာ ဖုတ်အုတ်(ရွှံ့အုတ်)များ မဟုတ်ပဲ ကျောက်တုံးများကို ဆစ်ပိုင်းထားသည့် ကျောက်အုတ်များ ဖြစ်နေသည်။

'ဘုရားကျောင်းနားက အိမ်ဟာ ကျွန်မတို့ အိမ်ပဲ....'

ကျွန်တော်သည် ကျေးရွာလေး၏ မြင်ကွင်းကြောင့် စိတ်ထဲမှာ ကြည်နူးနေမိသည်။

မှန်ရာကိုဝန်ခံရပါမူ ထိုခေတ်က သပ်ရပ်သန့်ရှင်းသော ကျေးရွာဆိုလို့ မြေပြန့်မှာပင် အလွန်ရှားလှသည်။

တောင်ပေါ်မှာဆို ဝေလာဝေး....။





ယခုတော့....

ဦးဘော်စကိုသည် တောင်ပေါ်ရွာလေးကို အတတ်နိုင်ဆုံး ပြုစုပျိုးထောင်ပေးခဲ့လေပြီ။

ကျွန်တော်တို့လူစု ရွာထဲဝင်သောအခါ ရွာသားအချို့က အထူးအဆန်းသဖွယ် ထွက်ကြည့်ကြသည်။

ရွာသည် မြေမညီသော်လည်း လူသွားများမှာမူ တောင်စောင်းများကိုဖဲ့၍ စနစ်တကျဖောက်ထားတာ တွေ့ရလေတော့သည်။

ထူထဲကျယ်ပြန့်သည့် တင်းရှူးပျဉ်ချပ်ကြီးတွေ ကာထားသော အိမ်များ၏ လူတယောက် လမ်းလျှောက်သွား၍ ရသော သက်ကယ်စည်းအမိုးများကြားမှ မီးခိုးပြာလေးတွေ တလူလူ ထွက်နေတာ တွေ့ရသည်။

ရွာထဲတွင် ချုံနွယ်ပိတ်ပေါင်းတွေ မရှိပဲ သန့်ရှင်း သပ်ရပ် နေသည်။

'ဒီအိမ်တွေက လချိတ်ဝေ(လရှိလူမျိုး)တွေရဲ့ အိမ်ပုံစံနဲ့ အတူတူပဲ။ သိပ်အေးတဲ့အရပ်ဆိုတော့ အားလုံး အမိုးရော အကာရော ထူထူထဲထဲပဲပေါ့။ ကျွန်မတို့ ငယ်ငယ်တုန်းကတော့ ရွာထဲမှာ ချုံတွေ၊ ကျွဲချေး နွားချေးတွေနဲ့ သိပ်ညစ်ပတ်တာပဲ။ အဖျားကလဲပေါတယ်။ ကျွဲနွားကိုလဲ အသားအသက်သက်ပဲ မွေးကြတာရှင့်။ ခုတော့ ဖေဖေ့ကျေးဇူးကြောင့် ကျွဲနွားတွေကို လှည်းဆွဲလို့ မရပေမယ့် ဝန်တင်ခိုင်းနေကြပြီ။ နွားနို့လဲ ညှစ်တတ်လာကြပြီ....'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘောစကိုကား တကယ့်သာသနာပြုပုဂ္ဂိုလ်အစစ်ပင် ဖြစ်သည်။

ထိုအချိန်တွင်....

အင်္ဂလိပ်မင်းတို့၏ ဩဇာအာဏာသည် တပြည်လုံး အနှံ့သို့ ရောက်ရှိခြင်း မရှိသေးဟုဆိုနိုင်သော်လည်း ခရစ်ယာန်သာသနာပြုများကား နယ်စုံပယ်အနှံ့ရောက်နေကြသေပြီ။

တောင်ပေါ်ကျေးရွာများမှာ ခရစ်ယာန်ဘာသာဝင်များ အဖြစ်ကိုသာ ရောက်ရှိသွားကြသော်လည်း လူမှုရေး၊ ကျန်းမာရေးစသည်တို့၌ကား တိုးတက်လာခြင်း မရှိကြသေးပေ။

ဦးဘောစကို၏ ရွာကလေးမှာမူ ထိုစဉ်က မြေပြန့်ရွာသော များနှင့် မြို့ငယ်အချို့ထက်ပင် တိုးတက်နေသည်ဟု ဆိုရပေမည်။

ကျွန်တော်တို့သည် ဘုရားကျောင်းရှိရာ တောင်ကုန်းပေါ်ကို တက်လာကြသည်။

ဘုရားကျောင်းမှာ ကျောက်အုတ်တဝက် ပျဉ်တဝက်ဖြင့် ဆောက်ထားသည်။

အခင်းမှာ ပျဉ်ခင်းဖြစ်ပြီး အမိုးကတော့ သက်ကယ်များပင် ဖြစ်ပါ၏။

ဘုရားကျောင်းအနီးတွင် ဦးဘောစကို၏ အိမ်ကြီးကို တွေ့ရသည်။



ထမင်းစားဆောင်ကို သပ်သပ်ထုတ်ထားပြီး ထမင်းစားဆောင်အနီးတွင် သပ်ရပ်သော အဆောက်အအုံတခုကို တွေ့ရသည်။

'အဲဒါ ဗိုလ်တဲပဲ။ ဖေဖေက ဧည့်သည်လာယင် တည်းရအောင်....ဆောက်ထားတာလေ။ ရှင်တို့ အဲဒီမှာ နေကြရမှာပဲ'

ဘုရားကျောင်းနှင့် ဦးဘောစကို၏ အိမ်တဝိုက်တွင် ဝါးပိုးဝါးခေတံလျှောက်ကြီးများဖြင့် အိမ်ထဲအထိ ရေသွယ်ယူထားတာတွေ့ရသည်။

ရွာထဲမှာလည်း စမ်းရေကို ထိုကဲ့သို့ပင် သွယ်ယူအသုံးပြုကြသည်။

အပေါ်စီးမှကြည့်လျှင် ရွာပတ်လည်မြေပြန့်များတွင် လယ်ကွင်းများ တွေ့ရသည်။

လိမ္မော်ခြံ...၊

သစ်တော်ခြံ....၊

လက်ဖက်ခြံနှင့် သစ်ကြားသီးခြံ...၊

ကော်ဖီခြံများကိုလည်း တွေ့ရသည်။

'ဇန်နဝါရီတွေတော့ အစတုန်းက လယ်မလုပ်ဘတ်ကြသေးဘူးရှင့်။ တောင်ယာပဲ ခုတ်တာ။ ဖေဖေရောက်လာမှ လှေခါးထစ်လယ်ကွက်တွေ ဖော်ကြတာလေ။ လိမ္မော်သီး၊ သစ်တော်သီးနဲ့ သစ်ကြားသီး၊ ကော်ဖီစေ့တို့ကိုတော့ တရုတ်ပြည်ဘက်ကို ရောင်းတယ်။ လက်ဖက်ခြောက်ကတော့ သောက်ရုံပါပဲ



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်သည် ရွာတဝိုက်ကို တအံ့တဩ ငေးကြည့်လိုက်သည်။

'အင်း... အတော်ထူးဆန်းတဲ့ နေရာလေးပဲ။ ကျုပ်တော့ နေရာတော်တော်များများကို ရောက်ဖူးတာများပြီ။ ဒီလိုစနစ်တကျ သပ်သပ်ရပ်ရပ်ရှိတဲ့ နေရာမျိုးကို မတွေ့ဖူးသေးဘူး။ တကယ်လိုအပ်တာက ရန်ဆိုင်းတို့လိုကောင်တွေထက် ဒီလိုရွာက လူမျိုးတွေလိုတာ။ ဒါမှလဲ သူ့လက်အောက်က လွတ်မှာပဲ'

ဦးသက်ရှည်၏ စကားကို မည်သူမျှ မဝေဖန်ကြပေ။

မုန့်ရုက်ို ဝန်ခံရပါမူ ကျွန်တော်သည် ထိုစဉ်က စီးပွားရေးနှင့် စွန့်စားသွားလာလိုသော ကိုယ်ကျိုးဆန္ဒကိုသာ စိတ်ဝင်စားပြီး နိုင်ငံရေးနှင့် ဘာသာရေးကို စိတ်မဝင်စားပေ။ ကျွန်တော့် ဖခင်ကြီး ကိုယ်တိုင်ကလည်း ဦးဘော်စကိုနှင့် တွေ့လိုသော နှစ်ခြင်းခရစ်ယာန် ဖြစ်လာသော်လည်း ဦးဘော်စကိုနှင့် ခွဲခွာရပြီးနောက်တွင် ကိုးရာဘာသာကို လိုက်စားနေသူ ဖြစ်ပါ၏။

ကေသီက ရွာလေးကိုကြည့်ပြီး ရှင်ပျနေသော ကျွန်တော်တို့ကို ပီတိရွှန်းဝေသော မျက်လုံးများဖြင့် စိုက်ကြည့်နေလေသည်။

'ဒီရွာလေးကို ကေသီ့ဖေဖေ တည်ထောင်ခဲ့တာပေါ့'

'ဒါဖြင့်....ဒီနေရာမှာ အစက ရွာမရှိခဲ့ဘူးပေါ့နော်'

'အစကတည်းက ရှိနေတဲ့ရွာပါ။ ကျွန်မဖေဖေက ပြုပြင်တာ ဆိုပါတော့'





'အစတုန်းကနဲ့တော့ ကွာမှာပဲနော်'

'ကွာတာပေါ့၊ အစတုန်းကဆိုယင် တရုတ်ပြည်ထဲက လူရိုင်းတွေကလဲ လာလာ တိုက်သေးတယ်။ ဟန်ဝါလို့ခေါ်တဲ့ လူမျိုးစုလေးတခုဟာ ဇန်ဝေါ်တွေနဲ့ ကမ္ဘာရန်ပဲ။ ကျွန်မတို့ ရောက်ပြီးမှ တကြိမ်နှစ်ကြိမ် လာတိုက်ကြသေးတယ်'

'ဒါကို တရုတ်အစိုးရက ဘာမှ မလုပ်ဘူးလား'

'ဒီနေရာက တရုတ်အစိုးရရော အင်္ဂလိပ်အစိုးရပါ ရောက်နိုင်တဲ့နေရာမှ မဟုတ်တာပဲ၊ ဖေဖေပြောတော့ ဒီလိုနေရာမျိုးတွေ အများကြီး ရှိသေးသတဲ့'

ကျွန်တော်သည် မြောက်ဘက်တောင်တန်းဒေသ၏ ရွာမျှော်ခင်းများကို အကြိမ်ကြိမ်အခါခါ မြင်ခဲ့ဖူးပြီ ဖြစ်သည်။

အဝေးကြည့်သော လှသော်လည်း အနီးကြည့်မှာ လှသည်ဟူ၍ မထင်ရပေ။

ယခုမူ ရွာကလေးကိုကြည့်ပြီး များစွာ စိတ်ချမ်းမြေ့နေမိသည်။ ဤနေရာသည် သီးခြားကမ္ဘာလေး ဖြစ်နေသည်။

လူတွေနှင့် ဝေးဝေးနေချင်သော ဦးဘော်စကိုသည် အမှန်သက်သက်ပင် သီးခြားကမ္ဘာလေးတခုကို ဖန်တီးထားတာလား မဆိုနိုင်။

ထို့နောက်....

မြင်ကွင်းတခုလုံးကို ညနေဆည်းဆာ၏ နေဝင်လုအံ့ဆဲဆဲ အချိန်တွင် သာယာအေးချမ်းမှု ရှိနေသော နေမင်း၏ ကျော့ခြည်များက လွှမ်းခြုံ ခြယ်သထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အသွေးအရောင် အစုံစုံသည် အနောက်ဘက်ရှိ တောင်ပြာတန်းကြီးများ၏ အထက်ရှိ နီလာသားပမာ ပြာလဲ့သော မိုးကောင်းကင်ကို သက်တန့်ရောင်များ ဖြစ်လာအောင် အောက်ပ ဖျန်းဆွတ်လျက်ရှိသည်။

တောင်ပြာတန်းအချို့မှာ နေရောင်နှင့် နှင်းငွေ့များကြောင့် ခရမ်းရောင် တောက်နေသည်။

တောများမှာ မြရည်လိမ်းသကဲ့သို့ စိမ်းနေသည်။

သဘာဝ၏ ပန်းချီကားတချပ်ကား ရှုမငြီးစရာပင်တည်း။

ကျွန်တော်တို့သည် ကြမ်းတမ်းဆိုးရွားလှသည့်အန္တရာယ်ခရီး လမ်းပေါ်တွင် ခက်ခဲပင်ပန်းစွာ ကျင်လည်ခဲ့ရပြီး ဖြစ်လေသည်။

ရန်ဆိုင်းကဲ့သို့သော ရက်စက်ကြမ်းကြုတ်သည့် တောပုန်းဒမြမျိုးနှင့်လည်း တွေ့ခဲ့ရသည်၊

ကျားစသည့် သားရဲတို့၏ ရန်ကိုလည်း အမြဲတစေ ပူပန်နေခဲ့ရသည်။

တော်ပြက်မှုနှင့် ပင်ပန်းမှုကား စာဖွဲ့၍ပင် မကုန်။

ယခုလိုအချိန်မျိုးနှင့် နှိုင်းစာပါက ကျွန်တော်တို့သည် အနှောင်အဖွဲ့မှ လွတ်မြောက်သူများကဲ့သို့ များစွာဝမ်းမြောက်ကြည်နူးနေရတော့သည်။

ထို့အပြင်....

ကျွန်တော့်ဘေးမှာ လမ်းလျှောက်၍ပါလာသည့် ကေသီဟူသော အလှမယ်လေး၏ အလှတရားများက သဘာဝ၏



အလှတရားများကို အချိုပေါ် သကာလောင်းသကဲ့သို့ ဖြည့်ဆွတ်ပေးလျက်ရှိသည်။

'ဒီမှာ ကေသီတယောက်တည်း မပျင်းဘူးလား'

'ဇာန်ဝေါတွေကို စာသင်ပေးရတာ ပျင်းစရာမကောင်းပါဘူး။ ဒါပေမယ့် တခါတခါတော့လဲ အောက်ပြည် အောက်ရွာကို လွမ်းမိတယ်ရှင်'

ကံကြမ္မာသည် ကျွန်တော့်ကို ကေသီနှင့်အတူ ဘယ်လောက်ကြာကြာ ယှဉ်တွဲ၍ ထားပေးပါမည်နည်း။

ကျွန်တော့် ရင်တွင်းမှာကား အရွယ်ရောက် ကတည်းက မသိကျိုးကျွန် ပြုခဲ့သော အချစ်တရားသည် မွေးဖွားလာလေပြီ....။

ဖူးစာဆိုသည်မှာ ပြောရခက်လှန်းပါဘိ။

အချိန်ပေါင်းများစွာ၊ မိုင်ပေါင်းများစွာ ကွာသည်ပင်ဖြစ်သော်လည်း ကျွန်တော်သည် ထူးခြား ဆန်းပြားစွာပင် အချစ်ကိုရှာ၍ တွေ့လေပြီတည်း။

၀....၀

www.burmeseclassic.com

## အခန်း (၆)

### ဇန်ဝေါကို၏ရွာ

ဇန်ဝေါများက ကျွန်တော်တို့ကို ငေးမောကြည့်နေစဉ်မှာပင် ကျွန်တော်တို့သည် ဦးဘောဇကို၏ အိမ်ဝင်းအတွင်းသို့ ဝင်လာခဲ့ကြသည်။

ဇန်ဝေါများကို ကြည့်ရသည်မှာ လော်ဝေါ၊ လချိတ်ဝေါတို့နှင့် သိပ်မခြားလှပေ။

ယောကျ်ားလေးများက ရင်စေ့အင်္ကျီနှင့် ဘောင်းဘီနက်များကို ဝတ်ဆင်ထားပြီး မိန်းမများက ရင်ဖုံးအင်္ကျီနှင့် ဂျုတ်ခုတ်ထည် ခါးစည်းများကို ဝတ်ထားကြသည်။

www.burmeseclassic.com

ခေါင်းတွင် ခေါင်းပေါင်းနက်များ ပေါင်းထားပြီး ခြေ ထောက်များကိုတော့ အဝတ်များနှင့် ခြေအိတ်သဖွယ် ပတ် ထားကြသည်။

မိန်းမများသည် ပုတီးရောင်စုံများကိုလည်း လှပစွာ ဆွဲ ထားကြသည်။

မျက်နှာ ပုံပန်းနှင့် အသားအရောင်မှာ လော်ဓေါ၊ လဓါတ်နှင့် အဝီးများကဲ့သို့ပင် မြန်မာများနှင့် အတူတူပင် တည်း....။

ဇန်ဝေါအချို့က ကေသီကို ဆရာမဟု နှုတ်ဆက်ကာ မြင်း နှစ်ကောင်ကို ကူညီထိန်းကျောင်းပေးကြသည်။

ဝန်စည်စလယ်များကိုလည်း ဗိုလ်တဲပေါ်သို့ သယ်ပို့ပေး ကြသည်။

'ဖေဖေနဲ့သွားတွေ့ကြယင် ကောင်းမယ် ကိုပိုက်ထွေး။ ဒီ... နေရာကို မြန်မာပြည်ထဲက ဘယ်သူမှ မရောက်ဖူးကြဘူး။ ဖေဖေ တော့ သိပ်အံ့ဩနေမှာပဲ။ ပေါက်ကျော်မရေ....၊ ကလေးကို ခေါ်သွားပြီး နွားနို့တိုက်။ ပြီးတော့ မမရဲ့အိပ်ရာပေါ်မှာ သိပ်ထားလိုက်နော်....'

ကေသီက ပေါက်ကျော်မအား လှမ်းပြောလိုက်သောအခါ ပေါက်ကျော်မသည် အရုပ်ဆိုး အကျည်းတန်လှသော အပြုံး မျိုးဖြင့် ပြုံးပြနေလေ၏။

ကေသီက ကျွန်တော်တို့ကို အိမ်ကြီးရှိရာသို့ ပန်းခင်းများမှ တဆင့် ခေါ်ဆောင်သွားသည်။

သီလာ စာပေ



ဦးသက်ရှည်ကတော့ ကျွန်တော့်ကို လက်တဘက်မြှောက်ပြ ပြီး ဗိုလ်တဲပေါ်သို့ တက်သွားပါတော့၏။

ကျွန်တော်သည် ပျဉ်ထောင်အိမ်ကြီးပေါ်သို့ ကြီးမားသော လှေကားမှတဆင့် တက်လာရသည်၊

ကြမ်းပြင်မှာ သေချာစွာ တိုက်ချွတ်ထားသဖြင့် ပြောင် လက်နေသည်။

ဧည့်ခန်းမှာ ကျယ်ဝန်းပြီး နံရံများပေါ်တွင် သားကောင် များ၏ ဦးချိုများ၊ သားရေများဖြင့် ပြည့်နှက်နေတော့ သည်။

ပြတင်းပေါက်များကို ဖွင့်လှစ်ထားသဖြင့်လည်း အလင်း ရောင်က ကောင်းစွာရနေသည်။

ထိုအခန်းကို လွန်သောအခါ အတန်ကျယ်ဝန်းသောအတွင်း ခန်းကို ရောက်ပြန်၏။

အတွင်းခန်းထဲတွင်....

နံရံကပ် စာအုပ်စင်ကြီးကို တွေ့ရပြီး အင်ဆိုက်ကလိုပီးဒီး ယား(ခေါ်) စွယ်စုံကျမ်းကြီးများနှင့် စာအုပ်ထူထူများကို တွေ့ရပါ၏။

အခန်းထောင့်တွင် စားပွဲတလုံး ရှိသည်။

စားပွဲအနီးရှိ ခုံတင်ပေါ်တွင် အံပင်တွေ၊ မုတ်ဆိတ်တွေ ဖွတ်ဆွတ်ဖြူနေသော အဘိုးအိုတယောက်သည် ငြိမ်သက်စွာ လဲလျောင်းနေပါ၏။

သီလာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



'သမီး....ကေသီ၊ ပြန်ရောက်လာပြီလား။ ဘယ်တွေများ လျှောက်သွားနေတာလဲကွယ်။ သမီးများ လမ်းပျောက်နေသလားလို့ ဖေဖေ ပူသိုက်ရတာကွယ်'

နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ မှန်သော်လည်း ထိုအသံမှာ ဦးဘော်စကို၏ အသံဖြစ်ကြောင်း ကျွန်တော် ကောင်းစွာ မှတ်မိနေသည်။

ထို့အပြင်....

ဦးဘော်စကိုတယောက် သစ္စာမဲ့သူ၏စွန့်ပစ်မှုကြောင့် ဇာတ်မြုပ် တွက်ခွဲ ဘော့ရှန်း ကျွန်တော့်အဖေအား လာနှုတ်ဆက်သည်ကိုလည်း သတိရလာသည်။

ထိုညမှာပင် ကျွန်တော့်အမေနှင့် အစ်မသုံးယောက် သေဆုံးခဲ့ရလေသည်။

ဦးဘော်စကိုတို့ သားအဖသည်လည်း သေ့ငယ်အစီးဖြင့် စပ်တောင်းမြစ်အတိုင်း စုန်ဆင်းသွားကြသည်။

ယခုမူ....

ဆန့်ကျင်ဘက် အရပ်တွင် ပြန်လည် ဆုံတွေ့နေကြရလေပြီ။

'သမီး လမ်းမပျောက်ပါဘူး ဖေဖေ။ မြေပြန့်ကညော့်သည်တွေ တွေ့လာလို့ပါ'

ကျွန်တော် ရှေ့တိုးလိုက်ရာ ပြတင်းတံခါးမှ အလင်းရောင်သည် ကျွန်တော့်ကိုယ်ပေါ်သို့ ဆင်းလင်းစွာ ကျရောက်လာသည်။

---



အဘိုးအိုက လှဲနေရာမှ ဖြည်းညင်းစွာ ထ,၍ထိုင်လေသည်။

အဘိုးအို၏ အပြုအမူမှာ ယဉ်ကျေးသိမ်မွေ့ပြီး ခန့်ညားသပ်ရပ်လှသည်။

မျက်လုံးတွေက စူးရှနက်မှောင်ပြီး ဆင်းရဲဒုက္ခများကို ကြာမြင့်စွာ ခံစားသာရပုံ ပေါ်နေသည်။

မျက်နှာမှာ ဖြူရော်ရော်ဖြစ်နေပြီး ကျန်းမာရေးကောင်းဟန် မတူပေ။

'ကြွပါသူငယ်....ကြိုဆိုပါတယ်။ ကျုပ်ဟာ ဒီလို လူသူမနီးတဲ့အရပ်မှာ ဇာတ်မြုပ်နေတာ ကြာပြီဆိုတော့ မြေပြန့်က လူတွေကို မတွေ့ဖူးတာ ကြာပါပြီ။ မှောင်ရင့်ကိုကြည့်ရတာ မြေပြန့်သား တယောက်ပဲ ထင်ပါရဲ့'

'ဟုတ်ပါတယ် ခင်ဗျား။ ကျွန်တော် တောင်ငူသားပါ'

ကျွန်တော့်အသံကို ကြားရသောအခါ အဘိုးအိုသည် အံ့အားသင့်သွားပါ၏။

'တောင်ငူ....ဟုတ်လား။ ဒီစကားဟာ အင်မတန် နာကျည်းစရာကောင်းတဲ့ စကားလုံးပဲ။ ဒီစကားကို ကျုပ် မေ့ထားတာ ကြာပြီ။ ဒီသူငယ်ကို သမီးကများ ပြောမိသေးသလားပဲ'

'ဖေဖေ မှာထားလို့ ကျွန်မ ဒီစကားကို မရေရွတ်မိပါဘူး'

ကေသီက ကြေကွဲနေသော လေသံဖြင့် ဝင်ပြောသည်။

ကျွန်တော်က ဝမ်းနည်းကြေကွဲဖွယ် အရိပ်မည်းကြီးမှ သွတ်မြောက်စေလိုသဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပါ....ဦးခင်ဗျား။ ဦး....မမေ့သေးဘူး ဆိုယင်တော လွန်ခဲ့တဲ့၁၅-နှစ် အနှစ်နှစ်ဆယ်လောက်က ဦးဟာ ဦးအခင်ဆုံး မိတ်ဆွေတယောက်ဆီကို ညကြီးမင်းကြီး လာနှုတ်ဆက်တာကို မှတ်မိမှာပါ။ အဲဒီနေ့မှာ ဦးက ခရီးထွက်တော့မလို့ နှုတ်ဆက်တယ်လေ။ အဲဒီညမှာပဲ ဦးမိတ်ဆွေရဲ့ဇနီးနဲ့ သမီးသုံးယောက်ဟာ ပလိပ်ရောဂါနဲ့ ကွယ်လွန်သွားကြတယ်။ ဦးနဲ့ ဟောဒီကကောသီဟာလဲ လှေတစင်းနဲ့ စစ်တောင်းမြစ်အတိုင်း စုန်ဆင်းသွားကြတယ်'

ထိုအခါ....

အဘိုးအိုမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

'ဦးရဲ့.... မိတ်ဆွေနာမည်က ဦးအောင်ဒင်ပါ....။ သူ့မှာ သားလေးတယောက်ပဲ ကျန်ခဲ့တာကို ဦး.... မှတ်မိပါလိမ့်မယ်....'

အဘိုးအိုသည် များစွာ ရွှင်လန်းလာသည်။

'မှတ်မိပြီ။ မှတ်မိပြီ။ ကိုအောင်ဒင်ဟာ ဦးရဲ့ အခင်မင်ဆုံးနဲ့ သစ္စာအရှိဆုံး မိတ်ဆွေပဲကွယ်။ သူ့မှာသားတယောက်ပဲ ကျန်ခဲ့တယ် ဟုတ်လား။ သူ့သားလေးက သမီးကိုမီးလောင်ရာက နေ ဝင်ကယ်ခဲ့တာပဲ....'

'ဟုတ်ပါတယ်။ ဦးအောင်ဒင်ရဲ့သား မောင်ပိုက်ထွေးဆိုတာ ကျွန်တော်ပါပဲခင်ဗျာ။ ကျွန်တော်ဟာ တရုတ်ပြည်ကို ကျ ရောင်းကုန်ဝယ် သွားမယ်ဆိုပြီး ဗန်းမော်မြို့ကတဆင့် တ လာရာကနေ အန္တရာယ်ဒုက္ခ အမျိုးမျိုးနဲ့ ကြုံခဲ့ရပါတယ်





နောက်ဆုံး ဒီရွာကိုရောက်အောင် ကောသီက ကယ်တင်လာတာပါ....'

အဘိုးအိုသည် ဖြည်းညင်းစွာလျှောက်လာပြီး ကျွန်တော့်ပခုံးကို ရင်းနှီးစွာ ဖက်ထားတော့သည်။

'သြော်....ကိုအောင်ဒင့်သားကိုး....။ ကြည့်စမ်း....တကယ့်လူကြီးလူကောင်းတယောက် ဖြစ်နေပါပြီရောလား။ မောင်ရင်က ကောသီထက် လပိုင်းလောက်ပဲကြီးမယ်ထင်ပါ့။ သြော်...ဒါနဲ့ ကိုအောင်ဒင်တယောက်ရောကွယ်....'

'ကျွန်တော့်ဖေဖေဆုံးသွားတာ လေးနှစ်လောက်ရှိပါပြီ။ ကျွန်တော်တို့ သားအဖနှစ်ယောက်တည်း နှစ်ပေါင်းများစွာ နေလာပြီးမှ ဖေဖေဟာ ကျွန်တော့်ကို စိတ်ချလက်ချ ပစ်ပြီး ခရစ်တော်ခေါ်ရာကို လိုက်သွားတော့တာပါပဲခင်ဗျာ....'

ဦးတော်စကိုသည် ကျွန်တော့်ဖခင် ကွယ်လွန်ပြီ ဆိုသဖြင့် စိတ်မကောင်းဟန်ဖြင့် စုတ်သပ်နေသည်။

ထို့နောက်....

ခုတင်ပေါ်သို့ ပြန်ထိုင်သည်။

'ကိုအောင်ဒင်တော့ ဆုံးရှာပြီကိုး....။ ဒါနဲ့ မောင်ရင်ဒီကို ရောက်လာပုံကို ဦးကြားချင်လို့ တဆိတ်လောက် ရှင်းပြပါဦးကွယ်....'

၀....၀

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ဗန်းမော်မှတဆင့် မစ္စတာအာသာနှင့် အတူ တရုတ်ပြည်သို့ ထွက်ခွာလာပုံ၊ လမ်းတွင် ရန်ဆိုင်းတို့ လူစုကြောင့် မစ္စတာအာသာသေရပုံ၊ ကျွန်တော်နှင့် ရန်ဆိုင်း ခါးချင်းယှဉ်ခုတ်ပုံ၊ ထို့နောက် ကျွန်တော်နှင့် ဦးသက်ရှည်သည် နန့်ဝီခေလးကိုခေါ်ကာ ခရီးကြမ်းကြီးအတိုင်း ပြေးလာကြရပုံများကို ရှင်းပြရလေတော့၏။

'နောက်ဆုံးတော့ ကျွန်တော်တို့ဟာ အင်အားပြတ်လပ်ပြီး အသက်ငင်နေတုန်းမှာပဲ ကေသီနဲ့ ကံကြိုက်ခတွေ့ဆုံခဲ့လို့ အသက်ရှင်နေသခဲ့ကြရတာပါ။ ကေသီသာ ကျွန်တော်တို့ကို မတွေ့ယင်

သီလ၀ ၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သုံးယောက်ဟာ လဲကျနေတဲ့နေရာမှာပဲ ပြန်မထနိုင်ကြတော့ပဲ သေကြရမှာပါ....'

ဦးဘော်စကိုက မျက်မှောင်ကြုတ်လိုက်သည်။

'ကေသီနဲ့ကြုံကြိုက်တွေ့ဆုံတယ်လို့ မောင်ရင်ပြောတယ်ပေါ့။ ဟုတ်လား မောင်ပိုက်တွေးရဲ့။ တကယ်ဆိုတော့ မတော်တဆ ကြုံကြိုက်တွေ့ဆုံတာမဟုတ်ဘူးကိုယ့်လူ။ ဘုရားသခင်က မတွေ့တွေ့အောင်လို့ ဖန်တီးပေးလိုက်တာပါကွယ်။ ဘုရားသခင်က ကျုပ်တို့ချင်း ဆုံသင့်တယ်လို့ ယူဆတော်မူဟန်တူပါရဲ့။ ကျုပ်မိတ်ဆွေကြီး ကိုအောင်ဒင်ရဲ့သား မောင်ပိုက်တွေးကို ကျုပ်ကြိုဆိုပါတယ်။ ဒီမှာတော့ မောင်ရင်မြင်တဲ့အတိုင်းပဲ။ ရှိသမျှ ရောင့်ရဲကင်းတိမ်ပြီး နေတယ်။ သဘာဝကပေးတဲ့ ပျော်ရွှင်မှုကို ခံယူတယ်။ သဘာဝကို အလုပ်အကျွေးပြုတယ်။ မောင်ရင်လဲ ဦးတို့နဲ့အတူတူ နေနိုင်ပါတယ်။ မောင်ပိုက်တွေးကို ကြည့်ရတာ ဆာနေပုံပဲ။ သမီးရေ့၊ မောင်ပိုက်တွေးကို ကျွေးမွေးဖို့ လုပ်ပါဦးကွယ်။ တို့တတွေ နောက်နေ့ကျမှပဲ စကားတွေ တဝကြီး ပြောကြတာပေါ့'

ကေသီနှင့် ကျွန်တော် ဗိုလ်တဲကို ရောက်လာသောအခါ ဦးသက်ရှည်သည် ဇာန်ဝေါ်များကျွေးသည့် ထမင်းဟင်းများကို တဝတပြဲ ဗိုက်ကားအောင် စားပြီး တခေါခေါနှင့် အိပ်နေလေပြီ။

ကျွန်တော်ကား ဆာလောင်သည့်အပြင် ပင်ပန်းလှသောကြောင့် မူးဝေနောက်ကျိနေသည်။





ကေသီက ကျွန်တော့်ကို ရေတံလျှောက်မှ စီးကျနေသည့် စမ်းရေများအောက်တွင် ထိုင်ပြီး ရေချိုးစေသည်။

ထို့နောက်....သန့်ရှင်းသော အဝတ်များကို လဲလှယ်စေ၏။

ကျွန်တော် မှတ်မိသည်မှာ ကေသီတည်ခင်းကျွေးမွေးသော စားကောင်းသောက်ဖွယ်များကို တဝတပြဲ စားပြီး နေရာတွင်ပင် လှဲအိပ်လိုက်ခြင်းဖြစ်ပါ၏။

ကျွန်တော် အိပ်ရာကနိုးသောအခါ ဗိုလ်တဲပေါ်ရှိ သန့်ပြန့်သော ခုတင်တလုံးပေါ်တွင် ရောက်နေလေပြီ။

ကျွန်တော် မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ ကေသီကို တွေ့ရသည်။

ကေသီသည် တိုင်းရင်းသူများကဲ့သို့ပင် ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထားသည်။

မို့မောက်သော ရင်အစုံမှာ အင်္ကျီအောက်မှ ထိုးထွက်နေသည်။

ဂျက်ခုတ်ထဘီကိုမူ သားရေခါးပတ်ဖြင့် ပတ်၍ ဝတ်ထားသည်။

ကေသီသည် နန်းစီလေးကို လက်တဘက်က ဆွဲလာခြင်းဖြစ်ရာ နန်းစီလေးမှာ ရွှင်ပျမြူးထူးနေလေသည်။

'ဦးဦး....အိပ်လို့ကောင်းရဲ့လား....'

'ကောင်းပါတယ် သမီးရယ်....'

ကျွန်တော်က အိပ်ရာမှ ထရန် ပြင်သောအခါ ကေသီအား ကျွန်တော့်ရင်ဘတ်ကို လက်နှင့် အသာအရာ ဖိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှုပ်မသန်ဦး။ ရှင့်ကိုယ်တွေ ပူနေတယ်။ အဖျားသွေးရှိတယ်....'

ထိုအခါကျမှ ကျွန်တော့်ခေါင်းတွေ ကုန်နေတာ သတိပြုမိပါတော့၏။

ထိုအချိန်မှာပင် ပေါက်ကျော်မသည် နွားနို့တခွက်ယူလာပြီး ကျွန်တော့်ခုတင်အနီးရှိ စားပွဲပေါ်မှာ လာချပေးသည်။

ပေါက်ကျော်မသည် ကျွန်တော့်ကို အလိုမရှိဟန်ဖြင့် မျက်စောင်းထိုး၍ကြည့်နေသည်။

ကေသီက ကျွန်တော့်ကို နွားနို့တိုက်သည်။ ကေသီ အပြုအစု အယုအယများတွင် ကျွန်တော်သာယာနေသည်။

ထို့နောက်....

ကျွန်တော်သည် တပတ်ခန့်လဲ့ပြီး အနားယူနေရသည်။ ထိုအတောအတွင်း ကေသီက ကျွန်တော့်ကို ဂရုတစိုက် ပြုစုသည်။

ကျွန်တော်နှင့်သူသည် စကားတွေကို မမောနိုင် မပန်းနိုင် ပြောဖြစ်ကြပါ၏။

ကေသီသည် ဗန်းမော်သို့ နှစ်ခေါက်၊ မြစ်ကြီးနားသို့ နှစ်ခေါက်နှင့် တရုတ်ပြည်သို့ သုံးခေါက်မှအပ အခြားမြို့ရွာများသို့ ရောက်ဖူးခဲ့ခြင်း မရှိပေ။

သို့သော်....

ဦးဘော်စကိုက ကေသီ့အား အင်္ဂလိပ်စာနှင့် မြန်မာစာကို ကောင်းစွာ ရေးတတ်ဖတ်တတ်နိုင်အောင်သင်ကြားပေးခဲ့သည်။





ကေသီက ဇန်ဝေါ်များကို မြန်မာစာနှင့် စကားကို သင်ကြားပေးရသည်။

ကေသီသည် ဦးဘော်စကို၏ စာအုပ်များကို ဖတ်ရှုနေရသဖြင့် ဗဟုသုတမခေါင်းပါးလှပေ။

ဉာဏ်ရည်ထက်မြက်သော အမျိုးသမီး ဖြစ်သဖြင့်လည်း အတွေးအခေါ် ရင့်သန်သည်ကို တွေ့ရပါ၏။

o....o

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကောင်းစွာ ကျန်းမာလာသောအခါတွင်ကား ကျွန်တော်သည် ကေသီနှင့်အတူ ရွာထဲသို့ လှည့်လည်ကြည့်ရှုကြရပါ၏။

ဇန်ဝေါ်တို့၏ ရွာလေးမှာ ဆိုခဲ့ပြီးသည့်အတိုင်း များစွာ သပ်ရပ်သန့်ရှင်း လှသည်။

ဦးဘော်စကိုသည် ရွာသားများ၏ အားတက်သရောကူညီမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် များစွာ ဖြစ်ထွန်းလျက် ရှိသည်။

ကေသီသည် ကျွန်တော့်အား တိုင်းရင်းသားတောင်ပိုင်း ၃၀ ါအကြီးအကဲနှင့် မိတ်ဆက်ပေးသည်။

---

သီလ၁ ၁၁၉၀

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သွားလေရာကို နန်းစီလေးက လိုက်လာသကဲ့သို့ ကေသီ သွားလေရာကို ပေါက်ကျော်မက တကောက်ကောက် လိုက်သည်။

တနေ့တွင် ကျွန်တော်နှင့် ကေသီသည် ရွာအပြင်ဘက်အထိ လျှောက်လာကြသည်။

နန်းစီလေးသည် ကျွန်တော်တို့နှင့်အတူ ခုန်ပေါက်ဆော့ကစားပြီး လိုက်ပါလာသည်။

ပေါက်ကျော်မသည် ရှုံ့သိုးသိုးမျက်နှာဖြင့် ကျွန်တော်တို့ကို လိုက်လံစောင့်ကြည့်နေသည်။

ပေါက်ကျော်မသည် ကျွန်တော်က ကေသီ့အား တစ်စုံတရာ လုပ်မှာကို စိုးရိမ်ပူပန်နေဟန်ဖြင့် မျက်ခြည်မပြတ် ကြည့်ရှုနေသည်။

'ပေါက်ကျော်မကတော့ ကေသီ့ကို အလွတ်မပေးပါလား'

'သူက ကေသီ့ကို သိပ်ချစ်တယ်လေ...'

'သူ့ကိုကြည့်ရတာ ကျွန်တော်တို့ကို ရန်သူလို သဘောထားနေပုံပဲ'

'ဖေဖေကလွဲယင် ကျွန်မနဲ့ စကားပြောတဲ့ သူမှန်သမျှ သူ့ရန်သူပဲလေ။ ဒါပေမယ့်....သူက ကျွန်မစကား နားထောင်တယ် ရှင့်....'

ထို့နောက်....

ကျွန်တော်တို့သည် သင်္ချိုင်းကုန်းသို့ ရောက်လာလေတော့သည်။





သင်္ချိုင်းကုန်းတွင် မြေပုံလေးများမှာ လက်ဝါးကပ်တိုင်များ အစီအရီ ရှိနေကြသည်။

ကေသီက ရွာတွင်းမှ ထင်ရှားသူများ၏ မြေပုံများကို ညွှန်ပြသည်။

နန်းစီလေးကား သင်္ချိုင်းကုန်းအလွန်ရှိ ကျောက်ဖျာကြီးပေါ်တက်ဆော့နေလေပြီ။

'ဟိုဟာ ဦးပေါက်ကျော်ရဲ့မြေပုံပဲ။ သူ့ကို ဖေဖေက ကောင်းကောင်းမွန်မွန် ဆုတောင်းပြီး သင်္ဂြိုဟ်ပေးခဲ့တာ ရှင့်....'

ကေသီက ကျောက်တုံးများကို အုတ်ဂူသဖွယ် စီ၍တင်ထားသော သင်္ချိုင်းဂူတခုကို ပြသည်။

ကျွန်တော် စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ်မှာပင် အော်သံ၊ ဟစ်သံ၊ ဆူသံစရှိသော အသံဗလံပေါင်းစုံမှာ ချောက်ချားဖွယ် ကောင်းအောင်ပင် ပေါ်ထွက်လာပါတော့၏။

ထိုအသံများကို ကြားလိုက်သည်နှင့် ကျွန်တော်သည် ဆယ်ကောင်ထက်မနည်းသော မျောက်အုပ်တအုပ်ဖြစ်ကြောင်း သိရှိလိုက်ရပေပြီ။

မျောက်အော်သံများမှာ နန်းစီလေး ဆော့စကားနေသည့် ကျောက်ဖျာကြီး၏ အလွန်မှဖြစ်ရာ နန်းစီလေးအတွက် စိုးရိမ်ဖွယ်ပင် ဖြစ်နေတော့သည်။

'နန်းစီ...သမီးရေ...ဒီကိုလာခဲ့။ မျောက်တွေ လာနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိုးရိမ်တကြီး အော်လိုက်သောအခါ နန်စီလေးသည် ကျောက်ဖျာကြီးပေါ်မှ လန့်ဖျပ်၍ ခုန်ချပြေးဆင်းလာသော့၏။

ရုတ်ခြည်းပင် မျောက်ဆယ်ကောင်ခန့်သည် ကျောက်ဖျာကြီးပေါ်သို့ ခုန်ပေါက်၍ တက်လာကြသည်။

ထိုစဉ်မှာပင်....

ဆူညံသော အသံကြီးများကို ကြားလိုက်ရ ပြန်လေရာ မျောက်အုပ်ကြီးများသည် သင်္ချိုင်းကုန်း ပတ်ပတ်လည်တွင် ရောက်နေကြောင်း သတိထားမိရတော့၏။

'ဦးပေါက်ကျော်သေပြီးတဲ့နောက် ကျွန်မတော့ မျောက်တွေကို ကြည့်တောင်မကြည့်ခဲ့တော့ဘူး။ လုပ်ပါဦး ကိုပိုက်ထွေး။ ကျွန်မ ကြောက်တယ်'

ကေသီသည် ကျွန်တော့် လက်မောင်းအား တင်းတင်းဆုပ်ကိုင်ထားလိုက်သည်။

နန်စီလေးမှာလည်း ကျွန်တော့်ကို ပြေးဖက်ပြီး အသည်းအသန်ငိုကြွေးတော့၏။

ကျွန်တော်ကား ဘာလုပ်ရမှန်း မသိပေ။

ရွာပြင်ထွက်ရန် မရည်ရွယ်သဖြင့် သေနတ်လည်းပါမလာပေ....။

မျောက်များသည် သူတို့အချင်းချင်း ဆူညံစွာ အသံပြုကာ ကျွန်တော်တို့အနီးသို့ အကြောက်အရွံ့ အထိတ်အလန့် မရှိဘဲ ရဲတင်းစွာ ချဉ်းကပ်လာကြပေပြီ။





ကေသီသည် ကျွန်တော့်အား တိုး၍ဖက်ထားလေတော့သည်။ မျောက်များမှာ ကျွန်တော်တို့ လူစုအား ဆူညံစွာအော်ဟစ်ပြီး ဝိုင်းထားလေပြီ။

ပေါက်ကျော်မသည် ဤအဖြစ်ကို သဘောကျဟန်ဖြင့် တဟားဟား ရယ်မောနေပြီးနောက် တချက်လွှတ်၍ အော်လိုက်သည်။

အံ့သြစရာပင်....

မျောက်များ၏ လှုပ်ရှားမှုမှာ တန့်ကနဲ ရပ်သွားရပါတော့သည်။ ထို့နောက်....

ပေါက်ကျော်မ၏ ပါးစပ်မှအသံ၊ ဟောင်သံစသော လူတွေ မအော်နိုင်သည့်အသံတွေ ထွက်လာသောအခါ မျောက်ထီးကြီး တကောင်က ကျောက်ဖျာပေါ်တက်၍ အော်လိုက်ပြန်လေသည်။ မျောက်များသည် မျောက်ခေါင်းဆောင်ထံသို့ အလျိုလျို ပျောက်ကွက်သွားကြလေတော့ သတည်း။

ကျွန်တော်တို့လူစု ဗိုလ်တဲသို့ ပြန်ရောက်သောအခါ ဦးသက်ရှည်က ကျွန်တော့် လက်ကိုဆွဲပြီး သတိပေးတော့သည်။

'ဆရာ့သားလေးမောင်ပိုက်ထွေး။ မကောင်းဆိုးရွား လူတပိုင်း မျောက်တပိုင်း မိန်းမကို သတိထားပေ့။ ဒီဟာမဟာ မင်းရဲ့ 'နှင်းပန်းခဲ' လေးကို သိပ်ချစ်တယ်။ မနာလိုဝန်တိုစိတ်လဲကြီးတယ်။ သတိထားပေတော့။ မင်းရဲ့ နှင်းပန်းခဲလေးဟာ ဒီမျောက်မကြောင့်ကြမှုပြီး ကြွေကျသွားနိုင်တယ်နော်....'

၀....၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### မောင်ပိုက်ထွေးနှင့် မကေသီ

ကာလအတန်ကြာသောအခါ ကျွန်တော်သည် ဆန်းကြယ်လှပသည့် ဇန်ဒေါ်ရွာလေးတွင် နေသားကျ၍လာသည်။

ကျွန်တော်၏ ဘဝတသက်တာတွင် ကေသီနှင့်အတူ ထိုရွာလေးတွင် ပျော်ရွှင်မြူးထူးခဲ့ရသော အချိန်များလောက် အဖိုးတန်သည်ကို မတွေ့ခဲ့ရဖူးပေ။

ထိုအကြောင်းများကို ပြန်လည်စဉ်းစားသောအခါ ဖေ့းကြိုင်သောပန်းများကို ရှူရှိုက်ရသကဲ့သို့ပင် ကြည်နူးနှစ်သိမ့်ရလေသည်။

သို့သော်လည်း....

---

သီလ ၁၉၉၀

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးရိပ်လေးသည် ပူလောင်သောမီးမှုတဆင့် ပျံ့နှံ့လာသော အလင်းရောင်များကြောင့် အခါများစွာပင် လွင့်ပါးပျောက်ကွယ် သွားရပါတော့၏။

ကျွန်တော်သည် မကြာခင်မှာပင် ဇန်ဝေါတို့၏ စကားကို ကောင်းစွာ ပြောဆိုတတ်သွားတော့သည်။

ကေသီသည် မကျန်းမမာ ဖြစ်နေသော ဦးဘော်စကို ပြုစုနေရသဖြင့် ဇန်ဝေါရွာသားများအား စာမသင်ပေးနိုင်သည်မှာ ကြာလေပြီ။

ကေသီ၏တာဝန်ကို ကျွန်တော်က လိုလားစွာ လွှဲယူလိုက်သည်။

ဇန်ဝေါကလေးများနှင့် ယောကျ်ားမိန်းမများကို စာသင်ပေးခြင်းဖြင့် ရွာသားများသည် ကျွန်တော့်ကို ခင်မင်လာကြသည်။

ထို့အပြင်....

ကျွန်တော်သည် ဝါသနာကြီးလှသော လုပ်ငန်းကြီးတရပ်ကိုလည်း ဇန်ဝေါရွာတွင် တခါကြီး လုပ်ခွင့်ရနေပြန်သည်။ ထိုလုပ်ငန်းကြီးကား အခြားမဟုတ်ပေ။

အမဲလိုက်ခြင်းလုပ်ငန်းပင် ဖြစ်တော့သည်။

ကျေးရွာဝန်းကျင်မှ တောတောင်များတွင် ချေ၊ ဆတ်၊ ပြောင်၊ တောဆိတ်စသည့် တောကောင်များမှာ အလွန်ပေါများလှသည်။





ကျွန်တော်သည် နွားမထမ်းတကောင်ခန့်ရှိသော တောဆိတ်ကြီးတကောင်ကို ပထမဦးစွာ ပစ်ခတ်၍ရရှိလာရာ တရွာလုံးကိုပင် ဝေငှ ကျွေးမွေးရ၏။

ဇန်ဝေါတို့၏ ဓလေ့မှာလည်း အမဲသားကောင် ရရှိလျှင် တယောက်တည်းမစားပဲ အများကို ဝေငှ ကျွေးမွေးရသည့် ဓလေ့ဖြစ်သည်။

ပစ်ခတ်သူ မုဆိုးသည် ခေါင်းနှင့် မိုးခိုသားကိုသာ ရရှိမည်ဖြစ်သည်။

ပေါင်သားကို လူကြီးသူမများကို ပေးရမည်၊

ကလီဇာ ဝမ်းတွင်းသားမှာ အမဲဖျက်သူများ တပျော်တပါး ချက်စားရန် ဖြစ်သည်။

သို့နှင့်....

ကျွန်တော်သည် ဇန်ဝေါကျေးရွာ တရွာလုံးအား စားကောင်းသည့် အမဲဟင်းလျာများကို မကြာခဏ ရှာဖွေ ကျွေးမွေးနေသူအဖြစ် အများ၏ ချစ်ခင်မှုကို ရရှိနေလေတော့သည်။

ထို့အပြင်...

ဇန်ဝေါများသည်လည်း အခြား တောင်ပေါ်သားများကဲ့သို့ပင် မုဆိုးကို သူရဲကောင်းသဖွယ် ကြည်ညို လေးစားသူများ ဖြစ်ကြပါ၏။

ဇန်ဝေါအားလုံးပင် ဘောလိုက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝကို မုဆိုးများဘဝဖြင့် အန်တုလာကြသူများ၊ စိုက်ပျိုးရေးမလုပ်တတ်ခင်က တောလည်ခြင်းဖြင့်သာ အသက်မွေးလာသူများပီပီ ဇန်ဝေါ အချိုးသမီးအချို့ပင် အမဲလိုက်တတ်ကြပါသည်။

ဇန်ဝေါများကြားတွင် မုဆိုးဟု အခေါ်ခံရရန်မှာ တော်ရုံနှင့်မရပါ။

အားလုံးထက် ထူးချွန်စွာ အမဲသားကောင်ပိုရမှသာ ဖြစ်ပါမည်။

ကျွန်တော်သည် ဇန်ဝေါများအကြားတွင် မုဆိုးဖြစ်နေလေပြီ။

အချိန်များစွာတွင်ကား ကျွန်တော်နှင့် ကေသီသည် ရောက်တတ်ရာရာ စကားများ ပြောဆိုခြင်း၊ ကျေးရွာနှင့် စိုက်ခင်းများသို့ အတူတကွသွားလာခြင်းဖြင့် အချိန်ကုန်ရပါ၏။

ကျွန်တော်ကား ကေသီ၏ အလှကွန်ယက်တွင် ရုန်းမထွက်နိုင်အောင် တိမ်းမူး ညွတ်နူး၍ နေလေသည်။

ကို့ အတူ....

ကေသီသည်လည်း ယောကျ်ားပီသသော ကျွန်တော့်အား တွယ်တာနေသည်ဟု ကျွန်တော် တထစ်ချ ယူဆနေမိလေတော့သည်။

ကျွန်တော်တို့နှစ်ယောက်သည် တနေ့တာအဖို့ တကြိမ်မျှ မတွေ့ရသေးလျှင်ပင် တယောက်ကို တယောက် အငမ်းမရှာဖွေနေမိကြလေပြီ။





သို့နှင့်....

ရက်များသည် တပတ်ပြီးတပတ် ကုန်ဆုံးသွားသည်။

ကျွန်တော့်အချစ်များသည်လည်း တဖြည်းဖြည်း ရင့်မှည့်၍လာသည်။

ပေါက်ခကျော်မသည် ကေသီ့နောက်သို့ တကောက်ကောက်လိုက်နေသော်လည်း ကျွန်တော်နှင့်ကေသီ ဆက်ဆံရေးကိုမူကား တားဆီးခြင်း မပြုနိုင်ပေ။

စင်စစ်....

ကျွန်ုပ်တော်တို့နှစ်ယောက်၏ အချစ်ကို မည်သူမျှ တားနိုင်မည်မဟုတ်ပါ။

ကြာတော့လည်း ရင်မှာ မမျိုသိပ်နိုင်တော့ပါ။

ရင်မှာ ခံစားရသမျှတွေ ပေါက်ကွဲ အန်ထွက်လာသည့်နေ့ကိုဆိုက်ရောက် ရတော့၏။

စဉ်းစားကြည့်ပြန်တော့လည်း ကေသီတယောက် ကျွန်တော့်ကို အရေးပေးနေခြင်းမှာ ကျွန်တော်တို့ မရောက်ခင်က ဖော်မဲ့စွာ တကိုယ်တည်း နေခဲ့ရသောကြောင့်လား မသိပေ၊

ကေသီသည် ကျွန်တော်နှင့် စကား ပြောနေရတာကို သဘောကျသည်။

ကျွန်တော်နှင့်အတူ လျှောက်လည်ရတာကို ကြည်နူးနေလေသည်။

သို့သော်....ကျွန်တော်တို့သည် အတိအလင်း ချစ်သူများအဖြစ် ရောက်ရှိရေးကိုတော့ တိတ်တခိုး စောင့်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက ငွေလထိန်ထိန်သာသည်။

ညစာစားပြီးချိန်တွင် ကေသီသည် နန်းစီလေးကို ချော့သိပ်ရသည်။

ထို့နောက်....

ဦးဘော်စကိုအား စာအုပ်တအုပ် ဖတ်ပြရသည်။

ထိုအချိန်တွင်...

ဦးသက်ရှည်သည် ဇန်နဝါရှိသားများထံ သွားရောက်လည်ပတ်နေသည်။

ဦးဘော်စကို အိပ်ပျော်သွားသောအခါ ကျွန်တော်နှင့် ကေသီသည် ဗိုလ်တဲရှေ့ရှိ ပန်းခြံတွင်းကို ဆင်းလာကြသောသည်။

ကေသီသည် ကျွန်တော် ညနေက ခူးပေးခဲ့သော နှင်းဆီပွင့်ကြီးကို လှပစွာ ပန်ဆင်ထားဆဲပင်။

ကေသီသည် ဤကဲ့သို့လျှင် ကျွန်တော်ခူးပေးသမျှ ပန်းတွေကို ပန်ဆင်နေတာ ကြာလေပြီ။

ကျွန်တော်နှင့် သူသည် ခုံတန်းလျားလေးတွင် အတူထိုင်ကြသည်။

ပေါက်ကျော်မကို မတွေ့ရသဖြင့် ကျွန်တော့် စိတ်ထဲ၌ အနှောင့်အယှက် ကင်းနေသည်။

စင်စစ်....

ကျွန်တော်နှင့် ကေသီသည် ဖွင့်ပြောစရာပင် မလိုတော့ပေ။





ချစ်ကြပြီးသားပင် ဖြစ်သည်။

ဦးဘော်စကိုသည် အချစ်မရှိသော နေရာကို ရှာဖွေလာသည်။

သို့သော်....

အချစ်မရှိသောနေရာမှ အချစ်က ပို၍ ချိုမြိန်နေတော့သည်။

အဝေးမှ စမ်းကျရေစီးသံသည် သာယာစွာ ထွက်ပေါ်နေသည်။

ညသည်....

လှပတင့်မောဖွယ်ကောင်းပြီး နွေးထွေး၍ နေလေတော့သည်။

လသည်....

ရုတ်တရက် မိုးတိမ်အုပ်စု တစုအောက်ကို ရောက်သွားပြန်သည်။

သို့သော်....

တိမ်မည်းညိုတို့၏ အနားတလျှောက်တွင် ငွေရောင်တောက်ပနေသဖြင့် လ ရှိမှန်းတော့ သိနိုင်သည်။

ကေသီက သူ့ဘဝကို အေးမြသော အသံလေးဖြင့် သွမ်းဆွတ်ဖွယ်ကောင်းအောင် ပြောပြနေသည်။

'တခါတခါတော့လဲ ကျွန်မဟာ အဖော်မဲ့ပြီး နေသိုပ်တော ညည်းငွေ့လွန်းလို့ တနေရာကို ထွက်သွားရ ကောင်းလေးလို့ ရူးရူးမိုက်မိုက် တွေးမိတယ်။ ဒါပေမယ့် ဖေဖေကို



www.burmeseclassic.com

www.burmeseclassic.com



ပင်ပြီး ထွက်သွားဖို့ဆိုတာက ဘယ်မှာ ဖြစ်နိုင်ပါ့မလဲရှင်...။ ဒီတော့ ပျော်သလိုပဲ နေရတော့တာကလား....'

'အခုရော နေရထိုင်ရတာ ပျော်ရဲ့လား'

'ကိုပိုက်ထွေး ရောက်လာပြီဆိုတော့ ကျွန်မ အဖော်ရနေပြီပဲ'

တသက်လုံး အဖော်လုပ်ပါရစေဟု ကျွန်တော် ပြောလိုက်ရကောင်းမလား...။

သို့သော်....

ကျွန်တော်သည် ထိုအသက်ထိုအရွယ်အထိ ချစ်စကားကြိုက်စကား ပြောဖူးသူမဟုတ်ရကား ဘယ်ဝယ်ကစ၍ ဘယ်လိုပြောရမည်ကို မဆုံးဖြတ်နိုင်ပါချေ။

'ကိုပိုက်ထွေးသာမရှိယင် ကျွန်မဘဝဟာ ခြောက်သွေ့နေမှာပါပဲ'

'ကိုယ်လဲ ဒီလိုပါပဲ ကေသီရယ်...။ ခက်ခဲ ကြမ်းတမ်းတဲ့ဘဝလမ်းကို လျှောက်လှမ်းပြီး နားရတယ်လို့ မရှိခဲ့ပါဘူး။ အခု... ဒီရွာလေးကိုရောက်ပြီး ကေသီကို တွေ့ရမှပဲ ချမ်းမြေ့ခြင်း သုခကို ခံစားရတာပါကွယ်'

'တကယ်ပြောတာလား ကိုပိုက်ထွေး'

'တကယ်ပြောတာပေါ့ ကေသီရယ်'

'ဒီရွာလေးမှာ နေရတာ ရှင်....စိတ်ချမ်းသာတယ်နော်'

'အတိအကျပြောရယင် ဒီရွာလေးမှာ ကေသီနဲ့ အခုလို သွားသွားလာလာ နေရတာ ပျော်တယ်'





ကေသီက ကျွန်တော့်ကို မယုံသလို ကြည့်နေသည်။

'ဪ....ဒါနဲ့များ ရှင်က ဒီရွာက ဘယ်တော့ပြန်ရမလဲ မသိဘူးလို့ ပြောသေးတယ်နော်။ ရှင်....ဒီရွာလေးက ထွက်သွားချင်နေပြီပေါ့'

ကေသီ့စကားကြောင့် ကျွန်တော် ထိတ်သန့်သွားရသေးသည်။

'အို...ဒါ ကေသီ့ကို ဘယ်သူပြောသလဲ'

'ဘယ်သူပြောရမလဲ၊ ဦးသက်ရှည် ပြောတာပေါ့။ ဦးသက်ရှည်က ကေသီ့ကိုပြောတယ်။ မောင်ပိုက်ထွေးလဲ ဒီရွာက ပြန်ချင်နေပြီလား မသိဘူးတဲ့။ တငေးငေးတငိုင်ငိုင်နဲ့တဲ့....။ ဘာလဲ ရှင်က မြေပြန့်ကို လွမ်းနေပြီလား'

ကျွန်တော် ကျိတ်ပြုံးလိုက်မိသည်။

ဦးသက်ရှည်ကား သိကွာကြီးတွေ ဆည်နေသည့် ကျွန်တော်တို့ နှစ်ယောက်အား မြွှားနတ်မောင်လုပ်၍ ထွေပေးသွားလေပြီ။

'ကေသီက ဦးသက်ရှည်ကို မေးကြည့်တယ်၊ ကိုပိုက်ထွေးမှာ အိမ်သူရှိလားဆိုတော့ ရှင့်ကိုပဲ မေးကြည့်ပါလားတဲ့၊ ပြောစမ်းပါဦး။ ရှင့်မှာ မိန်းမရှိတယ် မဟုတ်လား'

'ဘယ်ကလာ ဟုတ်ရမှာလဲ ကေသီရယ်။ ဒီလူကြီး မဟုတ်တာတွေ လျှောက်ပြောသွားတာပါ။ ကိုယ့်မှာ မြေပြန့်ကို လွမ်းစရာလဲ မရှိရပါဘူး။ ကေသီရှိနေသရွေ့ ဒီရွာကလဲ ထွက်မသွားနိုင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပြောတာလား'

'တကယ်ပေါ့'

'ကိုပိုက်တွေးသာ ဒီရွာက ထွက်သွားယင် ကေသီ လွမ်းကျန်ခဲ့ရမှာ'

ကျွန်တော်တို့ နှစ်ယောက်သည် တယောက်ကိုတယောက် စူးစိုက်၍ ကြည့်နေမိသည်။

ကေသီ့ မျက်နှာလေးမှာ လ,ရောင် ဆမ်းထားသဖြင့် ရွှန်းပနေသည်။

ချစ်ရည်လဲ့သော မျက်ဝန်းများကသည်း တဖလက်လက်တောက်ပြောင်နေသည်။

လေအေးများက ခပ်ကြမ်းကြမ်း တိုးဝှေ့လိုက်သောအခါ ကျွန်တော်တို့နှစ်ယောက်သည် တယ်လိုဖြစ်သည်မသိ။

တယောက်နှင့်တယောက် တင်းကျပ်စွာ ဖက်ထားလိုက်မိကြပါတော့သတည်း....။

၁....၁

ကျွန်တော်တို့၏ နှလုံးသားလွင်ပြင်များသည် နယ်နိမိတ်ပင်ထောင်ရှိပဲ တသားတည်း ဆက်သွားတော့သည်။

ချစ်မြေတွင် ချစ်ပန်းတော့ ငွားငွားစွင့်စွင့် ဖူးပွင့်နေလေပြီ....။

ကျွန်တော်နှင့် ကေသီသည် ဖွင့်ဟပြောစရာမလိုပဲ ချစ်ခြင်းတရားကို လက်ခံလိုက်ကြလေပြီ။

ထို့နောက်....

ကျွန်တော်တို့ နှစ်ယောက်သည် တယောက်ကို တယောက် ရွှန်းရွှန်းစားစား ကြည့်နေမိကြပြန်သည်။

---

သီလ၀ ၁၁၈၀

www.burmeseclassic.com

www.burmeseclassic.com



တယောက်ရင်ခုန်သံကို တယောက်က ကြားနေရသည်မှာ လိုက်ဖိုယစ်မူးဖွယ် ကောင်းလှသည်။

'အချစ်....'

ကျွန်တော့် နှုတ်ခမ်းများက အင်အားစိုက်ထုတ်ရခြင်း မရှိပါပဲ ထူးခြားဆန်းပြားသော တစုံတရာသည် ခုန်ထွက်သွားသည်။

ထိုအရာကား....

အချစ် ဖြစ်သည်။

'မောင်...'

ကေသီသည် ကျွန်တော့်ကို လှိုက်လှဲစွာဖြင့် တမ်းတလိုက်သည်။

သူ့အသံလေးမှာ ကျွန်တော့်အဖို့ စောင်းတော်သံလို ချို နေသည်။

'အို....မောင်ရယ်....။ အခုတော့ ကေသီ သိပါပြီရှင်။ ဘာဖြစ်လို့ ကေသီဟာ ဖော်မဲ့ဘဝမှာ အထီးကျန်ဖြစ်နေရတယ်ဆိုတာရယ်။ အဖော်ကင်းမဲ့တဲ့ဘဝက ဘယ်လို ရုန်းထွက်ရမယ်ဆိုတာရယ်ကို ကေသီ သိပါပြီရှင်။ တကယ်တော့ လောကကြီးဟာ သာယာပါတယ်။ လောကသားတွေကြောင့်သာ လောကကြီး အလှပျက်နေရတာပါ။ ဖေဖေဟာ အချစ်ကို နာကျည်းသွားတယ်။ အချစ်မရှိတဲ့နေရာကို ရှာတယ်။ ဒီနေရာကို ဖေဖေက အချစ်မဲ့တဲ့နေရာလို့ ထင်နေတာ။ ဒါပေမယ့်_





လောကကြီး သာယာနေတဲ့အကြောင်းကို ကေသီ တွေ့ပြီ။ အဲဒါကတော့ အချစ်မရှိတဲ့နေရာက အချစ်ပါပဲရှင်'

ကျွန်တော်တို့ နှစ်ယောက်သည် တင်းကျပ်စွာဖက်တွယ်ထားမိပြန်သည်။

ထို့နောက်....

ကျွန်တော်သည် ကေသီ့ ပါးပြင်ကို ကြူကြူမွှေးမိလေသည်။

ကျွန်တော်တို့သာ ရင်ခုန်ဖွယ်သော အထိအတွေ့နှင့် အနမ်းပန်းများကြားတွင် မိန်းမောသာယာနေမိကြသည်။

'တကယ်တော့ အချစ်ဆိုတဲ့အသံကို မကြားရသေးမချင်း ကေသီ ဘာမှ နားမလည်ဘူး။ မောင့် နှုတ်ခမ်းက အချစ်ဆိုတဲ့အသံကိုလဲ ကြားလိုက်ရရော ကေသီ့အသည်းထဲက ဟာင်းလောင်းပွင့်သွားတယ်။ ပြီးတော့ ပုစ္ဆာရဲ့အဖြေကို ချက်ချင်းတွေ့သွားတယ်။ မောင်နဲ့ကေသီ ရင်ကွဲတော့မကွဲနိုင်ဘူးဆိုတာ ကေသီ ယုံတယ်။ ဒီညလေးကို မမေ့ပါနဲ့ရှင်ရယ်။ လာပါ... သွားကြပါစို့။ ကေသီ့ရင်ထဲမှာ တမျိုးပဲ။ ဒီအထိကြည်နူးလာရတာလေးတွေ ပျက်သွားမှာ စိုးတယ်ကွယ်'

ကျွန်တော်သည် အိပ်မက်ထဲက လူတယောက်ပမာ ကေသီ့လက်ကိုဆွဲပြီး မတ်တတ်ရပ်လိုက်သည်။

ထိုသို့ရပ်လိုက်စဉ်မှာပင်....

ကျွန်တော်တို့အနီးရှိ ချုံဖုတ်ထဲတွင် လူရိပ်သဏ္ဍာန်တခုကို တွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စကားမပြောနိုင်ပဲ အံ့အားသင့်ကာကြည့်နေမိသည်။

ထိုစဉ်မှာပင်....

လေကတိုက်လိုက်ရာ လရောင်သည် ပန်းချုံနောက်တွင် ထင်းကနဲ ဖြစ်သွားသည်။

ကျွန်တော် မြင်လိုက်ရသည်ကား ဖွေးဖွေးဖြူနေသော ပေါက်ကျော်မ၏ မျက်နှာကြီးပင်တည်း။

လူတပိုင်း မျောက်တပိုင်း သတ္တဝါမ၏ မျက်နှာမှာ ချောက်ချားဖွယ်ကောင်းလောက်အောင် တင်းမာခက်ထန်နေပါ၏။

ကျွန်တော်သည် စကားမပြောနိုင်အောင် ဖြစ်နေလေတော့သည်။

ထိုစဉ်မှာပင်....

ပေါက်ကျော်မမှာ ပျောက်ကွယ်သွားတော့၏။

ကျောက်တုံးများ၏နောက်မှ မျောက်အူသံကြီးက ထိတ်လန့်စရာကောင်းအောင် ပေါ်ထွက်လာသည်။

'ဘာလဲမောင်....။ ဘာများ ထူးခြားတာ တွေ့သလဲ...'

ကေသီက ထိတ်သန့်ကြောက်ရွံ့ဟန်ဖြင့် ကျွန်တော့် လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး မေးသည်။

'ဘာမှ မဟုတ်ပါဘူး'

'စောစောက ဘာသံကြီးလဲ မသိဘူး။ အသည်းထိတ်စရာကောင်းလိုက်တာရှင်....'





စောစောက အသံကြီးမှာ ပေါက်ကျော်မက မျောက်လို အူသွားခြင်းသာ ဖြစ်မည်ဟု ကျွန်တော် တွေးမိပါလေတော့သည်။

သို့သော်....

'ရွာထဲက ကာလသားတွေ အော်သံပါ ကေသီ..'

ထို့နောက်....

ကျွန်တော်တို့သည် ဗိုလ်တဲဘက်ကို ဆောက်လာခဲ့ကြလေတော့သည်။

ကျွန်တော်က ကေသီ့ကို အိမ်ပေါ်အထိ လိုက်ပို့ပေးပြီး ပြန်ဆင်းလာသည်။

ကျွန်တော် ဗိုလ်တဲပေါ်တက်မည်ဆဲဆဲတွင် မှောင်မိုက်ထဲ၌ ရပ်တန့်နေသော ပေါက်ကျော်မကို မြင်လိုက်ရလေတော့သည်။

ကျွန်တော်လည်း သူ့အနီးသို့ တိုးကပ်သွားပြီး....

'ပေါက်ကျော်မ...ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့နှစ်ယောက် စကားပြောနေတာကို ချောင်းနားထောင်ရတာလဲ'

ပေါက်ကျော်မက ပါးစပ်ဖွင့်လိုက်ရာ လရောင်ထဲတွင် သူ့သွားသည်ဖွေးကနဲ လက်သွားပါ၏။

'မမကို ကျွန်မ စောင့်ရှောက်လာတာ ၁၅ နှစ်ဘောင်ရှိနေပြီ။ အခုမှပဲ ဘယ်ကမှန်း မသိတဲ့လူက ခိုးသွားမှာ စိုးရိမ်ရတော့တယ်။ ရှင့်လို ခြေသလုံးအိမ်တိုင် လူဆိုးတယောက်ရှိနေသရွေ့ ကျွန်မစောင့်ကြည့်နေရမှာပဲ။ ရှင်ဟာ ပန်းခြံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကောသိ့ကို ဖြားယောင်းတယ်။ ရှင် တယ်အာတင့်ရဲပါသား။ နှင်းပန်းခဲလေးကို ရှင် ဘာဖြစ်လို့ နမ်းရတာလဲ’

‘ကျုပ်က ကောသိ့ကို ချစ်လို့နမ်းတာပဲ။ သူကလဲ ကျုပ်ကို ချစ်တယ်။ အဲဒါကြောင့် နမ်းကြတာ။ ခင်ဗျားနဲ့ ဘာဆိုင်လဲ။ ခင်ဗျား ဘာလုပ်ချင်လဲ’

ကျွန်တော်က ဒေါသသွက်စွာဖြင့် ပြောမိသည်။

ပေါက်ကျော်မက ခပ်အုပ်အုပ်ကျိတ်၍ ရယ်မောလိုက်သေသည်။

‘ရှင်က ကောသိ့ကို ချစ်လို့ ဟုတ်လား။ ကျွန်မကလဲ ကောသိ့ကို ချစ်တာပဲ။ ကောသိဟာ ကျွန်မကို မျောက်တွေလက်ထဲက ကယ်ဆယ်ထားတာရှင့်။ ကျွန်မဟာ သူ့လိမိန်းမဘဝယောက်ပဲ။ ရှင်က ယောကျ်ား။ ရှင်နဲ့ ကောသိနဲ့မတူဘူး။ ကျွန်မနဲ့ကောသိသာ တူတယ်။ ရွာထဲက လူတွေကတော့ မိန်းမချင်း ချစ်တာထက် မိန်းမနဲ့ ယောကျ်ားချစ်တာက ပိုကောင်းသတဲ့တော့။ ဒါဟာ အလကားပါ။ သူတို့မသိလို့ ပြောတာ။ ဒီတော့ ပိုချစ်တတ်သူချင်း ချစ်ကြတာပဲ ကောင်းပါတယ်....။

‘ဒီမှာ ကိုပိုက်ထွေး....။ ရှင်က ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်နေတာပေါ့လေ။ ကျွန်မဟာ ကောသိ့ကို အခင်မတန်လှပတဲ့ ပန်းတွေပေးခဲ့တယ်။ ကျောက်တောင်တွေ၊ သစ်ပင်အမြင့်ကြီးတွေပေါ်က ရှားရှားပါးပါး သစ်ခွတွေ ယူပေးတာရှင့်။ ရှင်တို့ မတတ်နိုင်တဲ့နေရာက





ယူပေးတာ။ ရှင်ပေးတာက လွယ်လွယ်ကူကူရတဲ့ နှင်းဆီပွင့်ပါ။ ကောသိက ရှင့် နှင်းဆီတွေကို ခေါင်းပေါ်တင်တယ်။ ကျွန်မပန်းတွေကို ပစ်ထားတယ်...။

‘ကျွန်မ သူ့ကိုခေါ်ယင် သူ မကြားဘူး။ ဘယ်ကြားမလဲ၊ ရှင့် အကြောင်းစဉ်းစားနေတာကိုး။ ရှင့် အသံက ခပ်ဝေးဝေးက တိုးတိုးလေး ကြားတော့ ကောသိ ပြုံးတယ်။ ငယ်ငယ်က ကောသိဟာ ကျွန်မကို နမ်းတယ်။ အခုတော့ သူ့ကို ရှင်နမ်းနေတော့ သူဟာ ကျွန်မကို နမ်းဖို့မေ့သွားပြီ။ အို...ကျွန်မ အကုန်မြင်တယ်။ ရှင်ဟာ ကောသိ့ကို စုံအတတ်နဲ့ လှည့်စားနေတာ။ ကျွန်မရဲ့ရင်ထဲက ကောသိ့ကို ခိုးယူသွားဖို့ကြံစည်နေတာပါ....။

‘သတိသာ ထားပေတော့ ကိုပိုက်ထွေး....။ ရှင့်ကို ကျွန်မ ကောင်းကောင်းကြီး လက်စားချေမယ်။ ရှင်ဟာ ကျွန်မကို လူတပိုင်း မျောက်တပိုင်း မိန်းမဆိုပြီး မုန်းနေတာပေါ့လေ။ ရှင်ဟာ ကျွန်မကို လူရာမသွင်းဘူး။ ရှင့်တပည့်လူဆိုးကြီးကလဲ ကျွန်မကို မျောက်မလို့ ခေါ်ခဲ့တယ်။ ဟုတ်တယ်။ ကျွန်မဟာ မျောက်တွေနဲ့ နေခဲ့တာပါ။ မျောက်တွေဟာ လိမ္မာတယ်။ ရှင်....မသိတာတွေကို မျောက်တွေကသိတယ်။ ကျွန်မက ပိုသိတယ်။ ဘာလို့လဲဆိုတော့ လူ့စကားတတ်လို့ပဲ...။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ကိုပိုက်တွေး....။ ကျွန်မခြောက်သော ရှင်တို့ကို မျောက်တွေက အန္တရာယ်မပေးခဲ့တာပါ။ ဒါကို ရှင်တို့က ကျေးဇူး မတင်ဘူး၊ ရှင့်ကို သတိပေးလိုက်မယ်။ သတိသာ ထားပါ။ တနေ့ကျယင် ရှင်ကောင်းကောင်း ကြီး ဒုက္ခရောက်ရစေ့မယ်....'

ပေါက်ကျော်မသည် ခက်ထန်သောအကြည့်ဖြင့် တချက်လှမ်းကြည့်ကာ မှောင်ရိပ်ထဲဝင်၍ ပျောက်ကွယ်သွားတော့၏။ ပေါက်ကျော်မ၏ မျောက်အော်သံနှယ်သော မပီကလာပီကလာ စကားသံများသည် ကျွန်တော့်ရင်ထဲတွင် ပဲ့တင်ထပ်၍ ကျန်ခဲ့သည်။

ကျွန်တော်သည် အတန်ကြာအောင်ပင် ရပ်တန့်၍ စဉ်းစားနေမိသည်။

မိန်းမများသည် ယောကျ်ားများထက် ပိုမို၍ မနာလိုဝန်တိုစိတ် ရှိကြသည်။

ယောကျ်ားများတွင်လည်း စိတ်သဘောထား ကြီးသူများထက် သဘောထား ငယ်သူများက ဝန်တိုမိစ္ဆာစိတ် ရှိကြသည်။ ယင်းသို့....

သဝန်ကြောင်ကာ မစ္ဆရိယစိတ်လွှမ်းကဲခြင်းကို လူများမှာထက် တိရစ္ဆာန်များတွင် ပို၍တွေ့တတ်ကြသည်။

ပေါက်ကျော်မသည် တိရစ္ဆာန်စိတ် ဝင်နေသူ ဖြစ်ရကား ကျွန်တော်နှင့်ကေသီ ချစ်ကြိုက်နေခြင်းကို မနာလိုဝန်တိုစိတ် ဖြစ်နေမည်မှာ မလွဲကောန်ပင်တည်း။





ထိုနေ့ညက ကျွန်တော်သည် တော်ရုံနှင့် အိပ်မပျော်ပေ။ ထို့ကြောင့်....

နေမြင့်မှ နိုးတော့သည်။

သို့သော်....

ဦးဘော်စကိုနှင့် ကေသီသည် လက်ဖက်ရည် ဝိုင်းဖြင့် ကျွန်တော့်ကို စောင့်နေကြသည်။

ခြံထွက်ကော်ဖီမှာ မွှေးကြိုင်နေသည်။

နွားနို့ ခဲစစ်များကလည်း မလိုင်အနှစ်တွေ အများကြီး တက်နေသည်။

ကေသီ၏ ပြုံးစစအမူအရာလေးကို ကြည့်ရခြင်းအားဖြင့် ကေသီသည် ဦးဘော်စကိုအား ကျွန်တော်တို့ အကြောင်းကို ပြောပြပြီးပြီဟု ကျွန်တော် ရိပ်မိသည်။

ကေသီက ကျွန်တော့်ကို ချစ်စဖွယ် မျက်စပစ်ပြသည်။ ဦးဘော်စကိုမမြင်အောင် လဲ မေးလေးငုံ့ပြသည်။

'လာစမ်းပါဦး မောင်ပိုက်တွေးရဲ့....'

ဦးဘော်စကို၏ လေသံသည် ကျွန်တော့်အသည်းနှလုံးကို သိမ့်သိမ့်ခါသွားစေသည်။

ကျွန်တော်က ခုံတလုံးတွင် ရှုန္ဓေရရ ဝင်ထိုင်လိုက်သည်။

'မင်းတို့နှစ်ယောက် ချစ်ကြိုက်နေကြတယ်ဆို။ မင်းက ကေသီ့ကို ချစ်သတဲ့။ မင်းကိုလဲ ကေသီက ချစ်သတဲ့။ အဲဒါဟုတ်သလား....'

ကျွန်တော် ဘာမှမပြော့ပေ။ ခေါင်းငုံ့၍သာ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား....ပြောစမ်းပါဦးကွ။ မင်းကသော ကျွားလုပ်ပြီး ရက်နေရသလား။ ပြောစမ်းပါဦးကွ။ မင်း ကေသီ့ကို မြတ်နိုးရဲ့လား....'

ကျွန်တော် ရက်ပြုံးပြုံးလိုက်သည်။

'ကျွန်တော် ကေသီ့ကို တကယ်ချစ်ပါတယ်။ သူ့အပေါ် သစ္စာရှိစွာနဲ့ မြတ်နိုးနေမိပါတယ်။ ကမ္ဘာပေါ်မှာ ကေသီက လွဲယင် ဘယ်သူ့ကိုမှ မချစ်ပါဘူးခင်ဗျာ'

'မင်းမှာ သားကြီးမယားကြီး ရှိသလား....'

'မရှိပါဘူး ခင်ဗျ....'

'အေးလေ....မေးသာမေးရတာပါ။ ကိုအောင်ဇင့်သားဟာ မဟုတ်တာတော့ မလုပ်ဘူးဆိုတာ ဦးသိပြီးသားပါ။ တကယ်တော့ အိမ်ထောင်ရေး၊ အချစ်ရေးဆိုတာဟာ အင်မတန် စိတ်ညစ်စရာကောင်းတာကလား။ ဒါက ဦးကိုယ်တွေ့ပဲ။ အဝ တုန်းကတော့ ပူဆွေးတဲ့စိတ်နဲ့ အချစ်မှန်သမျှကို စိတ်ကုန်နေမိ တယ်။ တယူသန်ဆိုပါတော့ကွယ်။ တကယ်တော့ ဒါဟာ သစ္စာမရှိတဲ့သူကြောင့်ကွယ့်။ အချစ်မှာ သစ္စာတရားဟာ သိပ် အရေးကြီးတယ်။ ချစ်ယင် တကယ်သစ္စာရှိရမယ်။ တကယ် ချစ်မှလဲ တကယ် သစ္စာရှိနိုင်တယ်....'

ဦးဘော်စကိုသည် အရက်တကဲ့အကျိုးနည်း ကြုံတွေ့ရသဖြင့် လူ့ယဉ်ကျေးမှုများနှင့် ကင်းဝေးရာအရပ်တွင် လာရောက် ဇာတ်မြုပ်နေရပုံကို ရှင်းပြပါတော့၏။

---

သီလဝ ၈၁၉၀



ဒေါ်မေရီအား အသက်တမျှ ချစ်ခဲ့ရပုံ၊ ဒေါ်မေရီ ...ယောက် ဦးလှအောင်နှင့် ဖောက်ပြန်နေသည်ကိုပင် စိတ် ...ချမ်းသာမှာစိုးသဖြင့် ခွင့်လွှတ်ခဲ့ပုံ၊ နောက်ဆုံး ဒေါ်မေရီ ...သည် သမီးလေး ကေသီကိုပါ မငဲ့ညှာပဲ စွန့်ခွာသွားပုံတွေကို ...မ်းနည်းစွာဖြင့် ပြောပြနေသည်။

အချစ်တွင် သစ္စာမရှိပါက စိတ်ဆင်းရဲခြင်းကိုသာ ကြုံရ ...ကြောင်းလည်း ရှင်းပြသည်။

ကျွန်တော်တို့အား ပြောဆိုစရာ စကားများကို ကုန်ခင် ...အောင် ပြောဆိုပြီးနောက် ဦးဘော်စကိုက....

'မင်းတို့နှစ်ယောက် သဘောတူ ချစ်ကြိုက်နေပြီ ဆိုတော့ ...ာမယ့် တနင်္ဂနွေနေ့လောက်မှာ လက်ထပ်ပေးချင်တယ်။ ဘာ ...ခြင်လို့လဲဆိုတော့ ငါဟာ ဘယ်လောက်ကြာကြာ အသက်ရှင် ...နေမယ်ဆိုတာ ပြောရခက်လာလို့ပဲပေါ့။ ငါ...ဒီအရပ်ကို ...ရောက်ခဲ့က ရန်ကုန်ဘဏ်မှာ အပ်နှံထားတဲ့ငွေတွေ ရှိတယ်။ ...ရွှေနေတွေနဲ့ လဲထားတဲ့ ပစ္စည်းဥစ္စာတွေလဲရှိတယ်။ ကေသီ ...ာ တဦးတည်းသော သမီးဆိုတော့ အမွေစားအမွေခံပဲ။ ...ါသေပြီးတဲ့နောက်မှာ မင်းတို့ ဒီနေရာကနေ ပြန်ကြပေ ...တော့။ ဒီနေရာဟာ အန္တရာယ်ရှိတယ်။ ဇန်ဝေါ်တွေကို ငါ ...ဒီနေရာက ပြောင်းခိုင်းနေတာ ကြာပြီ။ သူတို့ကတော့ ကိုယ့် ...ဒေသကို စွဲလမ်းလို့ မပြောင်းနိုင်ကြဘူးကွယ့်။ မင်းတို့ ငါ့ ...ကားအတိုင်း လိုက်နာပါ့မယ်လို့ ကတိပေးနိုင်ပါ့မလား....'

---

သီလာ ၈၁၉၀



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က....

'ကတိပေးပါတယ် ဦးခင်ဗျာ'

သို့သော်.... ကေသီက....

'သမီးတို့ ဒီနေရာက ဘာဖြစ်လို့ ပြောင်းရမှာလဲ ဖေဖေ'

'စစ်ပဲပေါ့။ အခု တို့များဟာ အင်္ဂလိပ်မင်းလက်အောက်မှာ နေကြရတယ်။ ဇန်ဝေါတွေဟာ သူတို့ကိုယ်သူတို့ အင်္ဂလိပ်လက်အောက်မှာဆိုတာကို မသိကြဘူး။ ဒီလိုပဲ....တရုတ်ပြည်ထဲမှာရှိတဲ့ ဟန်ဝါတွေဟာလဲ သူတို့ကိုယ်သူတို့ တရုတ်တွေရဲ့ လက်အောက်ခံဆိုတာကို မသိကြဘူး။ ဒါပေမယ့် ဇန်ဝေါတွေထက် ဟန်ဝါတွေက တိုးတက်နှုန်း မြန်တယ်။ ဟန်ဝါတွေဟာ ဇန်ဝေါတွေကို မျိုးဖြုတ်ပစ်ရမှ သူတို့တာဝန် ကျေမယ်လို့ ထင်နေတာ။ ဒီကိစ္စကို ဩဇာအာဏာရှိတဲ့ အစိုးရမင်းတွေက မပြုရှင်းမချင်း အေးမှာ မဟုတ်ဘူး။ တဘက်ဘက်က မျိုးပြုတ်မှအေးမှာ'

'ဒါကို အစိုးရတွေ လက်ပိုက်ကြည့်နေသလား'

'သူတို့ကိစ္စမှ မဟုတ်တာ'

'ဒါဆို ဇန်ဝေါတွေ မျိုးပြုတ်တော့မှာပေါ့'

'ဟန်ဝါတွေပါ ပြုတ်မှာသမီးရေ့။ ဟန်ဝါတွေက စစ်ပြင်နေတယ်။ နှစ်ဘက်စလုံးမှာ လူ လေးငါးရာစီလောက် ရှိတာဆိုတော့ ဒီလူမျိုးတွေဟာ တိမ်ကော ပပျောက်သွားမှာပဲ။ သူတို့ကိုကယ်တင်ဖို့ ဖေဖေ ကြိုးစားခဲ့ပြီးပြီ။ မရတော့ဘူး'

သို့နှင့်....





ကျွန်တော်တို့ နှစ်ယောက်သည် လက်ထပ်ပြီးပါက ဤရွာလေးမှ စွန့်ခွာသွားရန် ကတိပေးလိုက်ရပါတော့၏။

'ကောင်းပါလေရဲ့ကွယ်။ ငါတော့ လောကတရားကြောင့် အတော့ကို ပင်ပန်းနေပြီ။ အိပ်တက် အနားယူချင်ပြီ။ ဝိညာဉ်ရိပ်သာကို သွားလိုလှပြီ။ သားနဲ့ သမီးအပေါ်မှာ ဘုရားသခင်ရဲ့ ကရုဏာတော် သက်ရောက်ပါစေလို့ ဆုတောင်းပါတယ်ကွယ်။ ကဲ....ကဲ....လုပ်စရာရှိတာ လုပ်ကြပေတော့။ ငါတော့ လှဲနေလိုက်ဦးမယ်'

ထို့နောက်....

ဦးဘော်စကိုသည် သမ္မာကျမ်းစာအုပ်ကိုဖတ်၍ အိပ်ရာပေါ်တွင် လှဲနေလေတော့၏။

ကျွန်တော်တို့ နှစ်ယောက်မှာကား မင်္ဂလာပွဲအတွက် ဆွေးနွေးယင်း မျိုးတုန်းတော့မည့် ဇန်ဝေါများအတွက် စိတ်ပူယင်းဖြင့် အချိန်တွေ ကုန်သွားရပါတော့၏။

၀....၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### မကောင်းဆိုးရွားတို့၏ တိုက်ခိုက်ခြင်း

'အင်း....ဆရာ့သားလေး မောင်ပိုက်ဆွေးလဲ ဒွံတော့မှာပါလား'

နောက်တနေ့တွင် ဖြစ်သည်။

ကျွန်တော်က ကောသီနှင့် လက်ထပ်တော့မည့် အကြောင်းကို ဦးသက်ရှည်အား ဖွင့်ပြောလိုက်သည်။

ဦးသက်ရှည်သည် စဉ်းစဉ်းစားစား အမူအရာနှင့် မှတ်ချက်ချခြင်း ဖြစ်သည်။

'အင်း....ငါကတော့ တနေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ကြိုသိပြီးသားပါ။ မြောက်စူးစူးအရပ်ကိုသွားဖို့ မင်းကို တိုက်တွန်း



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တုန်းက စကားတွေကို လူလေး မှတ်မိမှာပါ။ ဒီခရီးမှာ ပျော်ရွှင်မှုကို တွေ့ရမယ်။ ဝမ်းနည်း ကြေကွဲမှုကိုလဲ တွေ့ရမယ်။ ဝမ်းနည်းကြေကွဲမှုကိုကြောက်ပြီး ပျော်ရွှင်မှုကို မစွန့်လွှတ်နဲ့ဆိုတဲ့ သဘောမျိုးတွေ ငါပြောခဲ့တယ်ထင်ပါရဲ့။ မင်းရဲ့ နှင်းပွင့်ခဲလေးကို ယောကျာ်းတကာက အရူးအမူး ဖြစ်နေကြတာပါ။ အခုဆိုယင် ဇန်ဝေါတွေက မင်းရဲ့ ကောသိလေးကို နှင်းပွင့်ခဲလို့ ခေါ်နေကြတယ်နော်။ မင်းအဖို့တော့ နှင်းပွင့်ခဲလေးကို လည်မှာဆွဲထားနိုင်ပြီ။ ဒါပေမယ့်လူလေး။ ပညတ်သွားရာ ခေတ်သက်ပါသတဲ့ကွယ့်။ နှင်းပွင့်ခဲဆိုတာ နေရှိန်ထိယင် ပျော်ကျပြီး ပျောက်ကွယ်သွားတာပဲ။ တခါ ငါပြောဖူးပါတယ်။ နှင်းပွင့်ခဲလေးဟာ ကြေမွပြီး ကြွေကျသွားမယ်လို့....'

မင်္ဂလာယူရမည့်အချိန်တွင် ကျက်သရေမဲ့လှသော ဦးသက်ရှည်၏ စကားများကြောင့် ကျွန်တော့်မှာ များစွာ စိတ်ဆိုးသွားရပါတော့၏။

'ဦးသက်ရှည်....ခင်ဗျားရဲ့ ပါးစပ်ပုပ်ကြီးကို ပိတ်ထားယင် ကောင်းမယ်ဗျ'

ကျွန်တော်သည် ချောက်ချားစွာဖြင့် ဦးသက်ရှည်ကို ငေါက်ငမ်းလိုက်မိသည်။

ဦးသက်ရှည်၏ စကားများမှာ ကျွန်တော့်ကို အမှန်တကယ်ပင် ထိတ်လန့်တုန်လှုပ်စေပါသည်။

ဦးသက်ရှည်ကား ခပ်အေးအေးပင်။





'တကယ်တမ်း အစစ်အမှန်ကို ဟောကိန်းထုတ်နိုင်တဲ့ လူတယောက်အဖို့ အမှန်အတိုင်းပဲ ပြောတတ်ပါ လူလေး။ ဒါဟာ အကောင်းဆုံးပါ။ အဆိုးကို ကြိုသိထားတာဟာ ခံနိုင်ရည်အတွက် ကောင်းပါတယ်။ ဘဝဆိုတာဟာ ဆုံးရှုံးရမှုပဲ မဟုတ်လား။ ဘဝဆိုတာ အရှုံးတွေနဲ့ ပြည့်နေတယ်။ နောက်ဆုံး ဘဝတခုလုံးတောင် ပျောက်ကွယ်ပြီး ဆုံးရှုံးရသေးတာပဲ။ ဒါကို တချို့က သေလွန်ခြင်းတဲ့။ လူတွေနားလည်တဲ့ ဘဝကို သေလွန်ခြင်းဆိုတဲ့ စည်းရိုးနဲ့ ပိုင်းထားတယ်။ စည်းရိုးရဲ့တဘက်ကို လူတွေက မသိဘူး။ မသေသူပဲ သိတယ်ကွယ့်'

ဦးသက်ရှည်၏ စကားများမှာ မင်္ဂလာမရှိမှန်း သိသော်လည်း ကျွန်တော်ကား သူ့စကားတွေကို နားလည်လှသည် မဟုတ်ပေ။

သို့သော်....

သူ့ကို ကျွန်တော် မထားမြစ်မိပါ။

ဦးသက်ရှည်သည် အဝေးကိုငေးယင်း စကားဆက်ပြန်လေသည်။

'မင်းအနေနဲ့ ရေစီးယာန်ဘာသာဝင် ဖြစ်နေတဲ့အပြင် အဲဒီ ရေစီးယာန်ဘာသာကိုပါ ရေဆုံးရေဖျား လိုက်စားသူမဟုတ်လေတော့ ပြောရယင် နားလည်မှာမဟုတ်ဘူး။ မင့်အဖေကိုယ်တိုင်လဲ ဒီလိုပဲ။ သူ့စကားအရ ဦးတော်စကိုနဲ့ တွေ့လို့သာ နှစ်ခြင်းခံလိုက်ပေမယ့် ဦးဘော်စကိုနဲ့လဲ ကွဲသွားရော ဘာမှ မဟုတ်တော့ဘူး။ တခုရှိတာက ဘယ်ဘာသာမဆို သေခြင်း



www.burmeseclassic.com

www.burmeseclassic.com



တရားကို လက်ခံတယ်။ သေခြင်းတရားကို ဘယ်သူမှ ငြင်းလို့မ
ဘူး။ မင်းကို မင်းအဖေမသေခင်တုန်းက ပြောခဲ့တာတွေ
သတိရမှာပေါ့ လူလေး။သေခြင်းဆိုတာ ခြံစည်းရိုးပဲ။ဒါပေမယ့်
လူတိုင်းအတွက် ခြံစည်းရိုးက တခုတည်းမဟုတ်ဘူး။ တခုပဲ
တယောက်နဲ့တယောက် မတူဘူး။ နှင်းပွင့်ခဲလေးပဲဖြစ်ဖြစ်
မင်းပဲဖြစ်ဖြစ် ခြံစည်းရိုးကို အယင်ကျော်သွားယင် သေကဲ့
တော့တာပဲ။ နေရာတကာမှာ တူချင်လို့တော့ မရဘူး လူလေး
ရေ...'

ကျွန်တော်ကား သူ့စကားကို စိတ်ဆိုးရမည့်အစား သ
လေးသံနှင့် သူ့အမူအရာကြောင့် ဝမ်းနည်းပမ်းနည်းကြီး ဖြ
လာသည်။

သူပြောသလိုပင် ကျွန်တော်သည် ဘာသာရေးကို အလေး
ထားသူ မဟုတ်သဖြင့် တရားဓမ္မ သံဝေဂဆန်သော အခေါ်
အခေါ်များကို နားမလည်နိုင်ပါလေ။

'မိုး...ဘာ့ကြောင့်ရွာသလဲ။ ဖားအော်လို့ ရွာတယ်လို့
ကလေးတွေက ဖြေလိမ့်မယ်။ တချို့က နတ်သမီးတွေငို
တဲ့။ ဘာပဲဖြစ်ဖြစ် မိုးရွာယင် ရေတွေဟာ စီးဆင်းပြီး
ပျောက်ကွယ်သွားတယ်။ ရေစက်ရေပေါက် အားလုံး
ပင်လယ်သမုဒ္ဒရာတွေထဲ စီးဝင်တယ်။ သမုဒ္ဒရာရေတွေဟာ နေ
ရှိန်ကြောင့် ပေါ့ပါးပြီး မိုးတိမ်တွေဖြစ်လာတယ်။ မိုးတိမ်
တွေက တခါ မိုးရွာဦးမယ်။မင်း...ပဋိစ္စ သင်ခဲ့ဖူးပြီ။ဒါ
သဘာဝရဲ့ သံသရာပဲ။ ဒီလိုပဲ ခြံစည်းရိုးတခု လွန်ပြီး





နောက်ထပ် ခြံစည်းရိုးတခု ရှိလာဦးမယ်။ နေပူရှိန်ကြောင့် နှင်းပွင့်ခဲလေး အရည်ပျော်သွားမှာကို ပူဆွေးမနေနဲ့။ နေဝင်သွားတဲ့ တနေ့မှာ နှင်းပွင့်ခဲလေးဟာ ပြန်ပြီး တောက်ပဦးမှာပါ။ တကယ်တော့ လူသားတွေ မသိကြသေးတာ အများကြီးပါကွာ'

ကျွန်တော်သည် ဦးသက်ရှည်၏ စကားတွေကို နားထောင်နေရာမှ တစုံတရာကို မေးမြန်းလိုစိတ် ပေါ်လာပါ၏။

'ဒါနဲ့ ဦးသက်ရှည်...ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ'

'လူလေးက ဘယ်လောက်လို့ ထင်သလဲကွယ့်'

ကျွန်တော်က ခေါင်းခါလိုက်သည်။

'ကျွန်တော် မခန့်မှန်းတတ်ဘူး။ကျွန်တော် ငယ်ငယ်တုန်းက ဦးသက်ရှည်ဟာ ဒီအရွယ်ပဲ။ အခုလဲ ဒီအရွယ်ပဲ'

'ငါ့မှာက ခြံစည်းရိုးတခုနဲ့တခုက သိပ်ဝေးတယ်။ အသက်ဆိုတာ ဘာလဲ။ နှစ်အရေအတွက်နဲ့ ပြောမလား။ နှစ်ဆိုတာ ဘာလဲ။ ၁၂-လကို တနှစ်လား။ ၂၄-လကို တနှစ်လို့သတ်မှတ်ယင်ရော မရဘူးလား။ ဒီတော့ ငါ့အသက်ကို ၄၀-လို့ ငါက ပြောမယ်။ ဒါပေမယ့် နှစ်ပေါင်း၄၀ဆိုတဲ့ နေရာမှာ တနှစ်ကို ၁၂-လ မဟုတ်ဘူး ကလေးရေ'

ကျွန်တော် စိတ်ရှုပ်သွားသည်။

ဦးသက်ရှည်က သဘောကျစွာ ရယ်နေသည်။

သူ...ရယ်သောအခါ ဘာကြောင့်မှန်းတော့မသိ၊ ကျွန်တော့် စိတ်ထဲတွင် ကျေနပ်သလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ...ဦးသက်ရှည်။ ကျွန်တော် ခင်ဗျားကို ပြောရဦးမယ်။ မနေ့ညက ကျွန်တော်နဲ့ ကေသီတို့ ပန်းခြံထဲမှာ စကားပြောနေတော့ ပေါက်ကျော်မက ချောင်းပြီး နားထောင်သဗျ။ သူ့ကို ကျွန်တော် မြင်လိုက်တာဆိုတော့ ကျွန်တော်လဲ ပြောင်ပဲ မေးလိုက်တယ်။ သူက ကျွန်တော့်ကို ခြိမ်းခြောက်သွားပါရောလား'

ကျွန်တော်က ပေါက်ကျော်မ ပြောခဲ့သည့် စကားများကို ဦးသက်ရှည်အား မှတ်မိသရွေ့ ပြန်ပြောလိုက်သည်။

'ဆရာ့သားလေး မောင်ပိုက်တွေ၊ ဒီ....လူဘပိုင်း မျောက်ဘပိုင်း မိန်းမဟာ မကောင်းဆိုးရွားပါလို့ ငါ....ပြောခဲ့သားပဲ။ သူဟာ မျောက်တွေရဲ့နို့ကို စို့လာပြီး မျောက်စိတ် ပေါက်နေတာ။ ဒီသတ္တဝါမျိုးကို မထားရဘူး။ သတ်ပစ်ရမယ်။ မသတ်ချင်ယင်လဲ သီးခြားလှောင်အိမ်နဲ့ ထားရမယ်။ လူတွေနဲ့ ရော မထားရဘူး။ သူဟာ အဘက်နိုင်ဆုံး မင်းကို ရန်ပြုမှာ အသေအချာပဲ ဒါပေမယ့် စိတ်မပူပါနဲ့။ ဒီမျောက်မဟာ မင်းကို ရန်မပြုနိုင်ပါဘူး။ ငါလဲ ရှိနေတာပဲဥစ္စာ။ ကဲ ..စကားပြောလို့ ကောင်းပါရဲ့....။ နှင်းပွင့်ခဲလေးက မင်းကို စောင့်နေပြီ....။ သွားစမ်းပါ....။ နှင်းပွင့်ခဲလေးနဲ့အတူ ကြည်နူးမှုတွေကို ယူစမ်းပါ'

ဦးသက်ရှည်၏ တိုက်တွန်းချက်ကြောင့် ကျွန်တော်သည်း ကေသီထံသို့ ထွက်လာရပါတော့၏။

ထိုနေ့တွင်....





ကျွန်တော်သည် ကေသီနှင့်သာ အချိန်ဖြုန်းနေလိုက်လေသည်။

နောက်ရက်များတွင်လည်း ဤအတိုင်းပင် ဖြစ်လေတော့သည်။

မင်္ဂလာရက် မတိုင်ခင်တွင်ကား ကျွန်တော်သည် နွားပေါက်နီးနီးရှိသော ဘောင်ဆိတ်ကြီးတကောင်ကိုပစ်ခတ်ရရှိပြန်လေရာ မင်္ဂလာဧည့်ခံပွဲအတွက် တရွာလုံးကိုကျွေးမည့် အမဲဟင်းလျာမှာ ပိုမိုစုံလင်သွားရပါတော့၏။

လက်ထပ်ပွဲ၏ အကြိုညဖြစ်သော နေ့ခင်းညကို ရောက်ရှိလာသေပြီ။

ကျွန်တော်သည် ကျေးရွာရှိ ကာလသားများအား အရက်ခေါင်ရေများကို ဒကာခံပြီး ဘောင်ဆိတ် ပေါင်တပေါင်ကို ပေးထားလိုက်သဖြင့် ကာလသားဝိုင်းမှာ စည်ကားနေတော့သည်။

ဇန်ဝေါ လုံမပျိုလေးများက ကေသီ့ကို နောက်ပြောင်ကျီစယ်နေကြသည်။

ထို့နောက်...

မိုးရွာလာသဖြင့် ကျွန်တော်နှင့် ကေသီသည် အပြင်မထွက်နိုင်တော့ပေ။

တမင်းစားဆောင်အတွင်းရှိ ခုံရှည်တလုံးတွင် အတူတကွ ယှဉ်တွဲပြီး ချစ်စကားတွေ လှိုင်လှိုင် ပြောနေရပါ၏။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



ဦးဘော်စကို ရောက်လာပြီး သူငယ်စဉ်က ကြုံခဲ့ဖူးသည့် ဒေသန္တရဗဟုသုတ ဘာသန္တရဗဟုသုတများကို မဆုံးနိုင်အောင် ပြောတော့၏။

အတိုးကြီးမှာ သမီး၏ အိမ်ထောင်ရေး ချောမောစွာ အောင်မြင်တော့မည့်အရေးကို တွေးပြီး များစွာ စိတ်ချမ်းသာနေဟန် ရှိသည်။

ဦးဘော်စကိုသည် စကားကို ဝအောင် ပြောပြီးနောက် ဓမ္မသစ်ကျမ်းစာသစ်ကို အသံကျယ်သောင်စွာ ဖတ်ပြလေသည်။

အချစ်ကြောင့် နီးကြွားတက်ကြွနေသော ကျွန်တော်နှင့် ကေသီကား ကျမ်းစာဖတ်သံကြားရသောအခါ အိပ်ငိုက်လာလေတော့၏။

ဦးဘော်စကိုသည် ကျွန်တော်တို့ အိပ်ငိုက်နေမှန်း သိသဖြင့် ကျမ်းစာကို ပိတ်ပြီး နှုတ်ဆက်တော့သည်။

ဦးဘော်စကို အိပ်ရာဝင်သွားပြီးနောက် ကျွန်တော်လည်း ကေသီကို အနမ်းဖြင့် နှုတ်ဆက်ကာ ဗိုလ်တဲသို့ ပြန်ရလေတော့သည်။

ဗိုလ်တဲပေါ်ရှိ ကျွန်တော်၏ သီးသန့်အိပ်ခန်းထဲဝင်လိုက်သောအခါ ဦးသက်ရှည်တယောက် တံခါးဝအလွန်တွင် အိပ်ပျော်နေတာ တွေ့ရသည်။

ကျွန်တော်လည်း တံခါးကို သေချာစွာ ချက်ချပိတ်ပြီး အိပ်ရာပေါ် လှဲလိုက်မိသည်။





ဦးသက်ရှည်ကိုယ်တိုင်လည်း ကျွန်တော့်အား စောင့်ကြပ်အိပ်နေသည့်အပြင် အခန်းမှာ လုံခြုံစိတ်ချရခြင်း၊ သေနတ်များလက်တကမ်းတွင် ရှိခြင်းကြောင့် ကျွန်တော့်စိတ်ထဲတွင် မသိမသာ ပေါ်နေသော ကြောက်စိတ်များ လွင့်ပါးသွားရပါတော့၏။

အိပ်ရာထဲရောက်သောအခါ ကျွန်တော့် ကောင်းစွာ အိပ်မပျော်နိုင်သေးပါ။

မနက်ဖြန်တွင် ကြုံရတော့မည့် မင်္ဂလာပွဲအတွက် တွေးယင်းမျက်စိတွေ ကြောင်နေမိသည်။

မိုးစက်မိုးပေါက်များသည် သက်ကယ်ကို အစည်းလိုက်ထပ်ပြီး ထူထဲစွာ မိုးထားသည့် ခေါင်မိုးပေါ်သို့ တပျောက်ပျောက်ကျလျက်ရှိသည်။

လောကဓာတ်တခုလုံးကား အမှောင်ထု၏ အောက်တွင် ပြားပြားဝပ်နေလေပြီ။

ဦးသက်ရှည်၏ စကားများကို သတိရလာသောအခါ ကျွန်တော်သည် ချောက်ချား၍ လာပြန်သည်။

နောက်မှ....

ဦးသက်ရှည်ကား ရှူးကြောင်ကြောင်တည်းဟု တွေးကာ စိတ်ဖြေရသည်။

ကျွန်တော်သည် ဘယ်အချိန်တွင် အိပ်ပျော်သွားမှန်း မသိချေ။

သို့သော်....



www.burmeseclassic.com

www.burmeseclassic.com



ဘိုနေ့ညက မက်ခဲ့ရသည့်အိပ်မက်ကိုတော့ ကျွန်တော် တသက်လုံး မမေ့နိုင်တော့ပေ။

ယခု ဤစာကို ရေးသားနေချိန်မှာပင် ထိုအိပ်မက်ကို ပြန်လည်သတိရလာလေရာ ကြက်သီးမွေးညင်းပင် ထသွားရပါတော့၏။

အိပ်မက်ထဲတွင် ကေသီနှင့်ပတ်သက်၍ တွေ့ရသမျှကား ကြောက်မက်ဖွယ်ရာအတိပင် ဖြစ်သည်။

အိပ်မက်ထဲတွင် ကျွန်တော်နှင့်ကေသီ ဝတ်ကောင်းစားလှများ ဝတ်ကာ လက်ချင်းချိတ်၍ လမ်းလျှောက်နေကြသည်။ ထိုအထိသာဆိုလျှင် အိပ်မက်သည် အိပ်မက်ကောင်းပင်တည်း။

မခမျှော်လင့်ပဲ ပေါက်ကျော်မသည် ရုတ်တရက် ပေါ်လာသည်။

သူ့လက်ထဲတွင်လည်း ဓားတချောင်း ပါလာလေတော့သည်။

ပေါက်ကျော်မသည် ထိုဓားဖြင့် ကျွန်တော့်အားထိုးစိုက်ချလိုက်လေရာ ကျွန်တော် မရှောင်ခင်မှာပင် ကေသီသည် ကျွန်တော့်အား ဓားချက်မှာ ကာကွယ်ပြီးသား ဖြစ်နေသည်။

သို့နှင့်...

ကေသီ့ရင်ဝတွင် ဓားတန်းလန်းစိုက်နေသည်ကို ကျွန်တော် တုန်လှုပ်စွာ မြင်ရတော့သည်။





ထိုမြင်ကွင်းကား အိပ်မက်နှင့်ပင် မတူ။

တကယ် ဖြစ်နေသလား အောက်မေ့လိုက်ရ လေတော့သည်။ ထိုစဉ်မှာပင်....

ကမ္ဘာမြေကြီးသည် တဖြည်းဖြည်း ကွဲအက်လာလေတော့သည်။

ကေသီသည် အော်ဟစ်ငိုကြွေးခြင်းမပြုပဲ • ချစ်ရည်ရွှန်းလဲ့သည့် မျက်ဝန်းများဖြင့် ကျွန်တော့်အား ကြည့်နေစဉ် ပတ်ကြားအက်ထဲလိမ့်ကျသွားတော့၏။

ပေါက်ကျော်မသည်လည်း ပတ်ကြားအက်ချောက်နက်ကြီးထဲသို့ ခုန်ဆင်းသွားတော့၏။

သူတို့နှစ်ယောက်အား ဝါးမျိုပြီးသည်နှင့် ပတ်ကြားအက်ကြီးသည် တံခါးတချပ်ကဲ့သို့ ပြန်လည်စေ့သွားပြန်လေတော့သည်။

ပတ်ကြားအက်ကြီး ပျောက်သွားသောအခါ ကမ္ဘာ့အလယ်တွင် ကျွန်တော်တယောက်တည်း ကျန်ရစ်ခဲ့တော့၏။

ကျွန်တော် လန့်နိုးလာသောအခါ ကျွန်တော့်တကိုယ်လုံး ချွေးတွေရွှဲနေသည်။

ကျွန်တော့်အပေါ်တည့်တည့်ရှိ ခေါင်းမိုးပေါ်တွင် မြွေသံလိုလို ကြားရသဖြင့် ကျွန်တော် မျက်စိဖွင့်ကြည့်လိုက်သောအခါ ခေါင်းမိုးသည် ဟင်းလင်းပွင့်နေလေပြီ။

မိုးလည်းတိတ်နေသည့်အပြင် တိမ်တွေပါ ကင်းနေသောကြောင့်လား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တပွင့်စနှစ်ပွင့်စကို မြင်လိုက်သည်။

ပေါက်ကျော်မသည်သက်ကယ်စည်းများကို ဖယ်ထားသဖြင့် ပွင့်နေပြီ ဖြစ်သော ခေါင်မိုးပေါက်မှ မျောက်တကောင်နှယ် လှုပ်ကနဲ လျှောဝင်လာသည်။

သူ့လက်ထဲမှ ဓားသည် ကြယ်ရောင်တွင် လက်ကနဲဖြစ်သွားသည်။

'သေပေတော့....'

ပေါက်ကျောက်မသည် ကျွန်တော့် ရင်ဝနှင့် တည့်တည့်သို့ ဓားဦးကို အောက်စိုက်ချိန်ရွယ်ကာ ကျွန်တော့် ကိုယ်ခန္ဓာပေါ်သို့ ခုန်ချလိုက်တော့၏။

အိပ်ရာပေါ်တွင် ပက်လက်လှဲနေမိသော ကျွန်တော့် အနေနှင့် ဘာမျှ မတတ်နိုင်ပါ။

မှင်တက်မိနေသဖြင့် လေထဲတွင် ဝဲကျလာတော ပေါက်ကျော်မကိုသာ အံ့အားသင့်စွာ ငေးကြည့်နေမိသည်။

လှုပ်ရှားရန်ပင် သတိမရ။

ထိုစဉ်မှာပင်....

ဦးသက်ရှည်၏ တစုံတရာအော်သံကို ကြားရလေတော့သည်။

ပေါက်ကျော်မ၏ ကိုယ်ခန္ဓာကြီးသည် ကျွန်တော့်အပေါ် ရောက်ခါနီးမှပင် ဦးသက်ရှည်သည် ပေါက်ကျော်မအား ကိုယ်လုံးဖြင့် တိုက်ပစ်လိုက်တော့သည်။





ထိုအခါကျမှ ကျွန်တော်လည်း ခုတင်ပေါ်မှ လိမ့်ချလိုက်မိလေရာ ပေါက်ကျော်မ၏ ဓားမှာ ခုတင်စောင်းတွင် ဒုတ်ကနဲ စိုက်သွားရပါတော့၏။

'သေနာကြီး....ဘာဝင်ရှုပ်တာလဲ....'

'မျောက်မ....ထွက်သွားစမ်း...'

ကျွန်တော်က မတ်တတ်ရပ်သောအခါ ဦးသက်ရှည်နှင့် ပေါက်ကျော်မသည် ဓားတစင်းစီကိုင်၍ ရင်ဆိုင် နေမိကြပေပြီ။

ထို့နောက်....

သူတို့နှစ်ယောက် သဲကြီးမဲကြီး ထိုးခုတ်ကြလေတော့ရာ ဓားသွားချင်း ထိခတ်သံများ တချွင်ချွင်နှင့် ပေါ်လာတော့သည်။

ဓားချင်းထိ၍ ထွက်ပေါ်လာသော မီးပွားများမှာလည်း တဖျပ်ဖျပ်နှင့် လျှပ်လက်သလိုပေါ်လာသည်။

ဦးသက်ရှည်၏သတ္တိနှင့် ခွန်အားဗလကို ကျွန်တော် သံသယ မရှိပေ။

သို့သော်...

ပေါက်ကျော်မ၏ခွန်အားဗလမှာကား ပြောချင်ပင် ယုံရခက်ခဲလှတော့သည်။

ပေါက်ကျော်မသည် ဦးသက်ရှည်အား ဓားဖြင့်လှဲ၍ ခုတ်လိုက်ရာ ဦးသက်ရှည်၏ဓားမှာ လွင့်စဉ်ထွက်သွားတော့သည်။

ထို့နောက်....



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်သည် ပေါက်ကျော်မအား လက်နက်မဲ့ခုခံနေတော့၏။ ပေါက်ကျော်မက ပိတ်ကန်လိုက်သလားမသိ။

ဦးသက်ရှည်သည် အင့်ကနဲ ညည်းညူကာ ဝုန်းကနဲ ပြိုကျသွားသည်။

'ငါသတ်ရမှ နင့်ကိုဟဲ့....'

ပေါက်ကျော်မသည် ဓားကိုဝင့်၍ ကျွန်တော့်ဘက်သို့ လှည့်လာလေပြီ။

ကျွန်တော်ကား မှောင်ထဲမှာပင် နောက်ကို တလှမ်းချင်း ဆုတ်နေရ၏။

'ကဲ....ဟယ်....ကဲဟယ်....'

ပေါက်ကျော်မက ကျွန်တော့်ကို ဆက်တိုက်ခုတ်ချလိုက်သောအခါ ကျွန်တော် အလွတ်ခုန်ရှောင်ရသည်။

ကျွန်တော်ကား နံရံနှင့် ကျောနှင့် ကပ်နေလေပြီ။

ကျွန်တော့်နောက်တွင် ထင်းရှူးပျဉ်ပြား နံရံသာရှိတော့သည်။

'နင် ငါ့လက်က လွတ်မတဲ့လား....'

ပေါက်ကျော်မသည် ကျွန်တော့်အား ပြေး၍ ဓားဖြင့်ထိုးလိုက်သည်။

ကျွန်တော်ကိုယ်ကို တပတ်လှည့်၍ရှောင်လိုက်ရာ သူ့ဓားဦးမှာ ထင်းရှူးနံရံနှင့် စိုက်နေတော့၏။

ပေါက်ကျော်မ ဓားဆွဲနုတ်နေစဉ် ကျွန်တော်က နံရံတွင်ချိတ်ထားသည့်သေနတ်ကို လက်ဖြင့်စမ်းပြီး ရှာဖွေနေရသည်။

[illegible]



'သေစမ်းဟဲ့....'

ကျွန်တော့်ရင်ဘတ်တွင် ပူကနဲ ဖြစ်သွားသည်။ ဖျင်ကြမ်းအင်္ကျီသည် ကန့်လန့်ပြတ်ပြဲထွက်သွားသည်။

ပေါက်ကျော်မဓားဦးကား ကျွန်တော့်ရင်ဘတ်ကို ခြစ်မိသွားလေပြီ။

ကျွန်တော့် အသည်းပုံ အမာရွတ်ပေါ်မှ ကန့်လန့်ဖြတ်အစင်းမှာ ပေါက်ကျော်မ၏ ဓားချက်ပင်ဖြစ်သည်။

အသည်းပုံမှာ ကေသီမီးလောင်စဉ်က ရခဲ့သော အမာရွတ်ဖြစ်ပြီး အသည်းတွင်စိုက်နေသော မြားသဏ္ဌာန် အမာရွတ်ကား ပေါက်ကျော်မ၏ လက်ဆောင်ပင်တည်း။

ကျွန်တော်သည် သေနတ်ကိုမယူနိုင်မီ တခါတော့ သေပြီဟု ထင်လိုက်မိ၏။

သို့သော်....

ဦးသက်ရှည်သည် လဲနေရာမှထလာပြီး ပေါက်ကျော်မ၏ ခြေထောက်များကို ဆွဲချလိုက်ရာ ပေါက်ကျော်မသည် မှောက်လျက် လဲကျသွားတော့၏။

ကျွန်တော်လည်း မဂ္ဂနမ်ရိုင်ဖယ်(လ်)ကို ရရှိပြီး ဖြစ်ရာ ပေါက်ကျော်မ၏လက်ကို ဒင်နှင့်ထုလိုက်သဖြင့် သူ့လက်ထဲမှ ဓား လွတ်ကျသွားရသည်။

ကျွန်တော်သည် မဂ္ဂဇင်းထဲမှ ကျည်ဆန် တတောင့်အား ပြောင်းရှင်းထဲသို့ အမြန်ထိုးသွင်းပြီးနောက် အသင့်ချိန်ရွယ်ထားသော်လည်း မည်သို့မျှ မပစ်ခတ်နိုင်ပါချေ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်နှင့် ပေါက်ကျော်မှာ လုံးထွေးနေသဖြင့် ကျွန်တော်သည် သေနတ်ဖြင့်သာ လိုက်ချိန်နေရတော့သည်။

တခါတွင် ပေါက်ကျော်မသည် လေထဲသို့ မြောက်ကနဲ ခုန်တက်လိုက်လေရာ ဦးသက်ရှည်မှာ လဲနေရာမှ ရုတ်တရက် မထနိုင်ပေ။

ပေါက်ကျော်မသည် ခေါင်မိုးပေါ်တွင် တွဲလောင်းကြီး ဆွဲခိုထားတော့၏။

'ဟော ....ပေါက်ကျော်မ၊ မင်းပြေးမယ်မကြံနဲ့။ မင်းကို ငါ သေနတ်နဲ့ချိန်ထားတယ်။ ဒီမှာမြင်လား ...။ အခုဆင်းခဲ့....'

ပေါက်ကျော်မကား ကျွန်တော့်အမိန့်ကို မနာခံပေ။ အမိုးပေါ်တွင် ခွစီးမြဲ ခွစီးထားလေသည်။

ထိုအချိန်တွင် ဦးသက်ရှည် လဲနေရာမှ ထလာသည်။

ကျွန်တော်တို့ အခန်းတံခါးကိုလည်း တဒုန်းဒုန်း ထုနေကြလေပြီ။

'ဆရာ့သားလေး မောင်ပိုက်ထွေးရေ့။ ဒီကောင်မကြီးကို ထွက်မပြေးအောင် သေနတ်နဲ့ ချိန်ထားဟေ့။ ငါတံခါးဖွင့်ပေးလိုက်ဦးမယ်....'

ဦးသက်ရှည်က တံခါး ဖွင့်ပေးလိုက်သောအခါ မီးတုတ်မီးခွက်များကို ကိုင်ထားသည့် ဇန်ဝေါ် တိုင်းရင်းသားတစု ဝင်လာတော့၏။

ထိုသူများမှာ ဦးဘော်စကို၏ တပည့်များဖြစ်ပြီး ဘုရားရှိခိုးကျောင်းအနီးရှိ အိမ်များမှဖြစ်သည်။





'ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ ...'

'ခင်ဗျားတို့.... မြင်တဲ့ အတိုင်းပဲ။ ပေါက်ကျော်မက မောင်ပိုက်ထွေးကို လုပ်ကြံတယ်။ ကျုပ်လဲ.... ခါးတချက်ထိတယ်...'

ဦးသက်ရှည်က ပြန်ဖြေနေစဉ်မှာပင် ပေါက်ကျော်မသည် သတ်ပုတ်ထားရသဖြင့် ခွန်အားလျော့နည်းကာ လက်အန်လေသဖြင့် လက်ချောင်းများ ပြုတ်ထွက်သွားတော့သည်။

ပေါက်ကျော်မသည် ကြမ်းပြင်ပေါ်သို့ ဝုန်းကနဲ ပြုတ်ကျလာသော်လည်း ချက်ချင်းပင် လူးလဲထကာ တွေ့မြင်ရာ လူများကို ရိုက်ပုတ်ခြင်း၊ ကုတ်ခြင်း၊ ကိုက်ဖြတ်ခြင်းများဖြင့် သဲကြီးမဲကြီး တိုက်ခိုက်ပြန်လေ၏။

နောက်ဆုံးတွင် လူအုပ်ကြီးသည် ပေါက်ကျော်မ၏ပေါ်သို့ တယောက်ပြီးတယောက် ဖိသားမှသာ ငြိမ်သွားတော့သည်။

'ကဲ....ဒီဟာမကြီးကို ကြိုးနဲ့တုပ်ဗျို့....'

'ဟုတ်တယ်။ ပြီးယင် သူ့ကို သူထောက်လာတဲ့နေ့ကသားတဲ့ နေရာမှာ ပြန်ထည့်ထားရမယ်...'

ပေါက်ကျော်မအား သားရေကြိုးများဖြင့် တုပ်နှောင်ပြီးနောက် လှောင်အိမ်ရှိရာသို့ လူငယ်များက ထမ်းပိုးခေါ်ဆောင်သွားကြရာ ပေါက်ကျော်မသည် မျောက်အူသံ၊ အော်သံများကဲ့သို့ ဝူးဝူးဝါးဝါး အော်ဟစ်ပြီး ပါသွားပါတော့၏။

'မှန်းစမ်း....ဆရာ့သားလေး မောင်ပိုက်ထွေး။ အဲဒီလူလေးရင်ဘတ်မှာ ခါးဒဏ်ရာကြီးနဲ့ပါလား။ များသွားလား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ဘတ်မှာ ကန့်လန့်ဖြတ် ခပ်စောင်းစောင်း ဓားဒဏ်ရာမှာ မနက်လှသော်လည်း သွေးများမှာ တသွင်သွင် ယိုစီးလျက် ရှိပါ၏။

'မများပါဘူး။ ဆေးထည့်လိုက်ယင် ပျောက်မှာပါ'

ဦးသက်ရှည်က ဆေးမှုန့်တမျိုးကို သိပ်ထည့်နေစဉ်မှာပင် ကေသီသည် ကျွန်တော့်အခန်းထဲ ပြေးဝင်လာတော့၏။

'အို... မောင်ရယ်....ဖြစ်ရလေ'

ကျွန်တော့်ရင်ဘတ်မှ ဓားဒဏ်ရာအား ကေသီက အဝတ်များဖြင့် စည်းနှောင်ပေးပြီးသည့် အချိန်တွင် ဗိုလ်တဲပြင်ပ၌ အရှေ့ဦးနေရောင်များပင် ထိုးကျနေလေပြီ။

ကေသီ့ကို ကျွန်တော် ခူးပေးထားသည့် နှင်းဆီပန်း ပန်လျက် တွေ့နေရသောကြောင့်လည်း ကျွန်တော့် ဒဏ်ရာမှာ တပက်မျှ သက်သာ ပျောက်ကင်း နေလေပြီ။

ထိုစဉ်မှာပင်....

ဦးဘော်စကိုသည် စိတ်ဆိုးနေသော မျက်နှာကြီးဖြင့် ဗိုလ်တဲပေါ် ရောက်လာတော့၏။

အဘိုးကြီးသည် လှောင်အိမ်ရှိရာကို သွားကြည့်ပြီးပြီ ဖြစ်သည်။

ဇန်ဝေါ်လုလင်များထံမှလည်း အကြောင်းစုံ သိလောက်ပေပြီ။

'ကဲ... ဒီအရိုင်းမက မောင်ပိုက်ထွေးကို ဘယ်လိုလုပ်ကြံတာလဲဆိုတာ ပြောစမ်းပါဦးကွယ့်'





ကျွန်တော်လည်း ကျွန်တော်အိပ်ပျော်နေစဉ် ပေါက်ကျော်မသည် ခေါင်မိုးကိုဖွင့်၍ ဝင်ရောက်လာပြီး ဓားဖြင့် ငင်ထိုးပုံမှစ၍ ပြောပြရတော့၏။

ဦးသက်ရှည်ကလည်း ပေါက်ကျော်မသည် ကျွန်တော်နှင့် ကေသီ စကားပြောနေသည်ကို ချောင်းကြည့် ပြီးနောက် ကျွန်တော့်အား ခြိမ်းခြောက်သွားပုံတို့ကို ဖြည့်စွက်ပြောပြသည်။

ကျွန်တော်ကား ကျွန်တော် မက်ခဲ့ရသည့် အိပ်မက်ဆိုးအကြောင်းကို မပြောတော့ပေ။

ကေသီ့မျက်နှာသည် သူ့ခေါင်းပေါ်တွင် ပန်ဆင်ထားသော နှင်းဆီဖြူများပမာ ဖြူရော်၍ လာတော့သည်။

ဦးဘော်စကိုက တင်းမာသော လေသံဖြင့်....

'ဒီစကားတွေကို ဘာဖြစ်လို့စောစောစီးစီး ဖွင့်မပြောရတာလဲ မောင်ပိုက်ထွေး။ ဒီလောက်ရှိ်ုင်းစိုင်းပြီး မနာလို ဝန်တိုနေတဲ့ မိန်းမကို ယဉ်ကျေးအောင် လုပ်ခဲ့မိတာ ငါတို့အမှားပဲ။ တိရစ္ဆာန်လိုစိတ်မှာ လူတွေရဲ့ပညာပါ ရသွားသေတော့ ဒီဟာမ ပိုပြီး ယုတ်မာသာပြီ။ ဒီကောင်မကို ငါတို့ အရှင်မွေးထားလို့ အကျိုးမထူးတော့ဘူး'

'အို....ဖေဖေရယ်။ သူ့ကို အဆုံးစီရင်တော့မလို့လား'

'ဟုတ်တယ်ကေသီ။ ဒီကောင်မ ငါတို့သတ်ပစ်မှ ဖြစ်တော့မယ်'

ကေသီက သနားစဖွယ် တောင်းပန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ပါနဲ့ ဖေဖေရယ်။ သူဘယ်လောက် ဆိုးပေမယ့် သမီးနဲ့အတူ ကြီးပြင်းလာတာပါ။ သမီးအပေါ်မှာ သူ သံယောဇဉ်ကြီးပါတယ်။ ပြီးတော့ သမီးကလဲ သူ့ကို သိပ်ချစ်တယ် ဖေဖေရယ်'

ဦးဘော်စကိုက ခေါင်းခါလိုက်သည်။

'မဖြစ်ဘူးသမီး။ ဒီမြောက်မဟာ လူသတ်မှုကို ကျူးလွန်ပြီးပြီ'

ဦးဘော်စကို၏မျက်နှာက တင်းမာသလောက် ကေသီ့မျက်နှာကလေးမှာ ညှိုးဖျော့နေတော့သည်။

လူသတ်မှုကို ကျူးလွန်ပြီးပြီဟူသော ဦးဘော်စကို၏ စကားမှာ မှန်ကန်နေကြောင်း ကျွန်တော်တို့အားလုံး မကြာခင် သိကြရတော့သည်။

စင်စစ်....

စေတနာပိုသော ရွာလူကြီးသည် ကျွန်တော်တို့၏ ဗိုလ်တဲအား စောင့်ရှောက်ရန် ဇန်ဝေါလူငယ်များအား တညလျှင် တယောက်ကျ ကင်းချထားလေသည်။

ထိုနေ့ညက ကင်းအလှည့်ကျသော လုလင်ပျိုမှာ ပေါက်ကျော်မက လည်ပင်းညှစ်သတ်ခဲ့သောကြောင့် အော်ပင်မအော်နိုင်ပဲ နေရာတွင်ပင်သေ၍ နေလေပြီတည်း။

ကျွန်တော်တို့အားလုံးသည် ဇန်ဝေါလုံမပျိုများတိုက်သည့် နွားနို့တခွက်စီကို သောက်ပြီးသောအခါ ဦးဘော်စကိုက ရွာလူကြီးကို ခေါ်လိုက်သည်။

သီလ၀ ၁၁ပေ



ထို့နောက်....

လှောင်အိမ်ရှိရာသို့ သွားကြရသည်။

ရွာသူရွာသားအားလုံးသည် လှောင်အိမ်ကို ဝိုင်းအုံကြည့်ရှုကာ ဆဲရေး ဟိုင်းထွာနေကြသည်။

ကေသီ့အပေါ်မှလွဲ၍ မည်သူ့အပေါ်မှ မေတ္တာထားလေ့မရှိသော ပေါက်ကျော်မကို ရွာသားများက မုန်းတီး စက်ဆုပ်ကြသည်မှာ မဆန်းလှပေ။

ယခုလည်း ပေါက်ကျော်မသည် သူ့အား ဝိုင်းဆဲနေသည့် ရွာသားများအား လူမိုက်များကဲ့သို့ တစ်တစ်ခွခွ ပြန်လည်ဆဲရေးနေသည့်အပြင် မျောက်များကဲ့သို့လည်း ညစ်ညမ်းသော အမူအရာဖြင့် မတော်တရော် လုပ်ပြလျက် ရှိနေပါ၏။

'ကဲ....ကဲ... ဖယ်ကြ။ ဒီဟာမကို မေးစရာရှိသေးတယ်'

ဦးဘော်စကိုနှင့် ရွာလူကြီးရောက်လာမှန်း သိသောအခါ ရွာသားများသည် ရှဲကနဲဖယ်ရှားသွားကြပြီး ဒူးတုပ်၍ အရှိအသေ ပေးနေကြပါတော့၏။

'ကဲ....ကျုပ်တို့လူကြီးတွေက မောင်ပိုက်ထွေးနဲ့ နှင်းပွင့်ခဲလေး ကေသီတို့ရဲ့ လက်ထပ်မင်္ဂလာပွဲကို မဆောင်ကြဉ်းခင်မှာ ဒီဟာမနဲ့ပတ်သက်လို့ စစ်ဆေးမယ်။ အားလုံး သဘောတူကြသလား'

ရွာလူကြီးက ဇန်ဝေါ ဘာသာဖြင့် ပြောလိုက်သောအခါ....

'တူတယ်....တူတယ်....အားလုံး သဘောတူတယ်'

သီလ၀ ၁၁ပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်....

ရွာလူကြီးက ကျွန်တော်နှင့် ဦးသက်ရှည်အား အားလုံးရှေ့တွင် စစ်မေးတော့သည်။

ပေါက်ကျော်မကို ဝိုင်းဖမ်းဆီးရာတွင် ပါဝင်သည့် လူငယ်များကလည်း ကြုံတွေ့သမျှကို ထွက်ဆိုသွားကြသည်။

သေဆုံးသွားသော ကာင်းစောင့်လူငယ်၏ မိခင်ကြီးကမူ ပေါက်ကျော်မအား ယခုချက်ချင်း သတ်ပစ်ပါရန် ငိုကြွေး၍ တောင်းဆိုနေတော့၏။

ရွာလူကြီးက ပေါက်ကျော်မကိုင်သည့်ဓားကို အများမြင်သာအောင် လှည့်လည်၍ပြသနေသည်။ ဦးဘော်စကိုက ပေါက်ကျော်မကို စက်ဆုပ်စွာ ကြည့်လိုက်ပြီး....

'မင်းဘာပြောချင်သေးလဲ ပေါက်ကျော်မ....'

ပေါက်ကျော်မက လူသူပရိသတ်ကို ရဲဘင်းစွာ မျက်နှာမူလိုက်သည်။

'မောင်ပိုက်ထွေးဆိုတဲ့ကောင်ဟာ နှင်းပွင့်ခဲ့သခင်မကို ငါ့ဆီက လုယူသွားတယ်။ ဒီတော့ သူ့ဘဝတခုလုံး ဆုံးရှုံးအောင် ငါ လုပ်ရမယ်။ ပိုက်ထွေးရဲ့အသက်ဟာ ငါ့အတွက် ဘာမှ အရေးမကြီးဘူး။ ဒါပေမယ့် ငါသေအောင်မသတ်နိုင်ခဲ့ဘူး။ ပိုက်ထွေးသေသွားယင် ဘယ်လောက် ကောင်းမလဲ။ သခင်မဟာ ကြာယင် သူ့ကိုမေ့သွားမှာ။ ပိုက်ထွေးအရိုးဆွေးသွားမှတော့ ငါ့သခင်မဟာ သူ့ကိုလွမ်းနေရဦးမှာလား... ငါ့ကိုပဲ ချစ်နေတော့မပေါ့...'





'မဖြစ်နိုင်ပါဘူးမောင်ရယ်...'

ကေသီက ကျွန်တော့်ကို တိုးတိုးပြောသည်။

ဦးဘော်စကိုမှာမူ မျက်နှာကြီးနီရဲလျက်သာ ရှိနေသည်။

'ကိုင်း... အားလုံးကြားကြပြီလား။ ဒီမိန်းမဟာ ကိုယ့်ရဲ့ကျေးဇူးရှင်အပေါ်မှာ ဘယ်လိုမှန်ပြီး ကျေးဇူးဆပ်တယ်ဆိုတာ ကြားကြပြီမဟုတ်လား။ ဒီမိန်းမကတော့ ကိုယ့်သခင်မရဲ့ လင်ယောကျ်ားကို အချိန်မရွေး သတ်ပစ်ဖို့ ကြိုးစားနေမှာပဲ၊ ကျုပ်တို့က သူ့ကို မြောက်တွေလက်ထဲက ကယ်တင်ခဲ့တယ်။ ယဉ်ကျေးလိမ္မာလာအောင် ပြုပြင်ကျွေးမွေးပြီး ဆုံးမပဲ့ပြင်ခဲ့တယ်။ အခုတော့ သူဟာ လူတွေနဲ့နေလို့ မဖြစ်တော့ဘူး။ ယုတ်ညံ့တဲ့မြောက်တွေလိုပဲ စိတ်ထားယုတ်မာလာပြီ...'

'မြောက်တွေကို ယုတ်ညံ့တယ်လို့ မပြောပါနဲ့...'

ပေါက်ကျော်မက ခါးခါးသီးသီး ထ,ပြောလိုက်သောအခါ လူအုပ်ကြီးမှာ မခံမရပ်နိုင်အောင် ဖြစ်သွားပြီး ဝေါကနဲ ဆူညံသွားသည်။

ဦးဘော်စကိုနှင့် ရွာလူကြီးက လက်ကာပြပြီး ပရိသတ်ကို ထိန်းလိုက်သည်။

'ဒီမိန်းမကို ဘယ်လိုစီရင်ရမလဲ....'

'သတ်ပစ်လိုက်၊ သတ်ပစ်လိုက်.......'

ပရိသတ်ကြီးက ဝိုင်းအော်သည်။

အချို့လူငယ်များမှာ ယခုပင် ဓား လှံ များဖြင့် ထိုးခုတ်သင်တော့မည့်ဟန်ဖြင့် ရှေ့တိုးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ကြပါနဲ့ရှင်။ မလုပ်ကြပါနဲ့။ သူ့ကိုမသတ်ကြပါနဲ့…'

ကေသီက ငိုကြွေးပြီး တောင်းပန်သည်။

'သူတို့သတ်ချင် သတ်စမ်းပါ မမရယ်။ ကျွန်မ သခင်ကိုမှ ကျွန်မ မချစ်ရယင် သေရတာကမှ အေးပါဦးမယ်….'

အာဂ ပေါက်ကျော်မပင်တည်း။ သူက ကေသီ့ကိုပင် လှမ်းပြောနေသေးသည်။

'မင်္ဂလာပွဲ မကျင်းပခင် ဒီအမင်္ဂလာကို ရှင်းပစ်မှ ဖြစ်မယ်' ရွာလူကြီးက ကြေငြာသည်။

'ဟုတ်တယ်။ ဟုတ်တယ်၊ အရှိုင်းမကို သတ်ပစ်….'

'မသတ်ကြပါနဲ့ရှင်။ သတ်ချင်ယင် ကျွန်မကိုသတ်ပါ…'

ကေသီက ရွာလူကြီး၏ ခြေထောက်ကို ဖက်ပြီး တောင်းပန်နေသည်။

ကျွန်တော့်မှာ ပေါက်ကျော်မကို ရှုံမုန်းလှသော်လည်း ကေသီ့ကိုမူ သနားစိတ်များ ယိုဖိတ်လျှံ‌ဝေနေလေပြီ။

ရွာလူကြီးက သက်ပြင်းချလိုက်သည်။

'ကျုပ်တို့တရွာလုံးက ချစ်တဲ့ နှင်းပွင့်ခဲလေးက တောင်းပန်နေတော့လဲ ခက်တာပါပဲကလား။ ထုံးစံအရတော့ ကာယကံရှင်တွေက ကျေနပ်ယင် သူ့ကို သေစားသေရမယ့် ပြစ်ဒဏ်က တထစ်လျှော့နိုင်ပါတယ်….'

'ကျွန်မတော့ ကျွန်မသားလေး သေရသလို ဒီကောင်မလဲ သေမှ ကျေနပ်နိုင်မယ်။ မလျှော့ပေးနိုင်ဘူး….'





ကင်းစောင့်လူငယ်၏မိခင်က ဝင်ပြောသောအခါ ကေသီ့ခမျာ ထိုမိန်းမကြီး၏ ခြေသလုံးကို ဖက်၍ တောင်းပန်ရပြန်၏။

'ကျုပ်လဲ မလျှော့ပေးနိုင်ဘူး….'

ဦးသက်ရှည်ထံမှ အသံ ထွက်လာပြန်ရာ ကေသီသည် ဦးသက်ရှည်အား ငိုယို၍ တောင်းပန်ပြန်သည်။

ထို့နောက် ကေသီက မတ်တတ်ရပ်လိုက်သည်။

'ကဲ…ဒါဆိုယင် ကျွန်မတခုပြောမယ် ဒီရွာရဲ့ ထုံးတမ်းအရ သေဒဏ်ကျခံရမယ့်သူရဲ့ကိုယ်စား သူ့သခင်ဖြစ်ဖြစ်၊ ကျွန်ဖြစ်ဖြစ် ကိုယ်စား ဝင်သေပေးမယ့်သူရှိယင် သူ့ကို မသတ်ရဘူး မဟုတ်လား….'

ရွာလူကြီးက….

'ဟုတ်တယ်လေ၊ ဒါပေမယ့် သူ့ကိုယ်စား ဘယ်သူသေပေးမှာလဲ….'

'ကျွန်မ သေပေးမယ်လေ…'

'ဟယ်….'

ပရိသတ်မှာ ဟယ်ကနဲဖြစ်သွားတော့သည်။

ကျွန်တော်ကား မနေသာတော့ပေ။ ကေသီ့အတွက် မချင့်မရဲ ဖြစ်ရလွန်းသော်လည်း ချစ်သူပီပီ ငွေညာသောအားဖြင့် တောင်းပန်ရပါတော့၏။

'ကျွန်တော် တောင်းပန်ပါရစေ။ တကယ်တော့ ပေါက်ကျော်မ သတ်ချင်နေတာက ကျွန်တော့်ကိုပါ။ သူ့ရန်သူဟာ ကျွန်တော်ပါ။ အခုက ကာယကံရှင်အနေနဲ့ သူ့ကိုကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါတယ်။ ဘာပြောပြော သူဟာ လူသားမိန်းမတစ်ယောက်ဖြစ်ပါတယ်။ အခြေအနေ ကံကြမ္မာအကြောင်း မလှလို့သာ ဒီလို ရိုင်းစိုင်းတဲ့စိတ်တွေ ဝင်နေရတာပါ။ ဒီတော့ သူ့ကို ငဲ့ညှာတဲ့အနေနဲ့ မသတ်ကြပါနဲ့။ သူ့ကို အဝေးကိုပဲ နှင်လိုက်ပါ။ ဒီရွာကို မလာပါစေနဲ့။ နယ်နှင်ဒဏ်ပဲ ပေးပါ ခင်ဗျာ....'

နောက်ဆုံး....

ကျွန်တော်က အတန်တန်တောင်းပန်သည့်အပြင် ကင်းစောင့်လူငယ်၏မိခင်ကိုလည်း ကျွန်တော် တောပစ်၍ရသည့် ပြောင်ချိုများ၊ ကျားရေနှင့် ကျားသစ်ရေများ အားလုံးပေးလိုက်တော့မှ ရွာကြီးများက ပေါက်ကျော်မ၏ အသက်ကိုချမ်းသာပေးလိုက်တော့သည်။

ဦးဘော်စကိုက ပေါက်ကျော်မကို နောက်တခါ ရွာဘက်သို့လှည့်လာလျှင် သတ်ပစ်မည်ဟု ကြိမ်းမောင်းပြောဆိုပြီး လှောင်အိမ်ဖွင့်ပေးလိုက်သည်။

ပေါက်ကျော်မသည် ကောသိ့ရှေ့သို့ လျှောက်လာပြီး ဒူးထောက်၍ အရိုအသေ ပေးလိုက်သည်။

'မမနဲ့ခွဲရမှာတော့ ကျွန်မ သိပ်ဝမ်းနည်းတယ်။ ဒါပေမယ့် ကျွန်မအတွက် စိတ်မပူနဲ့မမ။ ကျွန်မနေလို့ ဖြစ်ပါတယ်'

ပေါက်ကျော်မက ကောသိ့လည်ပင်းကိုဖက်၍ နမ်းရှုပ်လိုက်သောအခါ ကောသိမှာ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။

ထို့နောက်....

သီလာ ၁၁၈၀



ပေါက်ကျော်မသည် ကျွန်တော့်ကို မှုန်းတီးစက်ဆုပ်စွာ ကြည့်လိုက်သည်။

ဘာမှတော့ မပြော။

ရွာသူရွာသားများက ပေါက်ကျော်မကို ဆဲရေးတိုင်းထွာပြီး အမြန်ထွက်သွားရန် အော်ဟစ်နေကြသည်။

ပေါက်ကျော်မသည် ဦးသက်ရှည်၏လက်ထဲတွင် ထောက်နေသည့်သော သူ့ဓားကို ဆတ်ကနဲ လုယူလိုက်သည်။

'လုပ်ကြပါ....လုပ်ကြပါ။ လုပ်နိုင်တုန်းလုပ်ကြပ'

ထို့နောက် ...

ပေါက်ကျော်မသည် လေ၏အလျင်ဖြင့် ရွာထဲမှ ထွက်ပြေးသွားလေတော့၏။

ရွာသားလူငယ်အချို့မှာ ပေါက်ကျော်မအား သတ်ဖြတ်ရန် လိုက်သွားကြသေးသော်လည်း လူမဆိုထားနှင့် မျောက်များပင် မတက်နိုင်သည့် ကျောက်တောင်ထိပ်သို့ တက်ရောက်ကာကွယ်ပျောက်သွားတော့သည်ဆို၏။

ပေါက်ကျော်မကိစ္စပြီးမှသာ ကျွန်တော်နှင့် ကောသိ၏မင်္ဂလာပွဲမှာ ပျော်ရွှင်စွာ ကျင်းပနိုင်တော့သည်။

ကျွန်တော်ရော ကောသိပါ စိတ်အနှောင့်အယှက်ဖြစ်ကြရသော်လည်း မင်္ဂလာဦးညရောက်သောအခါတွင်ကား ပေါက်ကျော်မကိုသာမကပဲ အရာရာကိုပါ မေ့သွားကြရပါတော့သတည်း။

၀....၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

### ချစ်စ ခင်စ ကြင်နာစတွင်

'ဖြော်....မောင်ပိုက်ထွေး....မောင်ပိုက်ထွေး....။ မင်းဟာ ငါ့စကားကို ဘာလို့များ နားမထောင်ပါလိမ့်။ တကယ်တော့ မကောင်းဆိုးရွား လူတပိုင်းမြောက်တပိုင်း မိန်းမဟာ မင်းရဲ့ တောင်းပန်ချက်တခုတည်းနဲ့ အသက်ရှင်ခွင့်ရသွားတာကလား။ အဲဒါကို သူက ကျေးဇူးတင်လိမ့်မယ်မထင်နဲ့လူလေးရေ့။အခွင့် သာယင် သူပြန်လာပြီး နှောင့်ယှက်ဦးမှာကွယ့်....'

ဦးသက်ရှည်၏ စကားများ ဖြစ်သည်။

ကျွန်တော်တို့ဇနီးမောင်နှံသည် သွားကာစပိပိ မိုးမမြင်လေ မမြင် ပျော်နေကြသည်။ အားလုံးကလည်း အလိုလိုသိသိပင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မောင်နှံကို အနှောင့်အယှက် မပြုကြပေ။ ဦးသက်ရှည်ကြီးကိုပင် မတွေ့ရသည်မှာ ကြာပြီ ဖြစ်သည်။

တွေ့မည့်တွေ့တော့လည်း ဦးသက်ရှည်ကြီးသည် ချောက်ချားဖွယ်သော စကားများကိုပင် ဆိုပြန်လေပြီ။

'လူတယောက်ရဲ့ အသက်ကို ကယ်ကောင်းပါတယ် ဦးသက်ရှည်ရယ်....'

'ခြေနှစ်ချောင်းမကယ်ကောင်းဘူးလို့ ဆိုရိုးစကားရှိတယ် လူလေး။ ထားပါတော့လေ။ လူသားတဦးရဲ့အသက်တချောင်းဟာ အသဟာသမသေကောင်းဘူးဆိုတာငါလက်ခံပါတယ်။ အခုဟာက လူမဟုတ်ဖူးကွယ့်။ လူမကျ မြောက်မက မကောင်းဆိုးရွား။ တနေ့ကျယင် ဒင်းက ပြန်လာပြီး နှောင့်ယှက်ဦးမှာ'

ကျွန်တော်ကား ပေါက်ကျော်မ၏ အန္တရာယ်ကို ကြောက်မနေချင်တော့ပါ။

ပေါက်ကျော်မသည် သူ့အား ရွာမှနှင်ထုတ်လိုက်သည့်နောက်တွင် စုပ်စမြုပ်စမြုပ်သွားပြီ ဖြစ်သည်။

သူ့ကို ဘယ်သူမှ မတွေ့ကြရတော့ပါ။ ရွာနီးချုပ်စပ်တွင်သာမကပါ။ တောလည်မုဆိုးများသည် ရွာနှင့် တရက်နှစ်ရက်ခရီးကွာဝေးသော တောတောင်များတွင်ပင် ပေါက်ကျော်မ၏ အရိပ်အရောင်ကို မတွေ့ရတော့ပါ။

ကျွန်တော်ကိုယ်တိုင်လည်း မကြာခဏ တောလည်ဖြစ်သော်လည်း ပေါက်ကျော်မကို မဆိုထားနှင့် မြောက်များကိုပင် အနီးပတ်ဝန်းကျင်၌ မတွေ့ရတော့ပါ။





'ပေါက်ကျော်မဟာ တောကြီးမျက်မည်းထဲမှာ တယောက်တည်း အသက်ရှင်နေဖို့ မလွယ်ပါဘူး....ဦးသက်ရှည်'

'လူတယောက်အဖို့ဆိုယင်တော့ မင်းပြောတာ မှန်တယ်။ ဒီမကောင်းဆိုးရွားအတွက်တော့ မမှန်ဘူး။ ဒီတော့...ပေါ့ပေါ့ဆဆမနေနဲ့ လူလေး။ ပြီးတော့ မင်းတယောက်တည်း တောလည်ယင် ကောင်းလိမ့်မယ်....'

'ကျွန်တော် တယောက်တည်းပဲဖြစ်ဖြစ်၊ ဇနီးဝါတေနဲ့ပဲဖြစ်ဖြစ် ကျွန်တော် တောမလည်တော့ပါဘူး။ အနည်းဆုံး တနှစ်နီးပါးတော့ ကျွန်တော် အမဲမလိုက်ပဲ နားနေရတော့မယ်'

ကျွန်တော့်စကားကို ကြားသောအခါ ဦးသက်ရှည်သည် များစွာ အံ့သြသွားပုံရပေါ်၏။

'အလို....ဆရာ့သားလေး မောင်ပိုက်တွေးရဲ့၊ အမဲမလိုက်ယင် မနေနိုင်တဲ့သူက တနှစ်လောက် အမဲမလိုက်ပဲ နေမယ်တဲ့လား။ အဲဒါ... မင်းပြောတာနော်။ ဟုတ်ပါ့မလားကွယ့်'

ကျွန်တော် ရယ်မောနေလိုက်သည်။

ဦးသက်ရှည်သည် ကျွန်တော့်အားကြည့်ပြီး တပြည်းပြည်းပြုံးလာသည်။

သူ....သဘောပေါက်သွားပေပြီ။

'ဪ....ဒီလိုကိုး။ တယ်ဟုတ်ပါလားဟေ့။ ဆရာ့သားလေး မောင်ပိုက်တွေးလဲ ဘာလိုလိုနဲ့ ကလေးအဖေ ဖြစ်တော့မှာပါလား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တောမလည်ရန် ဆုံးဖြတ်ခြင်းမှာ ရွေး—အစဉ်အလာအရ မုဆိုးတို့ စောင့်သိအပ်သော စည်းကမ်းထုံးစံ တခုကြောင့် ဖြစ်ပါသည်။

အကြွင်မုဆိုး၏အိမ်သူသက်ထား ဇနီးမယားတွင် ကိုယ်လေးလက်ဝန် ပဋိသန္ဓေရှိနေသည် ဆိုငြားအံ့....။

အကြွင်မုဆိုးသည် တောလည်ခြင်း မပြုရပေ။

ကေသီနှင့် ကျွန်တော် လက်ထပ်ပြီး သုံးလခန့်အကြာတွင် ကေသီ့တွင် ကိုယ်ဝန်ရှိနေကြောင်းမှာ သေချာနေပြီ....။

'ကောင်းပါတယ်လေ။ ကောင်းပါလေ။ ဒါပေမယ့်—ပို့ကောင်းတာကတော့ မင်းတို့ လက်ထပ်ပြီးပြီးချင်း ခရီးထွက်သွားဖို့ပဲ'

'ဘယ်ဖြစ်ပါ့မလဲ ဦးသက်ရှည်။ ဦးဘောဇကိုက ထ မထနိုင်တာ'

ဦးဘောဇကိုသည် ကျွန်တော်တို့ လက်ထပ်ပြီးနောက် သုံးရက်မြောက်မှ စ၍ အိပ်ရာထဲလဲကာ မကျန်းမမာ ဖြစ်တော့သည်။

သူ့တွင်....

ဆီးချိုရောဂါ ရှိနေသည်။

သွေးတိုးနှင့် နှလုံးရောဂါလည်း ရှိနေသည်။

အသက်ကြီးလာပြီမို့ လူအိုနာဟု ခေါ်လျှင်လည်း လောက်သည်။





ဦးဘောဇကိုသည် ကျွန်တော်တို့ လင်မယားအား မြေပြန့်သို့ ပြန်ဆင်းခွင့်ပေးသော်လည်း ကေသီ့အနေနှင့်မူကား မကျန်းမာသော ဖခင်ကြီးကို အရိုင်းမြေတွင် ပစ်သွားရန်မှာ မဖြစ်နိုင်ပေ။

ဦးဘောဇကို၏ အခြေအနေမှာ တိုးတက်လာခြင်း မရှိပေ။

ဆရာဝန်မရှိသော အရပ်မို့လည်း တနေ့တခြားဆုတ်ယုတ်၍သာ နေသည်။

အဘိုးကြီးမှာ အစာလည်း မစားနိုင်၊ အိပ်လည်းမအိပ်နိုင်နှင့် ခုတင်ပေါ်တွင် လှဲ၍သာ နေရတော့သည်။

စကားလေးလုံးကွဲအောင် မပြောတော့သော်လည်း ကျွန်တော်တို့ လင်မယားကိုတော့ ကောင်းစွာ မှတ်မိသည်။

နန့်စီလေးကို မြင်သောအခါတွင်ကား အဘိုးကြီးသည် သူငယ်ပြန်ချင်လာသည်။

ကလေးမလေးအား 'ကေသီ'....ဟု လှမ်းခေါ်တတ်သည်။ ရံဖန်ရံခါ 'မင်းအမေ ပြန်မလာသေးဘူးလား' ဟု မေးတတ်လေသည်။

ကျွန်တော်တို့ လင်မယားနှင့် ဦးသက်ရှည်မှာ ဦးဘောဇကိုအား သနားမိကြသော်လည်း ဘာမှမတတ်နိုင်ပေ။

သို့နှင့်....

(၉)လခန့် ကြာသောအခါ ဦးဘောဇကို ဘုရားကျောင်းမတက်နိုင်သော ကာလမှာသည်း (၉)လ ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအတောအတွင်း ဇန်ဝေါ်များသည် ဘာသာရေးကိုဂရုမစိုက်တော့ပေ။

ဦးဘော်စကို၏ ဆုံးမသွန်သင်ချက်နှင့် ဝေးလာသဖြင့် အချို့သည် ကြက်ဝက်တို့ကို သတ်ပြီး ယဇ်ပူဇော်လာကြသည်။

ဤအတောအတွင်း ဟန်ဝါလူမျိုး ငါးဆယ်ခန့်က ရွာကိုဝင်စီးရန် ကြံသေးသော်လည်း ကျွန်တော်နှင့် ဦးသက်ရှည်တို့၏ သေနတ်များကြောင့် ဟန်ဝါဆယ်ဦး သေကျေကာ ထွက်ပြေးသွားကြသည်။

နာတာရှည်ရောဂါ စွဲကပ်နေသော ဦးဘော်စကိုကြောင့် ကျွန်တော်တို့ လင်မယားသည် ဇန်ဝေါ်ကျေးရွာမှ ထွက်မသွားနိုင်ခဲ့ပါ။

ထို့အပြင် ကေသီ၏ ဝမ်းကြာတိုက်တွင် ခိုဝင်ကိန်းအောင်းနေသော ကျွန်တော့် ရင်သွေးမှာလည်း အတော်အတန်ပင် ထွားလာပြီမို့ ခရီးထွက်ခွာရန်မှာ သာ၍ မဖြစ်နိုင်သေးပေ။ ကေသီ၏ ဝမ်းဗိုက်မှာ ကိုယ်ဝန်ကြောင့် အတော်ပင် ကြီးထွားနေပေပြီ။

ကေသီ နောက်တလခန့်တွင် ကလေးမွေးရတော့မည် ဖြစ်သည်။ ဦးဘော်စကိုကား မျှော်လင့်ချက် မရှိတော့ပေ။

ထို့ကြောင့် ကျွန်တော်နှင့် ဦးသက်ရှည်သည် ဦးဘော်စကို သေဆုံးပြီး ကေသီ ကလေးမွေးပြီးမှသာ ခရီးထွက်ရန် တိုင်ပင်ထားကြရတော့၏။

---

သီလဝ စာပေ



တနေ့တွင် ဦးဘော်စကို၏ နောက်ဆုံးအချိန်ကား ရောက်လာတော့၏။

ထိုနေ့တွင် ကျွန်တော်သည် ပန်းပင်လေးများအား မြေဆွ ပေါင်းသင်နေသည်။

ဦးသက်ရှည်လည်း အနားမှာရှိသည်။

'မောင်ရေ...လုပ်ပါဦး။ လာပါဦး'

ကေသီသည် ဗိုက်ကြီးတခေါခေါဖြင့် ပြေးလာသည်။

'အို...ဘာဖြစ်လို့ ပြေးလာရတာလဲ ကေသီရဲ့။ ချော်လဲဦးမယ်'

'မြန်မြန်...မြန်မြန်။ ဖေဖေ အသည်းအသန်ဖြစ်နေပြီ'

ထိုအခါကျမှ ကျွန်တော်နှင့် ဦးသက်ရှည်လည်း ဦးဘော်စကို၏ အခန်းထဲသို့ ပြေးဝင်သွားကြရပါတော့၏။

ဦးသက်ရှည်ကား ကယောင်ကတမ်း ဖြစ်နေလေပြီ။

'မေရီ.. မေရီ။ မင်း...ငါ့အပေါ် ရက်စက်တယ်။ မင်း... ငါ့အပေါ် သစ္စာဖောက်ခဲ့တယ်။ မင်း ဘယ်လောက်ပဲ ငါ့အပေါ် ယုတ်မာခဲ့ပေမယ့် ငါကတော့ မင်းကို ချစ်မြဲ ချစ်လျက်ပါ မေရီရယ်။ အချစ်မရှိတဲ့နေရာကို ရှာခဲ့ပေမယ့် အချစ်ဟာ ပျောက်မသွားပါဘူးကွယ်'

ဦးဘော်စကိုသည် သူ့အပေါ်တွင် သစ္စာမဲ့ခဲ့သည့် ဒေါ်မေရီအား လွမ်းဆွတ် သတိရလာဟန်ဖြင့် တတွတ်တွတ် ရေရွတ်နေသည်။ မျက်ရည်တွေလည်း စီးကျနေသည်။

'ဖေဖေ သတိထားပါဖေဖေ။ သမီးတို့ အနားမှာ ရှိပါတယ်'

---

သီလဝ စာပေ

www.burmeseclassic.com

ဦးဘော်စကိုသည် ကေသီ့အသံကို ကြားရသောအခါ လဲနေရာမှ ထလာသည်။

ထို့နောက်....

မေရီ။

တခွန်းတည်းရေရွတ်ကာ ပက်လက်လန် ကျသွားတော့၏။

ဦးဘော်စကိုကား အဆုံးစွန်အထိ ချစ်ခဲ့ရသူ ဒေါ်မေရီ၏ အမည်ကို ရေရွတ်ကာ တခါတည်း အသက်ထွက်သွားလေပြီ။

ကေသီသည် မှီခိုအားထားရာ ဖခင်ကြီး သေဆုံးသွားသဖြင့် အကြီးအကျယ် ငိုကြွေးတော့သည်။

ကျွန်တော်သည် ဝမ်းနည်းကြေကွဲမှု ပြင်းထန်နေသော ကေသီ့အတွက် စိုးရိမ် ပူပင်လာရသည်။

ကေသီသည် တခါတခါ တက်၍တက်၍ သွားလေရာ ကျွန်တော်သာ တတ်သမျှ မှတ်သမျှ ပြုစုရတော့၏။

ကိုယ်ဝန် အရင့်အမာကြီးနှင့် ဖြစ်နေ၍လည်း ကေသီ အတွက်က ပို၍ စိုးရိမ်စရာ ကောင်းနေသည်။

ဦးဘော်စကို၏ အိမ်ကြီးတွင် ဇန်ဝေါ် တိုင်းရင်းသား ယောကျ်ား မိန်းမများ ငိုကြွေးသံမှာ ကျက်ကျက်ညံနေတော့သည်။

တရွာလုံးသည် ဦးဘော်စကိုအား လေးစားကြည်ညိုသည့် အပြင် ကေသီကိုလည်း နှင်းပွင့်ခဲလေးအဖြစ် ချစ်ခင်မြတ်နိုးကြသည်။ လုံးဝ မငိုသူဟူ၍ကား ဦးသက်ရှည် တယောက်သာ ရှိသည်။

---





ထို့နောက် ကျွန်တော်တို့သည် ဦးဘော်စကို၏ရုပ်အလောင်းကို ရွာအပြင်ဘက်ရှိ သင်္ချိုင်းတွင်မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြတော့၏။ အရာရာကား ဝမ်းနည်းကြေကွဲစရာ ကောင်းလှစွာ၏။ ကေသီသည် ပြင်းထန်စွာငိုကြွေး၍နေလေရာ ကျွန်တော်က ချော့မော့နှစ်သိမ့်စကား ပြောကြားနေရသည်။

မြှုပ်နှံ သင်္ဂြိုဟ်ခြင်းအမှု ပြီးသွားသော အခါတွင်ကား ကျွန်တော်သည် ယောင်တီးယောင်ချာနှင့် ဘာလုပ်ရမှန်းမသိပေ။ ကေသီတယောက် စိတ်နှမ်းကိုယ်နှမ်းနှင့် အိပ်ပျော်နေသည်ကိုသာ အနားမှာ ထိုင်ကြည့်နေမိသည်။ ထိုစဉ် ဦးသက်ရှည် ဝင်လာသည်။ ကျွန်တော် လှည့်ကြည့်သောအခါ ဦးသက်ရှည်က မျက်ရိပ်ပြသဖြင့် အပြင် ထွက်လာခဲ့ရပေ၏။

ကျွန်တော်တို့သည် အိမ်ဝရန်တာရှိ ကုလားထိုင်များတွင် ထိုင်ကာ စကားပြောကြရသည်။

'ဘာများလဲ ဦးသက်ရှည်...'

ကျွန်တော်က မေးလိုက်သည်။

'ဒီလိုလေ ...ဆရာ့သားလေး မောင်ပိုက်ထွေးရဲ့ ငါတို့ ဘယ်တော့ ခရီးထွက်မလဲ'

'ခင်ဗျားမြင်တဲ့အတိုင်းပဲ။ ကေသီက မွေးတော့မှာ။ သူမွေးပြီးမှ ခရီးထွက်လို့ ဖြစ်မှာပေါ့။ ကျွန်တော့်စိတ်ထင် သူ ဒီလအတွင်း မွေးလိမ့်မယ်'

ကျွန်တော့်စကားကို ကြားသောအခါ ဦးသက်ရှည်က ခေါင်းခါသည်။

---

www.burmeseclassic.com

'မဟုတ်သေးဘူးလူလေး။ မင်းစောင့်နေလို့မဖြစ်ဘူး။ သွား မှဖြစ်မယ်။ နှင်းပွင့်ခဲလေးအတွက် မပူနဲ့။ သူ့ကျန်းမာရေး ကောင်းတယ်၊ မြင်းနဲ့တင်သွားယင် ဖြစ်နိုင်တယ်။ ခရီးမြန်မြန် ထွက်နိုင်လေ အကောင်းဆုံးဖြစ်လေပဲ'

'ဘာဖြစ်လို့ ဒီလောက် လောနေရတာလဲ။ အကြောင်းထူး ရှိလား'

ဦးသက်ရှည်က ပတ်ဝန်းကျင်ကို စိတ်မချဟန်ဖြင့် လှည့်ပတ် အကဲခတ်လိုက်သည်။

'အကြောင်းထူးတယ် လူလေး။ မျောက်တွေ ထောင်နဲ့ချီပြီး ပြန်ရောက်နေကြပြီ။ တတောလုံးတတောင်လုံး မျောက်တွေ ပြည့်ပြီး မည်းနေတာပဲ'

ကျွန်တော် အံ့အားသင့်သွားသည်။

'ဒီတောဒီတောင်တွေမှာ မျောက်တွေမရှိတော့ဘူး ထင်နေ တာဗျ။ ဘယ်လိုကဘယ်လို ပြန်ရောက်လာကြတာလဲ'

'ဟုတ်တယ်။ မင်းတို့ လက်ထပ်ပွဲပြီးခါစက တကောင်နှစ် ကောင်လောက်ပဲ ရှိတယ်။ ဦးတော်ဘကို မသေခင်ကလေးက စပြီး တဖြည်းဖြည်း ပြန်ရောက်လာတာ။ ငါလဲ ရှာသားတွေ ပြောတာမယုံလို့ သေနတ်ဆွဲပြီး လိုက်ကြည့်သေးတယ်။ ဒီမနက် တောင် တခါ ကြည့်ဖြစ်သေးတယ်။ တကမ္ဘာလုံးက မျောက် တွေ စုရုံးနေသလား ထင်ရတယ်ဟေ့။ ငါ့မျက်စိနဲ့ကို မြင် တာ...





ကျွန်တော်သည် ဦးသက်ရှည်အား မယုံကြည်စွာ ကြည့်နေမိ သည်။ ဦးသက်ရှည်သည် တစုံတခုကို ဖုံးကွယ်ထားသလိုရှိနေ သည်။

'ဘာပြောပြော မျောက်တွေဟာ သေနတ်ကိုတော့ လန့် ပါတယ်ဗျာ'

ကျွန်တော်က စကားနှင့် တောက်ကြည့်တော့မှ ဦးသက်ရှည် က အလုံးစုံကို ဖွင့်ပြောတော့သည်။

'မျောက်တွေထဲမှာ ပေါက်ကျော်မ ပါလာတယ် လူလေး'

ပေါက်ကျော်မဟူသောအသံကို ကြားရချင်း ကျွန်တော် စိတ်လှုပ်ရှားလာသည်။

'အလို... ဒီမိန်းမ မသေသေးဘူးလားဗျ'

'မသေသေးဘူး။ မသေတဲ့အပြင် သူဟာ မျောက်ဘုရင်မ ဖြစ်လာပြီ...'

'ခင်ဗျား ဘယ်လိုလုပ် သိလဲ'

ကျွန်တော်က မေးလိုက်သည်။

'ငါကိုယ်တိုင် ဒီမိန်းမကို မြင်ခဲ့ရလို့ သိတာပေါ့ လူလေးရဲ့။ ဒီမိန်းမက မျောက်ရေခြုံထားတယ်၊ မျက်နှာပေါ်မှာလဲ သစ် ဆေးအမည်းတွေ သုတ်လိမ်းထားတယ်။ ဒါပေမယ့် သူ ဘယ် လောက် ရုပ်ဖျက်ဖျက် ငါကတော့ မှတ်မိပြီးသားပဲကွ။ သူ့ ကိုယ်လုံးကိုယ်ထည် အရွယ်အစားက မျောက်တွေထဲမှာ ထင်း နေတာပဲဥစ္စာ။ ဘာကယ်တော့ သူဟာ တရွတ်မပဲ၊ တရွတ်ကုန် သည်တွေလက်ကနေ မျောက်တွေအကြောင်း ရောက်သွားရတာ



www.burmeseclassic.com

www.burmeseclassic.com

ကိုး။ ဒီတော့ သူဟာ လက်တွေ့ဟာ ဖြူဖွေးနေတာပေါ့။ ငါ သူ့ကို သေသေချာချာ ချောင်းကြည့်ပြီး မင်းရဲ့ မဂ္ဂနမ်ရိုင်ဖယ်(လ်)ကြီးနဲ့ ဆောင့်ထည့်လိုက်မလို့ပဲ။ တခြားမျောက်တွေ မြင်သွားပြီး ဝိုင်းအော်လို့ လစ်ပြေးသာရတာ။ ဒါဆိုယင်တော့ မင်းတို့လင်မယား ခရီးထွက်ဖို့ သင့်ပြီဆိုတာ ထပ်ပြောဖို့ မလိုတော့ပါဘူးနော်’

‘ဟုတ်ကဲ့။ သိပြီဆိုပါတော့လေ။ ဒါပေမယ့် ပေါက်ကျော်မနဲ့ မျောက်တွေက ကျွန်တော်တို့ကို ဘယ်လိုအန္တရာယ်မျိုးပေးမယ်ဆိုတာ စဉ်းစားရဦးမယ်။ ခရီး ထွက်နိုင်ယင်တော့ အကောင်းဆုံးပဲ။ ဒါပေမယ့် ကေသီကို ဘာမှ သွားမပြောလိုက်နဲ့ဦး ဦးသက်ရှည်ရေ့။ ကိုယ်လေး လက်ဝန်ကြီးနဲ့ အကြောက်လွန်သွားမှာ စိုးရိမ်ရတယ်။ ခင်ဗျားက ရွာလူကြီးတွေဆီသွား။ ရွာပတ်ပတ်လည်နဲ့ လိုအပ်တဲ့ နေရာတွေမှာ အစောင့်တွေ ချထားဖို့ပြော။ နေ့ရောညပါ ကင်းချခိုင်းဗျာ။ မနက်ဖြန် ကျွန်တော်ခရီးထွက်ဖို့ အဆင်သင့်လုပ်မယ်။ သန်ဘက်ခါ ထွက်မယ်....’

ဦးသက်ရှည်သည် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီးထွက်သွားလေတော့သည်။ ကျွန်တော်ကား ပေါက်ကျော်မအကြောင်းစဉ်းစားပြီး အံ့ဩနေမိသည်။ ပေါက်ကျော်မသည် မျောက်များကဲ့သို့ အော်ဟစ်ပြီး မျောက်များနှင့်ဆက်သွယ်နိုင်သည်ကို ကိုယ်တွေ့ကြုံခဲ့ရပြီးလေပြီ။ ထိုစဉ်က ကျွန်တော်တို့ လင်မယားနှင့် နန်စီလေးကို မျောက်များ ဝိုင်းထားစဉ် ဖြစ်သည်။





ပေါက်ကျော်မနှင့် မျောက်များ၏ ဟစ်အော်၍ ဆက်သွယ်မှုကို စကားပြောခြင်းဟုယူဆမည်ဆိုကယူဆနိုင်သည်။ ပေါက်ကျော်မသည် သူ့အား ရွာမှနှင်ထုတ်ပြီးနောက် မျောက်များနှင့် မည်မျှနွားလည်မှု ရခဲ့ပါသနည်း။ ပေါက်ကျော်မ၏ ခေါင်းဆောင်မှုနှင့် ဩဇာအာဏာသည် မျောက်များအပေါ် မည်သည့် အတိုင်းအတာအထိ ရောက်နေပါသနည်း...။

ပေါက်ကျော်မသည် သာမန်လူသားတဦး မဟုတ်သကဲ့သို့ မျောက်တကောင်လည်း မဟုတ်ပေ။ သူသည် မျောက်များနှင့် ယဉ်ပါးစွာ အတူတူ ကြီးပြင်းလာသကဲ့သို့ လူသားတို့၏ပညာများကိုလည်း ရရှိခဲ့သူဖြစ်သည်။ ပေါက်ကျော်မတွင် လူ့စိတ် အပြည့်အဝမရှိသော်လည်း မျောက်စိတ်ထက်တော့ သာမည် ဖြစ်သည်။ ထို့ကြောင့် ပေါက်ကျော်မသည် မျောက်တို့၏ ဘုရင်မ ဖြစ်လာသည်မှာ မဆန်းလှ။

ကျွန်တော်တို့ကား ခရီးထွက်ရန် စီစဉ်နေခြင်းဖြင့် အလုပ်များရတော့သည်။ ကေသီအား တင်ခေါ်သွားနိုင်မည့် မြင်းကောင်း တစီး စီစဉ်ရသကဲ့သို့ ကျွန်တော်တို့စီးမည့် မြင်းကိုလည်း ပြင်ရသည်။ ပစ္စည်းများကို သားများ၊ ဝန်တင်နွားများဖြင့် တင်ရန် လုပ်ရသည်။ ထို့အပြင် ကေသီသည် ကိုယ်ဝန်ဆောင် အမျိုးသမီးဖြစ်သဖြင့် မြင်းစီးရန်မသင့်ဟု တွေးမိပြန်သည်။ သို့သော် ဤအရပ်သည် မြေပြန့်ရွာပါသည့်အလေ့ဖြင့် ဝန်တင်လှည်းကို မသုံးကြ ။ လှည်း လုပ် တတ် သူလည်း တယောက်မှ မရှိပေ။ မတတ်နိုင်။ မြင်းပေါ်မှာ [illegible]သောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်သာရှိအောင် လုပ်ပေးရမည် ဖြစ်သည်။ မြင်းပေါ်မှ မလိုက်နိုင်လျှင် ဇောင်ပုခက်ကို လူနှစ်ယောက်ထမ်းစေပြီး ခေါ်သွားမည်ဟု ကျွန်တော် ကြံစည်ထားလိုက်သည်။

ကေသီကိုယ်တိုင်က ဤအရပ်တွင် မနေလိုတော့ပဲ ခရီးထွက်ခွာလိုစိတ် ရှိနေတာကို တွေ့ရပါ၏။ ကေသီသည် ဖခင်ကြီးခေါင်းချရာအရပ်တွင် မနေလိုတော့ပေ။ ထို့ကြောင့် ခရီးထွက်ဖို့ သဘောတူသည်။ မျောက်များ အကြောင်းကိုတော့ ကေသီ့အား ကျွန်တော်မပြော၊ စိုးစဉ်မျှမပြော။

ကျွန်တော်တို့သည် နောက်တနေ့တွင် ခရီးထွက်ခွာရန် ပြင်ဆင်လေတော့ရာ တောင်ပိုင်ရွာလူကြီးမှစ၍ တရွာလုံး ဝမ်းနည်း ကြေကွဲရတော့၏။ ဇနီဝေါများက ကျွန်တော့်ကို ဦးဘော်စကို၏ နေရာတွင် သင်းအုပ်ဆရာကြီးအဖြစ် ရှိနေစေချင်သည်။ ကျွန်တော်ကား သင်းအုပ်ဆရာ လုပ်ဖို့မပြောနှင့်၊ သာမန် ခရစ်ယာန် တယောက်လောက်ပင် မမှကျမ်းစာအကြောင်းကို သိသူမဟုတ်ပေ။ ထို့အပြင် ရွာသားများသည် ကေသီ့အား များစွာချစ်ခင်မြတ်နိုးလျက်ရှိနေကြသည်။ ကေသီ ထွက်သွားတော့မည်ဆိုသဖြင့် သူတို့အားလုံး ပူဆွေးနေရတော့သည်။ သို့သော် သူတို့အားလုံး ကျွန်တော်တို့ ခရီးထွက်နိုင်အောင် ဝိုင်းဝန်းကူညီနေကြပါ၏။

နေ့ခင်းပိုင်းတွင် ကျွန်တော်သည် နေ့လယ်စာစားပြီးနောက် ဝန်တင် နွားများကို ရွေးချယ် နေမိသည်။ ကေသီ့ကို ကျွန်တော်က ကြမ်းကြမ်းတမ်းတမ်း မလုပ်စေချင်။ သို့သော်





ကေသီကတတ်နိုင်သမျှ ထုပ်ပိုးပြင်ဆင်နေသည်။ နန်စီလေးက သူ့ကိုကူညီသည်။ ထို့နောက် ကျွန်တော်ရွာထဲဆင်းခဲ့ပြီး ခရီးတထောက်အထိ လိုက်ပို့မည့် ရွာသားများကို တွေ့ဆုံနေရသည်။ သို့နှင့် တဖြည်းဖြည်း အချိန်ကုန်သွားသည်။

နေဝင်ခါနီးမှ ကျွန်တော် အိမ်ပြန်ရောက်လာသည်။

သွားလေသူ ဦးဘော်စကို၏ အိမ်ကြီးသည် ခြောက်ကပ်တိတ်ဆိတ်နေသည်။

ကျွန်တော် အိမ်ပေါ်တက်လိုက်သောအခါ အထုပ်အပိုးများက ကြမ်းပြင်ပေါ်တွင် စုပုံ၍နေသည်။ ကေသီနှင့် နန်စီကိုမူ အရိပ်အရောင်မျှ မတွေ့ရပေ၊

'ကေသီရေ....ကေသီ....'

ကျွန်တော့်ခေါ်သံကို မည်သူမျှ မတုံ့ပြန်။

'နန်စီရေ... နန်စီရေ....'

နန်စီလေးကိုလည်းမတွေ့ရ....။

'ဘယ်များသွားကုန်ကြပါလိမ့်....။ ကေသီရေ.. ဟေး... ကေသီ...'

ကျွန်တော်သည် အိမ်ပြင် ထွက်ပြီး တကြော်ကြော် ဟစ်ခေါ်ပြန်၏။

'အာ....ဒီမိန်းမ....ဘယ်များသွားနေပါလိမ့်....'

ကျွန်တော် အိမ်ပေါ်က ဆင်းလာလိုက်သည်။ ဇနီဝေါ တယောက်ကို တွေ့၍ လက်ယပ်ခေါ်လိုက်ရာ ဇနီဝေါက အပြေးကလေး ဆိုက်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကေသီနဲ့ နန်စီလေးကို မြင်မိသလား'

'တွေ့တယ်ဆရာ။ နှင်းပွင့်ခဲဟာ ပန်းကလေးကို ခေါ်သွားတယ်....'

'သူတို့ ဘယ်သွားကြတာလဲ'

ဇန်ဝေါက ရွာ၏အနောက်ဘက်ကို လက်ညှိုးထိုးပြသည်။

'ဘယ်အချိန်က သွားတာလဲ'

သူက နေမင်းတည့်နေပုံကို လက်ညှိုးထိုးပြပြန်သည်။ ကေသီတို့ ထွက်သွားသည်မှာ အတန်ကြာပေပြီ။ ဘယ်သွားကြပါလိမ့်....။

'နှင်းပွင့်ခဲ့ရဲ့လက်ထဲမှာ ပန်းစည်းတစည်း ကိုင်ထားတယ်ဆရာ။ သူဟာ ငိုလဲငိုနေတယ်။ သူ့အနဖကို လွမ်းတယ်ထင်တယ်'

ကေသီသည် နန်စီလေးကိုခေါ်၍ သင်္ချိုင်းကို ထွက်သွားသည်မှာ ထင်ရှားနေပေပြီ။ ကေသီသည် ဤအရပ်အား အပြီးအပိုင် မစွန့်ခွာမီတွင် ဖခင်ကြီး၏ သင်္ချိုင်းရာအား သွားရောက် ကြည့်ရှုလိုပေလိမ့်မည်။

'ချေးနှစ်ကောင်လဲ ပါသွားတယ်ဆရာ...'

ကျွန်တော် အချိန်ဆိုင်းမနေတော့ပေ။ ရွာထဲသို့ အပြေးအလွှား ပြန်ဆင်းလာလိုက်သည်။ ထို့နောက် ရွာပြင်ထွက်လာသည်။ ရွာ၁တွင် ကင်းစောင့်နေသော ဇန်ဝေါသည် အိပ်ပျော်လျက်ရှိသည်။ ကျွန်တော်က သူ့ပခုံးကို လက်နှင့်ပုတ်၍ နိုးလိုက်ရသည်။





'ဟော့....ဒီမှာ....နှင်းပွင့်ခဲကို တွေ့လား'

ကင်းသမားသည် မျက်လုံးကိုသာ ပွတ်သပ်နေသည်။ ဘာမှ မဖြေနိုင်။

'မင်း အိပ်ပျော်နေလား'

'ဟုတ်တယ်ဆရာ။ ကျွန်တော် အိပ်ပျော်သွားတယ်'

'အင်း...တယ်ခက်ပါလား။ လာ...လာ...မင်း ငါနဲ့လိုက်ခဲ့'

ကျွန်တော်က အစောင့်ကိုခေါ်ပြီး သင်္ချိုင်းဘက်ကို ထွက်လာသည်။ သင်္ချိုင်းမှာ တမိုင်နီးပါးဝေးသော်လည်း အပြေးတပိုင်းဖြင့် လာလိုက်ရာ ခဏနှင့်ပင် ရောက်သည်။ ဦးဘော်စကို၏ မြေပုံမှာ အသစ်စက်စက်ပင် ရှိနေသေးသည်။ လက်ဝါးကပ်တိုင်ခြေရင်းတွင်ကား ကေသီချထားခဲ့သည့်ပန်းစည်း။ ပြီးတော့ နန်စီလေး၏ ဖိနပ်တဘက်....။

သူတို့ ဘယ်ရောက်သွားကြပြီလဲ....။

'ကေသီရေ... ကေသီ'

ကျွန်တော်သည် သင်္ချိုင်းမြေအတွင်း ပြေးလွှားကာ ကေသီ့နာမည်ကို အဲသံကုန်အော်ခေါ်မိသည်။ သို့သော်...ထူးသံကိုမကြားရ။ စိုးစဉ်းမျှမကြားရ။ ဘာမှမထူးသောအခါ ကျွန်တော်သည် မုဆိုးပီပီခြေရာခံရန် စဉ်းစားမိလာသည်။ အစောင့်ရွာသားက ခြေရာများအတိုင်း ဦးဆွဲ လိုက်သွားသည်။ သိပ်မသွားလိုက်ရပါ။ သူသည် ချုံဖုတ်တခုနောက်ကို ရောက်သွားတော့။

'ဆရာ...ဆရာ....ဒီမှာ...ဒီမှာ'



www.burmeseclassic.com

www.burmeseclassic.com



အစောင့် ရွာသား၏ ယယ်သံပါအောင် အော်သံကို ကြားသည်နှင့် ကျွန်တော်လည်း လေ၏ အလျင်နှင့်အတူ ပြေးသွားရတော့သည်။ အစောင့်ရွာသားက မြေပြင်ကို လက်ညှိုးထိုးပြသည်။ မြေပြင်မှာ ပျော့ချွဲနေသည်။ မြေပြင်ပေါ်တွင် ရှုန်းရင်းဆန်ခတ် ဖြစ်ထားသည့်အရာတွေက ထင်ရှားနေသည်။ လူ့ခြေရာနှင့် မျောက်ခြေရာတွေရောနေသည်။ လူခြေရာသေးသေးလေးမှာ နန်းစိလေး၏ခြေရာပင် ဖြစ်သည်။

ကေသီ့ခြေရာကိုလည်း ကျွန်တော် ကောင်းစွာ မှတ်မိသည်။ အခြားလူခြေရာ တစုံမှာကား ပေါက်ကျော်မ၏ခြေရာမှအပ အခြားမဖြစ်နိုင်ပြီတကား....။

အနီးအနားတွင် ခွေးနှစ်ကောင်၏ အရိုးနှင့်အသားများ စုတ်ပြတ်ကာ တစစီဖြစ်နေတာတွေကို တွေ့ရသည်။ ခွေးများက လည်မျိုကို ဝိုင်းဝန်းကိုက်ခဲသဖြင့် မသေမရှင် ဖြစ်နေသော မျောက်တကောင်လည်း ရှိနေပြန်သည်။ ကျွန်တော်ကား မြေပြင်ကိုကြည့်ပြီး ကြက်သေသေနေသည်။ များစွာ တုန်လှုပ်ချောက်ချားကာ ချွေးစေးတွေ ပြန်လာသည်။

ကျွန်တော့်ချစ်ဇနီးကေသီနှင့် နန်းစိလေးကို မျောက်များက အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွား ကြလေပြီ။ ကေသီတို့အား ယခုအချိန်အထိ မသတ်ဖြတ်သေးဟုတော့ ယူဆနိုင်သည်။ သတ်ဖြတ်ခဲ့လျှင် အလောင်းတွေ့ရပေမည်။ ဒဏ်ရာအနာတရဖြစ်ဟန်လည်း မတူသေးပါ။ ဒဏ်ရာရလျှင် သွေးကိုတွေ့ရပေမည်။ ယခုတော့ ဖမ်းဆီးသွားသည်မှာ သေချာပေပြီ။





ဤကိစ္စကို မျောက်များက ပြုလုပ်ရန်မှာ ပေါက်ကျော်မမှတပါး အမိန့်ပေးနိုင်သူ မရှိပါလေ....။

ကျွန်တော့်နှလုံးသားသည် ရင်ထဲမှ လွင့်စဉ်သွားပေပြီ။

'ကဲ....မင်း ရွာကို အမြန်ပြေး....။ ရွာသားတွေကို ရသမျှ လက်နက်တွေစုပြီး အမြန်ခေါ်လာခဲ့။ ဦးသက်ရှည်ကိုလဲ ခေါ်လာ။ ငါ့သေနတ်နဲ့ ကျည်ဆန်တွေလဲ ယူလာခဲ့။ မှတ်မိတယ်နော်....'

'စိတ်ချ ဆရာ....'

ရွာသားသည် လေကဲ့သို့သော အဟုန်ဖြင့် ပြေးသွားတော့၏။ ကျွန်တော်က ခြေရာများအတိုင်း လိုက်သွားသည်။ ကိုက်အနည်းငယ်ကွာသောအခါ ကေသီ့အား တရွတ်တိုက်ဆွဲသွားသည့် စုတ်ကြောင်းကို ထင်ရှားစွာ တွေ့ရတော့၏။ စမ်းချောင်းဘေးရေစပ်တွင်ကား ခြေရာပျောက်သွားပြန်သည်။ စမ်းရေမှာ တိမ်သဖြင့် ပေါက်ကျော်မသည် ခြေရာဖျောက်ရန် စမ်းချောင်းအတိုင်း သွားပေလိမ့်မည်။ နန်းစိလေးကိုကား ပေါက်ကျော်မက ပွေ့ခေါ်သွားခြင်း ဖြစ်နိုင်သည်။

ကျွန်တော်လည်း စမ်းချောင်းအတိုင်း လိုက်လာခဲ့ပြီး.... ဝဲယာကမ်းပါးတွင် ရေထဲမှပြန်တက်သည့် ခြေရာများကို လိုက်ရှာရတော့၏။

တနေရာတွင် ရေညှိတက်နေသော ကျောက်တုံးများ ကျုံးထိုးမှောက်ခုံဖြစ်ကာ ရေညှိမတက်သည့် အပိုင်းများပေါ်နေသည်ကို တွေ့ရသည်။ ကျွန်တော်လည်း ထိုနေရာ၌ ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ပြေးတက်သွားမိသည်။ ထိုစဉ်မှာပင် ကျွန်တော် ရောက်နေရာအထက် ကျောက်ဆောင်ပေါ်တွင် မျောက်တကောင်၏ မျက်နှာကို ရိပ်ကနဲမြင်လိုက်ရသည်။ ထို့နောက် မျောက်အော်သံ စူးစူးဝါးဝါး ပေါ်ထွက်လာသည်။ မျောက်တကောင်ကား ကျွန်တော့်ကို မြင်သွားလေပြီ။

ချက်ချင်းပင် အခြားမျောက်များ၏ အော်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။ မျောက်များသည် ကျောက်ဆောင်များတွင် ပုန်းကွယ်ကာ ကျွန်တော့်အား စက်ဝိုင်းခြမ်းသဏ္ဌာန် ပိတ်ဆို့ထားကြလေပြီ။ အချို့မျောက်များကား အတင့်ရဲစွာပင် ကျောက်ဆောင်များပေါ်သို့ ခုန်ပေါက်၍ တက်လာကြသည်။

ကျွန်တော် ရှေ့တလှမ်းတိုးလိုက်သည်။ ထိုအခါကျမှ ကျွန်တော့်တွင် သေနတ်မရှိသည်ကို သတိထားမိပြန်သည်။ သေနတ်မပါပဲ သွားလိုက်တော့ ခွေးများကဲ့သို့ အရိုးတခြား အသားတခြား ဖြစ်မှာကော....။

ထို့ကြောင့် ကျွန်တော်သည် နောက်သို့ ရုတ်တရက် ပြန်လှည့်ပြေးရတော့၏။ မျောက်အုပ်ကြီးက ဆူညံစွာအော်ဟစ်၍ ကျွန်တော့်နောက်ကို ပြုံကျပြီး လိုက်လာကြသည်။ မကြာပါ။ ကျွန်တော်စေလွှတ်လိုက်သော ဇန်ဝေါ်အစောင့်၏ တပ်လှန့်ခေါ်ဆောင်မှုကြောင့် ဓားလှံလက်နက်များကိုင်ကာ ညာသံပေး၍ လာနေကြသော ရွာသားများကို တွေ့ရတော့၏။

'လာကြဗျို့....လာကြပါဗျို့။ ဒီမှာ မျောက်တွေ'





ကျွန်တော် အော်ဟစ်နေစဉ် ဦးသက်ရှည်သည် ရှေ့ဆုံးက ပြေးလာသည်။

'ဒုက္ခပဲ....ဦးသက်ရှည်။ ကေသီတို့ကို မျောက်တွေ ဖမ်းသွားပြီ'

ကျွန်တော် ပြောနေစဉ်မှာပင် မျောက်အုပ်ကြီးသည် ရွာသားများကို မြင်သောအခါ သစ်ပင်ကြီးများ၊ သစ်ကိုင်း သစ်ခက်များ အကြားသို့ အလျှိုလျှိုပုန်းအောင်း ဝင်ရောက်ကာ ကြွက်မပျောက် ငှက်မပျောက် ပျောက်သွားကုန်ကြတော့၏။

'စိတ်ကောင်းကောင်းထား လူလေး။ ကေသီနဲ့ ကလေးမလေးဟာ မသေသေးဘူး။ သူတို့မသေခင် ငါတို့ ရအောင်ကယ်ရမယ်။ ပေါက်ကျော်မဟာ ကေသီ့ကိုချစ်တယ်။ ကေသီ့ကို သူ...သတ်မှာမဟုတ်ဘူး။ ဒါပေမယ့် ကေသီဟာ ဒီမျောက်တွေနဲ့ ကြာကြာနေယင် မလွယ်ဘူး'

'ဟုတ်တယ်...ဦးသက်ရှည်။ ပြီးတော့ ကိုယ်လေးသက်ဝန်ကြီးနဲ့ဗျ'

ထို့နောက်.... ကျွန်တော်တို့သည် ရွာသားများနှင့်အတူ မျောက်များနောက်သို့ လိုက်ကြတော့သည်။ သို့သော် များမကြာမီမှာပင် အမှောင်ထုက ပိတ်ဖုံးသွားသဖြင့် ကျွန်တော်တို့လူစု ဘာမှမတတ်နိုင်တော့ပေ။

၀...၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

### ခရျောက်များနှင့် ကြောက်ခမန်းလိလိတိုက်ခိုက်ရပုံ

ကျွန်တော်တို့လူစုသည် ကောသိနှင့် နန်ဝီခလားအား ခရျောက်များ ဖမ်းဆီးသွားသည့်စမ်းချောင်းလေးသို့ ဒုတိယအကြိမ် ရောက်ရှိလာကြပြန်သည်။ ယခုတခါတွင် ရွာသားများသည် ကောသိ့ကို ချစ်ခင်ကြသည့်အလျောက် ရွာလုံးကျွတ်ပင် ရေရာ ခေါ်သို့ လက်နက်များ ကိုင်စွဲ၍ လိုက်ပါလာကြသည်။ မတွေ့မချင်းလိုက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် စားရေရိက္ခာများလည်း ပါသည်။ ရွာသားများ ကိုင်ဆောင်လာသည့် မီးတုတ်မီးစည်းများမှာ လင်းထိန်လျက်ရှိသည်။ အချို့က ကြိုးများလှေကားများကို ထမ်းလာကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မဂ္ဂနမ်ချိုင်ဖယ်(လ်)ကြီးကို အသင့်ကိုင်ထားသကဲ့သို့ ဦးသက်ရှည်ကလည်း ၁၂ ဂိတ် နှစ်လုံးပြူးကိုထမ်းထားသည်။ ရွာလူကြီးများက ဦးဘော်စကို၏ သေနတ် သုံးလက်ကို ကိုင်ကြသည်။ ကျန်ရွာသားများတွင်မူ တူမီးသေနတ်သုံးလက်သာပါသည်။ ကျန်သူများမှာ ဓားလှံနှင့် ဒူးလေးများကို ကိုင်ကြသည်။

'နွှင်းပွင့်ခဲကို မတွေ့တွေ့အောင် ရှာမယ်။ ပေါက်ကျော်မနဲ့ မြောက်တွေကို တကောင်မကျန် အကုန်သတ်ပစ်ရမယ်'

ရွာလူကြီးက ကြွေးကြော်လိုက်သည်။

'ဟုတ်တယ်....ဟုတ်တယ်။ မြောက်တွေကို သတ်ပစ်ရမယ်'

ရွာသားများကလည်း တခဲနက် ထောက်ခံသည်။ ကျွန်တော်ကား ဆောက်တည်ရာမရ ဖြစ်နေသည်။ ကေသီ့မှာက ကိုယ်ဝန်ကြီးနှင့် ဖြစ်သည်။ နန်းစီဆိုတာကလည်း လူမမည်ကလေးမျှသာ။ ကျွန်တော်သည် ကေသီနှင့် နန်းစီအတွက်သာမကပဲ ကေသီ့ ဝမ်းကြာတိုက်ထဲမှ ကျွန်တော့် ရင်သွေးအတွက်ပါ အပူကြီးပူနေရသည်။ ဦးသက်ရှည်က ကျွန်တော့်လက်မောင်းကို မကြာခဏ ဖျစ်ညှစ်ဆုပ်ကိုင်ပြီး အားပေးလျက် ရှိလေသည်။

ကျွန်တော်တို့လူစုသည် မြောက်များ၏ ခြေရာကိုခံ၍ လိုက်သွားကြသည်။ မကြာခဏပင် မြောက်ခြေရာတွေက ပျောက်သွားသည်။သို့သော် ပေါက်ကျော်မ၏ ခြေရာများကို ပြန်လည်ရှာဖွေတွေ့ရှိသည်။ ထူထပ်သော တောကြီးပေါ်တွင် ငွေလ





ရောင်က ရှန်းမြနေသည်။ တတောလုံးမှာ ရွာသားများ၏ အသံဖြင့် အုတ်အုတ်ကျက်ကျက် ဆူညံလျက်ရှိသည်။

'ကေသီရေ...ကေသီရေ...'

ကျွန်တော်သည် မကြာခဏ ကေသီ့ကို အော်ခေါ်နေမိသည်။ သို့သော် ပြန်လည်ထူးသံကား မကြားရပေ။ ကေသီသည် ပြန်မထူးနိုင်တော့လို့လား။ သို့မဟုတ် ပေါက်ကျော်မကပဲ ပြန်မထူးရန် ခြောက်လှန့် ထားလို့လား။ ကျွန်တော့်ခေါ်သံကို မကြားရသည့်အရပ်ကို ရောက်နေလို့လား မတွေးတတ်တော့ပါ။

ရွာသူ ရွာသားများသည် တတောလုံးအနှံ့တွင် ဝေ့ဝေ့ဝပ်ဝပ်ပင် ရှာသည်။ အချို့ရွာသားများက ညကြီးမင်းကြီးမှာပင် သစ်ပင်ကြီးတွေပေါ် တက်၍ရှာသည်။ ထိမ့်ကျသူက ကျသည်။ သို့နှင့် အချိန် တာတာစနှင့် ကုန်ဆုံးလာသည် မျှော်သင့်ချက်က တဖြည်းဖြည်း ဝေးသွားသည်။ မိုးသောက်ချိန် ရောက်လာသောအခါ ရွာသားများသည် များစွာပင် ပင်ပန်းသောသဖြင့် ရောက်ရာနေရာမှာ ခြေပစ်လက်ပစ်ထိုင်၍ နားနေကြပေပြီ....။

'ကဲ....နားဦး လူလေး...'

ဦးသက်ရှည်နှင့် ကျွန်တော် စမ်းချောင်းနံဘေးမှာ ထိုင်ချလိုက်သည်။ ဦးသက်ရှည်က ကျွန်တော့်ကို ကောက်ညှင်းထုပ်ကျွေးသည်။ သို့သော် ကျွန်တော်ကား စိုးစဉ်းမျှ မမြိန်ရှက်နိုင်ပါ။ ရွာသားအချို့က ရှာကိုပြန်ပြီး စားစရာတွေကို ယူလာနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကျွန်တော့် အသည်းမှာ ကွဲအက်လျက် ရှိသည်။ ကျွန်တော် တို့စဉ်က မည်ကဲ့သို့ ခံစားနေရသည်ကို ယခုအချိန်တွင် စာဖြင့်ရေးဖွဲ့၍ လုံလောက်မည် မဟုတ်ပါ။ ဦးသက်ရှည်သည် မိုးပေါ်ကို မော့ကြည့်နေသည်။ ရံဖန်ရံခါတွင် တိုက်ခတ်လာသည့် လေပြည်လေညင်းလေးကို အမဲလိုက် ခွေးကြီးပမာ မော့၍ ရှူသည်။

'လုပ်ပါဦး ဦးသက်ရှည်ရယ်။ ကြာယင် ကျွန်တော် ရူးရတော့မယ်'

ဦးသက်ရှည်က ကျွန်တော့်ကို သနားကြင်နာစွာ ကြည့်နေသည်။

'မပူပါနဲ့ ဆရာ့သားလေး မောင်ပိုက်ထွေး။ ကေသီရောနန်းစီပါ ဘာမှမဖြစ်ပါဘူး။ မပူပါနဲ့'

'ဘာမှ မဖြစ်ဘူးသာဆိုတယ်။ အခုထိ မတွေ့ရပါလားဗျ'

ထိုစဉ် ကျွန်တော်သည် တစုံတရာကို သတိရမိသွားသည်။ စင်စစ် ဦးသက်ရှည်သည် လူထူးလူဆန်းကြီးတယောက် ဖြစ်သည်။ အခါများစွာတွင် ဦးသက်ရှည်က နောက်သလိုလို ပြောင်သလိုလို အတည်လိုလိုပြောခဲ့သော စကားများသည် မှန်ကန်နေခဲ့သည်။ ဦးသက်ရှည်ကလည်း သူ့ကိုယ်သူ ရှေ့ဖြစ်ဟောနိုင်သူဟုလည်း ပြောဖူးသည်။ ယခုတခါတော့ သူ့ကို ယုံရတော့မလို ဖြစ်နေပေပြီ။





'ဦးသက်ရှည်....ခင်ဗျားဟာ ရှေ့ ဘာဖြစ်မယ်ဆိုတာကို သိနိုင်တယ် မဟုတ်လား။ အဲဒါ ကူညီပါဦးဗျာ။ ကျွန်တော် ဘယ်လိုပဲ ကျေးဇူးဆပ်ရဆပ်ရပါ'

ဦးသက်ရှည်သည် ကျွန်တော့်အဖေ၏ အစေခံတပည့်သာ ဖြစ်သည်။ ကျွန်တော်သည် ဦးသက်ရှည်အား ဘာမျှ အောက်ကျို့၍ မပြောဖူးပေ။ ယခုသော်ကား ရေနစ်သူအတွက် ကောက်ရိုးတမျှင်လိုပင် ကျွန်တော်သည် ဦးသက်ရှည်အား အောက်ကျို့နေမိပေပြီ။ ဤကား....ကေသီ့အတွက် ပူပန်သောကြောင့်ပင်တည်း။

'ငါပြောခဲ့တဲ့ အခါတိုင်းမှာ မင်းမယုံခဲ့ဘူး မဟုတ်လား။ မင်းအဖေက သေသေချာချာ မှာလိုက်တာတောင် ငါ့စကားကို မင်းနားမထောင်ခဲ့ဘူး မဟုတ်လား'

'ဦးသက်ရှည်ကလဲဗျာ။ ဒီတခါ ဦးသက်ရှည်ပြောတဲ့အတိုင်း ကျွန်တော် လုပ်မှာပါ။ ချေးမကိုင်ပါနဲ့ဗျာ'

ဦးသက်ရှည်သည် ကျွန်တော့်ကို ဘာမျှ မပြောတော့ပဲ ကျောက်တုံးကြီးပေါ်တွင် တင်ပျဉ်ခိတ်၍ ထိုင်လိုက်သည်။ ထို့နောက် မျက်စိများကို စုံမှိတ်ကာ အသက်ကို ဖြည်းဖြည်းရှူနေသည်။ ကျွန်တော်သည် သူ့ကို စိတ်မရှည်စွာဖြင့် ကြာမြင့်စွာ စောင့်နေရသည်။ ဦးသက်ရှည်ကား ကျောက်ရုပ်ကြီး တရုပ်ကဲ့သို့ပင် စိုးစဉ်းမျှ မလှုပ်တော့ပေ။ နောက်ဆုံး ဦးသက်ရှည်သည် အသက်ပင်မရှူတော့ပေ။ ဦးသက်ရှည် အသက်ရှူရပ်ပြီး သေသွားပြီလားဟု ကျွန်တော် စိုးရိမ်လိုက်မိသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့အား လှုပ်နှိုးရန်ကြံနေစဉ်မှာပင် ဦးသက်ရှည်ထံမှ သက်ပြင်းချသံကြီး ကြားရသည်။

'အင်း... အင်မတန် ပင်ပန်းတဲ့အလုပ်ပဲ။ စိတ်ကို ကိုယ်ကနေ ခွာထုတ်ရတယ်ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ဘူး။ စိတ်မရှိတဲ့ ကိုယ်ဟာ လူသေပဲ။ စောစောတုန်းက မင်းတွေ့နေတဲ့ ငါဟာ လူသေကောင်ပဲ။ ငါ့စိတ်ဟာ ကေသီ့ကို လိုက်ရှာနေမိတယ်။ တောအန္ဓိ တောင်အန္ဓိပဲဟေ့'

ဦးသက်ရှည်မှာ ရှင်သန်းတက်ကြွနေသည်။

'ခင်ဗျား ကေသီ့ကို တွေ့ခဲ့ရဲ့လား'

'ငါ မြင်ခဲ့တယ်'

ဦးသက်ရှည်သည် ငှက်တကောင်ပမာ ခေါင်းကို တဘက်သို့ စောင်းလျက် တဆတ်ဆတ် လှုပ်နေသည်။

'ခင်ဗျား ဘာတွေ မြင်ခဲ့လဲ'

'မင်းရဲ့ နှင်းပွင့်ခဲနဲ့ နန်းစီလေးကိုပေါ့'

'တကယ်လား ဦးသက်ရှည်။ ခင်ဗျား ဘယ်မှမသွားပဲနဲ့ ဘယ်လိုမြင်လဲ'

'ငါ့ကိုယ်က ခွဲထွက်သွားတဲ့စိတ်က မြင်တာပေါ့။ ကေသီနဲ့ နန်းစီလေးဟာ ကြောက်ရွံ့ တုန်လှုပ်နေကြတယ်။ ကေသီဟာ သူ့ရင်သွေးအတွက် စိတ်ပူပြီး စိတ်ကို တင်းထားရတယ်။ နို့မဟုတ်ယင်တော့ အကြောက်လွန်ပြီး သေလောက်ပြီ။ သူတို့ ဘာမှ အနာတရ မဖြစ်ဘူး။ ပေါက်ကျော်မဆိုတဲ့ ကောင်မကြီးက သူတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်။ မျောက်





တွေဟာ ဒီကောင်မကြီးစကားကို တသဝေမတိမ်း နားထောင်ကြတယ်။ ကေသီဟာ မောပန်းပြီး အိပ်ပျော်သွားပြီ။ ငါက ပေါက်ကျော်မ မကြားအောင် သူ့နားကပ်ပြီး မှာခဲ့တယ်။ ပိုက်သေး ရောက်လာလိမ့်မယ်၊ အခုအချိန်မှာ ပေါက်ကျော်မ ကိုချော့ပြီး ချစ်ဟန်ဆောင်နေလို့ မှာသစ်ခဲ့တယ်။ သူ လိုက်နာမှာပါ'

'ခင်ဗျား သူ့ကို စကားပြောခဲ့တယ်။ ဟုတ်လား'

'ဟုတ်တယ် ငါပြောခဲ့တယ်'

'ဘယ်လိုပြောခဲ့လဲ'

'မင်း နားလည်အောင် ပြောပြဖို့က အခက်သားကလား။ လူမှာ မျက်စိနှစ်လုံးရှိတယ်။ ပါးစပ်တပေါက်ရှိတယ်။ နား နှစ်ပေါက်ရှိတယ်။ နှာခေါင်းနှစ်ပေါက်ရှိတယ်။ ဒါဟာ စိတ်ရဲ့ ပြတင်းပေါက်တွေပဲ။ ငါ့မှာတော့ မျက်စိတလုံးအပိုပါတယ်။ အဲဒီ မျက်စိက ရိုးရိုးမျက်စိနှစ်လုံး မမြင်တာကို မြင်တယ်။ ရိုးရိုးနားက မကြားတာကို ကြားတယ်။ ရိုးရိုးပါးစပ်က မပြောနိုင်တာကို ပြောနိုင်တယ်။ အဲဒီ မျက်စိကို မင်း မမြင်ရဘူး။ အဲဒီ မျက်စိဟာ ငါ့စိတ်ထဲမှာ ရှိတယ်။ ငါ့ကိုယ်ကနေ စိတ်ကိုခွာထုတ်ပြီး ခရီးထွက်ရင် အဲဒီအပိုမျက်လုံးကို ယူသွားတယ်....'

ကျွန်တော့် ခေါင်းထဲမှာ မူးဝေနောက်ကျိလာသည်။ စိတ်ကလည်း ရှုပ်လာသည်။

'ကဲပါ...။ မင်း ပင်ပန်းနေတယ်။ အိပ်လိုက်...အိပ်လိုက်'



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ရှည်သည် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြီးကြည့်ပြီး အိပ်လိုက်၊ အိပ်လိုက်ဟု အဆက်မပြတ် ပြောနေလေရာ ကျွန်တော့်မှာ အမှန်တကယ်ပင် အိပ်ချင်လာပြီး ဝါးကန့်သမ်းဝေမိတော့၏။ ထို့နောက် ကျွန်တော်သည် ကျောက်ဖျာကြီးပေါ်တွင် လှဲချလိုက်မိပြီး မေးကန့် အိပ်ပျော်သွားတော့သည်။

ကျွန်တော်သည် အိပ်မက်ထဲတွင် ကျောက်ဂူကြီးတခု၏ အဝတွင် ရောက်နေတော့သည်။ ကေသီသည် ကျောက်နံရံကို မှီကာ ထိုင်နေသည်။ ကေသီ့အဝတ်အစားများမှာ စုတ်ပြတ်သပ်နေပြီး အရုက်လုံရုံသာ ရှိတော့သည်။ ကေသီသည် ငိုကြွေးယင်းမှ ကျွန်တော့်နာမည်ကိုတတွတ်တွတ်ရွတ်နေသည်။

နန့်စီလေးကား မျောက်ရေခွံတခုကိုခြုံကာ အိပ်မောကျနေပါ၏။ ပေါက်ကျော်မသည် မီးဖိုဘေးကိုမွှေးပြီး ဝါးဆစ်ဗူးဖြင့် တစုံတရာကို ချက်ပြုတ်နေသည်။

'ကေသီ....'

ကျွန်တော်ကေသီ့ကို လှမ်းခေါ်လိုက်မိသောအခါ အရာရာသည် ကွယ်ပျောက်သွားပါတော့၏။ ကျွန်တော်လည်း အိပ်ရာက နိုးကာ ကြည်ကြည်လင်လင် ရှိနေပေပြီ။

ဦးသက်ရှည်က ကျွန်တော့်ကို ပြုံးပြီးကြည့်နေသည်။

'ဘာတွေ အိပ်မက်မက်နေတာလဲ'

'ကေသီ့ကို ကျွန်တော်တွေ့တယ်။ နန့်စီလဲရှိတယ်။ ဂူကြီးတခုထဲမှာဗျ။ ပေါက်ကျော်မက ဘာတွေ ချက်နေလဲမသိဘူး'





'ဒါဆို သွားရှာကြရအောင်'

'ဟာ... အိပ်မက်ပဲဗျာ'

'လာပါ။ လာမှာလာစမ်းပါ။ ပေါက်ကျော်မဟာ ကေသီ့ကို တခုခုချက်ကျွေးနေမှာပါ။ ဒါဆိုယင် သူတို့ရှိတဲ့ ဂူထဲက မီးခိုးတွေထွက်လာမှာပဲ'

ထို့နောက် ကျွန်တော်တို့ နှစ်ယောက်သည် ရွာသားများကိုခေါ်၍ ခရီးဆက်ကြရပြန်၏။ ဦးသက်ရှည်သည် ခြေရာကြောင်းများကို ရှာဖွေလိုက်၊ နားစွင့်လိုက်၊ အနံ့ခံလိုက်ဖြင့် အမဲလိုက်ခွေးကြီးသဖွယ် ရှေ့ဆုံးမှသွားနေသည်။ ကျွန်တော်တို့သည် တတောင်တတောင်ကျော်ကျော်နှင့် လျှိုမြောင်အသွယ်သွယ်ကြားမှ သွားနေကြရသည်။ နေ့လယ်ခင်းကြောင်သောအခါ ငြိမ်သက်တိတ်ဆိတ်နေသည့် ချိုင့်ဝှမ်းကြီးအလယ်ကို ရောက်လာသည်။ ချိုင့်ဝှမ်းထဲတွင် ကျောက်တုံးကျောက်ခဲများရှိပြီး တဘက်တွင်မူ ကျောက်နံရံကြီးများ ရှိ၏။

ကျွန်တော်တို့သည် ကျောက်နံရံများအောက် ၂-မိုင်ခန့် သွားကြရသည်။ ဦးသက်ရှည်က ကျောက်နံရံကြီးများကို မကြာခဏ မော့ကြည့်နေသည်။

'ဟော....ဟိုမှာဟော့....'

ဦးသက်ရှည်က ဝမ်းသာအားရပြောလိုက်သဖြင့် ကျွန်တော် မော့ကြည့်လိုက်ရာ ကျောက်နံရံအထက်ပိုင်းတွင် ဟင်းလင်းပွင့်နေသည့်အပေါက်ကြီးတပေါက်ကို တွေ့ကြရသည်။ ထိုအပေါက်ကြီးမှာ ဂူဝပုံဖြစ်ပြီး မြေပြင်မှအတောင် (၆၀) ခန့်မြင့်ပေ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ထို့အပြင် ဝမ်းသာစရာကား ဂူပေါက်ကြီးထဲမှ ခိုးခိုးပြာများ မသိမသာ ထွက်နေခြင်းပင်တည်း။

ရွာသားများက ကျောက်နံရံကြီးတွင် လှေကားများကို ကပ်ထောင်လိုက်ကြသည်။

ကျွန်တော်သည် လှေကားအခုအတိုင်း တက်လာရာမှ လှေကားဆုံးသောအခါ ကြိုးဖြင့် ကျောက်စွန်းတခုကို ပစ်၍ ချိတ်ကာသွဲ့တက်ရတော့သည်။ ကြိုးဆုံးသောအခါ ကျောက်နံရံပေါ်မှ ချုံဖုတ်ပေါ်တွင် ဖြူဖြူဖွေးဖွေး အရာတခုကို တွေ့ရတော့၏။ ထိုအရာကား ကေသီ၏ လက်ကိုင်ပဝါပင်တည်း။

လက်ကိုင်ပဝါကို ကျွန်တော်က ခေါင်းမှာ စည်းထားလိုက်သည်။

ကျွန်တော့် နှလုံးသားများသည် တဆတ်ဆတ် ခုန်လာသည်။

ကျွန်တော်သည် အတောင် ၂၀ ခန့် ခရီးကို ကြိုးမပါဘဲ ကုတ်ကတ်၍တက်သွားလိုက်သည်။ ဂူဝရောက်ရန် နောက်ထပ်၁၀ တောင်ခန့်လိုသေးသည်။ ရွာသားများသည်လည်း အခြားသင့်ရာ လမ်းများမှတက်လာနေကြသည်။ ကျွန်တော်သည် (၁၀)တောင် ခန့်ခရီးကိုခက်ရာခက်ဆစ်တက်ရတော့၏။ မျောက်များအဖို့ကား အလွန်လွယ်ကူပေလိမ့်မည်။ ဂူဝရောက်သောအခါတွင် အလယ် ဗဟိုမှာ ပေါက်နေသည့် သစ်ပင်ကြီးကို ကြိုးဖြင့် ပစ်ချိတ်ကာ ကြိုးကိုခို၍ လွဲတက်သွားရပြန်၏။ ကြိုးဆုံးသောအခါတွင်ကား ကျွန်တော်သည် ဂူဝရှိကျယ်ပြန့်သော မြေပြန့်ကို ရောက်ပေပြီ။

---

သီလဝ စာပေ



ထိုအချိန်မှာပင် မျောက်တကောင်၏မျက်နှာက ကျွန်တော့် မျက်နှာနှင့် ထိကပ်လုမတတ်ပေါ်လာသည်။ ထို့နောက် ထို မျောက်က နှာ:ကွဲလုမတတ် ဝူးဝူးဝါးဝါး အော်လိုက်ရာ ကျွန်တော်သည် ကြိုးကို လွှတ်ချလိုက်မိမလို ဖြစ်သွားရပါ၏။

ချက်ချင်းပင် မျောက်အော်သံများမှာ ဆူညံလာသည်။ မျောက်များမှာ နေရာအနှံ့တွင် ပေါ်လာပေပြီ။ ကျွန်တော့် အောက် ငုံ့ကြည့်လိုက်ရာ မျောက်အုပ်ကြီးများသည် ရွာသား များရှိရာကို ချဉ်းကပ်သွားကြောင်းတွေ့ရ၏။

**လူသားတို့နှင့် မျောက်များ၏ဘိုက်ပွဲကား ဝသပြီ၊**

'မျောက်တွေလာပြီဟေ့။ မျောက်တွေလာပြီ...'

ကျွန်တော် ပခုံးပေါ်မှသေနတ်ကို ဖြုတ်လိုက်ပြီး ဟစ် အော်လိုက်သည်။ မျောက်သုံးကောင်သည် သွားတွေဖြဲပြီး ခုန်ဆွခုန်ဆွနှင့် ကျွန်တော့်ထံပြေးဝင်လာကြသည်။ ကျွန်တော် သည် တခကာပ်ပြီးတကောင် သေချာစွာချိန်ရွယ်၍ မောင်း ဖြုတ်ချရာ သုံးကောင်စလုံးပင်သေ၏။ မျောက်အုပ်ကြီးသည် တန့်သွားသည်။ ကျွန်တော် ရှေ့တိုးလာသောအခါ မျောက် များသည် ဂူထဲသို့ ဝင်ရာလမ်းကို ပိတ်ဆို့ ထားပြန်သည်။ မတတ်နိုင်။ မဂ္ဂနမ်ရိုင်ဖယ်(လ်)က ကျယ်လောင်စွာ မြည်ဟည်း သွားပြန်သည်။ မျောက်များမှာ အထွေးထွေးအထပ်ထပ်ရှိနေ လေရာ ကျည်ဆန်တတောင့်သည်ပင် မျောက်ဘဒါဇင်ခန့်ကို ဖောက်ထွင်းသွားပေလိမ့်မည်။

---

သီလဝ စာပေ



www.burmeseclassic.com

www.burmeseclassic.com



မျောက်များသည် အခိုက်အတန့်သာဆုတ်သွားသော်လည်း ရှေ့တိုးလာကြပြန်၏။

'ပစ်သာပစ်လူလေးရေ့။ လက်မနှေးနဲ့....'

ဦးသက်ရှည်သည် ၁၂ ဂိုတ် နှလုံးပြူး သေနတ်ကြီးဖြင့် ကျွန်တော့်နား ရောက်လာသည်။ သူ့လက်ထဲမှ နှလုံးပြူး သေနတ်ပြောင်းနှစ်ခုသည် ကျည်ဆန်တတောင့်စီကို ဗိုင်းကနဲ ဗိုင်းကနဲ ပစ်လွှတ်လိုက်သည်။ မျောက်တွေ အထွေးလိုက်ပြိုကျသည်။ ဦးသက်ရှည်က သေနတ်ခါးကိုချိုး၍ ကျည်နှစ်တောင့် ဖြည့်တင်းနေချိန်တွင် ကျွန်တော်က မဂ္ဂနမ် ရိုင်ဖယ်(လ်) ဖြင့် ပစ်ချပြန်သည်။

မျောက်များသည် အတုံးအရုံး သေသွားကြသည့်တိုင် နောက်မဆုတ်ကြပေ။ အလွန်ကြီးမားသော မျောက်ဝံကြီးများလည်း ပါလာလေရာ ကျွန်တော်သည် ထိုမျောက်ဝံကြီးကိုသာ ရွေး၍ မဂ္ဂနမ်ရိုင်ဖယ်(လ်)ဖြင့် ပစ်ချရတော့၏။ ကျွန်တော်တို့အနီးသို့ သေနတ်ကိုင်ရွာသားများနှင့် ဓားလှံကိုင်သူများပါ ရောက်လာသော်လည်း မျောက်များသည် ဖယ်မပေးကြပေ။

အခြားလူများသာ တွေ့မြင်ရမည် ဆိုပါက ကျွန်တော်တို့သည် မကောင်းဆိုးရွားများနှင့် ကြောက်ခမန်းလိလိ တိုက်ခိုက်နေသည်ဟု မှတ်ထင်ပေမည်။ မျောက်များသည် သေနတ်ကိုင်သမားကိုသာ ကြောက်သော်လည်း ဓားကိုင်လှံကိုင်များကို မကြောက်ပေ။ အချို့မျောက်များသည် ရွာသားများပေါ်သို့





အုပ်စုလိုက်ခုန်ချသည်။ အချို့ရွာသားများမှာ မျောက်များ၏ ဝိုင်းဝန်း ကုတ်ဖဲ့ဆုတ်ဖြဲခြင်းကို ခံလိုက်ရပြီး အသေဆိုးနှင့် သေရတော့သည်။ အချို့မျောက်များမှာမူ ရွာသားများ၏ ခုတ်ထစ် သတ်ဖြတ်ခြင်းကို ခံရသည်။ အချို့ နေရာများတွင် အမှောင်ရိပ် သန်းနေလေရာ မျောက်များ၏ မျက်လုံးများမှာ ကြောက်မက်ဖွယ် ကောင်းအောင် ဝင်းဝင်းတောက် နေကြပါ၏။

ကျွန်တော်တို့ရှေ့မှ မျောက်များကား ကြာသောအခါ ကျည်ဆန်ဒဏ်ကို မခံနိုင်တော့ပေ။ ဒဏ်ရာရသော မျောက်များကို အခြားမျောက်များက ဆွဲယူကာ သေနတ်ပစ်ကွင်းမှ လွတ်အောင် ရှောင်တိမ်းထွက်ပြေးသွားကြကုန်၏။ ကျွန်တော်တို့လူစုလည်း ကျောက်ဂူရှိရာတောင်ပေါ်သို့ တစုတဝေးကြီး ရောက်လာကြပေပြီ။ ရွာသား အချို့မှာ မျောက်များနှင့် သဲကြီးမဲကြီး လုံးထွေးသတ်ပုတ်ဆဲပင်....။

'ဟိုမှာ....လူလေးရေ့။ ဟိုမှာ....'

ဦးသက်ရှည်ကညွှန်ပြသဖြင့် လှမ်းကြည့်လိုက်ရာ ဒိုးယိုပေါက်ဂူကြီး၏ တဘက်ကျောက်ဖျာပေါ်တွင် မျောက်အုပ်ကြီး ခြံရံထားသည့်ပေါက်ကျော်မကို တွေ့ရတော့သည်။ ပေါက်ကျော်မသည်။ ဆံပင်ဖားလျားချပြီး ရူးသွပ်နေသော မျက်နှာသားဖြင့် ကျွန်တော်တို့ကို စူးစူးဝါးဝါးကြည့်နေသည်။

ပေါက်ကျော်မ၏ ကိုယ်ပေါ်တွင် မျောက်ရေခွံကို ခြုံထားခြင်းမရှိပေ။ ရွာကနှင့်ထုတ်စဉ်က အဝတ်အစားများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ငေါ်ဆင်သားခြင်းမရှိပေ။ ထို့ကြောင့် ပေါက်ကျော်မသည် မိမွေးတိုင်း ဖမွေးတိုင်း ကိုယ်လုံးတီးဖြစ်နေလေရကား ယင်း၏ ဖြူဖွေးနေသော သဏ္ဌာန်မှာ မျောက်များအလယ်တွင် ထင်းနေတော့၏။ ပေါက်ကျော်မသည် ရွာသူရွာသားများ၏ရှေ့တွင် အဝတ်အစားမပါပဲ ပြောင်ပြောင်တင်းတင်း အရှက်ကင်းမဲ့စွာ ရပ်ပြနေခြင်းဖြင့် သူ့တွင် လူ့စိတ်မရှိတော့သည်မှာ ထင်ရှားနေသည်။

သေချာစွာကြည့်တော့မှ ပေါက်ကျော်မသည် သတိလစ်နေသည့် နန့်စီလေးအား လက်တဘက်တည်းဖြင့် ပွေ့ချီထားသည်ကို တွေ့ရတော့၏။

ပေါက်ကျော်မသည် ကျွန်တော်တို့အား စိမ်းစိမ်းကြည့်ကာ တခဲနက် အော်ဟစ် လိုက်သည်။ သူ ဘာအော်မှန်း ကျွန်တော်တို့ မသိကြပေ။ သို့သော် ချက်ချင်းပင် မျောက်များသည် ကျောက်တုံးကြီးများကို တွန်းချကြကုန်တော့၏။ ကျောက်တုံးကြီးတတုံးသည် ကျွန်တော့်အနီးမှ ပွတ်ခါသီကာ ဖြတ်သန်းပြီး ရွာသားတယောက်အား တိုက်ချသွားလေရာ ထိုရွာသားမှာ ငယ်သံပါအောင်အော်ပြီး ကျောက်တုံးကြီးနှင့်အတူ လိမ့်ကျသွားတော့၏။ အခြား ကျောက်တုံးတတုံးမှာ ရွာသားတဦး၏ ဦးခေါင်းတည့်တည့်သို့ ကျလာလေရာ ထိုသူ၏ ဦးခေါင်းမှာ ကြေမွပြီး အစိတ်စိတ် အမြွာမြွာ ဖြစ်သွားရပြန်၏။

'မကောင်းဆိုးရွားမ သေပေတော့....'





ဦးသက်ရှည်က ပေါက်ကျော်မအား သေနတ်နှင့် လှမ်းချိန်လိုက်သည်။

ကျွန်တော်က သူ့သေနတ်ပြောင်းကို တွန်းဖယ်လိုက်ရာ သေနတ်ကျည်ဆန်သည် အခြားမျောက်များကို သွားထိလေတော့၏။

'မင်း....ဘယ်လိုလုပ်တာလဲ'

'နန့်စီလေးကို ထိမယ်ဗျ'

'ငါ့သက် ဇီဝလောက် မညှာဘူးကွ'

ဦးသက်ရှည်က ဒေါသဖြင့် ပြန်အော်သည်။ ဇန်ဝေါများသည် မျက်စိရှေ့တွင်ပင် သူတို့လူတွေ သေကုန်သည်ကို မြင်ရသောအခါ ဒေါသဖြစ် မှန်ယိုလာကြသည်၊ မျောက်များ တွန်းချစရာ ကျောက်တုံးများ မကျန်တော့သည့်အခါ ဇန်ဝေါများသည် မျောက်များအား တရကြမ်း ခုတ်သစ်သတ်ဖြတ်ကြတော့၏။ ပြင်းထန်လှသော တိုက်ပွဲကြီးပင်တည်း....။

မျောက်များနှင့် ကျွန်တော်တို့ လူသားများမှာ အနီးကပ် တိုက်ပွဲ ဆင်နွဲနေရပြီ ဖြစ်သောကြောင့် သေနတ်များကို အားကိုးရန် မဖြစ်နိုင်တော့ပါ။ မျောက်များသည် ချွန်ထက်သော သွားများ၊ အစွယ်များ၊ သန်စွမ်းသောလက်များ၊လက်သည်းများကို အားကိုးသကဲ့သို့ ကျွန်တော်တို့သည်လည်း ဓားနှင့် လှံများကိုသာ အားကိုးရတော့သည်။ ဦးသက်ရှည်သည် ကျည်ဆန်ကုန်သွားပြီဖြစ်သော နှစ်လုံးပြူးကို ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



လွှယ်ပြီး မျောက်များကို ဓားဖြင့် တိုက်ခိုက်နေသည်။ ကျွန်တော်သည် မျောက်ဝံကြီးတကောင်ကို မဂ္ဂနမ်ရိုင်ဖယ်(လ်)ဖြင့် ချိန်ရွယ်ပြီး ပစ်ခတ်လိုက်ရာ ကံဆိုးစွာပင် အသုံးမကျသော ကျည်ဆန်သည် ကျည်အ(မစ်စ်ဖိုင်းယား) ဖြစ်ပြီး မထွက်ပေ။

ထိုစဉ်မှာပင် မျောက်အကောင်က ကျွန်တော့်လက်ကို လာကိုက်ဆွဲ ဦးသက်ရှည်က ဓားဖြင့် ပိုင်းချလိုက်ရသည်။ ပေါက်ကျော်မသည် ပါးစပ်မှ အသံချိုးစုံအော်ဟစ်ကာ အမိန့်ပေးနေယင်း နန့်စီလေးအား ပွေ့ပိုက်ကာ ဒိုင်းသဖွယ် အကာအကွယ် ယူထားလေသည်။ ထို့ကြောင့် ကျွန်တော်သည် သေနတ်သမားများကို ပေါက်ကျော်မအား မပစ်ခတ်ကြဖို့ အလုအယက် တားနေရပါ၏။

ကျောက်တောင်ပေါ်တွင်ကား လူသေနှင့် မျောက်သေ ရောနေပြီ။ ဇန်ဝေါများ၏ လက်ချက်နှင့် သေနတ်ကျည်ဆန် ထိမှန်သောကြောင့် မျောက်တပ်ပွဲကြီးမှ အတော်များများလည်း ကျဆုံးကုန်ကြလေပြီ။ ဇန်ဝေါများသည် မျောက်များအား ဘယ်တုန်းကတည်းက မုန်းတီးနေမှန်းမသိပေ။ အငြိုးကြီးစွာဖြင့်ပင် တိုက်ခိုက်နေကြပါ၏။ မျောက်များကလည်း စိုးစဉ်းမျှ အလျှော့မပေးကြ။ လူတယောက်ကို မျောက်များက ဖမ်းမိလျှင် ဇွတ်အတင်းဆွဲခေါ်သွားသည်။ ထို့နောက် ဝိုင်းအုံခုပြီး တစစီဖြစ်အောင် အမဲဖျက်သကဲ့သို့ ကိုက်ဖြတ်





ဆုတ်ဖြဲကာ သတ်ဖြတ်ကြသည်။ ခွေးများက ကြွက်တကောင်ကို ဝိုင်းဝန်းကိုက်ဖဲ့ပစ်သည့်နှယ်သာတည်း။

သို့နှင့် ဇန်ဝေါနှစ်ဆယ်ခန့် ကျဆုံးသကဲ့သို့ မျောက်များမှာလည်း တရာမကပင် အသုံးအနှုံး သေကြေပျက်စီးကုန်တော့သည်။ ကျွန်တော့်လက်မှာလည်း မျောက်ကိုက်ရာဖြင့် သွေးစက်လက် ဖြစ်နေသည်။ မျောက်များသည် တဖြည်းဖြည်း ရှုံးနိမ့်လာသည်။ ပစ်ခလက်ခတ် သေကြကြသောကြောင့်လည်း ကြောက်ရွံ့ထိတ်သန့်လာပုံရသည်။ ပေါက်ကျော်မက တိုက်ခိုက်ရန် အမိန့်ပေးနေသော်လည်း မျောက်များမှာ ထွက်ပြေးရန်သာ စိတ်ဆန္ဒပြင်းနေလေပြီ။

ရှေ့သို့ တက်လာသော မျောက်များမှာ မျက်နှာကို လက်နှင့်ကာပြီး ဇန်ဝေါများ၏ လှံချက်တွင် အသေခံကြရရှာသည်။

ပေါက်ကျော်မသည် တိုက်ပွဲရှုံးနိမ့်ခြင်းကို မျက်ဝါးထင်ထင် တွေ့မြင်သွားရလေပြီ။ ပေါက်ကျော်မသည် လက်ထဲမှာ ချီထားသည့် နန့်စီလေးကို မြေကြီးပေါ် ပစ်ချလိုက်သည်။ ထို့နောက် သူ၏ ပြည့်ဖြိုးကြီးမားသော နို့အုံများကို မျောက်များကဲ့သို့ လက်သီးဖြင့်ထုသည်။ ပေါက်ကျော်မ၏ အော်သံမှာ မည်သည့်လူသားကမျှ တုအော်ဟစ်၍ မရသောအသံဖြစ်ပြီး မျောက်များဖွယ် ကောင်းလှပါ၏။ ထိုကာလတွင် ကျွန်တော်သည် ဝတ်လစ်စလစ်ဖြင့် ကိုးရိုးကားရား ခုန်ပေါက်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ပေါက်ကျော်မအား လူသား မိန်းမတဦးအဖြစ် မမြင်တော့ပေ။

ကျွန်တော်က ပေါက်ကျော်မအား သေနတ်နှင့် ထိုးချိန်လိုက်သည်။

ပေါက်ကျော်မသည် ကျွန်တော့်ထံသို့ မိုက်မိုက်ကန်းကန်း ပြေးဝင်လာသည်။

မဂ္ဂနမ်ရိုင်ဖယ်(လ်)၏ မောင်းခလုတ်ကို ဆွဲချရန် လက်ညှိုးကို လှုပ်လိုက်မိသော်လည်း တကယ်တမ်းတွင် မပစ်မိပါချေ။ ပြေးဝင်လာသူသည်း လူသားတဦးပါလား ဟူသောအသိက ဝင်လာသည်။ ပေါက်ကျော်မသည် ပိုမိုနီးကပ်လာသည်နှင့်အမျှ လူသားတဦး၏ လက္ခဏာအင်္ဂါတွေက ပိုမို၍ ပီပြင်လာသည်။ ထို့ကြောင့် သေနတ်ကို ချိန်ထားရာမှ မြှောက်ကိုင်လိုက်ရသည်။

'ပစ်လေ... ပစ်လူလေး'

ပေါက်ကျော်မသည် ကျွန်တော့်ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ရာ ကျွန်တော်က ရှောင်ပေးလိုက်သဖြင့် ဦးသက်ရှည်ပေါ် ကျသွားသည်။ ချက်ချင်းပင် ဦးသက်ရှည်မှာ အရှိန်ဖြင့် လွင့်စဉ်ထွက်သွားရပါ၏။ ပေါက်ကျော်မက ချက်ချင်းလူးလဲထသည်။ ထိုအချိန်တွင် မျောက်များမှာ သစ်ပင်များပေါ်သို့အလုအယက် တက်ပြေးနေကြပေပြီ။ ပေါက်ကျော်မသည်လည်း ကြောက်ဖွယ်ကောင်းသော အသံဖြင့် အော်ဟစ်ပြီး သစ်ပင်ကြီးတပင်ပေါ် တက်ပြေးတော့သည်။





'ပစ်လေကွာ....။ ပစ်စမ်းပါ လူလေးရ။ ငါ့သေနတ် ကျည်ဆန် ကုန်နေလို့ပါ'

ဦးသက်ရှည်က မချင့်မရဲ အော်ဟစ်နေသည်။

ပေါက်ကျော်မသည် သစ်ကိုင်းများကို ဆွဲရိုပြီး သစ်ပင်တပင်မှ တပင်သို့ ခုန်ပျံကူးလွှားသွားလေရာ ဝေးသထက် ဝေးသွားလေပြီ။ ကျွန်တော်ကား ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။

'ဟာ....လူလေးရ။ ဘာဖြစ်လို့ မပစ်ရတာလဲ'

ပေါက်ကျော်မနှင့် မျောက်များအားလုံး ကျွန်တော်တို့ မြင်ကွင်းက ပျောက်ကွယ်သွားလေပြီ။

'ဒီကောင်မကြီးကို အဖေကြီးကတည်းက မရှင်းခဲ့လို့ အခုလို ဒုက္ခတွေတွေ့ခဲ့ပြီ။ အခုလဲ မင်းက သူ့ကို သနားနေပြန်ပြီပေါ့လေ'

ဦးသက်ရှည်က ကျွန်တော့်ကို ဒေါသကြီးစွာ ရန်တွေ့နေသည်။ ကျွန်တော်က ခေါင်းခါလိုက်သည်။

'ဘာပဲဖြစ်ဖြစ် သူဟာ လူသားတဦးပါပဲ ဦးသက်ရှည်ရယ်။ ကျွန်တော်ဟာ မုဆိုးပီပီ သားကောင်တွေကိုပဲ ပစ်ချင်ပါတယ်။ လူကိုတော့ မပစ်ချင်ဘူး'

ဦးသက်ရှည်က စိတ်ပျက်လက်ပျက် ခေါင်းခါနေသည်။

တိုက်ပွဲကား ပြီးသွားပေပြီ။

ကျွန်တော်တို့ဘက်တွင် လူနှစ်ဆယ်ခန့်သေဆုံးပြီး ဒဏ်ရာရသူများမှာ ရေတွက်၍ မရသေးပေ။ မျောက်တိုက်ခံရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကား မသက်သာလှ။ ဇန်ဝေါ်များအဖို့ မျောက်များ၏ အစွယ်နှင့် လက်သည်းများကို တော်ရုံနှင့် မေ့ဘော့မည် မဟုတ်ပေ။ မျောက်အတွမည်မျှ သေသည်ကို ကျွန်တော် မပြောနိုင်ပါ။ ရာနှင့်ချီ၍ ရှိလိမ့်မည်ဟု ခန့်မှန်းနိုင်သည်။

ကျွန်တော်သည် နန်စီလေးထံ ပြေးသွားပြီး ပွေ့ချီလိုက်သည်၊ စင်စစ် နန်စီသည် သတိမေ့နေခြင်း မဟုတ်ပေ။ ကြောက်စိတ်မှန်ကာ စကားမပြောနိုင်အောင် ကြက်သေ သေနေခြင်း ဖြစ်သည်။

'သမီး ...နန်စီ။ သမီးဒေါ်လေး ဘယ်မှာလဲ'

နန်စီသည် စကားမပြောနိုင်။

ပြူးကြောင်သော မျက်လုံးများဖြင့်သာ ကျွန်တော့်ကို ကြည့်နေသည်။

ဦးသက်ရှည်က ရေဗူးထဲမှရေဖြင့် တောက်လိုက်သည့်အခါမှ ပါးကနဲ အော်ငိုတော့သည်။ ကေသီရှိသည့် နေရာကိုကား မပြောနိုင်ပေ၊ ကျွန်တော့်ရင်ထဲတွင်ကား သောကမီးသည် တောက်လောင်နေဆဲ ရှိ၏။ ကျွန်တော်သည် နန်စီလေးအား ဦးသက်ရှည်လက်သို့အပ်ကာ ကေသီ့ကိုရှာသော်လည်း မတွေ့ရပေ။

'ကေသီ.. ကေသီရေ'

ကျွန်တော့်မခေါ်သံမှာ ဂူထဲတွင် ပဲ့တင်ထပ်သွားသည်၊ ဂူထဲတွင် ပေါက်ကျော်မ ဖိုထားသည့် မီးဖိုကို တွေ့ရသော်လည်း ကေသီ့ကိုကား အရိပ်အရောင်ပင် မတွေ့။ အသံကုန်အော်ခေါ်





သော်လည်း ပြန်ထူးသံ မကြားရနင့် ကျွန်တော် ပျာယာခတ်နေသည်။ ဂူကြီးထဲမှာ ခန်းမကြီးတခုသဖွယ် ဖြစ်နေသည်။ ထိုခန်းမကြီးမှ ထပ်ဆင့်ဝင်သွားရသည့် ဂူပေါက်များလည်းရှိသေးသည်။

ရွာသားများသည် ကေသီ့ကို ဘောနှင်းရှာနေကြသည်။ တကြော်ကြော် အော်ခေါ်သံများမှာလည်း ဆူညံနေသည်။ ကေသီကား ဘယ်ရောက်နေပြီမသိ။

'ဒုက္ခပါပဲဗျာ။ ဒီကောင်မ ဘယ်ကိုခေါ်သွားလဲ မသိဘူး။ ကိုယ်လေးလက်ဝန်ကြီးနဲ့ဗျ။ လုပ်ပါဦး ဦးသက်ရှည်ရာ'

'အဲဒါကြောင့် ဒီဟာမကို အခဲသာစပါလို့ ငါပြောသားပဲ'

'ခင်ဗျားက အောက်သမ်းပညာ တတ်တာပဲ၊ ရှာကြည့်ပါဦး'

'ငါတတ်တာ အောက်သမ်းပညာ မဟုတ်ဘူး။ အခုလောလောဆယ်လဲ ငါမတတ်နိုင်ဘူး။ ငါ့စိတ်ဟာ သိပ်ပင်ပန်းနေပြီ'

'နည်းနည်းလောက် စဉ်းစားကြည့်ပါဦး'

'ငါခုပြောနိုင်တာကတော့ ပေါက်ကျော်မဟာ ကေသီ့ကို ဂူတခုခုမှာ အရှင်လတ်လတ် ပိတ်လှောင်ထားခဲ့လိမ့်မယ် ထင်တာပဲဟေ့....'

ကျွန်တော်က ပို၍ စိတ်ပူသွားသည်။

'ဒါဆို ခပ်မြန်မြန် ရှာမှဖြစ်မယ်။ ကြာယင် မွန်းပြီးသေနိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဇင်ဝေါ်များအား အော်ဟစ်ကာ ကျောက်တုံးကြီးများကို တတုံးပြီးတတုံး ဖယ်ကြည့်နေကြရသည်။ သို့သော် မထူးခြားပေ။ ကျွန်တော်သည် ကေသီ့ကို အရူးပမာ ဟစ်အော်ပြီး တကြော်ကြော်ခေါ်ယင်း လျှောက်သွားနေမိသည်။

ကျွန်တော့် နှလုံးသွေးများသည် ရုတ်တရက် ရပ်ဆိုင်းလု မတတ် ဖြစ်သွားသည်။ ကျွန်တော်သည် ကေသီ့ ထူးသံကို အဝေးတနေရာမှ မသဲမကွဲ ကြားလိုက်ရ လေပြီတည်း။ ကျွန်တော်က အသံထွက်ပေါ်လာရာသို့ ကပ်သွားလိုက်သည်။

'ကေသီရေ...အသံပြန်ပေးပါ။ ထူးသံကြားတယ်'

'ကေသီ ဒီမှာရှိတယ်။ ဒီကိုလာခဲ့'

အသံမှာ ကျောက်တုံးများဆီမှ ထွက်ပေါ်လာသည်။ ကျွန်တော်သည် ဂူဝကို ရှာ၍မတွေ့နိုင်သေး။

'ကေသီ ဘယ်မှာလဲ'

'ကျောက်တုံးတွေကို ဖယ်လိုက်ပါ။ အသက်ရှူလို့ မရတော့ဘူး။ မှန်းလှပြီ။ မြန်မြန်ဖယ်ပါ'

ကျွန်တော်သည် ကျောက်တုံးကြီးတတုံးကို တွန်းဖယ်လိုက်သည်။ ဂူပေါက်ကို မတွေ့ရ။ နောက်တတုံးကို ဖယ်ပြန်သည်။ ဘာမှမထူး။ ထို့နောက် ရေညှိပင်များကို ခါးဖြင့် စိုက်ကြည့်ရာ ခေါးသည် တဝက်ခန့်အထိ နက်ဝင်သွားသည်။ ကျွန်တော်က ရေညှိပင်များကို ဆွဲဖယ် လိုက်သောအခါ ကျောက်တုံးတတုံး ပေါ်လာသည်။ ပေါက်ကျော်မသည်





ဂူဝကို စနစ်တကျ ပိတ်ဆို့သွားပြီးမှ မည်သူမျှ မမြင်နိုင် အောင် လုပ်သွားခြင်းပင်တည်း။

ကျွန်တော်က ကျောက်တုံးကြီးကို တွန်းဖယ်ကြည့်သည်။ လှုပ်ပင်မလှုပ်။

'လာကြပါဟေ့။ ဒီမှာတွေ့ပြီ'

ကျွန်တော့်နားကို လူတွေစုပြုံရောက်ရှိလာသည်။ လူလေး ငါး ခြောက်ယောက်အားဖြင့် ဝိုင်းဖယ်မှသာ ဂူပေါက်တခု ပေါ်လာသည်။ ကျွန်တော်သည် ကျဉ်းမြောင်းသော မြွှန်း ပေါက်အတိုင်း တိုးဝင်သွားလိုက်သည်။

'နောက်ဆပ်မဝင်နဲ့၊ မှန်းကုန်လိမ့်မယ်'

ဦးသက်ရှည်၏ အော်သံက ဟိန်းနေသည်။

'ကေသီ....'

'မောင်...'

ပြွန်အဆုံးတွင် ကေသီ့ကို တွေ့ရသည်။ ကေသီသည် သားရေကြိုးများဖြင့် ချည်နှောင်ထားခြင်းခံနေရရှာသည်။ ကျွန်တော်က သူ့ကိုယ်မှကြိုးများကို ဖြတ်ပေးပြီး ပွေ့ချီလိုက်သောအခါတွင်ကား ကေသီသည် သတိလစ်သွားလေတော့၏။

ကျွန်တော်တို့သည်ကေသီ အား လေကောင်းလေသန့်ရသော သစ်ပင်ရိပ်တွင် မြက်ခြောက်များခင်းပြီး ချထားပေးရသည်။ ကေသီ့တကိုယ်လုံးမှာ ပွန်း ပဲ့ ဖူးရောင်နေသည်။ အဝတ်များမှာလဲ စုတ်ပြဲပြီး မြင်မကောင်း တော့ပေ။ ထုံးနှောင်ထားသော ဆံပင်များသည်လည်း ဖွာရာပုံလွင့်ပြေကျနေသည်။ ကေသီ



www.burmeseclassic.com

www.burmeseclassic.com



ကား အာဂအမျိုးသမီးပင်တည်း။ ဘော်ရိုတန်ရုံ မိန်းမသား သည် ဤမျှ ကြောက်ရွံ့ ထိတ်လန့်ဖွယ်များနှင့် ရင်ဆိုင်ရပါက တခါတည်း အသက်ထွက်သွားနိုင်ပါသည်။

ဦးသက်ရှည်က ကေသီ့ကို ရေဖြင့် တောက်ခြင်း၊ သစ်ရွက် အချို့ကို ပွတ်ချေပြီး နှာဝတွင် တေ့ပေးခြင်းများဖြင့် ပြုစု လိုက်ရာ ကေသီသည် သတိရလာပါတော့၏။ ကေသီ သတိရ လျှင်ရချင်း ကျွန်တော့်အား အားကိုးတကြီးဖက်တွယ်ကာ....

'မောင်ရယ်....ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါပဲ'

'ဘာမှ မပူနဲ့တော့ ကေသီ။ မျောက်တွေ မရှိတော့ဘူး....'

ထို့နောက် ကျွန်တော်တို့သည် ကေသီ့အနီးတွင်ပင် ခြေ ပစ် လက်ပစ် နားနေမိကြတော့သည်။ ခဏကြာသောအခါ ကေသီသည် ဦးသက်ရှည်၏ ပြုစုကုသမှုကြောင့် ထူးခြားစွာပင် အားအင်ပြည့်ဖြိုးလာသည်။

'ကေသီလဲ ဒီနေရာက နောက်ဆုံးထွက်မသွားခင် ဖေဖေ့ သင်္ချိုင်းကို သွားကြည့်ချင်စိတ်ပေါက်လာတယ်။ ဒါကြောင့် ပန်းစည်းတစည်းယူ၊ နန်စီလေးကို အဖော်ခေါ်ပြီး ထွက်လာ တာပဲ။ ခွေးတွေလဲ လိုက်လာတယ်။ ဖေဖေ့ မြေပုံခြေရင်း ရောက်တော့ ပန်းစည်းကိုချပြီး ငိုနေမိတယ်။ နန်စီလေးကတော့ ဟိုနားဒီနားသွားပြီး ခွေးတွေနဲ့ ဆော့နေတယ်လေ....။

'အဲဒီအချိန်မှာ ခွေးဟောင်သံတွေ ပေါ်လာတယ်။ ချက် ချင်းပဲ နန်စီလေးက ဒေါ်လေးရေ....ဒေါ်လေးရေနဲ့ အော် သံရော ခွေးတွေက တကိန်ကိန်နဲ့ အော်သံပါရောပြီး ထွက်လာ





တော့တာပဲ။ ဒါနဲ့ ကေသီလဲ အသံကြားရာကို ချက်ချင်း ပြေးရတော့တာပေါ့....။

'ကေသီရောက်သွားတော့ ခွေးနှစ်ကောင်နဲ့ မျောက်အုပ် ကြီး လုံးထွေးကိုက်ခဲနေကြတယ်။ အဲဒီမှာ ပေါက်ကျော်မကို တွေ့ရတာပဲ။ သူက မျောက်အရေခွံကြီးခြုံပြီး ရုပ်ဖျက်ထား တာ....။ ဒါပေမယ့် ကေသီမှတ်မိပါတယ်။ ပေါက်ကျော်မက ကေသီ့ကို ဖမ်းချုပ်လိုက်တာ လှုပ်ကိုမလှုပ်နိုင်တော့ဘူး။ အဲဒီ နောက် ကေသီတို့ကို ဖမ်းခေါ်သွားတော့တာပဲ။ ပေါက် ကျော်မဟာ နန်စီလေးကို လက်တဘက်နဲ့ ပွေ့ချီပြီး ကေသီ့ ကို ကျန်လက်တဘက်နဲ့ တရွတ်တိုက်ဆွဲသွားတာပဲ။ မျောက်တွေ က ဘေးကနေပြီး လိုက်လာတယ်....။

'တညလုံး ကေသီလဲ သစ်ပင်တွေနဲ့ ငြိလိုက်၊ ကျောက်တုံး တွေနဲ့ တိုက်လိုက်နဲ့ ဒုက္ခရောက်လိုက်တာ မပြောနဲ့တော့ မောင်ရယ်။ တောင်းပန်တာလဲ မရဘူး။ ဒါနဲ့ မောင့်ကိုပဲ အော်ခေါ်နေမိတယ်။ လွတ်ပြေးဖို့ကြိုးစားတော့လဲ မရဘူး။ သူ့လက်က တခါလွတ်သွားပေမယ့် မျောက်တွေက ဝိုင်းထား တာမို့ ပြန်မိသွားတာပဲ။ နောက်ဆုံး ဟိုဂူကြီးနားရောက်ခါ နီးမှာ ပဝါလေးချထားခဲ့လိုက်တယ်'

ထိုပဝါကို ကျွန်တော်ရှာတွေ့ခဲ့ခြင်း ဖြစ်ပါ၏။ ကျွန်တော် က ခေါင်းတွင် စည်းနှောင်ထားသည့် ပဝါလေးကို ကေသီ့ ရင်ခွင်ထဲ ပြန်ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပေါက်ကျော်မသည် ကေသီ့အား လိုက်ဂူအပေါက်ဝရှိ သစ်ပင်များပေါ်သို့ မျောက်များအကူအညီဖြင့် ဆွဲယူမ,တင်နေခဲ့ရာ နှစ်ကြိမ်တိုင်တိုင် ကျောက်နံရံဘေးတွင် ဘဲ့ခလောင်းဖြစ်ခနခဲ့ရသည်ဆို၏။ ထို့နောက် ကေသီသတိလစ်သွားသည်။ သူ သတိရလာသောအခါ ဂူထဲရောက်နေပြီး ပေါက်ကျော်မက ကြိုးများဖြင့် တုပ်နှောင်ထားပြီးပေပြီ။

'ကေသီလဲ ကေသီ့ကို ပြန်လွှတ်ဖို့ အတန်တန် တောင်းပန်တယ်။ ပေါက်ကျော်မက လက်မခံဘူး။ ဒါပေမယ့် ကေသီ့ကို ရက်ရက်စက်စက်တော့ ဘာမှမလုပ်ဘူး။ ကေသီ့ကို နမ်းရှုပ်ပြီး အဝတ်အစားတွေကိုတောင် ပြန်ဝတ်ပေးသေးတယ်။ ပြီးတော့ သူနဲ့အတူနေပါ။ မျောက်တွေဟာ သူ့ဩဇာကို နာခံပါတယ်လို့ပြောတယ်။ သူ့စကားသံက အယင်လို မဟုတ်ဘူး။ မျောက်သံပိုဝလာတယ်လို့ဆိုရမှာပဲ....။

'နောက်တော့ ပေါက်ကျော်မက နန့်စီလေးကို ပြုစုစောင်းမြောင်းပြီး နှိပ်စက်ချင်လာလို့ ကေသီက သူ့ကို ချော့နေရတယ်၊ အဲဒီနောက် ကေသီလဲ ပင်ပန်းလွန်းလို့ အိပ်ပျော်သလိုလို သတိလစ်သလိုလို ဖြစ်သွားတယ်။ အဲဒီအချိန်မှာပဲ ဦးသက်ရှည်ကြီးကိုမျက်ဝါးထင်ထင်မြင်တွေ့လိုက်ရပြီး မောင်....ရောက်လာမယ်။ လာကယ်မယ်။ အနေလောလောဆယ် ပေါက်ကျော်မအကြိုက်လိုက်လျောပြီး နေပါလို့ ပြောသွားတာကို နားနဲ့ ဆတ်ဆတ်ကြားပြီး လန့်နိုးသွားတယ်ရှင့်။ အိပ်ရာက နိုးတော့ ပေါက်ကျော်မက စွပ်ပြုတ်တိုက်တယ်'

---

သီ၁၀ ၈၁၆၀



ကျွန်တော်နှင့် ဦးသက်ရှည်မှာ တယောက် မျက်နှာ တယောက် ကြည့်လိုက်မိကြသည်။ ဘာမှတော့ မပြောဖြစ်။

'ပေါက်ကျော်မဟာ ကျွေးမွေးပြီးတော့ ခါးအခေါင်းကိုင်ထားတယ်။ အဲဒီခါးဟာ မောင့်ကို သတ်ဖို့ ကြံထုန်းကခါးပဲ။ သူဟာ နန့်စီလေးကိုပဲ မျက်စောင်းထိုးပြီး ရန်လုပ်နေပြန်ရော။ ကျွန်မလဲ သူ လူစိတ်ပြန်ပေါက်လာအောင် အမျိုးမျိုး ချော့ရတယ်၊ နောက်ဆုံး သေနတ်သံ ကြားရတော့တာပဲ။ အဲဒီမှာတင် ပေါက်ကျော်မဟာ ကေသီ့ကို ဂူအဆုံးကို တွန်းပို့၊ နန့်စီလေးကိုချီ၊ ဂူပေါက်ကိုပိတ်ပြီး သွားတော့တာပဲ။ ကျန်တာတော့ အားလုံးသိတဲ့အတိုင်းပဲပေါ့...'

ထို့နောက် ကျွန်တော်တို့သည် ရွာကိုပြန်လာကြရသည်။ ကေသီသည်လည်း အိပ်ရာပေါ် ဗုန်းဗုန်းလဲတော့သည်။ ကေသီသည် မကျန်းမာသည့်ကြားမှပင် သားယောကျ်ားလေးတဦးကို ဖွားမြင်တော့၏။

ပ....ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### နောက်ဆက်တွဲများ

ကျွန်တော့် ဘဝဇာတ်ကြောင်းမှာ ဤမျှနှင့်ပင် နိဂုံးချုပ်ရမည်ဆိုပါက မည်မျှကောင်းလေမည်နည်း။ ကျွန်တော်သည် ကေသီ့အား မျောက်များ၏ အန္တရာယ်မှ ဘွန်ဘွန့်စားစားကယ်ထုတ်ခဲ့ပြီးလေပြီ။ ကျွန်တော်တို့တွင် သားဦးရတနာလဲ ရရှိလေပြီ။ ကျွန်တော်တို့သည် ပျော်ရွှင်စွာဖြင့်ပင် ညားကြလေသတည်းဟု ဇာတ်ပေါင်းရန်သာ ရှိပေတော့သည်။ သို့သော် အဖြစ်အပျက်များကား ဤသို့မဟုတ်ပေ။

ကေသီသည် ပေါက်ကျော်မ၏လက်မှ လွတ်မြောက်ပြီးသည့်နောက် လုံးဝမထနိုင်တော့ပေ။ ညပေါင်းများစွာပင် ကေသီသည်အိပ်၍မရပဲလန့်လန့်အော်နေတတ်သည်။ စင်စစ်ကေသီသည်



www.burmeseclassic.com

www.burmeseclassic.com



သားလေးမွေးဖွားရန်အတွက် အားတင်းထားရခြင်းသာ ဖြစ်သည်။ ကေသီ့တွင် အင်အားဟူ၍ မကျန်တော့ပေ။ ထို့အပြင် မျောက်များထံမှ ကူးစက်လာသည်ဟု ယူဆရသော အဖျားရောဂါလည်း စွဲကပ်နေပေပြီ။ ကေသီ့မှာ အရိုးပေါ် အရေတင် ဖြစ်နေလေပြီ။

သားလေးကို မွေးဖွားပြီးသောအခါ ကေသီသည် ကြင်နာယုယစွာ နမ်းရှုပ်နေသည်။ ကေသီသည် ကျွန်တော်တို့၏ အနာဂတ်အရေးကို ဘာမှပြောဆိုခြင်းမရှိပေ။ ဝင်စစ် ပြောဆိုရန် မလိုတော့ဟုများ ထင်နေသလားမသိပေ။ ကျွန်တော်တို့၏ အနာဂတ်မှာ မှေးမှိန်ပျောက်ကွယ်နေပြီဖြစ်သည်။

‘မောင်....’

‘ကေသီ....။ မောင်အနားမှာ ရှိတယ်လေ....’

‘သားလေးကို ဂရုစိုက်ပါမောင်ရယ်....’

ကေသီသည် သားလေးအား တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်ပြီးနောက် သတိမေ့မြောသွားတော့၏။ ကျွန်တော်ကား ဘာလုပ်ရမှန်း မသိတော့ပေ။ ကေသီ့ကိုယ်မှာ ချစ်ချစ်တောက် ပူနေသည်။ တိုက်သမျှဆေးတွေကလည်း ပြန်အန်ထွက်ခဲ့သဖြင့် အရာမထင်ခဲ့။ ကျွန်တော်သည် ကေသီ့အား ပေါက်ကျော်မနှင့် မျောက်များ၏လက်မှ ကယ်တင်နိုင်ခဲ့သော်လည်း သေမင်း၏လက်မှ ကယ်တင်နိုင်ပါဦးမည်လား။

ထိုနေ့ညက တညလုံးလိုလိုပင် ကျွန်တော့် အသည်းသည် ကွဲအက်ကာ တစစီပဲ့ကျနေသော ဝေဒနာကို ခံစားနေရသည်။





သားလေးက နို့ဆာသဖြင့် ဟစ်အော် ငိုကြွေးသောအခါ ကျွန်တော့်ရင်သည် ပိုမိုနာကျင်ရသည်။

နံနက်မိုးသောက်သောအခါ နေမင်းသည် အရှေ့ဘက်ရှိ တောင်တန်းကြီးများပေါ်မှ ထွက်ပြူ၍လာ၏။ နေရောင်ခြည်များသည် အနောက်ဘက်ရှိ တောင်တန်းကြီးများဆီ ထိုးဟပ်၍ ကျရောက်နေလေသည်။ ကေသီသည် သတိလစ်နေရာမှ နိုးလာပြီး မျက်စိဖွင့်ကြည့်လိုက်ရာ အလင်းရောင်ကိုမြင်သွား၏။

‘ပြတင်းတံခါးဖွင့်ပေးပါမောင်ရယ်...’

ကျွန်တော်က တံခါးဖွင့်ပေးလိုက်သည်။

ကေသီသည် သေအံ့မူးမူး ဖြစ်နေရာမှ လှပသင့်တင့်၍ ကျက်သရေရှိလှသော နေဝန်းကို လှမ်းကြည့်နေသည်။ ထို့နောက် သူသည် ကျွန်တော့်အား ကြည့်ပြီး ပြုံးနေသည်။ ကျွန်တော့်ရင်ကား မချိပြီ။

‘သားလေး မွေးလိုက်ရတာကိုပဲ ကေသီ ကျေနပ်တယ် မောင်ရယ်...’

ကေသီသည် နတ်သမီးလေးလို ပြုံးပြုံးပြောနေခြင်းဖြစ်၏၊ ထိုစဉ်မှာပင် ကေသီ့မျက်နှာလေးက နေဝန်းရှိရာဘက်သို့ လှည့်သွားပြန်သည်။ ထို့နောက် ကေသီသည် လက်ဘယ်ဘက်ကို ခွန်အားရှိသလောက်မြှောက်၍ ညွှန်ပြနေသည်၊ သူညွှန်ပြနေသည်မှာကား မိုးကောင်းကင်ရှိရာသို့တည်း။

‘ဟိုမှာ ပြန်ဆုံကြမယ်မောင်....’



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကေသီသည် တဝနိဂုံးချုပ်သွားရှာလေပြီတည်း။

ကျွန်တော့် အသည်းနှလုံးများမှာလည်း မှုန်မှုန်ညက်ညက်ကြေသွားလေပြီတည်း။ ကျွန်တော်သည် အသည်းကွဲသူတယောက်အဖြစ်နှင့် အဓိပ္ပာယ်မဲ့စွာ ရပ်တည်နေထိုင်ယင်း ဘဝခရီးဆုံးသည့်အထိ လေလွင့်နေရပေတော့မည်။ ကျွန်တော်၏ ခံစားချက်များအား စာနာနိုင်ရန် မည်သူမျှ တတ်နိုင်မည်မဟုတ်ပါ။ ကေသီ့အပေါ် ကျွန်တော့်လိုချစ်ပြီး ကျွန်တော့်လို ကြုံတွေ့ရဖူးသူသာ ကျွန်တော့်အပေါ် စာနာနိုင်မည် ဖြစ်ပါ၏။ ကျွန်တော့်ရင်တွင် ပိုက်ထားရသော ဝေဒနာများကို ယခုအခါတွင် စာဖွဲ့ရသည်မှာ ဝမ်းနည်းကြေကွဲရလွန်းသဖြင့် ယခုထက်ပို၍ ကျွန်တော်မရေးနိုင်တော့ပါ။

ကျွန်တော်လည်း ကေသီ့လိုပင် ငြိမ်းချမ်းသာယာစွာ သေဆုံးရသော် ကောင်းလေစွဟူ၍သာ ဆုတောင်းရပါတော့၏။ ဤကား ဝမ်းနည်းဖွယ်သော ဇာတ်လမ်းတပုဒ်ပင် ဖြစ်သည်။ ကျွန်တော်တို့သည် ဦးသက်ရှည်ပြောသည့် ခြံစည်းရိုးကို မကျော်လွှားပဲ နေချင်လို့မရပါ။ တနေ့.... အားလုံးသေကြရမည်။ ကေသီကား ကျွန်တော့်ထက်ဦးစွာ ခြံစည်းရိုးကို ကျော်သွားပေပြီ။ ကျွန်တော် ကေသီကိုပြန်တွေ့ရန်မှာ ကျွန်တော်လည်း ခြံစည်းရိုးကိုကျော်မှ ဖြစ်မည်ကို ယခုအခါ ကျွန်တော်သည် ကောင်းကောင်း သဘောပေါက်သွားလေပြီတည်း။

ကျွန်တော်သည် ကေသီ့အား ဦးဘော်ဇကို၏ မြေပုံသချိုင်းဘေးတွင် မြှုပ်နှံသင်္ဂြိုဟ်ပေးခဲ့သည်။ ကေသီ့အား ချစ်ခင်မြတ်နိုးလျက်ရှိသော ရွာသူရွာသားအပေါင်းမှာ ငိုကြွေး၍ မဆုံးကြတော့ပေ။ ဦးသက်ရှည်လို အသည်းမာသူပင်လျှင် မျက်ရည်တွေ ကျနေသည်။ ငိုသံများမှာ ကေသီ ညွှန်ပြခဲ့သည့် ကောင်းကင်တိုင်အောင် ပဲ့တင်ရိုက်ခတ်လျက် ရှိသည်။ သို့သော် ကျွန်တော့်မှာကား ငိုကြွေးရလွန်းသဖြင့် နောက်ထပ် ငိုရာ မျက်ရည်တစက်မှ မကျန်တော့ပါ။

ကေသီကွယ်လွန်ပြီးနောက် သုံးရက်ခန့်အကြာတွင် ကျွန်တော်သည် ခရီးထွက်ရန် ပြင်ရတော့သည်။ ကျွန်တော့်သားလေး မောင်ပိုးကေကို နို့တိုက်ပြုစုရန် ဇင်ဝေါမိန်းမတယောက်လည်း ရှာ၍ရပြီဖြစ်သည်။ ထိုမိန်းမ နို့ငို့ကလေးမှာ ဖျား၍ သေသွားခြင်းဖြစ်ပြီး ယောကျ်ားမှာ မြွေကိုက်များ၍ လက်ချက်ကြောင့် သေသွားခြင်းဖြစ်သည်။ ကျွန်တော်သည် ဘနေ့ကျွန် ခရီးထွက်ရန် ပြင်ဆင်ပြီးနောက် ညကျမှ နားရလေသည်။ သို့သော် ကျွန်တော် အိပ်၍မပျော်ပေ။

ထို့ကြောင့် ကျွန်တော်သည် အပြင်ဘက်သို့ ထွက်လာမိသည်။ လသာနေသောညသည် အပြာရောင် လွှမ်းခြုံလျက်ရှိသည်။ ဇင်ဝေါရွာသားများမှာ ယခုတော့ အေးချမ်းစွာ အိပ်မောကျနေကြသည်။ ကျွန်တော်သည် တိတ်ဆိတ်နေသော ရွာလေးအား ဖြတ်လျှောက်ပြီး ရွာပြင်ဘက် ထွက်လာမိသည်။ လရောင်အောက်တွင် ကျွန်တော် တယောက်တည်းသာရှိသည်။ လွှမ်းစရာကောင်းသောညသည် ကျွန်တော့် နှလုံးအိမ်အား ပိုမို၍ ဝေဒနာကို တိုးပွားစေလျက်ရှိပါ၏။

---



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သင်္ချိုင်းနှင့် တဖြည်းဖြည်း နီးကပ်လာသည်။ ကျွန်တော်သည် ကေသီ၏ မြေပုံလေးရှိရာသို့ ဦးတည်၍ လျှောက်လာရာမှ တစုံတရာသောအသံကြောင့် တိတ်ဆိတ်စွာ ရပ်နေလိုက်မိသည်။

'မမ....မမရယ်၊ ကျွန်မ ဘယ်လိုဖြေရမှာလဲ မမရယ်....။ ကျွန်မရဲ့အဖြစ်ကို ကြည့်ပါဦး မမရယ်။ ကျွန်မကြောင့် မမ သေရတာကို ကျွန်မ မဖြေနိုင်တော့ဘူးတော့'

ကေသီ့မြေပုံအနီးတွင် တစုံတယောက်သည် လက်နှစ်ဘက်ဖြင့် ဒူးယူကုတ်ခြစ်လျက် သည်းထန်စွာ ငိုကြွေးလျက်ရှိသည်။ ထိုသူကား ပေါက်ကျော်မပင်တည်း။ လရောင်သည် ကေသီ့မြေပုံအား ရစ်နှင့်အပ်ကာ လူးလိမ့်နေသော ပေါက်ကျော်မပေါ်သို့ ဒဏ္ဍာရီဆန်စွာ ကျရောက်လျက်ရှိသည်။ ပေါက်ကျော်မ၏ ဖြူဖွေးသော အသားအရေများမှာ အရိုးပေါ်အရေတင်ဖြစ်နေသည်။ ပခုံးမှာလည်း အရိုးငေါငေါ ဖြစ်နေသည်။

ခုတ်တရက်ဆိုသလိုပင် ပေါက်ကျော်မသည် မော့ကြည့်လိုက်ရာ ကျွန်တော့်ကို တွေ့သွားသည်။ သူသည် ချက်ချင်းပင် ခုန်ထပြီး ကျွန်တော့်ဘက်သို့ လှည့်လာသည်။ လက်ထဲမှ ဓားကိုလည်း ဝင့်လိုက်သည်။ ဓားသွားသည် လရောင်တွင် တလက်လက်တောက်ပနေသည်။ သူ့တကိုယ်လုံးမှာ ဖြူဖွေးနေသည်။ အဝတ်အစား မရှိ။ ပေါက်ကျော်မသည် အရိုင်းစိတ် ပြန်ဝင်လာပြီထင်သည်။ ကျွန်တော်ကား သူ့ကို ယခင်ကလို မတုန်လှုပ်တော့ပါပေ။ ကေသီမရှိသည့်နောက် သူသက်လို





သေလျှင်လည်း သေစေတော့၊ အကြောင်းမထူးပြီ။ ထို့ကြောင့် မလှုပ်မယှက်သာ ရပ်နေမိပါတော့၏။

ပေါက်ကျော်မသည် တဖြည်းဖြည်း ဓါးကို ပြန်၍နှိမ့်ချလိုက်သည်။ ထို့နောက် သူသည် ကျွန်တော့်ကိုကြည့်ပြီး ရှက်ရွံ့လာဟန်ဖြင့် ယောကျ်ားတဦး မမြင်အပ်သော မိန်းမအင်္ဂါများကို လက်များဖြင့် တတ်နိုင်သမျှ ဖုံးကွယ်လိုက်သည်။ ပေါက်ကျော်မကား လူသားမိန်းမတဦး၏ စိတ်မျိုး ပြန်ဝင်လာလေပြီတည်း။

'ကိုပိုက်ချော....။ အခုတော့ ကျွန်မ ကောင်းကောင်းစဉ်းစားမိပြီ။ ကျွန်မဟာ ရူးခဲ့ပါတယ်။ နှင်းပွင့်ခဲသခင်မဟာ တကယ်ပဲ သေဆုံးသွားပြီ မဟုတ်လား ကိုပိုက်ချော'

'ဟုတ်တယ်...ပေါက်ကျော်မ။ သူ...တကယ်သေသွားရှာပြီ'

ကျွန်တော်က ကြေကွဲစွာ ဖြေလိုက်သည်။

ပေါက်ကျော်မသည် တသိမ့်သိမ့် ရှိုက်ငိုနေတော့သည်။ လရောင်သည် သူ့မျက်နှာပေါ်သို့ တည့်တည့်ကြီး ကျနေလေရာ သူ့ပါးပြင်များမှာ မျက်ရည်များကြောင့် တလက်လက်ဖြစ်နေသည်။

'မမကို ကျွန်မ သိပ်ချစ်ခဲ့မိတယ်။ ကျွန်မ မျောက်စိတ်ပေါက်လာလို့ သူ့ကို မျောက်တွေဆီ ဆွဲတင်ဖွတ်ခေါ်သွားမိတယ်။ မျောက်တွေနဲ့ ကျွန်မသာ မိနိုင်ရည်ရှိတဲ့ အမျိုးရောဂါကို ကျွန်မ မေ့နေတယ်။ တကယ်တော့ မမကို ကျွန်မသတ်တာပါ။ ကျွန်မကြောင့် မမ သေရတာပါ။ ကျွန်မှာ



www.burmeseclassic.com

www.burmeseclassic.com



အခု လူစိတ်ပေါ်နေပါပြီ။ အားလုံး သတိရနေပါပြီ။ ရှင်ဟာလဲ ကျွန်မကို သတ်နိုင်ပါလျက်က အကြိမ်ကြိမ် ခွင့်လွှတ်ခဲ့တယ်။ တကယ်တော့ ရှင့်အပေါ် မနာလိုဖြစ်ပြီး ကျွန်မ ရူးတာပါ။ ကျွန်မ မသေသေးပါဘူး။ ကျွန်မကို မသေမချင်း ညှဉ်းပန်း နှိပ်စက်ပါ။ ကျွန်မကို လက်စားချေပါ။ ဟောဒီဓားနဲ့ ကျွန်မကို ရှင့်စိတ်ကြိုက် သတ်ပါရှင်'

ပေါက်ကျော်မသည် ဓားကို ကျွန်တော့်ရှေ့ ပစ်ချပြီး ဒူးထောက်လိုက်သည်။ ထို့နောက် ကျွန်တော့်ရှေ့တွင် လက်နှစ်ဘက် ရှေ့ချကာ လည်စင်းပေးနေလေတော့သည်။

'သတ်ပါရှင်။ ကျွန်မကို သတ်ပါ'

'မင်းကို ငါခွင့်လွှတ်ပါတယ် မိန်းကလေးရယ်။ အစကတည်းက ငါမင်းကို မသတ်ခဲ့ပါဘူး။ ဘယ်သူ့ကိုမှလဲ ငါ မသတ်ချင်ပါဘူး'

'ကျွန်မဟာ ဘယ်သူ့ ခွင့်လွှတ်တာကိုမှ မလိုချင်ပါဘူး။ ကျွန်မရဲ့သခင်မ ခွင့်လွှတ်တာကိုသာ လိုချင်တာပါ။ ကျွန်မ သေမှ သခင်မနဲ့ တွေ့ရမှာပါ။ ရှင်မသတ်ဘူးဆိုတော့ ဝေဒနာတွေကို ကျွန်မ ခံရဦးမှာပေါ့လေ'

ကျွန်တော်သည် သူ့ကိုမကြည့်ပဲ ကျောခိုင်း၍ ထွက်လာတော့သည်။ ထို့နောက် ရွာပြန်ပြီး ဦးသက်ရှည်နှင့် ရွာလူကြီးများကို နှိုး၍ အကျိုးအကြောင်း ပြောပြသည်။ ချက်ချင်းပင် ရွာသားများသည် အခဲမကျေစွာဖြင့် သချိုင်းကို လိုက်ကြတော့သည်။ သူတို့လူစု သချိုင်းသို့ ရောက်သွားသောအခါ



ပေါက်ကျော်မသည် အသက်ဝိညာဉ် ကင်းမဲ့နေလေပြီ။ ပေါက်ကျော်မသည် သူ့ဓားဖြင့် သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့ခြင်း မဟုတ်ပေ။ ကေသီ့မြေပုံအား ဖက်၍နေရာမှ ခံစားချက် ပြင်းထန်လွန်းသဖြင့် ရင်ကွဲနာကျကာ သေဆုံးသွားခြင်း ပင်တည်း။

ဤကား ထူးဆန်းဖွယ်သော လူတပိုင်းမြောက်တပိုင်း မိန်းမ၏ ဇာတ်သိမ်းခန်းပင်တည်း။

ကျွန်တော် ခရီးထွက်ရန် ပြင်ဆင်နေသည်။ ငန်းဝေါ်တို့၏ အရပ်ဒေသတွင် ကျွန်တော့်အတွက် ပျော်ရွှင်စရာဟူ၍ တကွက် မျှမရှိတော့ပေ။ ထို့နောက် ကျွန်တော့်သားလေး မောင်ဖိုးကော နှင့် နန်းစီလေးကိုခေါ်ကာ ဤနေရာမှ အပြီးအပိုင် ထွက်သွားဖို့ သာ စီစဉ်ရတော့၏။

'ကောင်းလှပါပြီ မောင်ပိုက်ထွေး...'

ဦးသက်ရှည်ကလည်း ထောက်ခံသည်။ ဦးသက်ရှည်သည် ကျွန်တော့်ကို လူလေးဟူ၍ လည်းကောင်း၊ ဆရာ့သားလေး မောင်ပိုက်ထွေးဟူ၍ လည်းကောင်း၊ ငယ်စဉ်ကပင် ခေါ်ဝေါ် သုံးစွဲခဲ့ရာ ယခု မောင်ပိုက်ထွေးဟု ခေါ်လိုက်ရာ ကျွန်တော့် ရင်ထဲတွင် တမျိုးကြီး ဖြစ်သွားရတော့၏။

'မင်း ဒီနေရာမှာ ဆက်နေဖို့ မလိုတော့ဘူး။ ဒီနေရာက မင်းကို အလိုမရှိတော့ဘူး။ အပြန်အလှန်ပေါ့ကွာ။ မင်းလဲ ဒီနေရာကို အလိုမရှိနဲ့တော့။ အမြန်ဆုံးသာထွက်ခွာသွားပေတော့'

ဦးသက်ရှည်က အဝေးကိုငေးပြီး ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



‘ကဲ....ဒါဆိုလဲ သွားကြစို့ ဦးသက်ရှည်’

ဦးသက်ရှည်က ခေါင်းကို လေးပင်စွာ ခါလိုက်သည်။

‘ငါ မလိုက်တော့ဘူး’

‘ဗျာ....’

ကျွန်တော် များစွာ အံ့သြသွားရတော့သည်။

‘မင်းအဖေ ငါ့ကိုမှာသွားတယ်။ မင်းကို စောင့်ရှောက်ဖို့ အပ်နှံသွားတယ်။ ငါတာဝန် ကျေခဲ့ပြီ။ မင်းကို ငါတတ်နိုင်သလောက် စောင့်ရှောက်ခဲ့ပြီ။ အခုဆိုယင် မင်းဟာ မင်းအဖေရဲ့ သေသောင်းရိပ်အောက်က လုံးလုံးလျားလျား လွတ်သွားပြီ။ ဒါ့ကြောင့် မင်းကို ဆရာ့သားလေး မောင်ပိုက်တွေးလို့ မခေါ်တော့ဘူး။ ခေါ်စရာ မလိုတော့ဘူး။ မင်းမှာ ထိုက်သင့်တဲ့ အတွေ့အကြုံတွေ ရပြီးပြီ။ ခြံစည်းရိုး ရောက်တဲ့အထိ မင်း တယောက်တည်း ဆက်လျှောက်သွားနိုင်ပါပြီ။ ငါမလိုတော့ပါဘူး မောင်ပိုက်တွေးရယ်’

‘ဟာ....ဘယ်ဟုတ်ပါမလဲ။ ကျွန်တော်က ခင်ဗျားနဲ့ သေတပန် သက်တဆုံး မခွဲပဲနေမလို့ ဆုံးဖြတ်ထားပြီးသားဗျ’

ဦးသက်ရှည်က ခေါင်းခါပြန်သည်။

‘မင်းနဲ့ငါဟာ ဘဝခရီးမှာ အတူတကွ လမ်းလျှောက်လာခဲ့ကြပေမယ့် အခုအခါမှာတော့ လမ်းခွဲဖို့ သင့်တော်ပါပြီကွယ်။ တို့နှစ်ယောက်အတူ လျှောက်ရမယ့် လမ်းက ဆုံးသွားပြီ။ တယောက်စီ ဆက်လျှောက်ရမယ့် လမ်းခွဲတွေကို ရောက်လာပြီ။ မင်းနဲ့ငါဟာ ခြံစည်းရိုးတဘက်မှာ ပြန်တွေ့ကြဦးမှာပါ’





‘ခင်ဗျား ဒီရွာမှာ နေခဲ့မလို့လား’

‘ဟုတ်တယ်။ ငါဟာ မလာကကို ကယ်တင်နိုင်သလောက် ကယ်တင်မယ်လို့ ဆုံးဖြတ်ထားတာ။ မင်းအတွက် ငါ တာဝန်ကျေပြီ။ ဟန်နဝါလူမျိုးတွေဟာ မကြာခင် ဇန်ခဝါတွေကို လာတိုက်တော့မယ်။ ဇန်ခဝါတွေဘက်က ငါကူညီဦးမယ်။ ဒါပေမယ့် ဒီလူမျိုး နှစ်မျိုးစလုံး ပျောက်ကွယ် သွားမှာပါ။ ငါက ဘုရားမဟုတ်တော့ တတ်နိုင်သလောက် ကူညီရုံပေါ့’

‘ခင်ဗျား ကျွန်တော်တို့နောက် လိုက်လာမှာလား’

‘မလိုက်တော့ဘူး။ ငါ ပြန်ရဦးမယ်’

‘ခင်ဗျားဇာတိကိုလား....။ ခင်ဗျားဇာတိက ဘယ်မှာလဲ’

ဦးသက်ရှည်က မြောက်စူးစူးကို လက်ညှိုးထိုးပြလိုက်သည်။ ထိုအရပ်တွင် ရေခဲတောင်ကြီးများသာ ရှိသဖြင့် ကျွန်တော် မစဉ်းစားတတ်ပေ။

နောက်မှ မြောက်အရပ်တွင် တိဘက်ပြည် ရှိသည်ကို သတိရလာသည်။

‘ဟာ....ခင်ဗျားဟာ တိဘက်ပြည်ကပဲ။ လားမားဘုန်းကြီးလား....’

ဦးသက်ရှည်က ပြုံးနေသည်။ အဖြေတော့မပေး။ ဦးသက်ရှည်သည် ကျွန်တော် ဘယ်လိုမေးမေး ဖြေတော့မည် မဟုတ်ပေ။ ကျွန်တော်သည် များစွာ ကြေကွဲဝမ်းနည်း၍လာသည်။ ဦးသက်ရှည်အား လူကောင်းတဦးသာ ဖြစ်သည်။ ကျွန်တော်သည် ဦးသက်ရှည်အား ဘဝတွင်းကမှ မျက်နှာသာမပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေး၊ အစေခံအဖြစ် အပေါ်စီးကသာ ဆက်ဆံဆက်ခဲ့သည်။ တခါတွင် သူ့မျက်နှာအား ထိုးကြိတ်ခဲ့သေးသည်။ သို့သော် ဦးသက်ရှည်သည် ကျွန်တော့်ထက် အရာရာတွင် ပိုမို၍သိနား လည်သည်။ စင်စစ် ကျွန်တော်သည် ဦးသက်ရှည်အား ဘယ် နေရာမှာမှ မမီပါလား။

ကျွန်တော့်မာနများသည် အရည်ပျော်ကျသွားပေပြီ။

ဦးသက်ရှည်သည် ကျွန်တော့်အား သူ့ဘ၀ကိုပြ၍ သင်ခန်း စာ ပေးသွားပြီ။

'ကျွန်တော် မောက်မာရိုင်းပျခဲ့တာတွေကို ခွင့်လွှတ်ပါ'

'ခွင့်လွှတ်ပါတယ် ကလေးရယ်။ ဖြောင့်ဖြောင့်သာ သွား ပါ။ တနေ့ကျယင် တို့ခြံစည်းရိုးတဘက်မှာ ပြန်ဆုံကြရဦးမှာ ပါ။ မင်းဟာ ဒီနေရာလေးကို တခေါက်ပြန်ရောက်လာဦးမှာ ပါ။ ဒါပေမယ့် ငါ့ကို တွေ့ရလိမ့်မယ်မထင်နဲ့။ ကဲ....သွားပေ တော့ မောင်ပိုက်ထွေးရေ့....'

ထို့နောက် ကျွန်တော်သည် ဇင်ဝေါ်တို့၏ ကျေးရွာလေး အား အပြီးအပိုင် ကျောခိုင်းခဲ့ပါတော့၏။

၀....၀

အခန်း (၁၂)

နှစ်ပေါင်းနှစ်ဆယ်ကြာသောအခါ

ဇင်ဝေါ်ကျေးရွာမှ ထွက်ခွာလာရပုံကို ကျွန်တော့်မျက်စိထဲ တွင် ရေးရေးမျှမှတ်မိနေသည်။ ကျွန်တော်တို့သည် အရှေ့ဘက်သို့ ခရီးထွက်လာရာမှ ဆဒ္ဒုံးကျေးရွာကို ရောက်လာသည်။ လမ်းခရီး တွင် စွန့်စားခန်းများ ကြုံရသေးသော်လည်း ဆန်းသည်တော့ မဆိုသာပေ။ ကျွန်တော်သည် ကျွန်တော့်သားလေး မောင်ဖိုး ကျော်၊ နန်းစီလေးနှင့် ဇင်ဝေါ်မိန်းမတဦးကိုပါ ခေါ်၍လာခဲ့ ရာ ဆဒ္ဒုံးမှတဆင့်ဝိုင်းမော်ကို ရောက်လာသည်။ ဝိုင်းမော်မှ တဆင့်မြစ်ကြီးနားကို ကူးရသည်။

မြစ်ကြီးနား ရောက်သောအခါ ဦးသက်ရှည် ကျေးဇူး ကြောင့် ကျွန်တော့်ထံတွင် ကျွန်ရှိနေဆဲဖြစ်သော ကျောက်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းတုံးလေးများကို ရောင်းချပြီး လမ်းစရိတ်ရှာရ၏။ ထို့နောက် ကျွန်တော်သည် မန္တလေးမြို့တွင်ပင် ဝိဘ်အေး လက်အေးနေယင်း ကေသီ့ကို လွမ်းနေရတော့၏။

နန့်စီလေးမှာ ကျွန်တော်တို့နှင့်အတူ အပျိုကြီးဖားဖား ဖြစ်သည်အထိ နေထိုင်ခဲ့သည်။ ထို့နောက် မစ္စတာအာသာ၏ ဆွေမျိုးများသည် နန့်စီလေးအား စုံစမ်းပြီး ကျွန်တော့်ထံ ရောက်လာကြတော့သည်။ နန့်စီသည် အင်္ဂလန်တွင် အမွေ အမြောက်အမြား ရရှိနေလေပြီ။ သို့သော် ကလေးမလေးမှာကား ကျွန်တော့်အား ဖခင်အရင်းနှယ် အောက်မေ့နေပြီဖြစ်ရကား မခွဲလိုတော့ပေ။ ကျွန်တော်က အင်္ဂလန်သွားရန် အတန်တန် ပြောရ၏။ မနှစ်က အင်္ဂလန်မှစာအရသော်ကား နန့်စီသည် အင်္ဂလန်တွင် ချစ်သူတွေ့နေပြီဖြစ်ကြောင်းနှင့် သူမင်္ဂလာဆောင်ယင် ကျွန်တော်ပါတီသပ်သို့လာရမည်ဟု ရေးသားထားလေ၏။

ကျွန်တော့်ယောက္ခမကြီးဖြစ်သူ သားပစ်ခဲ့သော အခမ္ဘအနှမ်များမှာကေသီတဦးတည်းအတွက်သာဖြစ်သည်။ ကေသီ၏ပစ္စည်းများပင်ဖြစ်သည်။ ကေသီမရှိတော့လျှင် သူ့ယောကျ်ားဖြစ်သော ကျွန်တော်၊ သို့မဟုတ် ဦးဘော်စကို၏ မြေးအရင်းဖြစ်သော မောင်ဖိုးခကသာ ရရှိမည်ဖြစ်သည်။ သို့သော် ဒေါ်မေရီသည် ဗြိတိသျှအာဏာပိုင်များ၏ အကူအညီဖြင့် ပစ္စည်းဥစ္စာများကို သိမ်းပိုက်ခဲ့သည်။ ကျွန်တော်သည် ဗြိတိသျှအာဏာပိုင်များကို အန်မတုလိုသည့်အပြင် ထိုမျှလောက် အောက်တန်းကျသူနှင့် မယှဉ်ပြိုင်လိုသဖြင့် ဆိတ်ဆိတ်သာ နေလိုက်သည်။ ပစ္စည်းဥစ္စာဟူသည်ကား ကျွန်တော့်အတွက် အဖိုးမတန်ပေ။

ကျွန်တော့်မှာ ကေသီ့ကို အလွမ်းပြေစရာ သားလေး မောင်ဖိုးခက ရှိနေပြီဖြစ်သည်။

ကျွန်တော်သည် နောင် အနှစ်နှစ်ဆယ် ကြာသောအခါ ဇန်ဝေါ်တို့ရွာနသို့ တခေါက်ပြန်ရောက်သွားသည်။ ကျွန်တော်သည် ရွာကိုပင် မနည်းရှာဖွေရသည်။ ရွာထဲတွင် အဆောက်အအုံဟူ၍ ဘာမျှမရှိတော့ပေ။ လမ်းများမှာလည်း ပျောက်ကွယ်ကုန်လေပြီ။ ထို့အပြင် ထိုဒေသရှိ လော်ဝေါ်၊ လီဆူး အစိုး စသော တိုင်းရင်းသားလူမျိုးများထံ စုံစမ်းသော်လည်း ဇန်ဝေါ်တို့အကြောင်း ပြောပြနိုင်သူ မရှိတော့ပေ။ ဟန်ဝါတို့အကြောင်းဆိုလျှင် ကြားဖူးသူပင် မရှိပေ။ ဇန်ဝေါ်နှင့်ဟန်ဝါများ ပျောက်ကွယ်ဆိတ်သုဉ်းသွားသည်မှာ သေချာနေပေပြီ။

သို့သော် ကျွန်တော်သည် ယခ်ျှင်းကိုတော့ ရှာဖွေ၍ တွေ့ရှိခဲ့သည်။ သို့သော် ယခ်ျှင်းမြေမှာ မြေပုံများအထပ်ထပ်ဖြစ်နေသည်။ ကေသီ့သခ်ျှင်းကို မှန်းဆ လွမ်းဆွတ်ရုံသာ ရှိတော့သည်။ ထို့နောက် ကျွန်တော်သည် ကျွန်တော်တို့ အိမ်နေရာကို ရှာဖွေရပြန်သည်။ ထိုနေရာတွင် ကျောက်တုံးအချို့ ကျန်နေသည်။ အိမ်ပျက်နေရာကို ရောက်သောအခါ ကေသီသည် ကျွန်တော်နှင့်ရခါစက ကျောက်ပြားကြီးတချပ်ကို မနိုင့်တနိုင် မ,နေတာကို သတိရလာသည်။





ထို-နှ-း-ဝို-း-၀-၀-ဥ-ဋ-●-ဋ (-၂၀-)

www.burmeseclassic.com



ကျွန်တော်သည် ကေသီ မ,ခဲ့ဖူးသည့် ကျောက်ပြားကြီးကို မ,ကြည့်လိုက်ရာ အထဲတွင် လုံခြုံစွာထုပ်ထားသည့် အထုပ်တထုပ် ထွက်လာသည်။ တုန်ယင်သောလက်များဖြင့် ကျွန်တော်ဖွင့်ကြည့်ရာ ဝမ်းသာဝမ်းနည်း ဖြစ်ရတော့သည်။ အခြားမဟုတ်ပါ။ ကေသီနှင့် ကျွန်တော် လက်ထပ်စဉ်က ဝတ်ခဲ့သော ကေသီ၏ အဝတ်များပင်တည်း။ ကေသီ၏အဝတ်ကြားထဲတွင် ဖွင့်ကြည့်ရာ ကျွန်တော့်ဆံပင်များကို စက္ကူဖြင့် ထုပ်ထားတာ တွေ့ရတော့သည်။

ကျွန်တော်သည် သင်္ချိုင်းကို တဖန်ပြန်သွားပြီး ကေသီ၏ မြေပုံကို ရှာပြန်သည်။ တောတောက စိတ်မှန်းနှင့် လှမ်းရတာကို မကျေနပ်လို့ဖြစ်သည်။

ဟော....တွေ့ပြီ။

ကေသီ၏ မြေပုံပေါ်တွင် နှင်းဆီရိုင်းများ ပေါက်နေကြလေပြီ။

ကျွန်တော်ရှေ့တိုးသွားရာ ကေသီ့အား မျက်စိရှေ့မှောက်တွင် မြင်ယောင်လာသည်။ ကေသီသည် ကျွန်တော့်ကို လက်ယပ်၍ ခေါ်နေသည်။ ထို့နောက် မြူခိုးမြူငွေ့များကဲ့သို့ပင် ကေသီသည် လုံးပါး ပျောက်ကွယ်သွားတော့၏။ ကျွန်တော်၏ ဝမ်းနည်းကြေကွဲမှုများကို ဆက်ရေးနေရလျှင် ဖတ်ရှုသူငြီးငွေ့တော့မည်မှာသေချာနေပေပြီ။ ကျွန်တော်သည် ကေသီ့နောက်ကို လိုက်ရတော့မည် ဖြစ်သည်။

သ်လဝ ၁၁၉ပ



ကျွန်တော် သေဆုံးသွားလျှင် မောင်ဖိုးကေသည် ဤမှတ်တမ်းကို တွေ့မည်ဖြစ်သည်။ သူသာ ဉာဏ်ရှိသူဖြစ်ပါက စာရေးဆရာများနှင့် ပြကြည့်မည် ဖြစ်သည်။ အယ်ဒီတာများက နှစ်ခြိုက်လျှင် ဤမှတ်တမ်းကို လူအများ ဖတ်ရှုကြရမည် ဖြစ်ပေသတည်း။ ။

ပြီးပါပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၁၂-၅-၇၉
မန္တလေး

ဦးခေသာင်းထိုက်ခင်ဗျား....။

မိတ်ဆွေကြီးတွင် ပုံနှိပ်စက်ရှိသည်ဖြစ်ရာ ယခု ပူးတွဲပါ စာမူအား စာအုပ်တအုပ် ထုတ်ဝေမည်ဆိုပါက ဖြစ်နိုင်လိမ့်မည် ထင်ပါသည်။ ဤစာအုပ်ပါ ဖြစ်ရပ်များမှာ စိတ်ကူးယဉ် ဇာတ်လမ်း ဆန်သော်လည်း ဖတ်ရှုသူများအား များစွာ ကြေကွဲလှုပ်ရှားစေပြီး သင်ခန်းစာများကို ပေးနိုင်ပါသည်။ ဤစာမူများ၏ ပိုင်ရှင်မှာကား မရှိတော့ပါ။ ဤစာမူကို ကျွန်တော့် မိတ်ဆွေတဦးအိမ်က တွေ့ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသူမှာ ဟိုတယ်ကုလားတဦး ဖြစ်ပါသည်။ ကျွန်တော့် စိတ်အထင်မှ ဤစာမူကို ရေးသားသူ ဦးပိုက်ထွေး၏ သား.... ဦးဖိုးကေသည် ဟော့ဟော့ရမ်းရမ်း နေထိုင်သဖြင့် ဆင်းရဲ မွဲတေသွားဟန် တူပါသည်။ ထို့ကြောင့်လည်း ဤစာမူသည် ဟိုတယ်ကုလားလက် ရောက်သည်အထိ ဖြစ်ခဲ့ခြင်းပင် ထင်ပါသည်။ ကျွန်တော် စုံစမ်းကြည့်ရာ ဦးဖိုးကေသည် မနှစ်က ပင် အဆုတ်ရောဂါဖြင့် ဆုံးသည်ဟု သိရပါသည်။ ကျွန်တော့် အတွက်ကား ဤစာမူသည် ဖတ်ရှုပြီးဖြစ်သဖြင့် အကျိုးမထူး ပါ။ မိတ်ဆွေကြီးအတွက်ကား အကျိုးထူးလျှင် ထူးနိုင်သဖြင့် ပေးပို့အပ်ပါသည် ခင်ဗျား။

သစ္စာရှိစွာဖြင့်

လှဘော်၊ ဝါးထန်း။



ဤ ဝတ္ထုတွင် ပါဝင်သော (ဇာ်ဝေါ ဟန်ဝါ) လူမျိုးစုအမည်များသည် စာရေး သူ၏ စိတ်ကူးယဉ် ဖန်တီးချက်မျှသာ ဖြစ်ပါ သည်။

စာချစ်သူများအား အစဉ်လေးစားလျက်...

တင်သန့်ဦး

၉-၁၀-၈၄

www.burmeseclassic.com